

www.burmeseclassic.com




www.burmeseclassic.com

BURMESE CLASSIC .com

# လမင်းမိမိ




စီစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# စာ ၁ စောင်

Mommy ,

Mommy ,ပေးထားတဲ့ "Disgraceful husbands" ဆိုတဲ့ ခေါင်းစဉ်ကို သဘောကျလွန်းလို့ အမြဲဝင်ဖတ်နေတဲ့သူ တစ်ဦးပါ။ ဒီနေ့တော့ Mommy ရဲ့ အိမ်ထောင်ရေး ဘဝဇာတ်ကြောင်းကိုပါ အသေးစိတ် သိရတာမို့ ဖတ်ရင်း ဖတ်ရင်း မျက်ရည်တောင် လည်လာမိတယ်။ ရင်ထဲမှာ အရမ်းခံစားရတယ်။ ယောက်ျားတွေဟာ ဘာဖြစ်လို့ အင်မတန်မှ မကောင်းကြတာလဲ။ သို့မဟုတ် တစ်မျိုးလှည့် ပြောရရင် လောကကြီးမှာ ဒီလောက်ဆိုးတဲ့ ယောက်ျားတွေ ဘာဖြစ်လို့ ရှိနေတာလဲ။ ယောက်ျား မိန်းမဆိုတာ လူလူချင်းပဲ မဟုတ်လား။ သူတို့မှာမှ ဘာကြောင့် မျက်နှာမထောက်တဲ့ လုပ်ပိုင်ခွင့်တွေ ရှိနေကြတာလဲ။ ဘယ်သူက ပေးထားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖနိုးဖယား သမီးသား မျက်နှာတွေကို မငဲ့ကွက်၊ မကြင်နာ၊ မညှာတာပဲ သူတို့လုပ်ချင်ရာ လုပ်ပိုင်ခွင့်ကို ဘယ်မိသားစုကမှ သူတို့ကို မပေးအပ်ပါဘူး။

ကျွန်မရင်ထဲမှာလည်း ခံစားနေရတဲ့ ဒဏ်ရာဒဏ်ချက်တွေ မနည်းတော့ပါဘူး။ တော်ရုံတန်ရုံ သူငယ်ချင်း မိတ်ဆွေကိုလည်း ရင်ဖွင့်ပြီး မပြောပြဖြစ်ပါဘူး။ သူတို့ ယောကျ်ားတွေက သူတို့မိန်းမ မိသားစုအပေါ် ကောင်းနေပြီး ကိုယ့်ယောကျ်ားကမှ ဆိုးနေတာဖြစ်နေရင် လူသိမှာကိုလည်း ရှက်လို့ပါ။ အပြင်ပန်းက ကြည့်ရင် ပြည့်စုံသာယာနေတဲ့ မိသားစုတစ်စု အိမ်ထောင်ရေးတစ်ခု (ကိုယ့်စိတ်တိုင်းကျ နှစ်ဦးသဘောတူ ကျေနပ်စွာ တည်ဆောက်ခဲ့တာပါ)ဟာ တကယ်တမ်း အတွင်းရေးလျှို့ဝှက်ချက်မှာ ရာနှုန်းပြည့် စိတ်ချမ်းသာရအောင် မအောင်မြင်ခဲ့ပါလားဆိုတဲ့ ကိုယ့်ရဲ့ကျရှုံးမှုကိုလည်း ဝန်ခံရမှာ ရှက်လို့ပါ။ ဒါပေမဲ့ ရင်ဖွင့်ခွင့်ရချင်တဲ့ ဆန္ဒကတော့ ကျွန်မ ရင်နဲ့တစ်လုံး ပြည့်လျှံနေပြီ။ ဒီ ဖိုရမ်ထဲရောက်မှ ကိုယ့်လိုပဲ ဘဝတူ ခံစားချက် တူတူတွေ အများကြီးပါလားလို့ တစ်မျိုးအားတက်မိပါတယ်။ (စိတ်ပုပ်တာ မဟုတ်ပါ) ကိုယ့်မှာ အဖော်တွေ ရှိတာကို နည်းနည်းဖြေသာမိပါတယ်။

ကျွန်မက Mommyလို စိတ်မပြတ်နိုင်သေးပါဘူး။ ပျားရည်နဲ့ ဝမ်းချလိုက်တိုင်း မဟုတ်မှန်းသိသိနဲ့ သူဟာ ငါစိတ်ဆင်းရဲမှာကိုတော့ စိုးရိမ်ရှာသားပါလား ဆိုတဲ့ ဖြေသိမ့်တွေးမျိုးနဲ့





စိတ်လျှော့ စိတ်ပျော့မိမြဲပါ။ ဒါကြောင့် ကျွန်မနာမည်ကို Htaw Putt Tone(ထောပတ်တုံး)လို့ မှတ်ထားပေးပါရှင်။

Mommy. စာတွေကို စောင့်ဖတ်နေပါဦးမယ် ...။ Mommy. ကို လေးစားမိပါတယ်။ မာကျောကြံ့ခိုင် ထက်မြက်သော စိတ်ကိုပါ။

(ထောပတ်တုံး)

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



Mommy ရယ် ...

Title ကို စိတ်ဝင်စားပြီး ဖတ်မိပါတယ်။ Mommy ရဲ့ Post တွေကို အမြဲဖတ်ပါတယ်။ ဒီခေါင်းစဉ်အောက်မှာပဲ မကောင်းသော ယောကျ်ားတွေရဲ့ သဘော သဘာဝတွေကို ရင်သပ်ရှုမောလည်း ဖြစ်ရပါတယ်။ ကြောက်လည်း ကြောက်မိပါတယ်။ တချို့နေရာတွေမှာ ကိုယ်ခံစားရတဲ့ သောက၊ ဒုက္ခ၊ ခံစားချက်တွေနဲ့ တိုက်ဆိုင်လွန်းတဲ့ အတွက် တအား ဝမ်းနည်းမိတယ်။ စိတ်မကောင်း ဖြစ်မိပါတယ်။ တက္ကသိုလ်ရောက် သားနှစ်ယောက်ရှိတယ် ဆိုတဲ့အတွက် ကိုယ့်အမေအရွယ်နီးပါး ကိုယ့်အဒေါ်ရွယ်လောက်တော့ ရှိမယ်လို့ ခန့်မှန်းမိပါတယ်၊ ကျွန်မအသက်က နှစ်ဆယ့်နှစ်နှစ်ပါ။ မေမေကလည်း နိုင်ငံခြားမှာပါ။ ဒါကြောင့် အမေအရွယ် အဒေါ်အရွယ်တွေ ဆိုရင် ခင်မင်လေးစားမိတဲ့ စိတ်ရင်းခံမျိုးလည်း ရှိပါတယ်။

ကျွန်မက အသက်နှစ်ဆယ်မှာ အိမ်ထောင်ကျခဲ့ပါတယ်။ မေမေ ပေးစားတဲ့ ယောကျ်ားကို ယူခဲ့တာပါ။ ဒါပေမဲ့





သူ့ကို သိပ်ချစ်ပါတယ်။ ကိုယ်လက်ထပ်ပေါင်းသင်းရမဲ့ ယောကျ်ားပါကလားလို့ စ,ပြီး မြင်ဖူးကတည်းက အသည်းနှလုံး တစ်အုံတစ်ပြုံလုံးနဲ့ မြတ်မြတ်နိုးနိုး နှစ်နှစ်ကာကာ ချစ်မိသွားလိုက်တာရှုးမတတ်ပါပဲ။ သူ့ဘက်ကတော့ ကိုယ်ချစ်သလောက် မချစ်နိုင်လောက်ဖူးလို့ပဲ ထင်ခဲ့မိတာပါ။ လုံးဝတစ်စက်မှ မချစ်ဘူးလို့တော့ ရိပ်ကို မရိပ်မိခဲ့တာပါ။ ဒါကြောင့်လည်း လက်ထပ်ဖို့လိုက်လိုက်လဲ့လဲ့ စိတ်တူသဘောတူနဲ့ မေမေ့ စကားကို နားထောင်လိုက်မိတာပါ။

အိမ်ထောင်သက် နှစ်နှစ်အတွင်းမှာ တစ်ရက်မပြောနဲ့ တစ်နာရီလောက်တောင် သူ့အချစ်ကို မရခဲ့ပါဘူးဆိုရင် မယုံကြည်နိုင်လောက်စရာပါပဲနော်။ မင်္ဂလာဆောင် အခမ်းအနားပြီးကတည်းက မှုန်တေခက်ထန်သွားတဲ့ သူ့မျက်နှာဟာ နှစ်နှစ်အတွင်း လုံးဝမပြောင်းလဲသေးပါဘူး။ ပတ်ဝန်းကျင်မှာ သူတစ်ပါးနဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါ သူဟာ အပေါင်းအသင်းဆန့်ပြီး ဖော်ရွေတဲ့သူ တစ်ဦးပါ။ ကျွန်မ တစ်ယောက်တည်း အပေါ်မှာ ကွက်ပြီး တသီးတခြား ဆက်ဆံတာပါ။

မင်္ဂလာဦးညမှာ "မင်းသိထားဖို့က မင်းကို ငါလုံးဝမချစ်ဘူး ဆိုတာ"ဆိုတဲ့ စကားကို အေးတိအေးစက်ကြီးပြောတော့ သူ နောက်ပြောင်နေတာလို့တောင် ထင်လိုက်မိပါသေးတယ်။ နောင်မှပဲ တကယ်မချစ်တာပါလားလို့ ရင်ကွဲပက်လက်



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရတော့ နောက်ကျနေပါပြီ Mommy ။ မေမေက နှလုံးရောဂါသည်ပါ။ မမကြီးတို့ လင်မယားက နှစ်ဦးလုံး အင်္ဂလန်မှာ ဆရာဝန်တွေပါ။ မေမေက အဲဒီရာသီဥတုနဲ့ အဆင်ပြေတဲ့အပြင် မမကြီးခင်ပွန်းက နှလုံးအထူးကုမို့ မေမေက အဲဒီမှာပဲ နေပါတယ်။ ရှိသမျှ စည်းစိမ်ဥစ္စာ အမွေအနှစ်တို့ကို (မမကြီးက မယူတော့တဲ့အတွက်) ကျွန်မကို ပုံပေးခဲ့ပြီး စိတ်ချ လက်ချ အိမ်ထောင်ရက်သား ချခဲ့ပြီး မေမေ ထွက်သွားတာပါ။

မပြေလည်မှုတွေကို မေမေ့ကို လုံးမပြောရက်ခဲ့ပါဘူး။ ယောက္ခမဟာ မေမေ့ အချစ်ဆုံး သူငယ်ချင်းဖြစ်ပြီး ကျွန်မကို အလွန်ချစ်ခင် စောင့်ရှောက်ပါတယ်။ သူကလည်း သွေးတိုးဆီးချိုသမားပါ။ ဒါကြောင့် သူ့ကိုလည်း အခါခပ်သိမ်း အစစအရာရာကို ဖွင့်ဟ,မတိုင်တန်းရက်ပါဘူး။ ကျွန်မယောကျ်ားဟာ သူ့အမေ (ကျွန်မယောက္ခမ)ကို ထိုက်သင့်သလောက် ကြောက်ပါတယ်။ အာမခံရဲပါဘူး။ ဒါပေမဲ့ ဒီအချက်ကို အခွင့်အရေးယူပြီး သူ့မကောင်းမှု မှန်သမျှ တိုင်ပြောနေဖို့ရာ အင်မတန်ကောင်းတဲ့ ယောက္ခမကို အားနာမိပါတယ်။

ကြင်ကြင်နာနာ မရှိဘူး ဆိုတာလောက်ပဲ ယောက္ခမကြီး နည်းနည်းပါးပါး သိပါတယ်။ တကယ်တမ်းက မကြင်နာရုံမကပါဘူး။ အင်မတန် ရက်စက်နေတာပါ။ အသက်နှစ်ဆယ်ရွယ် စည်းစိမ်တစ်ပုံတစ်ပင်နဲ့ မိန်းမပျိုကလေးကို ရပါလျက်





တစ်စက်မှ မချစ်ဘူး၊ မကြင်နာဘူး ဆိုလို့ ကျွန်မရုပ်က ပုံဆိုးပန်းပျက် သနရုပ မရှိလို့လို့ မထင်စေချင်ပါဘူး။ ကျောင်းတုန်းက ကျွန်မကို အားလုံးက ထက်ထက်မိုးဦးနဲ့ သိပ်တူတာပဲလို့ ပြောကြရပါတယ်။ (ကြွားတာ မဟုတ်ပါ)။

သူ့မှာ အသည်းနှလုံး မရှိလို့လား ဆိုတော့ မဟုတ်ပါဘူး၊ အသည်းနှလုံး ရှိလို့ပါ။ သူ့မှာ ငယ်ချစ် ရည်းစားဟောင်းရှိပါတယ်။ သူက အဲဒီမိန်းမကို အလွန် အင်မတန် ချစ်ပါတယ်။ ခုထိလည်း ချစ်တုန်းပါ။ အဲဒါကိုလည်း ကျွန်မ သိအောင် ဗြုန်းဗြုန်းပြောပါတယ်။ သူ့ရင်ထဲက ချစ်နေတာကို ကျွန်မ တားဆီးလို့မရပေမဲ့ ခုထိ တွဲသွားတွဲလာနေတာကိုတော့ တားဆီးချင်ပါတယ်။ ပွဲလမ်းသဘင်ကအစ အတူတွဲပြီး ခေါ်သွားပါတယ်။ လက်မှတ်ထိုး လက်မထပ်တာကလွဲပြီး ဟိုက ပွဲတက်မယားလို ဖြစ်နေပါတယ်။ ကျွန်မကတော့ အမြဲ အိမ်မှာပါ။

ဒီဘဝကို သူငယ်ချင်းတွေတောင် အရိပ်အမြွက်ထက်ပိုပြီး မသိကြပါဘူး။ ကျွန်မ ရှက်လို့ ဘယ်သူမှ မပြောတာပါ။ ဒီ ဖိုရမ်ထဲမှာတောင် ရုပ်ချင်းလည်း မမြင်ကြရ၊ နာမည်ကိုလည်း ဝှက်ပေးလို့ရလို့ ရင်ဖွင့်ရဲတာပါ။ ကိုယ့်ကို ဘယ်သူမှ သိတာမှ မဟုတ်ဘဲ ဆိုပြီး ရဲရဲပြောဝံ့တာပါ။ ကိုယ့်ရုပ် ကိုယ့်ရည်နဲ့ လူတန်းစေ့ ဘွဲ့ရပညာအရည်အချင်းနဲ့ ကိုယ့်ပြည့်စုံကြွယ်ဝမှုနဲ့၊ ဒီလို ချောင်ထိုးခံရတဲ့ အိမ်ထောင်သည်ဘဝကို မရောက်သင့်

www.burmeseclassic.com

www.burmeseclassic.com



မရောက်ထိုက်ပါဘူးလို့ ထင်မိပါတယ်။ ဒါပေမဲ့ ကိုယ့်မြေမှာ မိဘ ညီအစ်ကို မောင်နှမ မရှိ၊ ဆွေမျိုးရင်းချာကနည်း၊ နဂိုကတည်းက မေမေက သမီးအငယ်ဆုံးလေးဆိုပြီး သိပ်ယုယခဲ့လို့ လူတောမတိုး အပေါင်းအသင်း မဆန့် မသိနားမလည်နဲ့ ခပ်တုံးတုံးလေး ကျွန်မဟာ ကလေးတစ်ယောက်လို ဖြစ်နေပါတယ်။

အဆိုးဆုံးက သူ့ကို ကျွန်မ ကြောက်တာပါ။ နဂိုကတည်းက ကျွန်မအပေါ် ခက်ထန်တဲ့သူဟာ အရက်လေး ဘာလေး သောက်လာရင် အရမ်းကြောက်ဖို့ ကောင်းတာပါ။ ကြမ်းကြမ်းတမ်းတမ်းနဲ့ ခုပဲ ထ,ရိုက်တော့မလားလို့ ထင်ရတဲ့ပုံစံကို မျက်နှာချင်းတောင် မဆိုင်ဝံ့ပါဘူး။ သူ့ကို ကန့်ကွက်ဖို့ ပြန်ပြောဖို့ ရန်ဖြစ်ဖို့လည်း ကျွန်မ သိပ်ကြောက်တာပါပဲ။ ဝန်ခံရရင် အသားနာမှာကို ကြောက်တာပါ။ ငယ်ငယ်ကတည်းက အသားနာမခံဝံ့တာပါ။ ဒါကြောင့် သူ့ကို ရင်ဆိုင်တော်လှန်ခြင်း မပြုဘဲ မသိသလို မကြားသလို မမြင်သလို စကားနည်း ရန်စဲနေတာ နှစ်နှစ်လုံးလုံး ရှိပါပြီ။

ကျွန်မဘဝက တကယ် အထီးကျန် ခြောက်သွေ့ပါတယ်။ သူငယ်ချင်းတွေကိုတောင်မှ ကိုယ့်အိမ်ထောင်ရေး အိမ်တွင်းရေးတွေ သိကုန်မှာကြောက်လို့ အိမ်မခေါ်ရဲ သိပ်မသွားလာရဲပါဘူး။ အိမ်ထဲမှာပဲ တစ်နေ့ တစ်နေ့ ကွန်ပျူတာတစ်လုံးနဲ့ Game တွေကစား၊ အင်တာနက်ထဲ ဝင်ကြည့်၊ ဖိုရမ်တွေထဲ ဝင်





ဖတ်၊ Chatting တွေလုပ်တဲ့အခါလုပ်။ စာအုပ်ရယ်၊ တီဗီရယ်၊ ကွန်ပျူတာရယ်ပဲ အဖော်လုပ်ပြီး အပျင်းဖြေနေရတဲ့ ဘဝပါ။ တစ်ခါတလေ ခုလို ဝင်ရေးချင်ပေမဲ့ ယောက်ျားသိရင် ကြိမ်းမောင်းမှာစိုးလို့ မရေးဖြစ်တာပါ။

Mommy အကြောင်း ဖတ်ရတော့ စိတ်ထဲထိခိုက်တာနဲ့အမျှ ကိုယ်ချင်းလည်း စာနာမိသလို Mommy စိတ်ပြတ်သားမာကျောတာကိုလည်း အားကျမိတယ်။ အသက်အရွယ်ကြောင့်များ ကျွန်မ သတ္တိမရှိသေးတာလား။ ဒီစိတ်ဒုက္ခတွေကို နောက်ထပ် ဘယ်နနှစ် ခံစားရဦးမှာလဲလို့ စဉ်းစားရင်း မြန်မြန်သေချင်စိတ်တောင် ပေါက်မိခဲ့ပါတယ်။ ကျွန်မအသက်က ငယ်နေသေးတော့ နောက်နှစ်ပေါင်းများစွာ လူလုပ်နေရဦးမယ်၊ ရှင်သန်နေရဦးမယ် ဆိုတာ သေချာတဲ့အတွက် Mommy ထံမှ စိတ်ဓာတ်ခွန်အား အနည်းငယ် မျှတပေးစေလိုပါတယ်။

(Pooh)

❊ ❖ ❊



www.burmeseclassic.com

www.burmeseclassic.com



Mommy ရေ ...

"Disgraceful Husbands" Tille အောက်က အကြောင်းအရာတွေက အမြဲပဲ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဗဟုသုတလည်း ရပါတယ်။ ခေါင်းစဉ်ကတော့ "အရှက်မရှိသော/အလွန်ဆိုးဝါးသော ခင်ပွန်းများ" ဆိုတော့ နည်းနည်းပြင်းထန်လားလို့ပါ။ လောကမှာ အမြဲတမ်း အရာခပ်သိမ်း အဘက်ဘက်က ဆိုးဝါးနေတဲ့လူ (ယောကျ်ား/မိန်းမ) ဆိုတာ ရှိပါ့မလား။ အခြေအနေတိုင်းမှာ အကြောင်းရင်း (Cause) ဆိုတာ ရှိပါတယ်၊ ဒီယောကျ်ားဟာ ဒီလောက် ဆိုးနေရင် သူ့မှာ သူ့ကို ဆိုးစေအောင် တွန်းပို့တဲ့ အကြောင်းရင်းဆိုတာ ရှိပါလိမ့်ဦးမယ်။ ဒီယောကျ်ား ရင်ဆိုင်ယှဉ်တွဲနေရတဲ့ သူ့မိန်းမလုပ်သူရဲ့ Behaviour (အပြုအမူ)တွေ Habits (အမူအကျင့်)တွေကရော ချစ်မြတ်နိုးချင်စရာကောင်းနေလို့လား ဆိုတာ စဉ်းစားစရာ အချက်တစ်ချက် ဖြစ်ပါတယ်။

ပုထုဇဉ်ပီပီ ကိုယ်ပြောပြနေတဲ့ အကြောင်းအရာတွေထဲမှာ ကိုယ့်ဘက်က အဆိုးအဝါးတွေကို ချုံထား လျှို့ထားရစ်





ခဲ့တာမျိုး ရှိနိုင်ပါသေးတယ်။ နှစ်ဦးပေါင်းလို့ ဖြစ်လာတဲ့ အိမ်ထောင်ရေးမှ တစ်ဦးတည်း အပြစ်ပုံကျပြီး ဖတ်ရသူအပေါင်း အော့နှလုံး မနာ,နာအောင် ဖန်တီး ရေးသားနေတာဟာလည်း Fair (မျှတသော) မဖြစ်ပါဘူး။ ကျွန်မကလည်း မိန်းမတစ်ယောက်ပါ။ Mommy ကလည်း မိန်းမတစ်ယောက်ပါ။ Mommy ရဲ့ ခင်ပွန်းသည်ကြီး ယူယူနေတဲ့ အငယ်အနှောင်း ဆိုတာတွေဟာလည်း မိန်းမတွေချည်းပါပဲ။ "အငယ်အနှောင်း" ဆိုတဲ့ မိန်းမတွေကို ပက်ပက်စက်စက် ပုတ်ခတ်နှိမ်ချ ရေးသားနေတာ လွန်လွန်းအား ကြီးနေပါတယ်။

သူတစ်ပါးအိမ်ထောင် အိမ်ရာကို ဖျက်ဆီးခြင်းဆိုတဲ့ အမှုဟာ မကောင်းဘူးဆိုတာ ကျားမ,မရွေး ကလေး လူကြီးမရွေး သူသူကိုယ်ကိုယ် သိကြပါတယ်။ ကောင်းတဲ့အလုပ်မို့ လုပ်ကြတာ မဟုတ်နိုင်ပါဘူး။ မကောင်းမှန်း သိသိနဲ့ မျိုးစုံသော အခြေအနေပေးမှုတွေကြောင့် ဒီဘဝကို ကြုံကြိုက် ခံယူလိုက်ရသူတွေ ရှိနိုင်ပါသေးတယ်။ အရင်ဘဝက ပြုခဲ့တင်ခဲ့တဲ့ ဝဋ်ကြွေး အကုသိုလ်ကြောင့်သော်လည်းကောင်း၊ ရှောင်လွှဲမရနိုင်အောင် ဖိအားပေး တွန်းပို့တဲ့ အခြေအနေ အရပ်ရပ် အရသော်လည်းကောင်း၊ သူ့ကိုယ်၌က စရိုက်ပေါ့သွမ်း ပျက်စီးလို့သော်လည်းကောင်း ...။

သော်လည်းကောင်းပေါင်းများစွာ ရှိဦးမှာ ဖြစ်[illegible]တယ်။ အငယ်အနှောင်း မဖြစ်ရသေးတဲ့ မည်သူမျှ အငယ်အ[illegible]င်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်မှာ မဟုတ်ပါဘူးဆိုတာ Mommy နားလည်ထားသင့်ပြီး ကိုယ့်ဘက်အပြင် သူတစ်ပါးဘက်ကိုပါ မျှမျှတတ သက်သက်ညှာညှာ စဉ်းစားပေးသင့်ပါတယ်။ ကိုယ့်ဘက် အပြစ်တွေကို ကြက်မွေးသပ်ချပြီး တခြားဘက် အပြစ်တွေကိုချည်း ဖော်ကောင်လုပ် ပုတ်ခတ်မနေသင့်ပါဘူး။

သူသာ ဝါသနာပါမယ် ဆိုရင် Mommy ခင်ပွန်းသည်ကြီးမှာလည်း ရေးချင်တဲ့ ခံစားချက်တွေ ရှိကောင်း ရှိနေမှာပါ။ (Mommy ကိုမဆိုလိုပါ) တချို့သော မိန်းမတွေ First Wife တွေဟာ ကိုယ့်ခင်ပွန်းသည်ရဲ့ ဂုဏ်သိက္ခာ၊ သစ္စာတရား၊ မိသားစုကို ချစ်မြတ်နိုးမှု စတာတွေကို သူတို့ကိုယ်တိုင် သတ်ဖြတ်သဂြိုဟ်ပစ်နေတာမျိုးလည်း ရှိပါသေးတယ်။ သည်းမခံလောက်ချင်စရာ၊ စိတ်ပျက်ဖွယ်ရာ ဇနီးမယားတွေ အများကြီး ရှိနေလို့လည်း ယောကျ်ားတွေ ပြင်ပမှာ စိတ်ဖြေသိမ့်ရာ ရှာကြတာ မဖြစ်နိုင်ဘူး ဆိုမလား။

ခံတွင်းတွေ့အောင် ချက်ပြုတ်ပြင်ဆင်ပြီး အဦးအမြတ်ပြင်ဆင်ပြုစု ကျွေးမွေးတတ်လွန်းလို့ဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ မိမိထက် နိမ့်ပါးသော အဆင့်အတန်းက မိန်းမတစ်ယောက်နဲ့ နောက်အိမ်ထောင် ထူသွားတဲ့ ယောကျ်ားတစ်ဦးကို နီးစပ်ရာအသိုင်းအဝိုင်းထဲမှာ ကြုံခဲ့ရဖူးပါတယ်။ မက်မောမှု တန်ဖိုးထားမှုချင်း ယောကျ်ားတစ်ဦးနဲ့တစ်ဦး မတူကြပါဘူး။ သူတန်ဖိုးထား





ရာမှာ ကိုယ်က ညံ့ဖျင်းနေရင် ကိုယ်တန်ဖိုးထားရာကိုလည်း ကိုယ်လက်လွတ်ဆုံးရှုံးရဖို့ များတော့မှာကို ယထာဘူတကျဂရုဆင်ခြင်ကြည့်သင့်ပါတယ်။

Mommy ရော ကိုယ့်ခင်ပွန်းသည် အပေါ် အမြဲကောင်းမွန် ပြည့်စုံစွာ တာဝန်ကျေခဲ့သလား။ ကိုယ့်ဘက်က ဘယ်တုန်းကမှ အမှားအပြစ် မရှိခဲ့ဘူးလို့ စင်စင်ကြယ်ကြယ် သစ္စာဆိုနိုင်ပါသလား။ အနည်းဆုံး အခုကိုပဲ Mommy ဟာ ကိုယ့်ယောကျ်ားရဲ့ မကောင်းမှု အတင်းအဖျင်းတွေကို ဒီဖိုရမ်က တစ်ဆင့် တစ်လောကလုံး သိကုန်အောင် လွှင့်တင်နေခြင်းဟာ သူ့ဂုဏ်သိက္ခာကို မကျဆင်း ကျဆင်းအောင် နင်းခြေဖျက်ဆီးနေခြင်းပဲ မဟုတ်လားရှင်။ အမည်နှင့်တကွ ဖော်ပြတာ မဟုတ်ပေမဲ့လည်း ဖိုရမ်တွေကို သုံးစွဲသူ ကျွန်မတို့ ဝါသနာရှင် အဝန်းအဝိုင်းထဲမှာ မကြာမတင် တစ်နေ့နေ့တော့ "သူဟာ ဘယ်သူ" ဆိုတာ တစ်ယောက်မဟုတ် တစ်ယောက်က ရိပ်မိလာကြစမြဲပဲ မဟုတ်လား။

Mommy ရေးလာသမျှသော Post တွေကို စောင့်ဖတ်လာခဲ့ရင် သဲလွန်စ ဖော်စရာ အကြောင်းအရာတွေ အများကြီး ပါဝင်ခဲ့ပြီးပြီလေ။ Mommy ခင်ပွန်းသည်ကြီးဟာ အင်ဂျင်နီယာဘွဲ့ကို မိန်းမကျောင်းထားပေးတာကြောင့် ရခဲ့တယ်။ သူ့အဖေက နောင်းခေတ် ရေဒီယို အဆိုကျော်ကြီး တစ်ယောက် ဖြစ်တယ်။ (ဒါဟာ ပဟေဠိဖော်ဖို့ အင်မတန် ဘောင်ကျဉ်းသွားစေတော့



www.burmeseclassic.com

www.burmeseclassic.com



အချက်ပါ)။ ယောက်ျားကို ဘွဲ့ရအောင် ကျောင်းထားပေးခဲ့ရရုံ မဟုတ်ဘဲ ယောက်ျားဘွဲ့ရ အလုပ်ရ လခရတော့ ယောက်ျားရဲ့ ညီကိုပါ ဆေးကျောင်းဆက်ထားပေးခဲ့ရသေးတယ်။ (ပိုပြီး ဘောင်ကျဉ်းလာပါပြီ။ ယောက်ျားက ကွန်စထရပ်ရှင်လုပ်နေပြီး မတ်ကခုဆို ဆရာဝန်ကြီး)။ သားနှစ်ယောက်ရှိတာ၊ Mommy က စိန်အလုပ် လုပ်တာ၊ အိမ်မှာ မြန်မာပြည်မှာ နှစ်ကောင်တည်းရှိတဲ့ ခွေးကြီးတစ်ကောင်ရှိတာ စတဲ့ အချက်တွေအရ Mommy ဘယ်သူ၊ Mommy ခင်ပွန်း ဘယ်သူဆိုတာ ကျွန်မ အဖြေထွက်နေပါပြီ။ ကျွန်မလိုပဲ ရိပ်မိလာကြမဲ့သူတွေ ကြားထဲမှာ ကိုယ့်ရဲ့ခင်ပွန်းသည် ဘယ်လောက်ထိ ဂုဏ်သိက္ခာကျဆင်းလောက်ပြီဆိုတာ တွေးကြည့်ပါဦး။

သူသိရင်ကော ... ! ! ။ ဘယ်လောက် မုန်းစရာကောင်းလိုက်တဲ့ မိန်းမလဲလို့ ခါးသီးစက်ဆုပ်နေမှာကို စဉ်းစားမိပါသလား။

(Snake Charmer)

❋ ❖ ❋





Mommy ရေ ...

ယောက်ျားဆိုတာ တကယ်ကို မကောင်းကြဘူးနော်။ ကျွန်မရဲ့ အမျိုးသားမှာ တခြားတစ်ယောက် ရှိတယ်ဆိုတာ ကျွန်မ နောက်ကျပြီးမှ သိခဲ့ရပါတယ်။ သိသိချင်း ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘဲ သူ့ကို ထုရိုက် ကိုက်ဖဲ့ တိုက်မိတယ်။ စွန့်ခွာဖို့လည်း ကြိုးစားခဲ့ပါတယ်။

အချစ် ဆိုတဲ့ အရာဟာ ဆန်းကြယ်လှတယ်လို့ Mommy မထင်ဘူးလားဟင်။ အနည်းဆုံး မိန်းမနှစ်ယောက်အပေါ်မှာ မကောင်းမှုန်း သိနေတဲ့ ယောက်ျားတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ ချစ်စရာကောင်းဖို့ အကြောင်းမရှိပါဘူး။ ကျွန်မ သူ့ကို မုန်းချင်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် ခုထိ မခွဲနိုင် မခွာရက် ချစ်မက်နေမိတယ် မသိဘူး။ သူ့ကြောင့် ကျွန်မဘဝဟာ လေရူးကလေးလို မတည်မငြိမ် နိုင်လွန်းပါတယ်။

Mommy ဘာကြောင့် Mommy ခင်ပွန်းကို မုန်းနိုင် ပြတ်နိုင်ပါသလဲဟင်။ ကျွန်မလည်း သူ့ကို မုန်းချင် ပြတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ကို မမုန်းနိုင်သရွေ့ ကျွန်မဘဝ မငြိမ်မသက် ပျက်သုန်းဖို့ပဲလို့ ဆင်ခြင်မိတယ်။ Mommy တို့ စ,ပြီး ချစ်မိကြတဲ့ အသက်အရွယ်က ဆယ့်ရှစ်နှစ် အရွယ်တွေဆိုတော့ ခုဆိုရင် နှစ်ဆယ့်နှစ်နှစ် ကြာခဲ့ပြီ။ နှစ်ဆယ့်နှစ်နှစ် ဆိုတာ အကြာကြီးပဲနော်။ Mommy တို့ စ,ပြီး သဘောကွဲလွဲကြတာဟာ လွန်ခဲ့တဲ့ ရှစ်နှစ်ဆိုတော့ Mommy သူ့ကို ဆယ့်လေးနှစ်လုံးလုံး အင်မတန် ချစ်ခဲ့တာပေါ့နော်။ ဆယ့်လေးနှစ် ဆိုတာလည်း အကြာကြီးပါပဲ။

ကျွန်မ မောင့်ကို စ,ချစ်မိတာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကပါ။ ခုမှ ငါးနှစ်ကျော်ကျော်ပဲ ကြာသေးတာမို့ပဲ သံယောဇဉ်ဖြတ်မရတာလား။ အနည်းဆုံး ဆယ့်လေးနှစ်တော့ ယောကျ်ားတစ်ဦးကို စွဲလမ်းရတာတ်သလားဟင်။

မောင်ဟာ မိန်းမတစ်ယောက်ကို ငါးနှစ်တာလောက်ပဲ သစ္စာရှိနိုင်တဲ့ ယောကျ်ားတစ်ယောက် ဆိုတာ သိရတဲ့အတွက် အံ့ဩတုန်လှုပ်မိခဲ့တယ် Mommy ။ Mommy သူ့ကို စ,ပြီးစိတ်ပျက် စက်ဆုပ် မုန်းတီးပါတယ်ဆိုတဲ့ အချိန်ကနေ အခုထိ ရှစ်နှစ်တာအတွင်း သူ့မျက်နှာကို ကြည့်ရတဲ့ အခါတိုင်း ဘယ်လိုခံစားရသလဲ။ ကျွန်မ မောင့်ကို မုန်းမရဘဲ အင်မတန်မှ ပူလောင်နေပါတယ်။ သူ့ကို စိတ်နာပေမဲ့ အင်မတန်လည်း ချစ်နေမိဆဲပဲ။ ရှန်းထွက်လိုတဲ့ ဆန္ဒမျိုး ရင်ထဲမှာ ခိုင်ခိုင်မာမာ မထူထောင်နိုင်တာဟာလည်း မိုက်မဲမှုတစ်မျိုးပဲပေါ့နော်။ ယောကျ်ားတွေနဲ့





မိန်းမတွေကို နှိုင်းယှဉ်ကြည့်ရင် လောကမှာ ဘယ်သူကပိုပြီး မိုက်လုံးကြီးတတ်သလဲ Mommy ဖြေကြည့်ပါ။

ကျွန်မ သိသလောက် ယောကျ်ားတွေဟာ ပါးပါးနပ်နပ် မိုက်မဲတတ်ကြပြီး မိန်းမတွေကတော့ Idiot တွေပဲ။ သောကကို ကိုယ်နဲ့ပေးဆပ်ပြီး ဝယ်ယူတတ်ကြတဲ့သူတွေဟာ အဆုံးမတော့ မိန်းမတွေချည်းပါပဲ။ လောကကြီးမှာ ယောကျ်ားတွေရဲ့ သစ္စာမဲ့ခြင်းကို မခံစားရဖူးတဲ့ မိန်းမ ဆိုတာတွေတော့ ရှိတော့ ရှိဦးမှာပါနော်။ အင်မတန် ထူးမြတ်ကံကောင်းတဲ့ မိန်းမတွေလို့ ဆိုရမှာပါ။ မိန်းမမှန်ရင် ကိုယ်ချစ်မိသော ယောကျ်ားအတွက်နဲ့ ပတ်သက်ပြီး ကံကောင်းချင်ကြတဲ့ သူချည်းပဲ နေမှာပါ။ ကျွန်မလည်း ကံကောင်းချင်ခဲ့တာပါပဲ။ ဒါပေမဲ့ ကံဆိုးခဲ့ရတယ်။

(Windy)

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂

ဒေါ်မြသက်စောသည် နံနက်တိုင်း သူလုပ်နေကျ အလုပ်အဖြစ် ကွန်ပျူတာရှေ့ထိုင်ရင်း သူရေးနေကျ ဖိုရမ်ထဲမှ သူတင်နေကျ ပို့စ်ကို တုံ့ပြန်ဝင်ရောက် ရေးထားတဲ့ စာတွေကို ဖတ်နေပါသည်။ လွန်ခဲ့တဲ့ လေးရက်က သူ တရှည်တလျား ရေးတင်ထားတဲ့ ပို့စ်ကို တုံ့ပြန်ထားတဲ့ဟာတွေထဲ တရှည်တလျား ပြန်ရေးထားတဲ့သူ လေးဦးတောင်မှ တွေ့ရပါသည်။ နောက်ထပ် အတော်များများကတော့ အတိုအထွာကလေးတွေသာ မှတ်ချက်ပြုသည်။

သူရေးထားတဲ့ အထဲက သူတို့စိတ်ကို လှုပ်ကိုင်နိုင်တဲ့ စာကြောင်းကလေးတွေမျှကိုသာ Quote လုပ်ပြီး ...

"ကိုယ်ချင်းစာမိပါတယ် Mommy ရယ်" ဆိုတာမျိုး။





"ယောက်ျားယူဖို့တောင် တအား ကြောက်နေမိပြီ Mommy "ဆိုတာမျိုး။

အတိုအထွာတွေက အများကြီး။ ဒေါ်မြသက်စောက "Disgraceful hasbands" ဆိုတဲ့ Title အောက်မှာပဲ အမြဲ Post တွေ တင်ခဲ့တာ၊ ကာလမနည်းတော့ပါ။ ဝင်ဖတ်တဲ့သူပေါင်း မြောက်မြားစွာနှင့် လူကြိုက်များ လူဖတ်များတဲ့ Title တွေထဲမှာ ဒေါ်မြသက်စောရဲ့ Title က အမြဲလိုပင် ထိပ်နားရောက်နေလေ့ရှိသည်။ မိန်းကလေးတွေ ဝင်ရေးကြတာများကာ ယောက်ျားလေးတွေလည်းပဲ တစ်ခါတစ်ရံ ဝင်ရေးတတ်ကြပါသေးသည်။

ဝတ္ထုတစ်ပုဒ်ဆန်နေတဲ့ သူ့ရဲ့စာသားတွေကြောင့် လူဖတ်များပြီး ဖတ်ပြီးတဲ့အခါ မိန်းမချင်း ကိုယ်ချင်းစာတဲ့စိတ်နှင့် ရင်မော စိတ်မကောင်း ဖြစ်ကြတဲ့ သူတွေက အများစုဖြစ်ပြီး တစ်ခါတစ်ရံတော့လည်း ယောက်ျားလေးတွေထံက ပြစ်တင်ဆဲဆိုဝေဖန်ချင်တဲ့ သဘောထားတွေကိုလည်း လက်ခံရတတ်သည်။

"လွန်လွန်းအား မကြီးဘူးလား Mommy ကြီးရယ်၊ Mommy Angerဆိုတဲ့အတိုင်း Post တွေဟာ အမြဲဒေါသသင့်နေတာပဲ၊ စိတ်လျှော့ ... စိတ်လျှော့"

ထိုသို့ ပြောင်တိပြောင်ချော် တုံ့ပြန်တတ်ကြတာတွေလည်းရှိရဲ့။ ဘယ်လိုပဲဖြစ်ဖြစ် မြသက်စော ကတော့ ဖိုရမ်ထဲမှာ ရင်ဖွင့်ရတဲ့ အပြုအမူကို အစွဲကြီး စွဲနေပြီ။ မနှစ်ကမှ သူ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီရောဂါ စွဲခဲ့သည်။ သားကြီးက သင်တန်းတက်တာတွေ ဘာတွေကို သူ့သူငယ်ချင်းတွေနဲ့အတူ ကပ်လိုက်ပြီး ပြီးစီးသွားပေမဲ့ အမေကိုကပ်သော ခပ်အေးအေး သားငယ်လေးက ဆယ်တန်းစာမေးပွဲ ဖြေအပြီး အင်တာနက်သင်တန်းတစ်ခု တက်မည်ဆိုတော့ မြသက်စောက ကြိုပို့ရသည်။ အဖော်ပြုစရာ ကပ်လိုက်စရာ သူငယ်ချင်းမျိုး သူ့မှာမရှိ၍ မအေကပဲ လိုက်ပို့ရလေရာ မြသက်စောက အသွားတစ်ခေါက် ထွက်ပို့၊ အပြန်တစ်ခေါက် ထွက်ကြို မလုပ်နိုင်သဖြင့် ကားကို သင်တန်းအောက်ရပ်ပြီး စောင့်ရမလို ဖြစ်နေသည်။

ဒီတော့ မထူးပါဘူး ငါလည်း အပျင်းပြေပေါ့ ဆိုပြီး သူပါ သားနဲ့အတူ အင်တာနက်သင်တန်းထဲ ဝင်တက်ဖြစ်ပါတော့သည်။ ကိုယ့်အရွယ်နဲ့မို့ ရှက်နေစရာမလို။ သင်တန်းမှာ မြသက်စောထက်ကြီးတဲ့ အမျိုးသားကြီး နှစ်ယောက်တောင်ပါသေးတာ။ ဌာနဆိုင်ရာက သင်တန်း လာတက်တာမျိုး၊ ရာထူးနဲ့ ဘာနဲ့ ရုံးအရာရှိကြီးတွေဖြစ်သည်။ ဘာရယ်မဟုတ် သင်တန်းတက်ပြီးမှ အင်တာနက်ကို မြသက်စော စွဲလမ်းသွားတာပင်။

သားတို့အရွယ်တွေအတွက် လေ့လာ ဗဟုသုတရှာမကုန်နိုင်တဲ့ ဒီပညာရပ် နယ်ပယ်သည် သူမတို့အရွယ်တွေအတွက် အင်မတန် အချိန်ဖြုန်းလို့ ကောင်းတဲ့အလုပ် တစ်ခုပင်။ ကွန်ပျူတာရှေ့ထိုင်ပြီး အင်တာနက်ကို ဖွင့်လိုက်ပြီးတာနဲ့ စိတ်ဝင်စား





စရာတွေနောက် ဟိုဟာလိုက်ကြည့်၊ ဒီဟာလိုက်ကြည့်နဲ့ ပိုလျှံအားလပ်သော အချိန်တွေ နာရီပေါင်းများစွာ ဘယ်လိုကုန်သွားခဲ့မှန်းပင် မသိလိုက်ရ။ စိတ်အာရုံဟာ ဒီအထဲပဲ နစ်နေ၍ စိတ်ပျံ့လွင့်မှုလည်း မရှိတော့။

အားလပ်နေသမျှ ပိုလျှံနေသမျှ အချိန်တိုင်းမှာ ကိုယ့်ဘဝရဲ့ မကျေနပ်ချက်၊ နာကြည်းချက်တွေသာ ရင်ထဲဖွံ့အုံတိုးပွားနေပြီး အသက် လေးဆယ့်တစ်နှစ်မျှသော အရွယ်နှင့်သွေးတိုးရောဂါရော နှလုံးရောဂါပါ ရှိနေသည့် မြသက်စောမှာ ထစ်ခနဲဆို ဒေါသကလည်း ကြီးတတ်ရာ အလကားနေ ရောဂါတွေတက် ရောဂါတွေ တိုးနေတဲ့သူ။

အင်တာနက်ဝင်ကျင့် ရသွားတော့မှပဲ သူမရဲ့စိတ်တွေကို ငြိမ်သက်နေအောင် ထားလို့ရလာသည်။ ဖိုရမ်ထဲမှာ စာတွေရိုက်ပြီး ရင်ဖွင့်နေရတာဟာ သူမရဲ့စိတ်တွေ ငြိမ်သက်နေစေဖို့အတွက် ဆေးတစ်ဖုံလို ဖြစ်လာသည်။ ဘွဲ့မရခဲ့တဲ့ မြသက်စောမှာ တခြားအကြောင်းအရာတွေကို စာတစ်စောင် ပေတစ်ဖွဲ့ လုပ်လို့ရဖို့ ဗဟုသုတတွေလည်း များများရှိတာ မဟုတ်ပါ။

ကိုယ် စာတစ်စောင် ပေတစ်ဖွဲ့ ပြောနိုင်တာဟာ ကိုယ့်အကြောင်းပဲ။ သူမ အသက်အရွယ်နဲ့ တခြားဖိုရမ်ထဲက ကလေးတွေ လူငယ်တွေလို တစ်ယောက်နဲ့ တစ်ယောက် ဟာသတွေလုပ်နေတာမျိုး၊ ဆုတောင်းတွေ ပို့နေတာမျိုး၊ နောက်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာမျိုးတွေ ကလေးကလားလည်း လုပ်နေဖို့ မကောင်းပါ။ ပထမတော့ ဟိုလူ ဒီလူရေးတဲ့ Post တွေ ဖတ်ရင်း ဆွေးနွေးရင်း ဝေဖန်ရင်း ကိုယ်ရင်ဖွင့်ချင်လှတဲ့ အကြောင်းတစ်ရပ်ကို ခေါင်းစဉ်သစ် တင်ပစ်လိုက်တာကတော့ လေးငါးခြောက်လ ရှိပါပြီ။

စပြီး ရေးလိုက်တယ် ဆိုကတည်းက ပွဲဆူသွားတာ။ ဝိုင်းဝေဖန်ကြတာတွေရော ဗရာဇို လုပ်ကြတာတွေရော။ တဖြည်းဖြည်းနဲ့တော့ ဒီ "Mómmy Anger"လို့ အမည်ပေးထားတဲ့ အမျိုးသမီးကြီးဟာ တမင်တကာ ပွဲထ,လှန့်နေတာ မဟုတ်ဘဲ နှစ်အဆက်ဆက်က ရင်ထဲက အစိုင်အခဲတွေကို ဖျော်ချနေတာပါ ဆိုတာ ရိပ်မိနားလည်လာပြီးတဲ့ အခါတော့ ပုတ်ခတ်တဲ့သူ နည်းသွားကာ စိတ်ဝင်တစား ဝင်ဆွေးနွေးတဲ့ သူတွေပဲ များလာပါသည်။

သူမကို ဝင်ထောက်ခံကာ ကိုယ်တိုင်ရဲ့ ရင်ထဲက အစွန်းအစတွေကိုလည်း ဖွင့်လှစ်ပြချင်တဲ့ မိန်းကလေးတွေလည်း ရှိလာသည်။ ယေဘုယျအားဖြင့်တော့ ကိုယ့်ရဲ့အိမ်ထောင်ရေး အဆင်မပြေမှု၊ ကိုယ့်ခင်ပွန်းသည်ရဲ့ သစ္စာမဲ့မှု ဆိုတဲ့ ခေါင်းစဉ်မျိုးတွေကို မြန်မာအမျိုးသမီးလေးတွေဟာ တော်ရုံတန်ရုံ ရင်မဖွင့်ဝံ့၊ ရင်မဖွင့်ချင်ကြတာက များပါသည်။ အရှက်တရား၊ အကြောက်တရား၊ ငဲ့ကွက်ထောက်ထားရခြင်းများကြောင့် တော်ရုံလူသိမခံဝံ့တဲ့သူက များပါသည်။





မြသက်စော ရေးလာတာ ကြာပြီဖြစ်တဲ့ အခါမှာတော့ သူမရဲ့ဖိုရမ် မိတ်ဆွေမိန်းကလေးတချို့ဟာ သူတို့ဘက်က အဖြစ်အပျက်ကလေးတွေကိုပါ ရင်ဖွင့်စ, ပြုလာခဲ့သည်။ လှောင်ပြောင်မည့်သူထက် ကိုယ်ချင်းစာတတ်မည့်သူက လောကမှာ ပိုများပါတယ်ဆိုတာ နားလည်လာကြတာလည်း ပါသည်။ မမျိုသိပ်နိုင်ကြတော့တာလည်း ပါသည်။ တချို့ကတော့ ကိုယ်ချင်းစာ နားလည်မှုနှင့် ဝင်ဆွေးနွေး အားပေးတာလောက်သာ။

တချို့ကတော့ ကိုယ်တိုင်ပါ ကြုံတွေ့နေရတဲ့အတွက် သူတို့ အဖြစ်အပျက်ကိုပါ တစ်စွန်းတစ်စ ဖွင့်ပြောပြီး မြသက်စောကို မိတ်ဖွဲ့လာတာ။ ဒီလိုနှင့် လူချင်းမတွေ့ဖူးပဲ ဖိုရမ်ထဲ ရင်းနှီးကာ ကျွမ်းဝင်နေရတဲ့ ကိုယ့်ထက်ငယ်တဲ့ မိန်းကလေး မိတ်ဆွေလေးတွေ မြသက်စောမှာ ရှိလာခဲ့ပါသည်။

❋ ❖ ❋

"မမျှော်လင့်သော အကြောင်းတစ်စုံတစ်ရာကြောင့် ...၊ နောက်ခံအခြေအနေကလည်း တွန်းပို့နေသေးလို့ ...၊ ကံဆိုးလွန်းလို့ သူတစ်ပါးယောကျ်ားနဲ့ ဆုံစည်းရတဲ့ မိန်းမသားတွေ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြသက်စောက Snake Charmer (မြွေအလမ္မာယ်သမား)လို့ အမည်ပေးထားတဲ့ မိန်းကလေးရဲ့ စာသားလေး တစ်ပိုဒ်ကို ရွေးချယ် Quote လုပ်လိုက်သည်။ ဒီမိန်းကလေးဟာ သူမရဲ့ Post တွေကို Against ဘက်က အမြဲဝင်ဆွေးနွေးတဲ့ မိန်းကလေး။ သူက တခြားတစ်ဖက်ကိုချည်း အပြစ်ပြောဖို့ မသင့်ဘူးဆိုတဲ့ဘက်က ဖြစ်သည်။ အိမ်ထောင်ရှိ ယောကျ်ားတို့နှင့် ပတ်သက်ငြိတွယ်သွားတဲ့ မိန်းကလေးတို့ဘက်မှာ အကြောင်းပြချက်ရှိနေလိမ့်မည်ဆိုတဲ့ စကားကို မြသက်စောက လက်မခံပေ။

ထိုစာသားလေးကိုရွေးကာ ကိုယ်ရေးမည့် Post ပေါ်ဆွဲတင်လိုက်ပြီးမှ ...

"ကံဆိုတာ လူက လုပ်တာပါ။ သူခိုးတစ်ယောက်ဟာ မခိုးရင် ငတ်တော့မှာမို့ ခိုးလိုက်ရပါတယ် ဆိုရင်လည်း သူကိုယ်တိုင်က ခိုးခြင်းနဲ့ ငတ်ခြင်းနှစ်မျိုးထဲက တစ်ခုကို သူ့ဘာသာ ရွေးချယ်လိုက်တာပါ။ အငတ်မခံဘဲ သူခိုးအဖြစ်ကို အရောက်ခံလိုက်တာပါ။ ငတ်တော့မှာမို့လို့ဆိုတဲ့ ခိုင်လုံတဲ့ အကြောင်းပြချက်ကြီး ရှိပေမဲ့ သူခိုးအပေါ် ဥပဒေက ခွင့်လွှတ်လို့ ရပါသလား။

ယောကျ်ားတစ်ယောက်ဟာ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ရေး ဖောက်ပြန်သူ ဖြစ်သွားခဲ့တယ်ဆိုရင် ဖောက်ပြန်သူ အဖြစ်ကို သူက ရွေးလိုက်တာပါ။ မိန်းမတစ်ယောက်ဟာ သူတစ်ပါး အငယ်အနှောင်းအဖြစ်ကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရတယ်ဆိုပေမဲ့ တခြားလမ်း မရွေးဘဲ ဒီလမ်းကို ဇွတ်နှစ်ရွေးချယ်လိုက်တာကိုက အပြစ်ပါ"

"မာမီ"

နောက်ဘက်က ခေါ်သံကြောင့် မြသက်စောက လှည့်ကြည့်လိုက်လျှင် သားငယ် ကျော်ကျော်စောကို တွေ့ရသည်။ သားငယ်က ကျော်ကျော်စော။ သားကြီးက မင်းမင်းသက်။ သားနှစ်ယောက်ကို သူမတို့ လင်မယားနှစ်ယောက် နာမည်ကို ခွဲဝေမှည့်ခေါ်ခဲ့တာ ဖြစ်သည်။ ခင်ပွန်းသည် အမည်မှာ "ကျော်မင်း" ဖြစ်ပါသည်။

"ညှော်သည် ရောက်နေတယ် မာမီ"

ဖြူသွယ်သွယ် မျက်လုံး မျက်ခုံးနက်နက် သားငယ်သည် သူမနှင့် ပိုတူ၍ ပိုလည်း ချောသည်လို့ မြသက်စောက ထင်မိသည်။ မြသက်စောက ကွန်ပျူတာကို ပိတ်လိုက်ပြီး ...

"ဘယ်သူလဲ သားလေး"

"ကျော်ကျော် မသိဘူး၊ မိန်းမကြီးတစ်ယောက်ပဲ"

"အေး ... မာမီ ဆင်းခဲ့မယ်၊ သားလေး ဒီနေ့ပြန်ရောက်တာ စောသားပဲ၊ ထမင်းရော စားပြီးပြီလား"





www.burmeseclassic.com

www.burmeseclassic.com



"မာမို့ညှော်သည်ပြန်မှ မာမီနဲ့ တူတူစားမယ်"

မြသက်စောက အပေါ်ထပ်မှ ဆင်းလာခဲ့သည်။ ပေါလစ်ရှ်အခြောက်သုတ်ထားတဲ့ ကျွန်းလှေကား လက်ရန်းကြီး တစ်လျှောက် လက်ဖဝါးပွတ်လျှောကာ ကိုင်ဆင်းလာခဲ့ရင်း ကွေ့ချိုးတွင် လှမ်းမြင်ရသော ဧည့်ခန်းထဲ လှမ်းကြည့်လိုက်သည်။ ရွှေရောင်မျက်မှန်ဝင်းဝင်းနှင့် ဖြူခန့်သော အမျိုးသမီးကြီးကို မြသက်စော မသိပါ။

စိန်ကြည့်ဖို့ ဆိုလျှင်လည်း ကြားခံလူသိ အဖော်နှင့်သာ လာတတ်ကြ၍ စိန်ကိစ္စလည်း မဖြစ်နိုင်ဘူးထင်သည်။

မြသက်စော အပြုံးကလေးတစ်ခု ဣန္ဒြေရရ တပ်ဆင်ကာ ဧည့်ခန်းတွင် ဝင်ထိုင်လိုက်ပါသည်။ ဧည့်သည်အမျိုးသမီးကြီးသည် ချောမော ကျက်သရေရှိ၍ ထက်မြက်ပုံလည်းရကာ အဆင့်အတန်းမြင့်သော ရုပ်ရည်အလှကို ပိုင်ဆိုင်သည့် မြသက်စောကို ခေတ္တအငိုက်မိ ငေးကြည့်နေသည်။

"ဘာကိစ္စများပါလဲရှင်"

လှပသော နှုတ်ခမ်းလွှာနှစ်ချပ်ရဲ့ အလှုပ်အရှားကို ဆက်ကြည့်နေမိပြီးမှ သူမက သက်ပြင်းချကာ ...

"ဒေါ်မြသက်စော ဆိုတာနော်"

"ဟုတ်ပါတယ်"

"ဩော် ... အန်တီက အသက်ကြီးပြီ မှတ်တာ"





မြသက်စောက ပြုံးရင်း ...

"အသက်လား၊ ကြီးပါပြီ အန်တီ၊ လေးဆယ်ကျော်ပါပြီ၊ တစ်နှစ်ထဲ ဝင်နေပါပြီ"

"မထင်ရပါဘူး၊ အလွန်ဆုံးမှန်းရ သုံးဆယ်ကျော် သုံးဆယ့်ငါးပေါ့"

အဖျားခွေလိပ်ထားတဲ့ ဆံပင်ကို ကျောတစ်ဝက်ပေါ် ဒီအတိုင်းချထားကာ နဖူးပေါ်တွင် ဆံယဉ် ဆံမျှင် တိုတိုရှည်ရှည်လေးတွေ မျက်ခုံးထိကာ လွန်ကာ ဖရိုဖရဲမို့ နုနယ်နေတဲ့အပြင် ကိုယ်လုံးကိုယ်ထည်က အဆီပိုကာ ဗိုက်ခေါက်ထွက်တာ၊ လက်မောင်းကြီးတွေ တုတ်ကယ်နေတာ လုံးဝမရှိသေးတဲ့ မသွယ်မပြည့် အနေတော် ကိုယ်ခန္ဓာမှာ မျက်နှာကလေးကတော့ အင်မတန်ချောမောလှပနေသေးတာ။ နှာခေါင်းဘေးနှစ်ဖက်က ပြုံးလျှင်ပေါ်သော အချိုင့်မျဉ်း အစင်းရှိနေတာကလွဲပြီး မျက်နှာပေါ်တွင် တခြား ဇရာအရေးအကြောင်း မရှိသေး။

"ကိစ္စပြောပါဦး အန်တီ"

"အန်တီက ဒေါ်ခင်မြတ်ဆွေပါ"

"ဟုတ်ကဲ့"

"သိရှိဆွေကိုများ သိသလား မသိဘူး"

မြသက်စော ဒေါ်ခင်မြတ်ဆွေကို သတိထား၍ အကဲခတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး"

"အင်း ...၊ အတော် ပြောရခက်ပါတယ်၊ အင်မတန်လည်း ဝန်လေးပါတယ်၊ ဒါပေမဲ့ နည်းနည်း ဆွေးနွေးထားရင် ကောင်းမယ်ထင်လို့ ပြောဖို့လိုအပ်တယ်လည်း ထင်လို့ ပြောရမှာပါ၊ အန်တီလည်း ဒီကညီမကို ကိုယ်ချင်းစာသလို အန်တို့ကိုလည်း ကိုယ်ချင်းစာပြီး နားထောင်ပေးပါလို့၊ အန်တီလည်း ကိုယ့်အဆင့်အတန်းနဲ့ကိုယ် ဂုဏ်သရေရှိရှိ နေတဲ့ အသိုင်းအဝိုင်းထဲကပါပဲ၊ ခုလိုလာတွေ့ဖို့လည်း အတော်အားယူ ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တော့ ညီမကို စိတ်ဒုက္ခပေးဖို့ အကြောင်းမရှိပါဘူး၊ ဒါပေမဲ့ တိုင်ပင်ညှိနှိုင်း ဆွေးနွေးပြီး ဆောင်ရွက်ရင် ပိုပြီးရလဒ်ကောင်းမလား လို့ပါ၊ ခုလို ပြောရမှာ အားလည်းနာပါတယ်"

မြသက်စောသည် ရှည်လျားသော စကားချီးများကြောင့် ရင်မောလာသည်။ ရင်ထဲမှာ နှလုံးသားအစုံက စိတ်လှုပ်ရှားမှုကြောင့် တစွက်စွက် ခုန်လာသည်။ စိတ်လျှော့စမ်း မြသက်စော။ နင်ဟာ စိတ်လှုပ်ရှားလွန်းလို့ ဒေါသဖြစ်လွန်းလို့လည်း မရဘူး၊ နေ့စဉ်တရားထိုင်ပြီး စိတ်ကိုငြိမ်အောင် ထိန်းသိမ်းပါလို့ သမားတော်က ပြောထားတယ်လေ။

"ပြောစရာရှိတာ ပြောပါ အန်တီ၊ ဒီလောက် နိဒါန်းပျိုးရင်ပဲ ရိပ်မိသလောက် ရှိပါပြီ"





"ရိပ်မိတယ် ... ! ! ၊ ဒါ ... ဒါဖြင့် ဒီကိစ္စကို ညီမလည်း သိပြီးသားပေါ့"

"ဘယ်ကိစ္စရယ်လို့ အတိအကျ ဘာမှမသိပါဘူး အန်တီ၊ ရိပ်မိနိုင်တယ်ဆိုတဲ့ သဘောပါ၊ ကျွန်မ မရှိင်းပါဘူး၊ အန်တီလည်း ဘယ်လောက် အားမွေးလာရမလဲ ဆိုတာ သဘောပေါက်ပါတယ်၊ အန်တီ ပြောစရာရှိတာသာ ပြောပါ"

"သိရှိဆွေက အန်တို့သမီးပါ၊ သိပ်လည်း ငယ်လှတော့တာ မဟုတ်ပါဘူး၊ အသက်သုံးဆယ် ရှိနေပါပြီ"

"ဟုတ်ကဲ့"

"ညီမရဲ့ခင်ပွန်း ဦးကျော်မင်းဟာ"

မြသက်စော ဦးခေါင်းကို မသိမသာ မော့ထားလိုက်မိ၍ လည်ပင်းကြောများ တင်းလာသည်။ ခေါင်းငုံ့ချလိုက်ဖို့တော့ သူမ ဝါသနာမပါပါ။

"အန်တီလေ ... အန်တို့သမီးဟာလည်း လျှပ်ပေါ်လော်လီ သူတစ်ယောက် မဟုတ်ရပါဘူး၊ ဒီအချိန်အထိ နှလုံးသားရေးရာကိစ္စ မရှိခဲ့လို့ အတွေ့အကြုံ နည်းလွန်းလို့ပဲ ဖြစ်သွားရသလားလို့လည်း တွေးပါတယ်။ အန်တီ ပြောရတာ အင်မတန် ရှက်ပါတယ်"

အမျိုးသမီးကြီးဟာ အသံတွေတုန်၍ မျက်ရည်ပါ ရစ်လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားက ဆင်းလာသော ကျော်ကျော်စောသည် သူ့မာမိမျက်နှာကိုလည်းကောင်း၊ ညှိုသည်အမျိုးသမီးကြီး မျက်နှာကိုလည်းကောင်း လှေကားရင်း၌ရပ်၍ အကဲခတ်နေသည်။

"ကျော်ကျော် ... သားငယ် အပေါ်တက်စမ်း"

ကျော်ကျော်စောက အနည်းငယ် ပေကတ်ကတ် ဆက်ရပ်နေသည်။ ဒေါ်ခင်မြတ်ဆွေထံမှလည်း စကားသံ ဆက်ထွက်မလာပဲ တိတ်နေသည်။

"သားငယ် အပေါ်သွားလေ"

ကျော်ကျော်စောသည် ခြေသံကို အနည်းငယ်ပြင်းကာ လှေကားမှ ပြန်တက်သွားလေသည်။

"ကြာပါပြီလား အန်တီ"

မြသက်စောက အသံကိုထိန်း၍ ပုံမှန်ဖြစ်အောင် မေးပါသည်။

"အန်တီ သိရတာ နှစ်လလောက်ပဲ ရှိပါသေးတယ်၊ သမီးဟာ ဦးနှောက်မဲ့ အသိဉာဏ်ပညာမဲ့လည်း မဟုတ်ပါဘူး၊ သချာ် ပီအိပ်ချ်ဒီတန်း တက်နေတဲ့သူ တစ်ယောက်ပါကွယ်၊ သိသိချင်း အန်တီ အိပ်ရာထဲ လဲပါတယ်၊ အန်တီ့သမီးလေးဟာ ဒီလိုအဖြစ်မျိုးကြုံရဖို့ ကံမပါသင့်ပါဘူး၊ သူ့ကိုဆုံးမတားမြစ်တော့ ဒီဖြစ်ရပ်ကို သူကဝင့်ကြွားပါလို့ ငိုငိုပြီး ပြောတယ်၊ ဒါကို အန်တီ လက်မခံဘူးကွယ်၊ ကိုယ်





ရှောင်ရင် ရတာပဲ၊ သမီးကို ချော့တယ် ခြောက်တယ် ဆုံးမတယ်၊ ဒါပေမဲ့ ခက်တာက ဒီအရွယ်ကြီး ကိုယ်ရင့်တဒူကြီး အိမ်ထဲပိတ်လှောင်ဖို့ ဆိုတာလည်း မဖြစ်ပါဘူး ...

အဲသလို ပိတ်ပင် အကြမ်းကိုင်လိုက်မှ ထွက်ပြေးပြီး အဆုံးစွန် မိုက်လုံးကြီးသွားမှာကို သိပ်စိုးရိမ်ပါတယ်၊ ကိုယ့်လူဘက် ကိုယ်မနိုင်လို့ တခြားတစ်ဖက်ကိုပါ မျှတအကူအညီတောင်းရတဲ့ သဘောပါ၊ ဒီဖက်ကို အန်တီ့အနေနဲ့ တကယ်တော့ ဘာမှမပြောပိုင်ဘူးဆိုတာ နားလည်ပါတယ်"

အသံတုန်ကာ ငိုသံပါနေတဲ့ စကားတွေကို နားထောင်ရင်း မြသက်စောသည် ရင်ထဲနင့်ကာနေသည်။ ထိုအမျိုးသမီးကြီးမျက်နှာကို မကြည့်ရက်၍ စားပွဲတင်ပန်းအိုးထဲက နှင်းဆီပွင့်တွေကို စိုက်ကြည့် ရေတွက်ကာ နေမိသည်။ ရှက်စရာကောင်းလိုက်တာ။ စိတ်ပျက်စရာလည်း ကောင်းလိုက်တာ။ တို့ကိုယ်ကကိုယ့်ယောကျ်ားအကြောင်း ဟိုးတုန်းကတည်းက သိနေခဲ့ပြီးသားမိန်းမမို့ပေါ့။

ကိုယ့်ယောကျ်ား ဖောက်ပြန်နေတာကို မသိရသေးတဲ့ မိန်းမတစ်ယောက် ဆိုရင်တော့ ရှက်စိတ်နှင့် မွန်ထူတုန်လှုပ်ကာ နေရာမှာတင် ပစ်ခွေလဲကျဖို့ ကောင်းသည်။ တခြားမှာကြားဖူးနားဝ ရှိတာမျိုးကတော့ မယားကြီးက နောက်ထပ်မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးအသစ်ထံကို သွားပြီး မောက်မောက်မာမာနှင့်ဖြစ်စေ တိုးတိုးလျှိုးလျှိုးနှင့်ဖြစ်စေ ကန့်ကွက်တားဆီးစကား ဆိုတာမျိုးပင်။

ခုတော့တစ်မျိုး။ ရယ်ဖို့ပဲကောင်းသေးတော့။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ကိုယ့်အခြေအနေမှန်ကို ဝန်ခံတင်ပြပြီး ညှိနှိုင်းတားဆီးချင်တဲ့ ကောင်မလေးရဲ့ မိခင်ကိုလေးစားမိပါသည်။

"အဲဒါ အန်တီ ပြောတာကို ဒီက ဘယ်လိုများ သဘောရပါသလဲ၊ အန်တီ့ကို ကူညီမယ် မဟုတ်လားဟင်"

"အန်တီပြောတဲ့ အကူအညီ ဆိုတာက ဘာကိုဆိုလိုတာပါလဲ၊ ကျွန်မက ကျွန်မခင်ပွန်းကို တားမြစ်ပေးရမဲ့သဘောမျိုးလား အန်တီ"

အမျိုးသမီးကြီးက မြသက်စောကို အားကိုးတကြီးကြည့်ကာ ...

"ဟုတ်ပါတယ် ညီမရယ်၊ ကိုယ့်လင်နဲ့မယား ချိုချိုသာသာ ပညာသားပါပါလေး နားချဖျောင်းဖျပြီး ချော့မော့တားရင် ရနိုင်တာမျိုးပါ။ ဒီကိစ္စမျိုးမှာ ဇနီးသည်က စိတ်လိုက်မာန်ပါ အကြမ်းမကိုင်သင့်ပါဘူး၊ ကိုယ့်ဘက်ပြန်ဆွဲဆောင်ရာမကျပဲ ကိုယ့်ဆီက တွန်းထုတ်သလိုတောင် ဖြစ်သွားတတ်ပါတယ်၊ ပညာသားပါပါလေး ကိုင်တွယ်တတ်ရင် အားလုံးအတွက် အကျိုးရှိပြီး ညီမတို့မိသားစုလည်း ဥမကွဲ ..."





"အန်တီပြောတဲ့ သီအိုရီတွေ ကျွန်မလည်း သိပြီးသားတွေပါ၊ ဒါပေမဲ့ ဝမ်းနည်းပါတယ် အန်တီရယ်"

အမျိုးသမီးကြီးမှာ မျက်နှာပျက်သွားရင်း ...

"ခုလို အန်တီ လာတိုင်ပင် ဆွေးနွေးတဲ့အပေါ် စိတ်ကွက်တဲ့သဘောကြောင့်လား၊ အန်တီ့မှာ လုပ်နည်းကိုင်နည်းမှားရင်မှားမယ်၊ နှစ်ဖက်လုံး အကောင်းဆုံး ဖြစ်သွားချင်တဲ့ စေတနာတော့"

"ယုံပါတယ် အန်တီ၊ အန်တီ့ကို ကိုယ်ချင်းစာပါတယ်၊ ကျွန်မ တကယ်ကို စိတ်မကောင်းပါဘူး၊ ကျွန်မ သူ့ကို ချော့မော့ဖျောင်းဖျလည်း မလုပ်နိုင်၊ ကိုယ့်ဘက်ပါအောင် ပညာသားနဲ့လည်း ကိုင်တွယ် မစည်းရုံးနိုင်တာကိုပဲ ခွင့်လွှတ်ပါ"

"ခုကိစ္စမှာ သင်းက အန်တီ့သမီးပျို နုနုထွတ်ထွတ်ကို သူ ..."

ဒေါသတွေ ပါလာပုံနှင့် လေသံမာသွားတဲ့ အမျိုးသမီးကြီးက ချက်ချင်း စကားကို ပြန်ရပ်ပစ်ပြီး ရှိုက်သံတစ်ချက်နှစ်ချက် ထွက်လာရင်း ...

"အန်တီ့ကို သည်းခံပါကွယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ အန်တီ့သမီးကို ဒီအဖြစ်ကနေ ရုန်းထွက်နိုင်စေချင်ပါတယ်၊ ဒါ သူ့အတွက်ပါ၊ ကျွန်မအတွက် မဟုတ်ပါဘူး၊ ကျွန်မ အတွက်က ဘာမှမလိုတော့ပါဘူး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုစိတ်လျှော့စကား မပြောပါနဲ့ ညီမရယ်၊ ညီမတို့မှာ သားနှစ်ယောက်တောင် လောက်လောက်လားလား ဖြစ်နေပြီဆိုတာလည်း စုံစမ်းသိရှိထားပါတယ်"

"ကျွန်မ စိတ်လျှော့တာ မဟုတ်ပါဘူး၊ စိတ်လည်းမလျှော့တတ်ဘူး၊ သူ့အပေါ် စိတ်ဖြတ်နေတာပါ၊ အန်တီ နားလည်ဖို့က ဒါ ပထမတစ်ကြိမ် မဟုတ်ပါဘူး ဆိုတာပါ၊ ဒုတိယတစ်ကြိမ်လည်းမဟုတ်သလို တတိယအကြိမ်လည်း မဟုတ်ဘူး အန်တီ"

"ဟင်"

"ပထမအကြိမ်၊ ဒုတိယအကြိမ်တုန်းကတော့ ကျွန်မ တုန်လှုပ်ခဲ့ပါတယ်၊ မီးဝိုင်းခံရသလောက် ရူးမတတ်ဖြစ်ပါတယ်၊ သူ့အပေါ်လည်း ပေါက်ကွဲပါတယ်၊ ဒါပေမဲ့ ခုတော့ ကျွန်မ သူ့အပေါ် ပေယျာလကန်ပါ၊ ဥပေက္ခာပါ၊ ခုနေ သူ ဒီလိုကိစ္စတွေ လုံးဝမရှိတော့ဘူး ဆိုရင်တောင် ကျွန်မ ခံစားချက်က သူ့အပေါ် ဗလာဖြစ်သွားပြီ၊ ပထမအဆင့် ... မရမက ပြန်လုတာ၊ ဒုတိယအဆင့် ... ကိုယ့်ဘက် မပါတော့ဘူးထင်လို့ မတတ်သာဘဲ ကြည့်နေလိုက်ရတာမျိုးကိုလွန်ပြီး တတိယအဆင့် သူကပြန်ချဉ်းကပ်လာရင်တောင် စိတ်မဝင်စားတော့အောင် ခံစားချက်တွေ သေကုန်တဲ့အထိ ဖြစ်နေပါပြီ ...





လင်ယောကျ်ား ဖောက်ပြန်လို့ ပူပြင်းလောင်မြိုက်ရတဲ့ ဇနီးမျိုးထဲ ကျွန်မ မပါတော့ဘူး၊ သူ့သာတင်းကြားရင် တစ်ဖက်သား မိန်းကလေးအတွက် စိတ်ပျက်တဲ့ခံစားချက်မျိုးပဲ ရှိပါတယ်၊ ခုလို အန်တီ လာပြောတာမျိုး မကြုံဖူးသေးတဲ့အကွက် စိတ်လှုပ်ရှားမှု အနည်းအကျဉ်းရှိပေမဲ့ ကျွန်မ ထူးပြီး မခံစားရတော့ဘူး၊ သူလည်း ဒီအိမ်မှာပဲ နေပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ မပေါင်းဘူး၊ ပေါင်းသင်းနေထိုင်နေကြတာ မဟုတ်ဘူး၊ မတတ်သာလို့ အတူနေထိုင်ကြရုံပါ၊ တရားဝင်လည်း မကွဲရသေးပါဘူး ...

ပစ္စည်းပစ္စယ ပိုင်ဆိုင်မှုတွေ ခွဲခြားစိတ်ဖြာဖို့ ခက်ခဲနေသေးတာလည်း တစ်ကြောင်းပါ၊ ကျွန်မ သူ့ကို ကွာရှင်းဖို့ လွန်ခဲ့တဲ့ နှစ်အတော်ကြာကတည်းက ဆွေးနွေးပြီးသားပါ၊ သူက ကွာရှင်းမပေးဘူး၊ ရပါတယ်၊ ကျွန်မလည်း ဆက်မတောင်းဆိုပါဘူး၊ လက်ထပ်တယ် ဆိုတုန်းကလည်း စာချုပ်ဟာ လူတစ်ယောက်ရဲ့ စိတ်ခိုင်မာတည်မြဲဖို့ကို ဘာမှ ကူညီစွမ်းဆောင်နိုင်ခဲ့တာမှ မဟုတ်ဘဲ၊ ခုလည်း ပြတ်နေတဲ့ ကျွန်မစိတ်ထက် ဘယ်စာချုပ်ကမှ ပိုပြီးပြတ်စေနိုင်မှာ မဟုတ်ဘူးဆိုတာ ခံယူထားတော့ ဒီထက်ပိုပြတ်စဲစရာ မကျန်ဘူးလို့ပဲ ယုံပါတယ် ...

သူ ကွာရှင်းမပေးလည်းပဲ ကျွန်မ ဂရုမစိုက်ပဲ ဒီတိုင်းနေတယ်၊ ကျွန်မ ဒီအိမ်ပေါ်မှာပဲ နေတယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူ ပျိုးထောင်တုန်း သားပျိုနှစ်ယောက် ရှိတယ်၊ သူကလည်း ဆင်းမသွားဘူး၊ သူဆင်းသွားရင် ကျွန်မက ဝမ်းသာတယ်၊ သူ မဆင်းဘဲနေတယ်၊ သားတွေအတွက် အိမ်ထောင်စရိတ်ပေးနေတယ်၊ ဒါကိုလည်း ကျွန်မယူတယ်၊ သူ့တာဝန်လည်း ရှိတာပဲလေ၊ သူ့သားတွေလေ၊ ဒါကလွဲရင် ကျွန်မတို့မှာ ဦးနှောက်ဆန္ဒပိုင်းဆိုင်ရာရော၊ နှလုံးသားပိုင်းဆိုင်ရာရော ပတ်သက်စပ်ယှက်ခြင်း နှောင်ကြိုးတွယ်ခြင်း ဘာမှမရှိဘူး အန်တီ၊ အခြေအနေက ဒါပါပဲ"

ဒေါ်ခင်မြတ်ဆွေသည် မောဟိုက် လက်မှိုင်ချသွားသလို ဆိုဖာပေါ် ခွေလျော့နေတော့သည်။ မြသက်စေ အပေါ်လည်း သိပ်မကျေနပ်နိုင်ဟန် ရှိပါသည်။

"ဘာပဲဖြစ်ဖြစ် ဒီလို လက်လွှတ်စပယ်တော့ ညီမ ပစ်မထားသင့်ပါဘူး"

"ဒီကိစ္စကျမှ ကျွန်မက လက်လွှတ်စပယ် လုပ်တာမှမဟုတ်တာ အန်တီ"

"ကိုယ့်မှာလည်း သားတွေနဲ့ပါ၊ ကွဲလို့ဖြစ်တာလည်း မဟုတ်၊ ညီမက ငယ်ငယ်ရွယ်ရွယ်ပဲ ရှိပါသေးတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ကလည်း သူ ဒီလိုကိစ္စတွေ ရပ်တန်းက ရပ်ပါစေဆိုတဲ့ ဆန္ဒကို မရှိတာ၊ ဒါ့အပြင် သူ့ကို ကျွန်မတားလည်း ဒီတားစကားက မအောင်မြင်ပါဘူး အန်တီ၊ အန်တီလုပ်နိုင်တာ တစ်ခုပဲ ရှိပါတယ်၊





အဲဒါကတော့ ကိုယ့်သမီးကိုပဲ ကိုယ်နိုင်အောင် ထိန်းသိမ်းဖို့ပါပဲ"

မြသက်စေက ရိုးရိုးသားသား ပြောလိုက်တာအမှန်ပင်။ ဒါပေမဲ့ ကိုယ့်သမီး ကိုယ်ထိန်းဆိုတဲ့ အဓိပ္ပာယ်ကို ထိုအမျိုးသမီးကြီးက ရင့်တဲ့ ကျောတယ်လို့ ဒေါသဖြစ်သွားပုံ ရပါသည်။

"ကိုယ့်ဘက်က ထိန်းထားပေမဲ့ ဒီဦးကျော်မင်းက ရှေ့တိုးနေတဲ့ဟာ၊ ဘယ့်နှယ်လုပ်မှာလဲ၊ ကိုယ့်ယောကျ်ားဘက်ကို ကိုယ်မထိန်းဘဲ ဒီဘက်ကိုပဲ ထိန်းခိုင်းတာကလည်း တစ်ဖက်သတ်ကြီး ဖြစ်နေပြီ"

"ခုကိစ္စက မဖြစ်စေလိုသူက အန်တီပါ၊ ဒီကို ရောက်လာတာလည်း အန်တီပါ အန်တီ၊ ကျွန်မက အန်တို့ကို တမင်ခွတိုက်ပြောနေတာလည်း မဟုတ်ပါဘူး၊ ဒီကိစ္စကို မဖြစ်စေချင်ဘူးဆိုတဲ့ ဆန္ဒမျိုးကို ကျွန်မမှာ မရှိတော့တာ"

ဒေါ်ခင်မြတ်ဆွေ ဒေါပွပွနှင့်ထ,ကာ နှုတ်မဆက်မပြု ထွက်သွားပါတော့သည်။ အိမ်ရှေ့က ဒရိုင်ဘာမောင်းတဲ့ကားပေါ်တက်ပြီး တံခါးပြင်းပြင်း ဆောင့်ပိတ်လျက် ကားပါထွက်သွားတဲ့အထိ မြသက်စေ ထိုင်ရာမှမထ,မိဘဲ မလှုပ်မယှက် ရှိနေမိသည်။ ရင်ထဲမှာ နာကြည်းခါးအန်နင့်သည်းနေကာ ဒီအဖြစ်မျိုးကို ကြုံရစေတဲ့ ဦးကျော်မင်းကို စက်ဆုပ်ခြင်းမက စက်ဆုပ်မုန်းတီးကာ နေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ဦးကျော်ရေ ... ဒီမှာ ကျွန်မရဲ့ လချုပ်ဖိုင်လ်ပါ"

ထင်ထင်က မန်နေဂျာစားပွဲပေါ် သူမရဲ့ဖိုင်တွဲကို တင်ပေးလိုက်လျှင် ...

"အိုကေ ... မထင်၊ ဘာမှမရှိတော့ဘူး၊ ဆရာလည်း ဒီညနေ ရုံးပြန်ဝင်မလာတော့ဘူး၊ ဒီနေ့ လုပ်စရာတွေ စောစောပြတ်နေတော့ အားလုံး စောစောပြန်ချင် ပြန်ကြတော့လို့ အပြင်မှာ ပြောလိုက်ပါ။ ဦးဝင်း ရှိတယ်မဟုတ်လား"

ဦးဝင်းမှာ ဖယ်ရီဒရိုင်ဘာကြီး ဖြစ်ပါသည်။

"ရှိတယ် ထင်ပါတယ်၊ မရှိရင်လည်း ဟိုဘက်လက်ဖက်ရည်ဆိုင်မှာ ရှိမှာပါ ဦးကျော်"

"ဒါဖြင့် ရုံးစောစော ဆင်းကြတော့"

"ကျေးဇူးပဲ ဦးကျော်ရေ၊ ဒါဆိုရင် လစ်ကြမယ်"





ထင်ထင်က မန်နေဂျာအခန်းပြင်ကို ထွက်လာခဲ့ကာ အပြင်က ဝန်ထမ်းတွေကို စောပြန်လို့ရပြီဖြစ်ကြောင်း သတင်းကောင်းပါးလျှင် လက်စတွေ ဖြတ်တဲ့သူဖြတ်၊ သိမ်းဆည်းသူသိမ်းဆည်း၊ မိန်းကလေးတို့က ကရင်မ်ပတ်ဖ်ဘူးလေး မှန်လေးထုတ်ကြည့်တဲ့သူကြည့်၊ ခေါင်းဖြီးသူဖြီး လုပ်နေကြချိန်မှာ ထင်ထင်က ပိုက်ဆံအိတ်ထဲက ဟဲန်းဒ်ဖုန်းလေးထုတ်ကာ ခပ်သွက်သွက်နှိပ်လိုက်ပါသည်။ ခပ်ကြာကြာ ခေါ်ပြီးမှ ...

"ဟယ်လို ... ပြော ထင်ထင်"

"မောင် ထင်ထင့်ကို လာကြိုမှာလား"

"ဟ, တယ်စောပါလား"

"ဒီနေ့ အလုပ်တွေလည်း စောစောပြတ်ကြ၊ ဘော့စ်ကလည်း ရုံးပြန်ဝင်မလာတော့ဘူးဆိုလို့ အားလုံး ရုံးစောစောဆင်းကြမယ် မောင်ရဲ့၊ မောင် လာကြိုရင် ထင်ထင့်ကို အိမ်ပြန်မပို့ရင် မပို့နဲ့လေ၊ မောင့်ရုံးခန်းမှာ လိုက်ထိုင်နေမယ်လေ၊ မောင်ပြီးမှ တူတူပြန်မှာပေါ့"

"ဟာ ... မဖြစ်သေးဘူး ထင်ထင်လေးရယ်၊ ထင်ထင်တို့အလုပ်စောပြီးတဲ့နေ့မှာ မောင့်မှာ အလုပ်တွေ တအားရှုပ်တာပဲ၊ ခုလေးတင် ဒီက Report တွေယူပြီး မောင်ထွက်တော့မှာ၊ ကာဝါဆာကီကို ရှင်းပြစရာရှိတယ်၊ သူသိချင်တာလေးတွေ မေးထားတာ၊ ဒီညနေ ချိန်းထားတာလေး ဂျပန်ရောက်နေတာ သိသားနဲ့ ထင်ထင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဂျပန်က ခုထိ မပြန်သေးဘူးလား"

"အာ ... နေဦးမှာ၊ နောက်တစ်ပတ်တော့ ရှိဦးမယ်"

ထင်ထင်သည် မကျေချမ်းသော နှုတ်ခမ်းလေး တင်းတင်းစေ့ကာ ဘာဆက်ပြောရမည် မသိဘဲ ရင်ထဲတော့ မကြည်မသာ တင်းကျပ်နေပါသည်။

"ဒီနေ့ ဖယ်ရီနဲ့ပဲ လိုက်လိုက်လေ ... ထင်ထင်နော်"

တကယ်တော့ တစ်လမှာ ဖယ်ရီနဲ့ လိုက်ပြန်ဖြစ်တဲ့ ရက်ချည်းသာဖြစ်ပြီး မောင် လာကြိုတယ်ဆိုတာက နှစ်ရက်မျှလောက် ရှိတာပါ။ ဒါပေမဲ့ ရှားရှားပါးပါး သူအလုပ်အား (တယ်ဆို)လျှင် လာကြိုတတ်တာမို့ ညနေတိုင်း သူများအားလပ်မလား၊ လာကြိုမလားလို့ မျှော်လင့်ချက် ထားမိသေးတာပင်။

အကြိမ်များများ ကြားရတဲ့ လာမကြိုတော့ဘူးဆိုတဲ့ အဖြေကိုရလျှင် ဒီလိုပဲ ငေးမှိုင်သွားရတတ်ပြီး မမျှော်လင့်ဘဲ "လာကြိုမယ်"ဆိုတဲ့စကား တစ်ကြိမ်တလေ ရလျှင်တော့ဖြင့် အလွန်အမင်း ပျော်ရွှင်ကြည်နူးမိရတတ်တာပါ။ ရုံးကအဖော်တွေကို ...

"ထင်ထင် မလိုက်တော့ဘူးနော်၊ မောင် လာကြိုမှာတဲ့"လို့ ...

ပြုံးပြုံးကလေး မေးစေ့မော့ကာ ပြောခွင့်ရခြင်းဟာဖြင့် ထင်ထင့်အဖို့ တစ်မူထူးခြား နှိုင်းယှဉ်စရာရှားတဲ့ အရသာ တစ်မျိုးရယ်ပင်။





"နော် ... ထင်ထင်၊ ကာဝါဆာကီနဲ့ဆို စားသောက်ဆိုင်တစ်ဆိုင်ဆိုင် ရောက်ဦးမှာပဲ၊ ထင်ထင့်ဖို့ ဘဲကင်ဖြစ်ဖြစ်၊ ဘာစားမလဲ မောင် ဝယ်လာမယ်လေ"

"မောင်က ဘယ်အချိန် ရောက်မှာမို့လဲ၊ ထမင်းစားချိန်ဖြင့် မီမှာမဟုတ်ပဲနဲ့"

"ညလယ်စာပေါ့၊ ညကျ ဒီဗီဒီကြည့်ရင်း စားကြမယ်လေ၊ ကဲ ... မောင် အရမ်း Rush ဖြစ်နေပြီ၊ ထွက်ရတော့မယ်၊ ဘိုင့်ဘိုင် ... ဒါပဲနော်"

တစ်ဖက်က ဖုန်းလိုင်း ပြတ်သွားပြီမို့ ထင်ထင်က ဖုန်းလေးကို နားမှခွာကာ အသာငုံ့ကြည့်ရင်း ပိတ်လိုက်ရပါသည်။

"အစ်မကြီး ထင်ထင်၊ မောင်တော် လာကြိုမှာလား၊ သွားမယ်လေ"

"လိုက်မှာ ... လိုက်မှာ"

ထင်ထင်က ဘာမှမဖြစ်သလို ပြောလိုက်ရသော်လည်း ရင်ထဲ၌ ဝမ်းနည်းခြင်း အုံ့ခဲနေပါသည်။ ဟိုးအရင် အိမ်ထောင်ကျခါစကလို ဖယ်ရီစီးစရာမလို အမြဲတမ်း မောင်လာကြိုတဲ့ ဘဝအခြေအနေကို မရတော့တာ ကြာပဲကြာလှပါပြီ။ ဘယ်သူကမှ သတိတပြု မရှိကြပေမဲ့ မောင် လာမကြိုတာက များနေတော့တာကို ကိုယ့်ဟာကိုယ် တစ်ယောက်တည်း သိမ်ငယ်နေမိသည်။

"မမထင် လာလေ"



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲက သူမကို ခင်မင်လှသော ကောင်မလေး မီးမီးက ထင်ထင့်လက်ကို လာဆွဲခေါ်သည်။

"အေးပါ ... လာပါပြီဟယ်၊ ဖြည်းဖြည်းလုပ်ပါဟယ်"

"အဟီးဟိ ... မမထင်ကို ပြမလို့၊ ဦးနိုင်နဲ့ မမကေသွယ်က ရန်ဖြစ်ထားကြတယ် သိလား၊ သိပ်ရယ်ရတာပဲ ... အဟိ"

ဦးနိုင် ဆိုတဲ့ ကိုသက်နိုင်နှင့် မမျိုးကေသွယ်တို့က ဒီတစ်ကုမ္ပဏီထဲမှာ အတူအလုပ်လုပ်ကြတဲ့ လင်မယား ဖြစ်ပါသည်။ ထင်ထင်တို့ အရွယ်လောက် သုံးဆယ်ပတ်လည်ဝန်းကျင် တွေပင်။

"မီးမီးကလည်းဟယ်၊ သူများလင်မယား ရန်ဖြစ်တာ ရယ်စရာလားလို့"

"အဲလို ရယ်တာမျိုး မဟုတ်ပါဘူး၊ ဦးနိုင် မျက်နှာကြီး ရှုပုပ်တင်းနေတာ ရယ်ရလို့၊ မနက်ကလည်း တကွဲစီလာကြတာ သိလား၊ မမကေသွယ်ပဲ ဖယ်ရီနဲ့ပါတယ်၊ ဦးနိုင်က နောက်ကျမှ သူ့ဟာသူ ရုံးရောက်လာတယ်"

ထင်ထင်က များသောအားဖြင့် နံနက်ပိုင်း ဖယ်ရီကို မစီးဖြစ်။ မောင်ပဲ ပို့ပါသည်။ မောင် ခရီးသွားရမှသာ ဖယ်ရီနှင့် လိုက်သည်။

"ဟုတ်လား"





"အင်း ... ပြီးတော့ မမကေသွယ်ပဲ ထမင်းချိုင့်ပါတယ်၊ ရယ်ရတယ် မမကေသွယ်က ဦးနိုင်ဖို့ ချက်မပေးဘူးထင်တယ်တော့၊ ဦးနိုင် ဘာမှပါမလာဘူး၊ အပြင်က ထွက်ဝယ်စားတာ၊ တစ်အိမ်တည်းက ထွက်လာပြီး ... အဟိဟိ"

အသက်နှစ်ဆယ်ကျော်စ မီးမီး တစ်ယောက်ကတော့ မိဘလက်အောက်မှာ ဘာမှ အပူအပင်မရှိ အရိပ်အကဲမသိ ကြီးပြင်းနေရတုန်းဖြစ်ရာ ဘာကိုမဆို တဟိဟိနှင့် ရယ်စရာသာ ဖြစ်နေတတ်မြဲတည်း။ သူတို့အိမ်မှာ အမေကလွဲရင် အဖေရော မောင်နှမသုံးယောက်ရော အားလုံး အလုပ်ကိုယ်စီလုပ်ကြရကာ မိသားစုအိမ်စရိတ် ပြည့်စုံရုံမျှ ရှိပေမဲ့ စိတ်ချမ်းသာရလို့ထင်သည် တစ်ခါမျှ ညှိုးငယ်နေတာ မတွေ့ရ။

မိသားစုမှာ အငယ်ဆုံးသမီးလည်းဖြစ်၍ အလုပ်မှာ ရတဲ့လခ အမေ့လက်ထဲ အပ်လိုက်ပြီး မုန့်ဖိုးပဲ တောင်းသုံးနေကာ တခြား ဘာအပူအပင်မှ သူ့မှာ မရှိရလေရာ သောကကင်းစင်တဲ့ မျက်နှာလေးက တစ်မျိုးချစ်ဖို့ ကောင်းပြန်သည်။

"ရန်ဖြစ်ပါတယ်ဆိုမှ သူ့ထမင်းဘူး ထည့်ပေးပါ့မလားဟဲ့၊ ချက်တော့ တစ်ခါတည်း ချက်ထားမှာပေါ့၊ ဒါပေမဲ့ ဦးနိုင်က ကိုယ့်ဟာနဲ့ကိုယ်လေး ရှုးခပ်ထည့်ခဲ့ရောပေါ့"

"ဒီညနေ ဖယ်ရီမှာ ဦးနိုင် လိုက်မလား မလိုက်မလား မသိဘူး၊ ကြည့်ရအောင် မမထင်ထင် ... အဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီကောင်မလေးဟာ"

တင်းကျပ်နေတဲ့ ထင်ထင့်စိတ်တွေ မီးမီးကြောင့် လျော့ပါးညွတ်ပျောင်းစ, ပြုရပါသည်။ စိတ်အပြောင်းအလဲဖြစ်ကာ မီးမီး လက်ဆွဲခေါ်တဲ့အတိုင်း ရုံးဖယ်ရီ တောင်းအနေစ်ပစ် ကပ်ပ်အဖြူ ရှိရာသို့ ခပ်သုတ်သုတ်ကလေး ပါလာရသည်။ ကားပေါ်မှာ မမျိုးကေသွယ်က ထိုင်နှင့်ပြီ။ ကားခေါင်းဘက် လည်ပင်းလိမ်လှည့်ထားကာ နောက်က တက်လာသူတွေဘက် မကြည့်။ မတော်တဆ ဦးသက်နိုင် တက်လာလျှင် မြင်နေရမှာစိုး၍ထင်သည်။

"မမကေသွယ် ... အဟီး ဟီး"

မီးမီး လက်ကို ထင်ထင်က ကုတ်လိုက်ရပါသည်။ မျိုးကေသွယ်က လှည့်ကြည့်လျှင် မီးမီးက ကလေးရုပ်လေးနှင့် ...

"ဦးနိုင် မလိုက်ဘူးပေါ့ ... ဟီး ... ဟီး"

"ဟဲ့ ... မီးမီးကလည်းနော်၊ သိပ်ပါတာပဲ၊ သူများအရေးကို၊ ကလေးကြီး ကျနေတာပဲ၊ ဘယ်လိုဖြစ်နေလဲ"

"အာ ... မမထင်ထင်ကလည်း၊ မကေသွယ်က မလျှိုဘူး၊ ရန်ဖြစ်တာတောင် မမကေသွယ်ပဲ အားလုံးကို ပြောပြနေလို့ မီးမီးလည်း သိရတာပေါ့၊ နော ... မမကေသွယ်"

မျိုးကေသွယ်က ပြုံးလိုက်ရင်း ...

"ကိစ္စမရှိဘူး ထင်ထင်၊ စိတ်တိုလွန်းလို့ တမင်ကို ရုံးခန်းထဲက အပျိုတွေကို ဒါတွေ ဒီလိုရှိတယ်ဟေ့လို့ နေ့လယ်





ကံ ကိုယ်တိုင် လက်ချာပေးထားတာ၊ ဒါမှ သူတို့လည်း ယောကျ်ား ဆိုတာတွေရဲ့ အကျိုးအကြောင်းလေး သိမှာ၊ နို့မို့ရင် ယောကျ်ားဆိုတာမျိုးကို သူတို့က မရခင်အောက်ကျနောက်ကျ မျက်နှာချိုသွေးတဲ့ ပုံစံမျိုးနဲ့ပဲ သိခွင့်ရတာလေ၊ အတ္တတုံး နှာဘူးကြီးတွေဆိုတာ ပြောပြထားရတာ သိအောင်"

မီးမီးမှာ ဗိုက်နှိပ်ရအောင်ပင် အတောမသတ် ရယ်လို့မဆုံး ရှိတော့သည်။ မျိုးကေသွယ် စကားက ဘွင်းဘွင်းကျလှ၍ ကားပေါ်က တခြားအမျိုးသမီးလေးတွေလည်း ရယ်ကုန်ကြပါသည်။ မျိုးကေသွယ်က မျက်စောင်းတစ်ချက်နှင့် ...

"ဟုတ်တယ်၊ အဲလိုပြောမှ ထင်းခနဲ သိမှာ"

ဒီဖယ်ရီဟာ တစ်ကားလုံးမှာ 'ယောကျ်ားရယ်လို့ ဒရိုင်ဘာကြီးအပြင် နောက်ထပ် နှစ်ဦးပဲ စီးတာ။ ကိုသက်နိုင်ရယ်၊ ကျော်ကျော်ရယ်။ သူတို့နှစ်ယောက်ဟာလည်း ရှေ့ခန်းသွားထိုင်ကြ၍ အမျိုးသမီး ကြီးငယ်တစ်သိုက် နောက်ခန်းမှာ လွတ်လွတ်လပ်လပ် ထင်ရာပြောလို့ ရနေကျ။ ခုတော့ ကိုသက်နိုင်တောင် မပါ။

ဦးဝင်းက လူမစုံသေးဘူးထင်၍ စောင့်နေကာ အတော်ကြာမှ ...

"ခုနက ကိုသက်နိုင် တွေ့လိုက်ပါတယ်၊ မလာသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး"

မျိုးကေသွယ်က ခပ်တိုတို လှမ်းဖြေလိုက်သည်။

ကားထွက်လာလျှင် မီးမီးက မနေနိုင် မထိုင်နိုင် စကားများများနှင့် ...

"မမကေသွယ်ရယ်၊ ဦးနိုင်ကြီးကို ထမင်းတော့ ကျွေးလိုက်ပါ၊ သနားပါတယ်"

"ဟဲ့ ... ခါတိုင်းလိုပဲ ချက်ထားတာပဲ၊ လက်ပါသားပဲ ခူးစားပေါ့၊ မစားရင်တော့လည်း သူ့ဟာသူ ငတ်ပေါ့၊ ထမင်းခူးမစားတတ်ရအောင် ပူတူတူးလေးလား"

"ခါတိုင်း မမကေသွယ် ခူးကျွေးတယ်မို့လား"

"ချစ်စိတ်ပေါက်မှ ခူးကျွေးမှာပေါ့ဟဲ့၊ မုန်းစိတ်ပေါက်နေပါတယ်ဆိုမှ သူ ပွဲဆောာ်တာည်ဖို့ ကျုပ်က တာပ်နေစရာလား"

ကားထဲမှာ ရယ်သံတွေ ထွက်နေသည်။ ထင်ထင်က ဒေါတပွပွဖြစ်နေတဲ့ မျိုးကေသွယ် မျက်နှာကို အကဲခတ် နှုတ်ဆိတ်နေမိပါသည်။ သူတို့ကျတော့ ရန်ဖြစ်ကြတာချီးပေါ့။ မောင်နဲ့ကျတော့ ထင်ထင်သည် ဘယ်လိုမှ ရန်ဖြစ်မရပေ။ မောင်ဟာ ရန်ဖြစ်ဖို့ ရည်ရွယ်ချက်ရှိတဲ့ ယောကျ်ားမျိုး မဟုတ်။

ထင်ထင် စိတ်ဆိုးလျှင် အတင်းဖက်ချုပ်ပြီး စိတ်မပြေ ပြေအောင် မနားတမ်းချော့တဲ့ ယောကျ်ားမျိုးဖြစ်သည်။ စကားမပြောရင် အတင်းလိုက်ပြော နောက်ပြောင်ရင်း ရယ်အောင် လုပ်တဲ့ ယောကျ်ားမျိုးဖြစ်သည်။ ရူးသလို ပေါသလို သူ့အမြဲလျှော့





ချပစ်သမျှ သူ့ကို အပြစ်တင်လို့ မရဘဲ ရှိသည်။ ဟိုးအရင်ကတော့ မောင် နော့မော့လိုက်လျှင် အရည်လည်းပျော် စိတ်လည်းပြေ။ မောင်ဟာ သူများတကာ ယောကျ်ားတွေလို ကြမ်းတမ်းခက်ထန် ရန်လုပ်တတ်တဲ့သူ မဟုတ်တာကို ဂုဏ်ယူခဲ့ရသည်။

နောက်တော့ တကယ် အပြစ်ရှိရက်နဲ့လည်း ရူးသလိုလုပ်ပြီး ဖွေယူမရအောင် သူက ဘာမှမဖြစ်သလို လုပ်တတ်လွန်း၍ တစ်ဖက်သတ် ရန်လုပ်လို့လည်း မရ၊ ဖြေရှင်းလို့လည်း မရတဲ့ အဖြစ်ကို အောင့်သက် နာကြည်းပြီး ဂုဏ်မယူနိုင်တော့ပဲ ကျိတ်ငိုကာ တစ်ယောက်တည်းပဲ ပေါက်ကွဲရသည်။ သူကတော့ "ထင်ထင့်ကို မောင်ချစ်တယ်"ဆိုတဲ့ စကားကို နှုတ်ဖျားက မချ။

"ဦးနိုင်က ဘာ့လုပ်လို့လဲ မမကေသွယ်ရယ်၊ အပြစ်က အရမ်းပဲ ကြီးလို့လား"

"ဘာမဆို အပြစ်ကြီးပဲပေါ့၊ မကောင်းတာ ရှစ်ဆယ်ဖိုးမှာ ကောင်းတာ နှစ်ဆယ်ဖိုးပဲ ပါတာ၊ လူနှစ်ယောက်တည်းနေတာ တစ်နေကုန် ရုံးသွား၊ ပြန်လာကြရင် အတူတူဟာကို ဘာတစ်ခုမှ မကူညီချင်ဘူး၊ သူ့အမျိုးဘက် သူသိတတ်တာ မျိုးကလည်း ပြောမနေနဲ့၊ ကိုယ့်ဘက်ကိုယ်ယက်၊ အမျိုးချစ်တွေ၊ ငါမှာ လျှော်ရ ဖွပ်ရ၊ လှည်းကျင်းရ၊ ရုံးအပြန် တစ်ညနေပိုင်းလုံး ရှင်းချာလည်ပြီး ဟပ်ထိုးလိုက်နေတုန်း သူကတော့ အမယ် ... မျက်စောင်းထိုးက ကျူရှင်ခန်းရှိ



www.burmeseclassic.com

www.burmeseclassic.com



မှာ အရည်မရ အဖတ်မရ သွားထိုင်လေပန်းပြီး ကျူရှင်ဆင်းတဲ့ တက္ကသိုလ်ကျောင်းသူတွေကို အငမ်းထူနေသေးတယ်၊ သတိပေးနေတာ ကြာပြီ၊ ပြောမရတော့ မနေ့က တော့ ငါကလည်း မီးပူတိုက်ရင်း လက်မီးပူထိလို့ စိတ်တိုတိုနဲ့ တစ်ခါတည်း အိမ်ရှေ့ကထွက်ပြီး ခုနစ်သံဟစ် ခေါ်ပစ်လိုက်တာပေါ့ ...

အောင်မယ် ... တက္ကသိုလ်ကျောင်းသူလေးတွေရှေ့ သူ့ကို လှမ်းအော်ဖြတော့ ရှက်တတ်တယ်တော့၊ အိမ်ပြန်ပေါက်ချလာပြီး ဝုန်းဒိုင်းတွေကြဲနေတာ သူ့ကိုအရှက်ခွဲတာတဲ့လေ"

အိမ်ထောင်သည် တစ်ယောက်ဖြစ်တဲ့ ဝင်းလဲ့က ...

"မကေသွယ်ရယ်၊ အဲလိုကြီးအော်တော့ ရှက်တာပေါ့"

"ရှက်မှ နောက်သွားမမျှော်မှာ၊ နောက်ထပ်သွားရင် ထပ်အော်ဦးမှာ"

"ကိုသက်နိုင်က ရိုးပါတယ်၊ ယောကျ်ားဆိုတာမျိုးကတော့ အလှအပ အနုအရွလေးတွေ တွေ့ရင် မျက်စိစားပွဲထိုင်ချင်တာ တစ်ရာမှာ တစ်ရာလုံးပေါ့ မကေသွယ်ရယ်၊ မဖောက်ပြန်ရင် ပြီးတာပဲ"

"မဖောက်ပြန်သေးတာ ငွေမဖောသေးလို့ပေါ့၊ နော် ...၊ မှတ်ထား ဝင်းလဲ့ရေ၊ ငွေကို တိုင်းသုံးရသေးလို့၊ ငွေကို ရေလိုသုံးဖြုန်းနိုင်ရင် သင်းလား ... မဖောက်ပြန်ရင် ငါ





ဇက်သာ လာဖြတ်လိုက်၊ ခုကတည်းက မိန်းကလေးများများရှိတဲ့နေရာ သွားသွားပြီး လပ်လျားလပ်လျားနဲ့ အငမ်းထူနေတာ၊ ဟွန်း"

"ဟား ဟား ... မမကေသွယ်ကြီး သဝန်တိုတယ်ဟေ့"

"သဝန်မတိုပေါင်၊ ကြည့်လို့ကို မရတာ၊ မိန်းမကဖြင့် အိမ်ထဲမှာ တစ်ယောက်တည်း ရုန်းရင်းဆန်ခတ် သူ့ဟာတွေလျှော်၊ သူ့ဟာတွေ မီးပူတိုက်၊ သူစားဖို့ ချက်ပြုတ်၊ ခူးခပ်၊ ပြောလိုက်ချင်ဘူး၊ အော်ကြီးဟစ်ကျယ်လုပ်တော့ သူကပဲ စိတ်ဆိုးရသေး၊ အိမ်ပြန်လာပြီး ရန်တွေဖြစ်၊ နှစ်ယောက်သား ပေါက်ခွဲကြ၊ အော်ဟစ်ကြနဲ့၊ ထင်ထင်ရေ ... ငါတို့ရဲ့ Anniversary တုန်းက ရှင်ပေးတဲ့ ပန်းအိုးတော့ မနေ့က ကွဲတာပဲ၊ နှမြောလိုက်တာတော့ အရမ်းပဲ"

ထင်ထင်က မျိုးကေသွယ်ကို နှစ်သိမ့်ပြုံးပြရသည်။ ရန်ဖြစ်ကြရတဲ့ အဖြစ်အပျက်ကို အားလုံးရှေ့ပြောချပစ်ဖို့ သူဘာကြောင့် ဝန်မလေးတာပါလိမ့်။ သူ့ဇီဇကြောင့်လည်း ပါမှာဖြစ်သလို ကိုသက်နိုင်ရဲ့ ပြစ်မှုကလည်း သိပ်ကြီး မကြီးမားလို့ ထင်သည်။

"ဘယ်တော့ ပြန်ခေါ်မှာလဲ"

"မခေါ်နိုင်သေးပါဘူး"

"ဦးနိုင်က ဒီနေ့ညနေ အိမ်ပြန်ကျ ချော့မှာပါ"

"အမယ်လေး ... ချော့ပါလိမ့်မယ် အားကြီးကြီး၊ သူကပဲ စိတ်ကောက်ထုနေတာတ်သေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"မမကေသွယ်က ချော့ရတာလား"

"မချော့ပါဘူး၊ ဘယ်သူမှ မချော့ဘူး၊ ဆယ်ရက်လောက်ကြာမှ မပြောမဖြစ် ဆက်ဆံရေး ပြတ်တောက်နေလို့ အလုပ်မဖြစ်တဲ့ ကိစ္စမျိုးတွေ ပေါ်လာမှ ဟိုလိုလို ဒီလိုလိုနဲ့ ဘယ်သူက ဘာစ,ပြောမှန်းမသိ၊ ကျဲတောက်တောက်ပြန်ပြောဖြစ်လာတာပေါ့၊ တစ်ခါတလေလည်း သူ့အမေတို့ ငါ့အမေတို့ အိမ်ရောက်လာရင် လူကြီးစိတ်ညစ်မှာစိုးလို့ ဟန်ဆောင်ရင်းက ပြန်ခေါ်သွားရတာလည်း ရှိတာပေါ့၊ ခေါ်လည်း ခဏပေါ့၊ များမကြာခင် နောင်ဂျိန်က ပြန်ချ ရပြန်တာပဲ၊ ဖြစ်ဖို့အကြောင်းက ပေါ်လာတာပဲ"

"မစိုးကတော့ ဘယ်တော့မှ ရန်မဖြစ်ဘူးတဲ့"

မီးမီး စကားကြောင့် စိုးစိုးအေးက နှာခေါင်းလေးရှုံ့ရင်း ...

"ဒါက ငါကလည်း ခေါင်းရှုပ်မခံချင်၊ နားညည်းမခံချင်၊ သူကလည်း ရေခဲတုံးမို့လို့ပါဟယ်၊ စိတ်အခန့်မသင့်တာတွေကတော့ အများကြီးပေါ့၊ ရန်ပွဲကြီးရယ်လို့သာ မဖြစ်တာ၊ အခြေအတင် ငြင်းရ ခုန်ရ ပြောဆိုရတော့ ရှိတာပေါ့၊ ဒါလည်း နှစ်ယောက်လုံးက ရန်ဖြစ်ဖို့ ဝါသနာမပါလို့ သူက စကားနည်းလို့ပါဟယ်"

မီးမီးက နဖူးလေး ကုတ်ရင်း ...

"တစ်ယောက်မှ အဆင်ပြေပြေ အသံမထွက်ဘူး"





"ထင်ထင်လေ ... ထင်ထင်၊ နင် စိတ်ချမ်းချမ်းသာသာ အိမ်ထောင်ပြုနိုင်ချင်ရင်တော့ ထင်ထင်နဲ့ပဲပေါင်းဟော့၊ သူနဲ့ဆို ဘာညည်းညူရင်ဖွင့်သံမှ မကြားရတော့ နင်လည်း စိတ်ချမ်းသာမယ်၊ အဲသလို စီးပွားရေးလည်းပြည့်စုံ အိမ်ထောင်ရေးလည်းသာယာ၊ ယောကျ်ားအချစ်လည်း သိပ်ခံရ ဆိုတာမျိုးက တစ်ရာတစ်ယောက် ရှိဖို့ခဲယဉ်းပါတယ် မီးမီးရယ်"

ထင်ထင့် မျက်နှာလေးက ရှက်သွေးနှင့် နီမြန်းတက်လာသည်။

"တွေ့လား၊ ရှက်ပြီး ပါးလေးတွေတောင် ရဲလို့၊ မျက်လုံးလေးတွေက ရှက်ရင် ဘယ်လိုလေးနေမှန်း မသိဘူး၊ ဒီတော့ သူ့ယောကျ်ားက ချစ်ပြီပေါ့၊ ငုံတောင်ထားချင်ဦးမယ်၊ ထင်ထင်တို့ ကံကောင်းပုံကကျတော့ ငွေကြေးကလည်း ပြည့်စုံ၊ အိမ်မှာ လင်မယားနှစ်ယောက်တည်းနဲ့ လုပ်မဲ့ ကိုင်မဲ့ အိမ်ဖော်ကလည်း နှစ်ယောက်၊ ကလေးမွေးထားရပေမဲ့ သူ့အမေက အိမ်ကို ပေးမထားတာ၊ စိတ်မချလို့ သူပဲ နာနီနဲ့အတူခေါ်ထားတော့ ကလေးက ကရိကထလည်းမရှိ၊ လူပျို အပျို လင်မယားလို ဖြစ်နေတာ၊ ပုပင်သောက ကင်းတာကလည်း အိမ်ထောင်ရေးကို တစ်မျိုးသာယာ ငြိမ်းချမ်းစေတာပဲ ...

ထင်ထင့်လောက် ကံကောင်းတဲ့သူကတော့ လက်ညှိုးထိုးဖို့ ရှာရခက်ပါတယ်၊ ချွင်းချက်လို့ ပြောရမှာပါဟယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကလည်း ဒေါ်လာ ထောင်ကျော်စား၊ သူ့မိန်းမ
ကို စကားပြောတဲ့ အသံက ရုပ်ရှင်တွေထဲက အတိုင်းပဲ၊
သူကလည်း 'မောင် ... မောင်,နဲ့"

ထင်ထင်သည် မျက်နှာထားရ ခက်လာကာ မပြုံးတပြုံး မမဲ့တမဲ့လေး ဖြစ်နေပါသည်။ ရှေ့ဆက်၍ ဝေဖန်စကားတွေ ဆက်ကြားရမှာ၊ မေးခွန်းတွေ လာတော့မှာကို ကြောက်သော ထင်ထင်သည် လှည်းတန်းတွင် ဝါဝါဆင်းသောအခါ ...

"ထင်ထင်လည်း ဆင်းဦးမယ်၊ ဝယ်စရာရှိတာလေးတွေ ဝယ်ချင်သေးတယ်၊ ဒီကပဲ ကားငှားပြန်လိုက်မယ်၊ အိမ်က နီးနေပြီ"

"အဲဒါ သူ့ယောက်ျား ပြန်မရောက်သေးလို့ပါ၊ ယောက်ျား ရောက်နေလောက်ရင် အပြေးပြန်မှာ၊ လမ်းမှာဆင်းပြီး ဈေးပတ်ဝယ်ဖို့ ဝေးရော"

"ဘယ်ဟုတ်မလဲ၊ ယောက်ျားက စောပြန်ရင် ဖယ်ရီနဲ့ တောင် မလိုက်တော့ဘူးဟ့၊ မောင်တော်က လာကြိုသွားပြီ"

ထင်ထင်က စကားသံတွေကို ကားထဲချန်ရစ်ကျော ခိုင်းကာ ကားနောက်ဖုံးကို ကျော်ခွ၍ ခပ်မြန်မြန် ဆင်းလိုက်သည်။ အားလုံးကိုလည်း နှုတ်ဆက်၊ ဝါဝါ့ကိုလည်း လမ်းခွဲဖို့ နှုတ်ဆက်ကာ ညနေစောင်းမှာ စည်ကားတဲ့ မီးပွိုင့်တစ်ဝိုက် တစ်ယောက်တည်း လျှောက်လာခဲ့ပါသည်။





တကယ်တော့ ဘာမှဝယ်စရာ ဟုတ္တိပတ္တိမရှိ။ ကားပေါ်မှာ ဆက်ပြီးမလိုက်ပါချင်တော့တာက အဓိက စိတ်ရင်းဖြစ်သည်။ အများတကာက အင်မတန် သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးလို့ ထင်နေတဲ့ အထင်ကြီး အားကျနေကြတဲ့ အနေအထားတစ်ခုဟာ အတွင်းကျကျမှာ ဒီလိုမဟုတ်ဘူးဆိုတာ ဝန်ခံဖို့ ထင်ထင့်မှာ ခွန်အားမရှိသေးပေ။

တကယ် ဟုတ်နေခဲ့တုန်းက သူတကာရဲ့ အထင်ကြီး အားကျမှုအပေါ် ကြည်နူးသာယာ ဂုဏ်ယူကာ ခေါင်းကလေး မော်နေခဲ့ရတာအပေါ် အသားသေ အချိုးကျနေပြီ။ ပတ်ဝန်းကျင်ကို လိမ်ညာချင်တာတော့ မဟုတ်။ မဟုတ်တာကို အဟုတ်လို ဟန်ဆောင်ဖို့ ဆန္ဒရှိတာလည်း မဟုတ်။ ပြောင်းလဲသွားတဲ့ အတွင်းရေး အခြေအနေအပေါ် ရှက်ဝမ်းနည်း တုန်လှုပ်နေသေးတာ။

ဒါပေမဲ့ ခုကလေးတင်ကမှတော့ မဟုတ်ပါဘူး။ အချိန်ကာလဖြင့် လေး,ငါးနှစ်တောင် ရှိခဲ့ပြီပဲ။ သို့သော် ထင်ထင် ထုသားပေသား မကျသေး။ လိုက်လျောညီထွေ မဖြစ်သေး။ အနည်မထိုင်သေး။ စိတ်မဖြေနိုင်သေး။ ပေယျာလကန် ဥပေက္ခာ မထားနိုင်သေး။

ထင်ထင်သည် ဖိနပ်လှလှလေးတွေ မီးရောင်အောက် စီရီကြွားတင့်နေသော ဆိုင်ခန်းကလေး တစ်ခုထဲ ငေးငေးမောမော ဝင်လာခဲ့မိကာ ဖိနပ်လေးတွေကို လျှောက်ကြည့်နေမိသည်။ ဆိုင်



www.burmeseclassic.com

ထဲမှာ ဈေးဝယ်မိန်းကလေးတွေလည်း အများသား။ ထင်ထင်က စင်ပေါ်မှ ခရမ်းပုပ်ရောင် ဒေါက်မြင့်မြင့် ဖိနပ်ကလေးတစ်ရံကို ယူချကာ မှန်ရှေ့မှာ စီးကြည့်လိုက်သည်။

ဖိနပ်လေးက ချစ်စရာ။ သို့သော် ထင်ထင့် ခြေခုံနှင့် သူ့ကြိုးကွင်းက ကျပ်နေသည်။ နောက်ဘက်မှာလည်း မဆိုစလောက်ကလေး ဖနောင့်စွန်းနေသည်။

"Size ရှိသေးလားဟင်"

"ရှာပေးမယ် အစ်မ၊ ဘယ်လောက် လိုချင်တာလဲ"

"ဒီထက် တစ်နံပါတ်ကြီးရင် ရပြီ"

ဆိုင်ဝန်ထမ်း ကောင်မလေးက အတွင်းဘက် ဝင်သွားသည်။ ထင်ထင်က ဖိနပ်ကို ဆက်ကိုင်ထားမိဆဲ အနားကို မိန်းကလေးတစ်ယောက် ကပ်လာကာ ...

"ဒီဖိနပ် ယူမှာလားဟင်"

"ဪ ... ကြည့်မလို့လား၊ ကြည့်လေ ... ကျွန်မနဲ့မတော်ပါဘူး"

မိန်းကလေးက ထင်ထင့်ကို ပြုံးပြရင်း ထင်ထင့်လက်ထဲက ဖိနပ်လေးကို ယူလိုက်ပါသည်။ မှန်ရှေ့မှာ ရပ်ပြီး ထိုဖိနပ်ကို သူမ စီးကြည့်နေတာကို ထင်ထင်ကလည်း အမှတ်တမဲ့ရပ်ကာ ငေးကြည့်နေမိသည်။ သူမ ခြေထောက်နှင့် ဖိနပ်ကလေးက ကွက်တိ။ ကံကောင်းလိုက်တာ။ လှပသော ဖိနပ်လေးက လှပသော သူမခြေထောက်မှာ ပန်ရလှသည်။





ဖိနပ်နှင့် ခြေထောက်မှတစ်ဆင့် ထင်ထင်က မိန်းကလေးမျက်နှာကိုပါ ကြည့်လိုက်မိပါသည်။ တော်တော်လှတဲ့ ကောင်မလေးပဲ။ ဆံပင်တိုကလေးက ပုံဆန်းပြားပြီး လည်တံသွယ်သွယ် နံဘေးတွင် ကျောက်စိနားကွင်း ကြီးကြီးလေးက လှုပ်နေသည်။ သွယ်လျလျ ခန္ဓာကိုယ်လေးကလည်း အနေတော်။ ဗိုက်ကလေးရှပ်ကာ တင်ပါးရိုးက ဝိုင်းဝိုင်းကားကားလေးနှင့် သူမပုံစံက ပြင်သစ်မော်ဒယ်လ်လေးနှယ်။

"လိုက်တယ်၊ လှတယ် သိလား၊ ယူလိုက်ပါလား"

ထင်ထင်က တကယ့်စိတ်ရင်းနှင့် တိုက်တွန်းမိလျှင် ...

"မ, တကယ် မယူဘူးနော်"

"တို့နဲ့ မတော်တာ၊ Size တော့ ကြီးတာရှာနေတယ်၊ ဟိုမှာလာပြီ၊ ရလား ညီမလေး"

ဝန်ထမ်းကောင်မလေးက အားတုံ့အားနာပြုံးနှင့် ...

"ကြီးတာ မရှိတော့ဘူး အစ်မ"

"ရတယ် ... ကိစ္စမရှိပါဘူး"

ထင်ထင်သည် ဘေးက ကောင်မလေးကိုပါ ပြုံးပြရင်း ဆိုင်ထဲက ဦးတည်ချက်မဲ့ ပြန်ထွက်လာခဲ့သည်။

❋ ❖ ❋

www.burmeseclassic.com



## အခန်း ၄

ချို့သည် လှေကားက တက်လာရင်းကပင် အခန်းအပြင်က သံတံခါးပွင့်နေသည်ကို လှမ်းမြင်သည်။ လက်ထဲက အထုပ်အပိုးတွေကို စုပြုံကိုင်ကာ ပိုက်ဆံအိတ်ထဲက သော့နှိုက်ဖို့ ကြိုးစားနေရာမှ ဆက်မနှိုက်တော့။ တံခါးရှေ့သို့ ရောက်လျှင် ဘဲလ်ကိုသာ ဖိနှိပ်လိုက်သည်။

မောင် လာဖွင့်လိမ့်မည်။ အခန်းကို ကိုယ့်ဘာသာ သော့ဖွင့်ဝင်ရတာထက်စာလျှင် မောင် လာဖွင့်ပေးတာနဲ့ ကြုံရတာက ရင်ထဲ နွေးထွေးဖို့ ကောင်းသည်။ တစ်ယောက်တည်းမဟုတ်တဲ့ သဘောကို သေချာရေရာစေတာပေါ့။

"ဟိတ်"

တံခါးလည်းပွင့် မောင်က ကလူကျီစယ်သံနှင့် နှုတ်ဆက်လိုက်ပြီး တံခါးကို ဆွဲဟ,ပေးလိုက်ပါသည်။





"အထုပ်အပိုးတွေနဲ့ပါလား၊ ဘာတွေလဲ၊ ဘယ်တွေလျှောက်သွားနေတာလဲ"

"လှည်းတန်း"

ချို့က မပွင့်တပွင့် ဖြေလိုက်ကာ လှမ်းဆွဲယူတဲ့ မောင့်လက်ထဲ အထုပ်တွေ လွှဲပြောင်းထည့်လိုက်သည်။ မောင်က ညှိခန်းစားပွဲပေါ် အထုပ်တွေတင်ကာ တစ်ထုပ်ပြီး တစ်ထုပ်ဟ, ကြည့်နေရင်း ...

"မောင်လည်း ခုနပဲ ရောက်တယ်"

ချို့က ဘာမှပြန်မပြော။ နံစ်ယောက်ထိုင် ဆိုဖာပေါ် အသာထိုင်ချလိုက်သည်။ အထုပ်တွေဖွနေတဲ့ မောင်က ဖိနပ်ထုပ်က ဖိနပ်လေးကို ဆွဲထုတ်ယူလိုက်ကာ ...

"လှလိုက်တာ၊ ဖိနပ်လေးက ချစ်စရာလေး"

မောင်က ချို့ရှေ့ကို ဖိနပ်လေး လာချရင်း ချို့ထိုင်နေတဲ့ နှစ်ယောက်ထိုင်ပေါ် ပူးကပ်တိုးခွေ့ ဝင်ထိုင်ကာ ...

"စီးကြည့်ပါဦး ချို့၊ မောင် ကြည့်ချင်တယ်"

ချို့က စိတ်မပါလှပေမဲ့ စောဒကမတက်ချင်တာမို့ ခရမ်းရောင်ပုပ်ပုပ် ဖိနပ်ကလေးကို ခြေထောက်မှာ စွပ်လိုက်သည်။

"သိပ်လှတာပဲ၊ ချို့က ရွေးတတ်သားပဲ"

"အစ်မကြီးတစ်ယောက် ရွေးတာပါ၊ သူစီးတာလှလို့ ချို့ကြိုက်သွားတာ၊ သူနဲ့က နည်းနည်း သေးနေတော့ သူစီးလို့ မရဘူး၊ အဲဒါနဲ့ ချို့ ယူလာလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထ,ရပ်ပြပါဦး"

"ဒီတိုင်း မြင်ရသားနဲ့ကွာ၊ မောင်ကလည်း"

"ရပ်ပြပါ၊ တကယ်လှလို့ပါ"

ချို ထ,ရပ်လိုက်ရသည်။ မောင်က ချို့ကို သူ့ရှေ့ ခြေစုံရပ်စေပြီး သူက ထိုင်လျက်နှင့် ချို့လက်ဖျားနှစ်ဖက်ကို ဆုပ်ကိုင်ကာ ချို့ခြေထောက်ကလေးကို စိတ်ပါဝင်စားစွာ ကြည့်သည်။ မောင်ဟာ အဲသလို အသေးစိတ်လေးတွေ အောက်သက် ကြေကာ မိန်းမတွေ ဘာကို ကျေနပ်သလဲ သိတတ်လွန်းသူပဲ။

ချို့စိတ်ကိုလည်း ကျေနပ်နှစ်သက်အောင် မောင် လုပ်တတ်လွန်းတဲ့အတွက်ပဲ အချစ်ငတ်လွန်းတဲ့ ချိုက မောင့်ကို တန်းတန်းစွဲ စုံမက်မြတ်နိုး အားကိုးခဲ့မိတာ ဖြစ်သည်။ ချိုကရပ် နေတဲ့နေရာ ရှေ့တည့်တည့် နံရံမှာ ချိတ်ထားတဲ့ မေမေရဲ့ဓာတ်ပုံ ကို စိုက်ကြည့်နေလိုက်ပြီး ...

"သန်ဘက်ခါ မေမေဆုံးတာ သုံးနှစ်ပတ်လည်နေ့ သိလား"

ချို့အသံက တိုးခြောက်နေသည်။

"ဘုန်းကြီးဆွမ်းကပ်မယ်လေ"

"ရက်က အရမ်းကပ်နေပြီ၊ စီစဉ်ချိန် မရှိပါဘူး၊ တော်ပါ ပြီ၊ ချို တစ်နေရာရာမှာပဲ ငွေသွားလှူလိုက်မယ်"

"မှန်တင်ခုံ အံဆွဲထဲမှာ မောင် ပိုက်ဆံထည့်ထားတယ် နော်"





ချိုသည် ဝမ်းနည်းသလိုလို ဖြစ်သွားကာ မောင့်ဆံပင် တွေကြားထဲ လက်ထည့်၍ ဆံပင်တွေကို ပွတ်ဖွဆုပ်ခြေနေမိ သည်။ ချိုသည် အချိန်တိုင်းပင် မောင့်ကို ရင်နင့်သည်းဖို ချစ် နေမိကာ တစ်ချိန်တည်းမှာ မောင့်ကိုမုန်းဖို့ စွန့်ခွာဖို့ အမြဲစဉ်းစား နေသူ ဖြစ်လေသည်။

"ချို မောင်ဗိုက်ဆာတယ်၊ ကော်ဖီ ဖျော်တိုက်ပါလား"

"အင်း ... ခဏစောင့်"

ချို အခန်းထဲ ဝင်လာကာ အင်္ကျီအရင် လဲလိုက် သည်။ ကော်ဖီဖျော်ရတာ လွယ်ပါသည်။ ဘာမှ မကြာပါ။ ကော်ဖီမစ်ထုပ် ဖောက်ထည့်၊ ရေနွေးထည့်မွှေထားတဲ့အထဲ နက်စ် ကော်ဖီမှုန့် အနည်းငယ် ထပ်ထည့် ရောမွှေလျှင် မောင့်အကြိုက် ခါးခါးလေးကို ရသည်။

ချိုက ကော်ဖီမတ်ခွက်ကိုင်ကာ ထွက်လာသည်။ မောင့်ရှေ့ ချပေးလိုက်ပြီး မောင့်အနား ပြန်ထိုင်ချလိုက်သည်။

"ဒီနေ့ သင်တန်းမှာ ဘာတွေ ထူးသေးလဲ"

"ဘာမှ မထူးပါဘူး"

"အားတဲ့အချိန်မှာ Chatting တွေ လုပ်သေးလား"

"ဟင့်အင်း ... ချို ချက်တင် မလုပ်တာ ကြာပြီ"

ချက်တင်ဟာ ကလေးတွေလုပ်တာ။ ချိုဝါသနာမ ပါတော့။ သို့သော် အားလပ်နေတုန်း အပျင်းပြေ ဖိုရမ်တွေထဲ ဝင်ဖတ်သည်။ ဝင်ရေးသည်။ ရင်ဖွင့်ချင်တာတွေ ဖွင့်လို့ရ၍ ချို



www.burmeseclassic.com

www.burmeseclassic.com



သည် သင်တန်းချိန် တစ်ခုနှင့် တစ်ခုကြား အားလပ်ခိုက်တွေမှာ ဖိုရမ်ထဲပဲ ဝင်နေမိသည်။

"ဖိုရမ်ထဲ ဝင်တယ်"

"ဟုတ်လား၊ အဲဒါ ဘာတွေလုပ်ရလဲ"

ချိုသည် အိုင်တီသင်တန်းတစ်ခုက ဆရာမဖြစ်လျက် မောင်ကတော့ ကွန်ပျူတာကိုင်တွယ်သုံးစွဲနိုင်ရုံ အဆင့်ဖြစ်သည်။ မောင်နဲ့ ချို တွေ့ခဲ့တာကိုက ချို သင်ပြတဲ့ သင်တန်းတစ်ခုကို မောင် လာတက်ရာက စ,တွေ့ခဲ့ကြတာ ဖြစ်သည်။ အင်တာနက် အီးမေးလ်သင်တန်းကို သူ့ရုံးလုပ်ငန်းအတွက် သုံးစွဲနိုင်ဖို့ မောင် သင်တန်းလာတက်တော့ ချိုက နည်းပြဖြစ်သည်။ သင်ခန်းစာထက် ဆရာမကို မေးစင်းငေးမော ခိုးကြည့်တတ်တဲ့ စတိုင်ကျကျ မောင့်ကို ချို မြင်မြင်ချင်း ရင်ခုန်မြတ်နိုးခဲ့တာပါ။

"ရိုးရိုးပါပဲ၊ ကိုယ်ရေးချင်တာတွေရေး၊ သူများရေးထားတာတွေဖတ်၊ မှတ်ချက်တွေပေး၊ ဆွေးနွေးနဲ့ကြာတော့ မိတ်ဆွေလိုတောင် ဖြစ်လာတာပေါ့"

"ချို့မှာလည်း မိတ်ဆွေတွေ ရတာပေါ့"

"အင်းပေါ့"

"မိန်းမတွေလား ယောကျ်ားတွေလား"

ချိုက မောင့်ကို ခပ်မဲ့မဲ့လေး ရယ်သွမ်းသွေးမိသည်။

"ဟုတ်တယ်လေ၊ အဲသလို ချက်တင်တွေလုပ်ကြ၊ စာပို့ကြရင်း ကောင်လေးတွေ ကောင်မလေးတွေ ရည်းစားတွေ





ဖြစ်ကြ၊ ဘာညာကြားဖူးတာကိုး၊ တစ်ယောက်ကို တစ်ယောက် မမြင်ရတော့ ပိုရဲတင်းကြပြီး အပြင်မှာ လူချင်းတွေ့ရတာထက် ပိုပြီးရင်းနှီးမြန်တာပေါ့"

"ဒီလိုပဲ ဖိုရမ်ထဲက မဲင်ဘာတွေ တော်တော်များများနဲ့တော့ သိနေ ခင်နေတယ်ပေါ့၊ ဒါပေမဲ့ အမြဲ အပြန်အလှန်ရေးဖြစ် ဆွေးနွေးဖြစ်နဲ့ ပိုရင်းနှီးနေကြတာတွေကတော့ မိန်းမတွေနဲ့ပါ"

"အဲဒီမိန်းမချင်းချင်းတွေနဲ့ ဘာတွေရေးနေကြလဲ"

"မိန်းမချင်း ရင်ဖွင့်စရာ စိတ်ဝင်စားစရာတွေပေါ့ မောင်ရာ"

မောင်က ချို့ပခုံးလေးကို ထွေးဖက်ဖျစ်ညှစ်လိုက်ရင်း သူ့ဘက်ကို ဆွဲယိုင်မိကာ ...

"ချိုက ရင်ဖွင့်စရာ ဘာတွေရှိလို့လဲ"

"အများကြီးပေါ့"

မောင်က ချို့မျက်နှာကို ငုံ့ကြည့်သည်။

"မောင့်ကို ရင်ဖွင့်လေ"

"ဟင့်အင်း ... မောင် ဘယ်တော့မှ နားလည်ကိုယ်ချင်းစာနိုင်မှာ မဟုတ်တဲ့ အကြောင်းတွေ"

"ဘာတွေလဲ ချိုရယ်"

ချိုသည် နွေးထွေးတဲ့ မောင့်ရင်ခွင် တစ်ခြမ်းကို မှီရင်း နှုတ်ခမ်းလေးကိုက်ကာ တိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း သိချင်တာပေါ့"

"ဟင့်အင်း"

"မရဘူးကွာ၊ ချို ဘာတွေရင်ဖွင့်နေတာလဲ၊ မောင်သိချင်တယ်"

"ချိုကမှ မပြောချင်တာ"

မောင်က နည်းနည်း ကျွဲမြီးတိုသွားပုံရကာ ...

"မောင့်ဟာမောင် အဲဒီဖိုရမ်ထဲ ဝင်ဖတ်လည်း ရတာပဲ မဟုတ်လား"

"ချိုရေးနေတာ ပုဂံ ထဲမှာမဟုတ်ဘူး၊ တခြားဖိုရမ်၊ မောင် အဒရက်စ်သိရင်တော့ ဝင်ဖတ်လို့ ရမှာပေါ့၊ ဒါပေမဲ့ ချိုက 'ချို'ဆိုတဲ့ နာမည်နဲ့ ရေးတာမှ မဟုတ်ဘဲ၊ တခြားနာမည်ဝှက်နဲ့၊ လူတိုင်း ကိုယ့်နာမည်ကို ကိုယ်ကြိုက်တာပေးပြီး ဝင်ရေးကြတာချည်းပဲ၊ နာမည်ရင်း တစ်ယောက်မှ မရှိပါဘူး၊ မောင် ဝင်ဖတ်ကြည့်လည်း ချိုရေးတာ ဘယ်ဟာလဲ မောင်သိမှာ မဟုတ်ဘူး"

"မှန်းတော့ မှန်းနိုင်မှာပေါ့"

"မှန်းနိုင်မယ်ထင်ရင် မောင် ဖတ်ကြည့်ပေါ့"

"ချိုက မကောင်းဘူးကွာ၊ မောင့်အပေါ် လျှို့ဝှက်မှုထားတယ်၊ ဒါလေး ဖတ်ကြည့်တာ ဘာဖြစ်မှာမို့လို့လဲ၊ ချို ဘာတွေ ဘယ်သူ့ကို ပြောနေလဲ သိချင်ရုံပဲ ဥစ္စာကို"





မောင်က ကလေးကြီးလို စိတ်တိုစိတ်ကောက်ချင်လာပုံရသည်။ ပခုံးကို ဖက်ထားတဲ့လက်က တောင့်တင်းမာကျောလာသည်။ မပျော့ပျောင်းတော့။

"ချို မောင့်ကို လျှို့ဝှက်တယ် ဆိုတာက မောင် ချို့ကို လျှို့ဝှက်ဖူးတာနဲ့စာရင် အသေးအမွှားကလေးပါ မောင်၊ မဖြစ်စလောက်ပါ"

ထာဝစဉ် အချိန်ပြည့် ရင်ထဲမချိမဆန့်သော ခံစားချက်ဖြစ်၍ ချို့အသံဟာ အက်ကွဲခြောက်သွေ့လာသည်။ နာကြည်းသံလည်း ပါလာသည်။ မောင် စိတ်ပျက်သွားပုံရကာ ပခုံးပေါ်က ဖက်ထားတဲ့လက်ကို ခပ်ဆတ်ဆတ် ဖြုတ်ထွက်လိုက်သည်။ အင်းပေါ့လေ ... မင်းကိုဖက်တောင် မဖက်တော့ဘူးဆိုလည်း ရပါတယ်။

အောက်သက်သက် တွေးကာ ရင်ထဲမှာ မြည့်နေသည်။

"အလကားပဲ၊ ချိုလည်း မောင်စိတ်ညစ်အောင် လုပ်တယ်"

"ချိုလည်း ... ! ! ဟုတ်လား မောင်ရယ်၊ ချိုလည်းတဲ့၊ ဘယ်နှယောက်တောင် ဆိုတာ မောင့်စကားထဲ ပေါ်လွင်နေတာပဲ၊ တစ်ယောက်တည်း မဟုတ်တာ သိသာလိုက်တာ၊ ပြောပါဦး၊ အဲဒီ 'သူ'ကရော မောင်စိတ်ညစ်အောင် ဘာတွေများ လုပ်သေးလဲဟင်"

မောင့်မျက်နှာဟာ သွေးရောင်ပါးပါး ဖျန်းလာသည်။ မသိမသာကလေး တင်းချင်တဲ့ အရိပ်အယောင်ဟာ ခုနေ့အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်မှာ ချို လက်ခံရယူရတဲ့ မျက်နှာထား။ မောင် ချို့ကို ဟိုးအရင်တွေကလို စိတ်ရှည်လက်ရှည် မရှိတော့ဘူးဆိုတာ ချိုသိပါတယ် မောင်ရယ်။ တကယ်ဆို မောင့်လိုလူကို ချိုက ဒေါကြီးမာန်ကြီးနဲ့ ပြဿနာလုပ်ရမှာပါ။

ကိုယ့်အားနည်းချက်ကြောင့် ...။ ကိုယ့်အားနည်းချက်နဲ့ကိုယ်။ မောင့်ကို လက်လွှတ်ဆုံးရှုံး မခံနိုင်အောင် အရူးအမူးဖြစ်နေတဲ့ ချို့ရဲ့နှလုံးသားအလိုကို ချိုမလွန်ဆန်နိုင် အာမ,မခံနိုင်လို့။ အထီးကျန်လှတဲ့ ဘဝမှာ (မောင့်လောက် အသည်းအသက်ပေးပြီး ချစ်မိတဲ့သူ တစ်ယောက်ကို မဟုတ်ဘူး ဆိုရင်တောင်) ကိုယ်သံယောဇဉ်တွယ်တဲ့ အဖော်သဟဲ မှန်သမျှကို လက်လွှတ်ရမှာစိုးပြီး ကိုယ်ချည်းအနစ်နာခံ အရှုံးတာခံ ပတ်သက်ပေါင်းသင်းတတ်တာ ချို့ငယ်ကျင့်ပင်။

ချို့နှလုံးသားကိုက အားငယ်တတ်တာ။ ချို နည်းနည်းပါးပါး သိတတ်တဲ့ ကိုးနှစ်သမီး အရွယ်မှာ ဖေဖေဟာ မေမေ့ကို စွန့်ခွာတဲ့အခါ အေးအေးချမ်းချမ်းနှင့် ဒဏ်ရာမပေးပဲ ခွဲခွာမသွားခဲ့။

"မင်းကိုလည်း လုံးဝပဲ၊ အေး ... မင်းသမီးကိုလည်း လုံးဝပဲ၊ 'မ'ကိုမှလှည့်မကြည့်ချင်တော့ရင် 'ဥ'ကိုလည်း ဆောရီးပဲ၊ ငါက ပြတ်တယ်ဆို သွေးထဲသားထဲက မကဘူး၊ အရိုးအကြောထဲကပါ ပြတ်တယ်၊ မင်းတို့သားအမိနဲ့ ဒီနေ့အပြီးပဲ၊ ဒူးလာထောက်တောင် လှည့်ကိုမကြည့်ဘူး မှတ်ထား"





ထိုစကားသည် ချို့နှလုံးသားထဲသို့ မြားအစင်းစင်းလို စွပ်ခနဲ စွပ်ခနဲ ဝင်ကာ စိုက်နစ်နေခဲ့သည်မှာ ခုထိပင်။ မေမေကတော့ သူမကို နှစ်သိမ့်ပါသည်။ အဲဒီတုန်းက ဖေဖေက အရက်မူးနေလို့ပါတဲ့။

လောလောလတ်လတ် အနိုင်ရဖို့တစ်ခုသာ ကြည့်ပြီး စကားအရာမှာ မနိုင်,နိုင်အောင် ဖိနှိပ်ပြောသွားတာတဲ့။ လတ်တလော ဒေါသစိတ်ကြောင့် မနာ,နာအောင် ပိုမခံစားခံစားရအောင် တမင်ရက်စက်ပြီး ပြောသွားတာတဲ့။ တကယ်တမ်းသူ့ရင်ထဲမှာ ဒီလိုကြီး ရှိမှာမဟုတ်ပါဘူးတဲ့။ စိတ်ဆိုးတုန်းခဏပြောမိပြောရာ ပြောတာပါကွယ်တဲ့။

မေမေကတော့ အဲလိုနှစ်သိမ့်သားပင်။ ဖေဖေ အရက်မူးပြေ ဒေါသပြေတဲ့အခါ ပြောမိတာကို ရှက်လည်းရှက် စိတ်မကောင်းလည်း ဖြစ်မှာပါတဲ့။ ဒါက မေမေ့အထင်လား၊ ချို့အတွက် နှစ်သိမ့်ချက် သက်သက်လား.မသိ။ ဖေဖေကတော့ အဲဒီနေ့ထွက်သွားကတည်းက ချိုတို့သားအမိကို လှည့်ကို မကြည့်တော့တာ၊ ဒီနေ့ထိ ထပ်မမြင်ဖူးတော့တာ အမှန်ပင်။

မေမေ့စကားအတိုင်းဆိုရင် ဖေဖေ အရက်မူး မပြေသေးလို့ပဲလား။ စိတ်ဆိုးမပြေသေးလို့ပဲလား။ 'မ'ကို မခင်လို့'ဥ'ကိုလည်း မခင်တော့ပါဘူးလို့ ယတိပြတ် ဖေဖေ ပြောသွားတဲ့စကားက ချို့အသည်းတွေကို ခွဲချေခဲ့သည်။ အဲဒီကတည်းက ချိုသည် လူတွေကို မယုံရဲ မရွံ့မရဲ အားငယ်ထိတ်လန့်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေက ငါ့ကို ပစ်သွားပြီး လုံးဝလှည့်မကြည့်တော့ဘူးဆိုတာ သူငယ်ချင်းတွေများ သိကုန်မလားလို့ ဘယ်သူငယ်ချင်းကိုမှ စကားများများမပြော ဟက်ဟက်ပက်ပက် မပေါင်းဖော်ခဲ့။

အငဲ့စိတ်ဟာ ရင်ထဲမှာ အပိုးကျိုး အသားသေနေသည်။ 'ထို့ပြင် မေမေ့ကို အပါအဝင် ကိုယ်နှင့် ရင်းနှီးသူ တစ်ယောက်တလေကို အသည်းစွဲကာ အကြီးအကျယ် ချစ်ခင်တတ်တဲ့ အကျင့်လည်း ရှိခဲ့သည်။ ဟိုဘက်ခန်းက ချို့နဲ့ ဈေးသွား ဈေးပြန်ဆုံပြီး ခင်မင်ကျွမ်းဝင်တဲ့ အိမ်ဖော်ကောင်မလေး (ရွယ်တူလောက်)ကို အင်မတန် သံယောဇဉ်ကြီးဖူးသည်။ သူ့ကိုသနားကာ ကိုယ့်မုန့်ဖိုးကို ကိုယ်မစားရက်ဘဲ စုပြီး သူ့အတွက် ဝယ်ခြမ်းလာတတ်သည်။ ဤကောင်မလေး တီဘီရောဂါရှိလို့ဆိုပြီး သူ့အိမ်ရှင်က ပြန်ပို့လိုက်တဲ့အခါ လွမ်းဖျားလွမ်းနာကျပြီး သူ့ရွာမှာ သူ မကြာခင် ဆုံးသွားပြီ သတင်းကိုရလျှင် အူလှိုက်သည်းလှိုက် ရှိုက်ကြီးတငင် ငိုခဲ့ရဖူးလေသည်။

မေမေကိုယ်တိုင်က ...

"လူတစ်ယောက်ကို ပေါင်းသင်းတဲ့အခါ အချိန်တိုတိုနဲ့ သံယောဇဉ် အကြီးကြီး မထားရဘူး သမီး၊ ဘယ်သူ့ကိုမှ ကိုယ်နဲ့ တစ်သက်လုံး ပေါင်းဖော်မယ်၊ ကိုယ့်အနားရှိမယ်လို့ တရားသေ ယုံကြည်လို့ မရဘူး၊ ခွဲခွာရတဲ့ အချိန်မှာ ခံနိုင်ရည်ရှိအောင် ရှေးဦးကတည်းက သိပ်လည်းမခင်နဲ့၊ သိပ်လည်း မချစ်နဲ့၊ ခပ်ပေါ့ပေါ့ပဲ ပေါင်းသင်းဆက်ဆံပါ"





အစွဲလမ်းကြီးလှတဲ့ ချို့ဇီဇကြောင့် မေမေက ဤသို့သင်ပါသည်။ ဒါပေမဲ့ ချိုသည် မေမေ့ကိုလည်း အမေတစ်ယောက်အဖြစ် ချစ်တာထက်ကို ပို၍ အစွဲလမ်းကြီးစွာ တွယ်တာတာ။ ချို့မှာ မေမေပဲ ရှိသည်ကိုး။ မေမေ နည်းနည်းပါးပါး နေမကောင်းဖြစ်ရင်တောင် မေမေ သေသွားမှာစိုး၍ ချို့မှာ အိပ်ရာထဲ ကျိတ်ငိုရသည်။ တုန်လှုပ်ချောက်ချားနေသည်။

ချို တက္ကသိုလ်ရောက်စဉ်က ချို့ကို စွဲလမ်းသော ကောင်လေးတစ်ယောက် ရှိဖူးသည်။ တခြားကောင်လေးတွေထက် ဖွဲကောင်းခိုင်ကျည်သည်။ ချိုသည် သူ့ကို မချစ်မိပေမဲ့ သံယောဇဉ် ငတ်သူပီပီ အားကိုးတကြီး ရှိမိသည်။ မကြာခင် ချို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲကို ထိုကောင်လေး အမေရဲ့ စကားတစ်ခွန်းနားလျှိုလာပါသည်။

"သူ့အဖေက အင်မတန် မိန်းမရှုပ်တာ။ အဆင့်လည်းမရှိဘူး၊ ငါ့သားနဲ့ နည်းနည်းမှ သဘောမတူနိုင်ဘူး"

ဖေဖေ မိန်းမရှုပ်သလား မရှုပ်သလား ချိုတောင် မသိပါ။ တကယ်ကို မသိတာပါ။ ထိုသို့ အပြောခံရတာ ပြန်ကြားလျှင်မူ ရင်တွေနာကာ ဝမ်းနည်းပက်လက် ဖြစ်ရသည်။ ထိုကောင်လေးလည်း ကြာတော့ ချို့ကို ခွာသွားသည်။ ချို အချစ်ရေးကို စိတ်မင်စားခဲ့။ ယောကျ်ားတစ်ယောက်ကိုလည်း မချစ်ရဲခဲ့။ မောင့်ကိုလည်း ချို အကြာကြီး လှည့်ပတ်ရှောင်ဖယ်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ပတ်သက်ရဖို့ ကုသိုလ်ကံကပါတော့ မောင့်ရဲ့ မြတ်နိုးယုယ အရိပ်ကြည့်မှုကို ချို တင်းတောင့်ကြံ့ခိုင် မထားနိုင်ခဲ့။ မောင်က ချို့အချစ်ဦးဖြစ်သည်။ ချိုသည် မျှော်လင့်ချက်တွေ့ အိပ်မက်တွေ များစွာနှင့် မောင့်ကို အသည်းအသန် အရူးအမူး ချစ်မိသွားပါသည်။ မေမေတောင် မောင့်ကို သိသွားပါရဲ့။ မေမေက ထုံးစံအတိုင်း ...

"မချစ်နဲ့လို့ မေမေ မတားဘူး၊ ချစ်ပါ၊ သမီး သင့်တော်တယ်လည်းထင်လို့ ရွေးချယ်တာပဲ၊ ဒါပေမဲ့ မျက်စိစုံမှိတ်ပြီးတော့တော့ အရူးအမူး မချစ်ပါနဲ့ သမီး၊ ဒီလူနဲ့တော့ ငါ တစ်သက်မကွဲတော့ဘူး မခွဲတော့ဘူးလို့ အဆုံးစွန်အထိ တွေးပြီး သေလုအောင် ချစ်တာမျိုးတော့ မဖြစ်ပါစေနဲ့"

ချို့အချစ်တွေကို မေမေ အလုံးစုံ ရိပ်မိ၍ ချို့ကို မကြာမကြာ ဤသို့ဆိုသည်။ မရခဲ့ပါ။ ချိုသည် မောင့်ကို ပြောမပြတတ်အောင်ချစ်၍ ကြောက်စရာကောင်းအောင် အားကိုးတွယ်တာ မြတ်နိုးခဲ့သည်။ နောင်တစ်ချိန်မှာ မောင်ဟာ ချို့အပေါ် အင်မတန် ရက်စက်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် ချိုနားလည်လက်ခံလိုက်ရလိမ့်မည်လို့တော့ အိပ်မက်ပင် မမက်ခဲ့ချေ။

ပျော့ပျော့လေးနဲ့နံတဲ့ ကြောင်ချေး ဆိုတာ မောင်လို လူစားမျိုးကို ဆိုလိုတာ ဖြစ်လိမ့်မည်။ မောင့်ကို စွန့်ခွာ၍ မွေးရပ်မြေနယ်မြို့ကလေးဆီ ချို သွားပုန်းရှောင် နေဖူးပါသည်။ မရအရ လိုက်လာရှာဖွေပြီး ရန်ကုန်ကို ဇွတ်ပြန်ခေါ်ယူတဲ့အခါ





ချို့မှာ မျက်ရည်လည်ရွဲ ရှိုက်ကြီးတငင်နှင့် ကြိတ်မနိုင် ခဲမရ ခါးသည်းလှစွာနှင့်ပဲ မောင့်အပေါ် မလွန်ဆန်နိုင်စွာ မောင့်ကို ပြတ်စဲဖို့ ခဲယဉ်းစွာ မောင့်ကို ချစ်လွန်းမက ချစ်တဲ့စိတ်ကို ဘယ်လိုမှ သတ်ဖြတ်မရဘဲ မိုက်မဲစွာ ပြန်လည်ပါလာခဲ့လေသည်။

ခုဆိုရင် ချို့မှာ မောင်တစ်ယောက်တည်းပဲ ရှိပြန်တာပဲ။ ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ မလုံခြုံတဲ့ အင့်စိတ်သည် အခုလည်းပဲ အားကောင်းပြင်းထန်စွာ။ ချို့အဖြစ်ကို ဘယ်သူတွေ ရိပ်မိသိရှိကြမလဲလို့ လိပ်ပြာမလုံ သိမ်ငယ်စွာ အပေါင်းအဖော် နည်းသထက် နည်းမြဲဖြစ်သော ချို့မှာ မောင်သာလျှင် ချို့ကမ္ဘာ ဖြစ်နေခဲ့သည် မဟုတ်လား။

မောင်က ဝရန်တာမှာ ခါးထောက်ကာ ရပ်နေသည်။ မျက်နှာက စိတ်ရှုပ်သလို မှုန်တေနေသည်။

"မောင့်ကို အဲသလို မရစ်နဲ့ ပြဿနာမရှာနဲ့လို့ မောင်ပြောဖူးတယ် မဟုတ်လား၊ မောင်ဘာတွေပဲ ဖြစ်နေနေ မင်းကို ချစ်တယ်ဆိုတာကို မင်း နားလည်သင့်တယ် ချို"

"မောင်ချစ်တာက ဘာလဲ၊ ဘယ်လိုလဲ"

ချိုကလည်းငုံ့မခံဘဲ မပွင့်တပွင့် စောဒကတက်သည်။

"အဲဒါမျိုးကို မေးစရာ မလိုဘူး၊ မင်းကော မောင့်ကိုမချစ်ဘူးလား"

"မောင့်ကို ချို ချစ်နေမိလို့ပေါ့၊ အဲဒါကိုက ကံဆိုးတာ၊ မောင့်ကို ချို ချစ်သလောက် မုန်းတယ်၊ မြတ်နိုးသလော



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းတယ်၊ ဒီယောကျ်ားတစ်ယောက်ဟာ ကိုယ့်အပေါ် ရက်စက်မှန်း မသက်ညှာမှန်း သိသိနဲ့ နှုတ်ပိတ်နေရအောင် ချို အရုပ်မဟုတ်ဘူး"

"ကျွတ် ... ဘာတွေ ပြောနေတာလဲကွာ၊ ရုံးအပြန် အိမ်ကို တန်းပြေးလာတဲ့ မောင့်ကို မင်း ဒီထက် ပိုနားလည်သင့်တယ် ချို"

"ဟင်း ဟင်း၊ ဘာဖြစ်လို့ တန်းပြေးလာသလဲ မောင်၊ မောင် ချို့ဆီက လိုချင်တာ ရှိတာကိုး၊ လုံးလုံးလျားလျား မရိုးအီသေးလို့ကိုး၊ ရိုးအီပြီဆိုတော့ မောင့်မျက်နှာကို ချို မြင်တောင် မြင်ရဦးမှာမို့ရဲ့လား၊ တစ်နေ့နေ့ ပစ်သွားမှာ စွန့်ခွာသွားမှာကိုလည်း သိတယ်၊ ချို့အသည်းတွေ ဘယ်လောက်တောင် ပူပြင်းပြီး စိစိညက်ညက် ကြေနေလည်း မောင် သိရဲ့လား"

ချို ရှိုက်ကြီးတငင် ငိုချလိုက်တဲ့အခါ မောင်က ချို့အနား ပြန်ရောက်လာကာ ချို့ တစ်ကိုယ်လုံးကို တယုတယ ထွေးဖက်ချော့မော့ပြန်တဲ့အခါ ချို့မှာ စိတ်ရော ကိုယ်ပါ အရည် ပျော်ပြန်သည်။

❋ ❖ ❋





# ၇

"ညက အရမ်းမူးလာတာပဲလားဟင်"

ဒေါ်တုတ်က နှုတ်ခမ်းတစ်ဖက်ရွဲ့ရင်း ...

"မူးပါ၊ ကျုပ်နဲ့ မြနွယ်မှာ ကျုံးလိုက်ရတဲ့ အန်ဖတ်"

လင်းလက်သည် ပခုံးကိုတွန့်ကာ ခုပင် တွေးလန့်နေသည်။ ညက ကိုကြီးဟာ လှေကားမှာလည်း တဒုန်းဒုန်း ဆူညံနေသေးသည်။ လိမ့်ကျလား ဘာလားတော့ မသိ။

"ကားဟွန်း အကျယ်ကြီး ဆက်တိုက်တီးကတည်းက လင်းကတော့ အခန်းထဲ ပြေးဝင်ပြီး စောင်ခေါင်းမြီးခြုံထားလိုက်တာပဲ"

"ရှင်ကတော့ အေးလို့ပေါ့ လင်းလက်ရဲ့၊ ကျုပ်တို့မှာတော့ စောင်ခေါင်းမြီးခြုံလို့လည်း မဖြစ်တော့ သူ အော်တာဟစ်တာတွေခံပြီး အန်ဖတ်တွေ ကျုံးရ၊ သူ တိုက်မိလို့ လဲပြိုတာတွေ ပြန်ထောင်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကလည်း အဲလောက်ကြီးတော့ မူးအောင်သောက်ဖို့ မကောင်းပါဘူးနော် ... ဒေါ်ကြီးတုတ်ရယ်၊ စောစောစီးစီးတော့ အသည်းခြောက်တော့မှာပဲ"

ရှုံ့မဲ့ ညည်းတွားနေတဲ့ လင်းလက်ကို ဒေါ်တုတ်က မျက်ခုံးပင့်ကြည့်ရင်း အတော်ဝင့်ကြီးတဲ့ ဟာမလေးလို့ ကျိတ်တွေးမိသည်။

လင်းလက်က သူသောက်ဖို့ ခေါက်ဆွဲပြုတ်ထဲကို ကြက်ဥတွေ အိမ်မှာရှိသမျှ အသီးအရွက်တွေထဲက မုန်လာဥနီ၊ ပန်းပွင့်၊ မုန်ညင်းဖြူ၊ နံနံပင်ပါမကျန် သပွနုနံ့ပေါင်း လှီးဖြတ် ခုတ်ထစ် ထည့်နေသည်။ သူ့ခေါက်ဆွဲပြုတ်ဟာ ငယ်ငယ်က ကလေးတွေ ချက်တမ်း ပြုတ်တမ်း ကစားတဲ့ အိုးပုတ်ခွက်လို ဘာတွေမှန်းမသိ စုံစေ့နေသည်။ တကယ်တော့ လင်းလက်က ဘာစားချင်တယ်ဆိုလျှင် လုပ်ကိုင်ပေးမည့်သူ နှစ်ယောက်တောင်မှ ရှိသော်လည်း ကိုယ်တိုင်ဝင်လုပ်နေသည်မှာ ပျင်းပျင်းရိရိနှင့် လုပ်စရာမရှိလို့ လုပ်နေခြင်းမျိုးပင်။

မနက်လည်း စောစောနိုးတတ်သူဖြစ်ရာ မီးဖိုထဲမှာ လာပြီး ဆွတတ ရှုပ်နေတတ်သည်။ နို့မို့ရင်လည်း သူ့ခမျာမှာ ဘာလုပ်နေရမှာလဲ။

"ဟိုဘက်ခန်းက ကိုကြီးအသံတွေ တိတ်သွားမှပဲ လင်းလည်း ခေါင်းမြီးခြုံကို ဖွင့်ရဲတော့တယ်။ ဖော်သေးတယ်





သိလား၊ ညက လင်း အခန်းတံခါးကိုလည်း ဝုန်းဒိုင်း ဝုန်းဒိုင်း လာမပုတ်ဘူး၊ လင်းကိုလည်း ပြဿနာမရှာဘူး"

တစ်ခါတစ်ခါများ အိပ်ရာထဲက အတင်းဆွဲထုတ်ပြီး သူ့ရှေ့ထိုင်ခိုင်းကာ တစ်ချက်ပြီးတစ်ချက် အပြစ်ရှာ ပြဿနာရှာသည်မှာ သန်းခေါင်သန်းခွဲ မပြီးဘဲ ရှိတတ်သည်။ အဲဒီအခါမျိုးမှာ မျက်လုံးကလယ်ကလယ်နှင့် ကြောက်နေတဲ့ လင်းလက်ကို အားပေးဖို့ ဒေါ်တုတ်မှာလည်း ဝင်မအိပ်နိုင်ပေ။ တစ်ခုခုထ,ဖြစ်ရင် ဆွဲဖို့ ကာဖို့ လင်းလက်ကို ကာကွယ်ဖို့ မနီးမဝေး မလှမ်းမကမ်းမှာ အရိပ်အခြည်ကြည့်ကာ ချောင်းနေရသည်။

တကယ်တော့ ဒေါ်တုတ်သည် လင်းလက်ရဲ့ အိမ်တော်ပါ အလုပ်သမားမျိုးလည်း မဟုတ်ပေ။ လင်းလက် ဘက်တော်သားလည်း မဟုတ်ပေ။ သူတို့ အိမ်ထောင်ကျပြီးမှ ဒီအိမ်ကို ရောက်ရတာ ဖြစ်သည်။ ရောက်စကတည်းက ဒီလင်မယား ဘယ့်နှယ်ပါလဲလို့ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသမျှသည် ခုတော့ လင်းလက် တတွတ်တွတ် မချွင်းမချန် ပြောပြတဲ့ နောက်ကြောင်းတွေကိုပါ သိရကာ အမြင်ရှင်းသွားပေပြီ။

ကလေးငယ်လေး တစ်ယောက်လို၊ ပိုးတောင့်တဲ့ ကလေးလို နုထွေးဖွေးဥ အလှတွေစုနေတဲ့ ချစ်စဖွယ် မိန်းကလေးဟာ အိမ်ထောင်ရေးကံ ဆိုးလှပါသည်။ အသက်နှစ်ဆယ်ကတည်းက အိမ်ထောင်ကျကာ အိမ်ထောင်သက် နှစ်နှစ်လောက်ရှိမှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်နှစ်နှစ်ပဲ ရှိသေးတာ။ လှလို့တောင် မကုန်သေး။ ခုမှမြင်ဖူးတဲ့သူပင် ချစ်စနိုးမဖြစ်ဘဲ နေဖို့ခဲယဉ်းတဲ့ဟာ။ သူ့ယောက်ျားကျကာမှပဲ ဒီကလေးမအပေါ် တစ်စက်ကလေးမှ မေတ္တာမသက်ဝင်ဘဲ နေနိုင်တာ အံ့ပဲသြဖို့ ကောင်းလှသည်။

အံ့ဒီအပြင် လင်းလက်ဟာ သဘောဖြူ အူစင်းကလေး။ ဒေါ်တုတ်တို့လို သူ့ရဲ့ အလုပ်သမားကိုပင် တစ်ခါတစ်ရံ တပည့်ခံ ပေါင်းတတ်သေး၍ ဒေါ်တုတ်တို့ အနေအစားလည်း ချောင်ချိလွတ်လပ်လှသည်။ ဒီအိမ်ကနေ မပြောင်းတော့ဘူးလို့ပင် ရည်ရွယ် ထားခဲ့သည်။ ဒါပေမဲ့ တစ်ခါတစ်ခါများ အိမ်ရှင်ယောက်ျား ကြောင့် အတော်စိတ်ညစ်ရပါသည်။

လင်းလက်ထက် ဆယ်နှစ်ကြီးတယ် ဆိုတဲ့ သူ့ယောက်ျားဟာ အမြဲတော့ ဆိုးဝါးနေတာ မဟုတ်။ ဒေါ်တုတ်တို့အပေါ် ကြည်လင်ချိုသာ ဖော်ရွေမှုတွေ သူ စိတ်လိုလျှင် ရှိတတ်ပါသည်။ သို့သော် လင်းလက် အပေါ်တော့ ချိုသာမှုမှာ တစ်ခါတစ်ရံလည်း မရှိ။ လုံးဝအလျဉ်းမရှိ။ သူ မချစ်ဘဲ ယူခဲ့ရလို့ဆိုတာ လင်းလက်ထံက သိရတဲ့အခါ ဒေါ်တုတ်မှာ ကိုယ့်ရင်ဘတ်ကိုယ် ဘုန်းခနဲ ထုပစ်ရင်း ...

"အကျိုးနည်းတော်၊ သူကပဲ နှာအုံ့ထင်သေးလို့လား၊ ဒါဖြင့်လည်းအေ အစကတည်းက မယူဘူး ငြင်းခဲ့ပါတော့လား၊ အင်း ... ကျုပ်လည်း သူများ ကိုယ်ရေးကိုယ်တာ ဝင်ပါ





နေမိပြန်ပြီ၊ တစ်ခါတစ်ခါကျ အမြင်က မဲ့တော်လွန်းအားကြီးလို့"

"သူ့အမေကို ကြောက်လို့ မငြင်းရဲလို့ ဒေါ်ကြီးတုတ်ရဲ့"

"ယောက်ျားလေးပဲအေ၊ မအေ ဘယ်လောက်ကြောက်ကြောက်ပါ၊ ယူတုန်းက ယူပြီး ခုမှ ဒီလိုတော်သလိုချောင်ထိုး၊ ဆူဖို့ ပူဖို့ အော်ဟစ်သောင်းကျန်းဖို့ အပြစ်ရှာဖို့ပဲ အသုံးချနေတာ ကောင်းရော့လား"

"ကိုကြီးက အရမ်းဆိုးတယ်နော် ဒေါ်ကြီးတုတ်၊ လင်းက လင်ဆိုးမယား တဖားဖား ဆိုတာပေါ့နော်"

ဒီကလေးမကလည်း တစ်ဆိတ် အံ့သြရလောက်အောင် သူ့လင်အပေါ် အတော်အာဃာတ ကင်းစင်သည်။ မုန်တိုင်းလို မွှေတုန်းသာ စိတ်ညစ်ထိတ်လန့် ရှုံ့မဲ့နေတတ်ပြီး ပြီးသွားလျှင် သူ့ရဲ့ကိုကြီးကို အငြိုးအတေး မရှိပေ။

"ဟဲ့ ... လင်းလက်ရဲ့"

"ရှင်"

"အရွက်တွေလည်း နူးလှပါပြီ၊ မွှေကောင်းကောင်းနဲ့ မွှေနေတာ၊ ရနေပြီလေ၊ တော်တော့ ... ပန်းကန်ထဲ ထည့်လို့ရပြီ"

လင်းလက်က ခေါက်ဆွဲပြုတ်လေး တစ်အိုးနှင့် အတွေးနယ်ချဲ့ချင်တိုင်း ချဲ့နေမိသော ကိုယ့်ကိုယ်ကိုယ် သတိပြုမိပြီး အိုးကို လက်နှီးနှင့်မ,ပြီး ဂက်စ်မီးဖိုပေါ်က ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ် ... ဖယ်၊ အပူလောင်မယ်၊ ဒေါ်ကြီး ထည့်ပေးမယ်"

"ရပါတယ် ဒေါ်ကြီးတုတ်ရဲ့"

"သွား ... သွား၊ စားပွဲမှာ ထိုင်နေ ဒေါ်ကြီး ယူခဲ့မယ်"

တာဝန်အရထက် ပိုကာ ကရုဏာမိုး ဖွေသော စေတနာအပြည့်နှင့် ပြောပြီး လင်းလက် ကျောကို မီးဖိုထဲမှ တွန်းထုတ်လိုက်သည်။ ပန်းကန်လုံးထဲ ခေါက်ဆွဲပြုတ်ထည့်၊ အပူခံဖို့ အောက်ခံပန်းကန်ပြားတစ်ချပ် ခံပြီး ဇွန်းရော တူရော မကျန်စေရအောင် ယူလာပြီး လင်းလက်ရှေ့ ထမင်းစားပွဲပေါ် အချ ...

"ဒုန်း"

"ဟော"

အပေါ်ထပ်က တံခါးပိတ်သံ ပြင်းပြင်းကြီးတစ်ချက်ကြောင့် လင်းလက်မှာ တုန်ခနဲပင် ဖြစ်သွားပါသည်။

"ဒေါ်ကြီးတုတ်"

"ညည်းယောကျ်ား နိုးပြီပေါ့အေ"

"လာတော့မယ် ထင်တယ်၊ နေနေ ထားလိုက်တော့၊ အုပ်ဆောင်းသေးသေးနဲ့ပဲ အုပ်ထားပေးတော့၊ လင်း ပြေးတော့မယ်"

"ဟဲ့ ... ဘာလို့ ပြေးရမှာလဲ လင်းလက်ရယ်၊ ကိုယ်စားစရာရှိတဲ့ဟာ ထိုင်စားပေါ့"





"အာ ... လင်းကိုတွေ့ရင် ကိုကြီးက အော်ဦးမှာ"

"ဘာအော်စရာရှိလို့လဲ"

"ဘာမှ အော်စရာမရှိဘဲ တစ်သက်လုံး အော်လာတာပဲဟာ"

ဒေါ်တုတ်မှာ သက်ပြင်းကြီးတစ်ချက်ချကာ ...

"တစ်ခါတစ်ခါကျတော့လည်း ဒီလောက်ကြီး ကြောက်ပျာမပြုပါနဲ့လား လင်လက်ရယ်၊ လူ့သဘာဝဆိုတာ ကြောက်မှန်းသိလေ ဖြဲချောက်လေ၊ ခံမှန်းသိလေ ဖိနှိပ်လေ၊ တစ်ခါတလေလောက် ကိုယ့်အထာကလေးနဲ့ ကိုယ်များနေစမ်းပါတော့"

"အာ ... ဒေါ်ကြီးတုတ်လည်း၊ သူ့ရှာကြံရစ်ရင် ဘယ်လောက် စိတ်ညစ်ဖို့ကောင်းလဲ သိရက်သားနဲ့၊ နောက်မှပဲ လာစားပါတော့မယ် ဒေါ်ကြီးရယ်၊ အုပ်သာထားပါ၊ ဟော့ ... လှေကားက ခြေသံကြီး ကြားရပြီ"

တကယ်ပဲ တဒုန်းဒုန်း အသံပေး နင်းဆင်းလာတဲ့ ခြေသံကြီးက ပြင်းလှသည်။ လင်းလက်သည် တစ်ဖက်စကြိမှ ကွေ့ပတ်ကာ တလှစ်လှစ် ထွက်ပြေးသွားပါတော့သည်။ ဒေါ်တုတ်မှာ ရင်ထဲမကောင်းကာ ခေါက်ဆွဲပြုတ်ပန်းကန်ကို အုပ်ဆောင်းငယ်နှင့်သာ အုပ်လိုက်ရသည်။ ပွပြဲကုန်တော့မှာပဲ။ မောင်မင်းကြီးသား ရှင်ဘုရင် ဒီက သွားမှပဲ၊ အသစ်တစ်ထုပ် ထပ်ပြုတ်ပေးပြီး လင်းလက်ကို [illegible]်းခေါ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်တုတ် နို့မပါတဲ့ ဘလက်ခ်ကော်ဖီကျကျလေး တစ်ခွက်လောက် ပေးစမ်းပါ"

"ဟုတ်ကဲ့"

"သံပရာသီး ရှိလား"

"ဟုတ်ကဲ့၊ ရှိတယ်"

ကိုကြီး မျက်နှာက မှုန်တေတေ။ အမူးသိပ်ပြေချင်သေးပုံ မရ။ ထမင်းစားပွဲပေါ် ချထားတဲ့ သတင်းစာကို ကောက်ဖြန့်လိုက်ရင်း ...

"ဟိုတစ်ယောက် ဘယ်မလဲ"

"ဘယ်တစ်ယောက်လည်း ကိုကြီး"

သိသိနှင့် ဒေါ်တုတ်က တမင် အရွဲ့တိုက် မေးသည်။ တစ်အိမ်လုံးက သူ့ကို "ကိုကြီး"ပဲ ခေါ်ကြပါသည်။

"ဟိုဟာမလေးလေ"

"မြနွယ်လား၊ ကိုကြီး ဘာလိုချင်လို့လဲ၊ ပန်းပင်ရေလောင်းနေတယ်"

"ကျွတ် ... ခင်ဗျားက ဒုံးဝေးနေပြန်ပြီ၊ တမင်လုပ်နေတာနေမှာပါ၊ ကျွန်တော် မသိဘူး မထင်နဲ့၊ မြနွယ်ကို ကျွန်တော်က မေးနေစရာလား"

ဩော် ... လင်းလက်ကိုတော့ သူ မေးစရာလို့ သဘောထားသေးတယ်ပေါ့။





"ဩော် ... ခိုင်းစရာရှိလို့လားလို့ပါ ကိုကြီးရယ်၊ လင်းလက်လား၊ လင်းလက်ကတော့ ခုန ဒီနားမှာ ထိုင်နေပြီး ကိုကြီး ခြေသံကြီး တဒုန်းဒုန်းကြားမှ ဘယ်ပြေးချည်လဲ မသိဘူး၊ မတွေ့တော့ဘူး"

ကဲ ...။ တမင်ကို ပြောပစ်တာ့။ ကိုကြီးက ဒေါ်တုတ်ကို မျက်လုံးစွေကာ ကြည့်သည်။ သူ့ကို အငေါ်တူးနေတာ သိတဲ့ပုံ။

"ဟောဒီမှာ သူစားဖို့ ခေါက်ဆွဲပြုတ် လုပ်ပြီးကာမှ ပြီးမှသောက်တော့မယ်ဆိုပြီး ထွက်ပြေးသွားတာ"

"ကဲ ... ဒေါ်တုတ်ရယ်၊ ဘလက်ခ်ကော်ဖီပေး၊ ဘာမှအပိုတွေ ကွန့်ပြောမနေနဲ့၊ ဘာလဲ ... ကျွန်တော်က ခေါက်ဆွဲပြုတ်ပန်းကန်ကိုင်ပြီး သူ့နောက်က လိုက်ခွံ့တိုက်ရမှာလား"

"ကျုပ်က အဲလိုမပြောပါဘူး"

"မပြောရင် ပြီးရော၊ ရှုပ်ပလာ ရှုပ်ပလာနဲ့ မမြင်ရရင် မျက်စိနောက် သက်သာတယ်၊ သူ့ကို ငါလာရင် ထွက်ပြေးရှောင်နေလို့ ကျွန်တော်ကလည်း မှာထားတာ မဟုတ်ဘူး၊ သူ့ဟာသူ အသည်းပိုနေတာ၊ ကျွန်တော် ဒီနားလာရင် သူက ဟိုဘက်ပြေး၊ ကျွန်တော် ဟိုဘက်သွားရင် သူက ဒီဘက်ပြေး၊ လူကို ဘီလူးသရဲ ထင်စရာ မှတ်နေတယ်၊ အဲသလို မလိုပဲ ပိုနေတာ ကြည့်မရတာ ...



www.burmeseclassic.com

www.burmeseclassic.com



သူရှိတဲ့ နေရာဆိုလည်း အရာရာနဲ့ အကြောင်းကြောင်း၊ ညကလည်း လူက မူးလာပါတယ်ဆိုမှ လမ်းတောင် မနည်းလျှောက်နေရတာ၊ ကျွန်တော် အခန်းတံခါးဝနားမှာ သူ့အရုပ်က ကျနေသေးတယ်၊ စည်းပျက် ကမ်းပျက်၊ သူ့အရုပ်နင်းပြီး ချော်သွားတာ လဲဦးမလို့၊ လဲလို့ကတော့ မူးပြီးမထိန်းနိုင်တာနဲ့ နောက်စေ့အကွဲပဲ၊ သူ့ကို ကျွန်တော်က အရေးလုပ် စကားပြောရအောင် သူကကော လောက်လောက်လားလား ရှိလို့လား၊ ခုထိ အရုပ်လေး တပွေ့ပွေ့တပိုက်ပိုက် ...

ကလေးလိုလို ခွေးလိုလိုနဲ့ လူရာကို မဝင်ဘူး၊ စိတ်ပျက်ဖို့ ကောင်းတယ်၊ သူ့အရုပ်တွေ ဟိုနားရှောင်လည်း မလွတ်၊ ဒီနားရှောင်လည်း မလွတ်၊ တက်နင်းမိလိုက်၊ ညပ်နေလို့ တံခါးပိတ်မရဘဲ တစ်နေလိုက်၊ ခုလည်း ကျွန်တော်လာလို့ သူက ဘာရှောင်စရာ ပုန်းစရာရှိလဲ၊ အရေးကို မပါဘူး၊ ကိုယ့်ဟာနဲ့ကိုယ် ခပ်တည်တည်ပေါ့၊ ခပ်အေးအေးပေါ့၊ ဘေးလူကရူးဏာသက်အောင် လုပ်နေတာ"

ဒေါ်တုတ်က ကော်ဖီမည်းပန်းကန်ကို ကိုကြီးရှေ့ ဖြတ်ခနဲ ချသည်။ ရော့ ... ငုံထား၊ ဆက်မပြောနဲ့ ဆိုတဲ့ရုပ်မျိုးနဲ့ ဖြစ်သည်။ စိတ်ထဲကတော့ ကိုကြီး စကားတွေကို နောက်ကလိုက် စောဒကတက်နေသည်။ သူလာတာကို မရှောင်ဘဲ သူပြောသလို ခပ်တည်တည် နေပြန်တော့ကော အပြစ်လွတ်လို့လား။





"မင်းရုပ်ကို ပြင်လိုက်စမ်း"လို့ နိုင့်ထက်စီးနင်းဘလိုင်းကြီး ထ,ဟောက်တတ်တာ ဘယ်သူလဲ။ သူ့အနားနေမိရင် ထိုင်,ထိုင်ပြန်ပြီ၊ ထ,ထပြန်ပြီ၊ ခေါင်းငုံ့,ငုံ့ပြန်ပြီ၊ သူ့ကိုကြည့်,ကြည့်ပြန်ပြီ။ ဘာတစ်ခု အပြစ်လွတ်လို့လဲ။

"ဒေါ်တုတ် ... ဘာဖြစ်နေလဲ ... ပြော"

ကဲ ... လင်းလက် မရှိလို့ ရှိသူကို ရစ်ဖို့ကြံပြီ။

"ဘာမှ မဖြစ်ပါဘူး ကိုကြီး"

"ဘာမှမဖြစ်ရင် ပြီးရော၊ ရုပ်ကြီးကိုက မုန့်လေပွေလို လုပ်မထားနဲ့၊ ပြောစရာရှိရင်လည်းပြော ရတယ်"

ဒေါ်တုတ်က မီးဖိုဘက် ပြန်ဝင်ခဲ့ပါတော့သည်။ ဒီထက်တော့လည်း ပို၍ ကိုကြီးကို အငေါ်မတူးရဲတော့ပါ။ သူက ကိုယ့်ရဲ့ အိမ်အရှင်သခင် မဟုတ်လား။ အမြင်မတော်လွန်းတာတွေကြောင့် လင်းလက်ဘက်က ဝင်ဝင်ခံစားမိပေမဲ့ တော်ကြာသူ့ကို အရိုအသေတန်မှုနှင့် ကိုယ်ပဲ အလုပ်ပြုတ်နိုင်သေးသည်။ အလုပ်မပြုတ်ချင်တဲ့ အကြောင်းရင်းထဲမှာ လင်းလက်ကို ထားပြီး မပြေးရက်တာလည်း ပါသည်။

သူ့ကို လင်းလက်က ဒေါ်ကြီးတုတ် ... ဒေါ်ကြီးတုတ်နှင့် အမျိုးတစ်ယောက်လို ချစ်ခင်အားကိုးလှတာကိုလည်း ဒေါ်တုတ်သိသည်။ ဘယ်အိမ်မှာမှလည်း ဤလိုနေရာပေးမှုမျိုးကို ရရှိနိုင်မှာ မဟုတ်။ ဒေါ်တုတ် ကိုယ်တိုင်လည်း ကိုကြီးကို အမြင်ကတ်သလောက် လင်းလက်ကို သံယောဇဉ် ကြီးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တုတ်က စကြံအပြင်ဘက် ကွေ့ထွက်ကာ လင်းလက်ကို လိုက်ရှာလျှင် ကွန်ပျူတာနှင့် စာအုပ်စင်တွေထား ရာ အခန်းထဲမှာ ကွန်ပျူတာရှေ့၌ လင်းလက်ကို တွေ့ရသည်။ လင်းလက်က ကွန်ပျူတာကိုဖွင့်၍ ဘာလုပ်နေတယ် မသိ။ ကစားနေတာတော့ မဟုတ်။

"လင်းလက်"

"ရှင် ... ဒေါ်ကြီး"

"ခေါက်ဆွဲပြုတ်ပန်းကန် ဒီကို ယူခဲ့ပေးရမလား၊ ခဏနေ ပွပြဲတော့မယ်"

"ယူရင်လည်း ယူခဲ့လေ၊ လင်းလည်း ဗိုက်ဆာတယ်၊ သူ မတွေ့အောင် ယူခဲ့"

တွေ့လည်း ဘာဖြစ်တုန်းလို့ ဒေါ်တုတ်က မကျေမချမ်း ကျိတ်တွေးကာ ထမင်းစားခန်းထဲ ပြန်လာပြီး အုပ်ဆောင်းအောက်က ခေါက်ဆွဲပြုတ်ပန်းကန်ကို မ,ယူလာခဲ့ပါသည်။

"ရော့ ... ရော့ ... စား၊ သိပ်လည်း မပွသေးဘူး"

လင်းလက်က ခေါင်းလေးညိတ်ကာ ရိုက်လက်စ စာကြောင်းကို ပြီးအောင် ဆက်ရိုက်လိုက်သည်။

"မထောပတ်တုံး ...

မာမို့မွေးနေ့အတွက် Birthday wish တော့ လုပ်ပြီးပြီ။ ဒါပေမဲ့ မာမို့ကို အဲဒီနေ့ကျ တွေ့ချင်တယ်။ မာမို့အတွက် မွေးနေ့လက်ဆောင်လည်း Pooh က ပေးချင်လို့။ မထောပတ် ဘယ်လို သဘောရလဲ။ တစ်ခုခု စီစဉ်ပါလား"





လင်းလက်က လက်စသတ်လိုက်သော ပို့စ်လေးကို ထောပတ်တုံး တစ်ဦးတည်း ဖတ်နိုင်အောင် သီးသန့်ပို့လိုက်ပါသည်။ ဖိုရမ်ထဲမှာ ခင်မင်သိကျွမ်းပြီး အပြန်အလှန် အကုံ့အလှယ် စာရေးနေဖြစ်ကြတဲ့ သူတွေထဲ လင်းလက်သည် ကောပင် ... ဆိုတဲ့ အစ်မကြီးကို အခင်မိဆုံး။ မာမို့ကိုတော့ ချစ်ခင်လေးစားတာ ဖြစ်သည်။ ဝင့်ဒီ ဆိုတဲ့ အစ်မကြီးလည်း ခင်မင်စရာကောင်းပါသည်။

တခြား နည်းနည်းပါးပါး ကျွမ်းဝင်သူတွေ ရှိသေးသော်လည်း ကိုယ်နဲ့ အဖြစ်အပျက်ချင်း၊ ဘဝချင်း၊ ခံစားချက်ချင်း နီးစပ်တဲ့သူချင်းချင်းတော့ ပိုရင်းနှီးမိတာပေါ့။ ယောက်ျားလေးတွေထဲမှာလည်း ခင်မင်စရာကောင်းတဲ့သူတွေ ရှိပေမဲ့ အတော်ရင်းနှီးသွားတဲ့ အထိတော့ လင်းလက်က အဖွဲ့မကျရဲ။ ကိုယ့်ကို တစ်ခုခု လှမ်းရေးလည်း ရုံဖန်ရံခါမှသာ တုံ့ပြန်၍ ခပ်တန်းတန်းလေးပဲ နေသည်။

နို့မို့ မတော်တဆ တစ်နေ့နေ့ ကိုကြီး သိသွားရင် ဆူပူကြိမ်းမောင်း ပြစ်တင်စွပ်စွဲစရာ ရနေဦးမည်။ မိန်းမချင်းချင်းတော့ ဘယ်လိုပဲ ခင်ခင်ပေါ့။ ကိုကြီး ပြောချင်လည်း ပြောပေါ့။ ဝေဒနာချင်းတူလို့ ရင်ဖွင့်ရင်းနှီးသွားကြတာကိုတော့ တောင်တောင်အီအီ ပြစ်တင်စွပ်စွဲလို့မှ မရဘဲ။

ရုတ်တရက် ကွန်ပျူတာခန်းရဲ့ အပြင်ဘက်မှာ ခြေသံခပ်ပြင်းပြင်းကို ကြားလိုက်ရကာ အခန်းဝသို့ လှူရိပ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်နှင့် တစ်ပြိုင်နက် လင်းလက်သည် ဖိုရမ်ကို ပိတ်ချလိုက်ကာ ကွန်ပျူတာစားပွဲပေါ်က ခေါက်ဆွဲပြုတ်ပန်းကန်ကို သူမဘက် နီးကပ်အောင် ဆွဲယူလိုက်ပါသည်။

"ဒါ ဘာလုပ်နေတာလဲ"

ခပ်တင်းတင်း မေးသံကြောင့် လင်းလက်က ခေါက်ဆွဲပြုတ်ပန်းကန်ကို တူနှင့်ထိုးမွှေနေရာမှ လည်ပင်းလေး လိမ်လှည့်ပြီး ကြည့်လိုက်ရင်း ...

"ခေါက်ဆွဲပြုတ် စားမလို့"

မပွင့်တပွင့် ဖြေလိုက်ပါသည်။

"ဒါ အစားအသောက်စားတဲ့ အခန်းလား"

လင်းလက်သည် ရှုံ့မဲ့မဲ့နှင့် ကိုကြီးကိုတော့ မျက်နှာမလွှဲရဲဘဲ လှည့်ကြည့်နေရင်းတန်းလန်း ခေါက်ဆွဲပြုတ်ကိုလည်း ဆက်မွှေနေပါသည်။

"ဒီအခန်းထဲမှာလည်း ပုရွက်ဆိတ်တွေရော ပိုးဟပ်တွေရော ရောက်နေပြီ၊ တစ်နေ့တစ်နေ့ ကွန်ပျူတာရှေ့မှာ အစားအသောက်တွေ ယူယူစားနေတဲ့ အကျင့်ကို ဖျောက်လို့မရတော့ဘူးလား၊ သူ့ကြည့်လိုက်ရင် မိုးလင်းတာနဲ့ ကွန်ပျူတာရှေ့မှာချည်းပဲ"

အဲဒါ ဘာဖြစ်လို့လဲ။

လင်းလက်က စိတ်ထဲကပဲ စောဒကတက်လိုက်သည်။ အပြင်မှာတော့ ထုတ်မပြောရဲ။ ဆံပင်ခပ်ထူထူတွေ ဖွာ





ဆန်ကြဲရှုပ်၍ မျက်နှာက ညက များသွားတာ သိသာအောင် နီမြန်းမြန်း ပြည့်အစ်အစ် ဖြစ်နေတဲ့ ကိုကြီးရဲ့ မျက်နှာကြီးကို လင်းလက်က ကြောက်သည်။ အသံဟာ လူကို အသားမနာစေ မသေစေနိုင်ပေမဲ့ ကိုကြီးရဲ့ ခက်ထန်မာကျောတဲ့ အသံကြီးကိုလည်း လင်းလက် ကြောက်သည်။

သူ့ကို အမြဲပင် ကြောက်နေမိမြဲပင်။ ကိုကြီးကို ကြောက်ရပုံမှာ ငယ်ငယ်က ဖေဖေ့ကို ကြောက်ရပုံမျိုးနှင့် ခပ်ဆင်ဆင်တူသည်။ ဖေဖေဟာ လင်းလက်တို့ ညီအစ်မကို မကြာမကြာ ဟိန်းဟောက် ဆူပူတတ်သည်။ စာမလုပ်ရင် အပြစ်ရှိရင် ကြိမ်လုံးကလေးနှင့် ခပ်စပ်စပ် ရိုက်တတ်သည်။ မျက်နှာထားလည်း တင်းသည်။ ဒါကြောင့် ဖေဖေ့ကို လင်းလက်တို့ညီအစ်မ ကြောက်ကြရသည်။ သို့သော် ကိုယ့်အဖေ ဆိုတော့ ကြောက်တဲ့အခါကြောက် စိတ်ညစ်တဲ့အခါ ညစ်ရပေမဲ့ အချစ်မပျက်နိုင်။

ကြောက်ရင်းကပဲ ချစ်ရ ရှိသေရသေးသည်။ အခု ကိုကြီးအပေါ်လည်း လင်းလက်ရဲ့ ခံစားမှုဟာ ဤသို့ပင် ဖြစ်နေသည်။ ချစ်လည်းချစ် ကြောက်လည်းကြောက်။ ကိုယ့်အပေါ် တင်းမာရက်စက်လှပါလားလို့ အငြိုးမထားနိုင်ပေ။ တစ်ခါတစ်ရံ စိတ်ပျက်လက်ပျက်နှင့် အမြင်ကတ်သော်လည်း အချစ်စိတ်က အတွင်းသားမှာ အခြေခိုင်ခိုင် ရှိနေ၍ အပေါ်ယံက မကျေနပ်ချက်က တိုးမပေါက်သာ။ အပေါ်နားမှာ သူ့ဟာသူ ခပ်ပါးပါးပဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာလုပ်နေတာလဲ"

"ရှန်"

"ဘာလုပ်နေတာလဲလို့ မေးနေတာ၊ မေးလိုက်ရင် လူပုံက ညောင်နာနာနဲ့၊ ဘယ်လိုမှန်းကို မသိဘူး၊ အသည်းကို ယားတယ်၊ ဆောင့်ဆက်ပစ်ချင်တယ်၊ ဘာလုပ်နေတာလဲ လို့ မေးနေတာကိုဖြေ"

"ကွန်ပျူတာ လုပ်နေတာ"

"ဘာကွန်ပျူတာလုပ်နေတာလဲ၊ ကွန်ပျူတာကို ဘာလုပ် နေတာလဲ၊ ဖြေပုံကိုက အချိုးကို မကျဘူး၊ ဒေါ်တုတ်ကျ နေတာပဲ၊ အရွဲ့တိုက် ပြောနေတဲ့ အတိုင်းပဲ"

"ဟို ... ကစားမလို့ လုပ်နေတာ"

"မင်းကိုယ်မင်း ဘယ်အရွယ်လို့ ထင်နေသလဲ လင်းလက် ဟင် ...။ အစားကို ဒီအခန်းထဲထိ ယူစားရလောက်အောင် ကစားဖို့က အရေးကြီးနေသလား၊ ညကလည်း မင်းအရုပ် ကြီးတစ်ရုပ် ငါ့အခန်း အပြင်ဘက်မှာ ပစ်စလက်ခတ် ချ ထားသေးတယ်၊ ငါ နင်းမိပြီး ချော်လဲခေါင်းကွဲအောင် လုပ်တာလား"

ကိုကြီးလောက် ပစိပစပ်များတဲ့ ယောက်ျား လောက မှာ ရှိပါဦးမလား မသိ။ အမြဲတမ်းပင် ပွစိစိ ဗျစ်တောက်ဗျစ် တောက် လုပ်နေသည်။





"ညဆိုလည်း အစောကြီး အေးရာအေးကြောင်း ဝင်အိပ် နေရပြီ သူ့မှာ၊ ငါက မင်းရဲ့ ဘာဆိုတာ ခေါင်းထဲရှိရဲ့လား"

"ရှိပါတယ်"

"ငါက ဘာလဲ"

"လင်း ယောက်ျား"

ဒီတစ်ခွန်းကိုတော့ လင်းလက်က ခပ်ရဲရဲ ပိုင်ပိုင် နိုင်နိုင် ဖြေလိုက်ပါသည်။ သူ မမေးတောင် ကိုယ်က ပြောကို ပြောချင်နေတဲ့ စကားမျိုးလေ။

"ယောက်ျားပြန်လာရင် ဘာလိုအပ်လဲ၊ မူးလာသလား၊ တွဲရမလား၊ ပြုစုပေးရမလား၊ ဒါတွေ မင်းစိတ်ကူး မရှိဘူး လား"

"ရှိပါတယ်၊ ဒါပေမဲ့ လင်း ကိုကြီးနား ယာရင်လည်း ကိုကြီးက မကြိုက်ဘူး မဟုတ်လား၊ တစ်ခါတစ်ခါ အော် ထုတ်တော့ အနားမလာရဘူး မှတ်လို့"

"ဘာမှမလိုရင်တော့ ဘာကပ်စရာလိုလဲ၊ လုပ်ကိုင်ပေးစရာ လိုရင်တော့ အနားလာရမှာပေါ့"

စကားကိုက တစ်ကိုယ်ကောင်းဆန် အတ္တကြီးလိုက် တာ။ သူ့ကို လုပ်ပေးစရာလိုရင်တော့ အနားကပ်၊ သူ မလိုရင် မကပ်နဲ့။ တရားကျဖို့တောင် ကောင်းပါသေးသည်။

"ဒီလောက်မူးလာတာ၊ အဝတ်လဲရတာအစ လိုတာတွေ ရှိဦးမှာပေါ့၊ ဒါမျိုးတွေ မင်းလာမလုပ်တော့ ငါက ဒေါသတ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းရမှာလား၊ မြန်မြန်ကွယ် ခိုင်းရမှာလား၊ ဒီစွမ်းမျိုးကို သူတို့ခိုင်းလို့ ကောင်းပါ့မလား၊ မင်း မစဥ်းစားဘူးလား၊ မင်းလာလုပ်ပေးမှ အဆင်ပြေမှာ နားမလည်ဘူးလား၊ ဟိုနှစ်ယောက်ကိုလည်း အန်ဖတ်ကျုံးခိုင်းရတာလောက်ပဲ ခိုင်းလို့ရတာ၊ အန်ဖတ်တွေကလည်း ချဥ်စုတ်နေတာပဲ"

ဘုရားရေ ...။ ဘယ်သူ့ အန်ဖတ်တွေပါလိမ့်။ လင်းလက်သည် ရယ်တောင် ရယ်ချင်လာသည်။ စိတ်မညစ်နိုင်တော့။ သူ့အန်ဖတ် သူကပဲ ချဥ်စုတ်သတဲ့။ လင်းလက်များ အန်ထားမိရင် ဘယ်လောက်များ အပြစ်ကြီးမလဲ မသိနိုင်။

"အဝတ်လဲချင်တာ ဘယ်လိုမှ လဲလို့မရဘူး၊ မင်းနည်းနည်းပါးပါး အလိုက်တသိနဲ့ ကိုယ့်ယောကျ်ားကိုယ် လာကူညီဖို့ ကောင်းတယ်"

သူ့အဝတ်အစား လဲပေးစေချင်မှ သူ ခိုင်းချင်တာရှိမှပဲ သူ့ကိုယ်သူ လင်းလက်ရဲ့ ယောကျ်ားလို့ ခံယူပြန်သေးသည်။ သူ မူးလာရင် အဝတ်အစား လဲပေးဖို့များ သူ့ကို ယူထားရတာကျနေတာပဲ။

"ခေါက်ဆွဲက ဘာလုပ်နေတာလဲ၊ ဒီနေ့အဖို့ စားဦးမှာလား၊ မွှေနေတာကို မပြီးတော့ဘူး"

လင်းလက်သည် မရှိတာ ရှာကြံရစ်နေတဲ့ ကိုကြီးကြောင့် စိတ်ကျဉ်းကျပ်ကာ ချွေးတွေတောင် ပြန်လာသည်။ သူစကားပြောနေရာမို့ မစားဝံ့သေးဘဲ မွှေချည်းနေမိတာ အပြစ်ဖြစ်





ပြန်၍ ခေါက်ဆွဲကို မြန်မြန်ငုံ့စားသည်။ ခေါက်ဆွဲဖတ်တွေဟာ ပျော့ပြဲ၍ အေးလည်း အေးစက်နေပြီ။ ဂေါ်ဖီပန်းတွေက အိ၍ ကြေမွနေသည်။ စားလို့လည်း မကောင်းတော့။ စိတ်ညစ်ညစ်နှင့် မျက်ရည်လည်လာပါသည်။

"နောက်ကို ကိုယ့်ယောကျ်ား မူးလာရင် လိုအပ်တာကူညီလုပ်ကိုင်ပေးဖို့လောက်တော့ အသိစိတ်ရှိဦး၊ ငါနဲ့မဆိုင်ဘူးဆိုသလို အချိုးမျိုးတော့ လာမလုပ်နဲ့၊ ဒါနောက်ဆုံးပဲ၊ ညနေကျရင် မေမေတို့ဆီသွားရင် မေမေ့ကို ဘာမှတိုင်ဖို့စိတ်မကူးနဲ့ ကြားလား"

ကိုကြီးမေမေရဲ့ အစီအစဉ်အရ စနေနေ့ညနေတိုင်း မေမေတို့အိမ်သွား၍ အတူတူ ထမင်းစားသောက်ပြီးမှ ပြန်ကြရကာ ထိုနေ့တွေမှာ မေမေက ကိုကြီးအကြောင်းတွေကိုလည်းမေး၊ သူ မကြိုက်တာ ကြားရရင်လည်း ကိုကြီးကို ဆူတတ်ပါသည်။ သူ့အမေ ဆူမှာကိုတော့ ကိုကြီးက အတော်ကြောက်ပါသည်။

"ဖယ်ဦး ... ငါ ကွန်ပျူတာ သုံးစရာရှိသေးတယ်"

လင်းလက်က ခေါက်ဆွဲပန်းကန်ကိုမ,ကာ နေရာမှ ထ,ဖယ်ထွက်ပေးလိုက်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



# ( ၆ )

အိမ်က ကောင်မလေးများက ဆွမ်းတော်ပွဲ သစ်သီးပွဲဗန်းများ ယူလာပေးတာကို မြသက်စောက အသင့်ယူကာ ဘုရားကိုကပ်၊ ဘုရားပန်းအိုးတွေ အသစ်လဲ၍ စွန့်သောပန်းဟောင်းများကို သယ်ဆောင်ရှင်းလင်း ယူသွားပြီးချိန်တွင် မြသက်စော ဘုရားရှိခိုးသည်။

ဒီနေ့ သူမအသက် လေးဆယ့်တစ်နှစ် ပြည့်သည်။ ပထမတော့ မနက်ခင်းစောစော ဘုရားသွားဖို့ ရည်ရွယ်သည်။ သို့ပေမဲ့ မနေ့ကညဘက် သူမ ရင်ဘတ်ထဲက စူးစူးရှရှအောင့်၍ မောသေးကာ ဒီမနက်ခင်း အိပ်ရာထ,တော့လည်း လူက သိပ်မအီမသာလှပဲ ရှိသည်။ ဆရာဝန် နှလုံးသွေးကြောကျဉ်း၍ အစားအသောက် အနေအထိုင် ဆင်ခြင်ဖို့ ညွှန်ကြားခဲ့သည်မှာ သုံးနှစ်ရှိပြီ။ သူမရဲ့ နှလုံးရောဂါကို ဆေးနှင့်အမြဲထိန်းထားရသည်။





ကိုယ်တိုင်ကလည်း စိတ်လှုပ်ရှားလွယ် ထိခိုက်လွယ် ဒေါသဖြစ်လွယ်သူဖြစ်၍ တစ်ခါတစ်ခါဖြစ်လျှင် အတော်ခံရသည် ဖြစ်ရာ ခုနောက်ပိုင်းတော့ စိတ်ကို လှုပ်ရှားမလွယ်အောင်ကြည့်၍ ထိန်းရပါသည်။ သူမမှာ သားကလေးနှစ်ယောက်ရှိ၍ ဘဝကို သူမက မက်မောတွယ်တာသေးသည်။ ဒီသားကလေးနှစ်ယောက် ဘွဲ့မရသေး။ အနည်းဆုံး သူတို့ အိမ်ထောင်တွေကျ အခြေကျပြီးမှပဲ မြသက်စော သေလိုပါသည်။

အဖေ ဆိုတဲ့သူက သားတွေအတွက် ပိုက်ဆံအပုံလိုက်ပေးအပ်ပြီးလျှင် သူနှင့် ဘာမှမဆိုင်တော့သလို သူ့တာဝန်ဘာမှ မရှိသလို နောက်ကြောင်းအေးနေတဲ့သူ ဖြစ်သည်။ ဒီသားနှစ်ယောက်ကို လူပျိုပေါက်မှာ ဆေးတို့ အရက်တို့ မငြိအောင် အကျင့်စာရိတ္တလေးတွေ ကောင်းအောင် မြသက်စောပဲ မျက်ခြည်မပြတ် စောင့်ရှောက်ကြပ်မတ်ခဲ့တာဖြစ်၍ သားနှစ်ယောက်လုံးက ကိုယ့်ထိန်းသိမ်းမှုအောက်မှာ လူလိမ္မာစာရင်းဝင်လေးတွေ ဖြစ်ကြပါသည်။

ဖအေကတော့ သားတွေပညာရေးလည်း မကြည့်။ လူမှုရေးလည်း လှည့်မကြည့်။ ကျန်းမာရေးလည်း လှည့်မကြည့်။ တစ်အိမ်တည်းနေပြီး မိုးလင်းရင်ထွက် မိုးချုပ်မှပြန်ဝင်တဲ့ ဖအေသည် တစ်ခါတစ်ရံ သားတွေနှင့် တစ်ပတ်ဆယ်ရက် မျက်နှာချင်းမဆိုင်ဖြစ်။ တစ်အိမ်တည်းမှာ အတော်ကြာကြာ မတွေ့ရအောင်နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်မှာ သားကြီး လက်ကျိုး၍ ကျောက်ပတ်တီးကြီး တကားကားနှင့် ရှိတာတောင် သူ မသိလိုက်ပဲ ရှိဖူးသည်။

ကိုယ့်ကိုပဲ ယုံကြည်စိတ်ချ အထင်ကြီးတာလား မသိတော့။ ဒီသားနှစ်ယောက် ဆယ်တန်းတွေ နှစ်ချင်းပေါက်ဖို့ သူမမှာ ကျူရှင်ပိုင်းတစ်မျိုး ဂိုက်ဒ်တစ်မျိုး၊ ဆရာကြိုတဲ့ကား တစ်စီးနှင့် ဝင်ချည်ထွက်ချည် လူးလာဆန်ခတ် ရှုပ်ယှက်နေရတာကိုလည်း သူ မသိ။ စာမေးပွဲတွေမှာ အဆင့်ဘယ်လောက်လဲ စိတ်မဝင်စား။ ဆယ်တန်းအောင်စာရင်းထွက်တဲ့ နေ့ကလည်း မနက်က ထွက်သွားတဲ့ အဖေကို သားက ညမအိပ်ဘဲ ငုတ်တုတ် ထိုင်စောင့်ကာ ...

"ဒက်ဒီ ... ကျွန်တော် အောင်တယ်၊ ဂုဏ်ထူးတစ်လုံး ပါတယ်"

အဲဒီတော့မှ "ဟေ ... ဟုတ်လား"တို့ "အေး ... ငါ့သားတော်တယ်"တို့ သွေးရှူးသွေးတန်း ရေရွတ်ပြောဆိုရုံပင်။ သားပူဆာတာကိုတော့ ဝယ်ပေးပြီး ဆုချလိုက်သည်။ သားငယ် ဆယ်တန်းအောင်တော့လည်း ဒီအတိုင်း။ သူ ဘာမှမသိ။ သားငယ်က စာပိုတော်၍ သားငယ်ကို အနည်းဆုံး ဂုဏ်ထူးလေးလုံးလောက်နှင့် ဆရာဝန်လိုင်းဝင်ဖို့ မျှော်မှန်းထားသော မြသက်စောသည် ဂုဏ်ထူးနှစ်လုံးပဲ ပါကတည်းက စိတ်က မကောင်းဖြစ်နေတာ။





ညဆယ်နာရီ ဖအေဖြစ်သူ ပြန်လာတော့ အောင်စာရင်းထွက်မှန်းလည်းမသိ၊ သတင်းလည်း မမေးလေရာ ဒေါသစိတ်ကို ထိန်းမရအောင် ရှုံမှုန်းကာ သူ့အခန်းတံခါးကို ဝုန်းခနဲ တွန်းဆောင့်ဖွင့်ပြီး အခန်းဝကနေ ပိုးစိုးပက်စက်တွေ အော်ဟစ်ပြောမိသည်မှာ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်အောင်ပင်။

"ရှင် ဖအေတစ်ယောက် လုပ်နေပြီး တစ်ဖက်တစ်လမ်းက စိတ်ဝင်တစား အကူအပံ့ မပါလို့ ကျွန်မသား ဂုဏ်ထူး နှစ်လုံးပဲပါတာ သိရဲ့လား၊ ရှင်ပါ တစ်ဖက်က စိတ်ဝင်တစား ဝင်ကြပ်မတ်ရင် ကလေးလည်း ပိုအားတက်တယ်၊ ပိုလည်း အလေးအနက်ရှိမှာ၊ ခုတော့ အောင်လား ကျလားတောင် စိတ်မဝင်စား၊ အောင်စာရင်း ထွက်ပါလားတောင် ဘယ်တုန်းကမှ မသိ ...

ရှင့်အာရုံတွေထဲမှာ ဘာအခိုးတွေပဲ ပိတ်မွှန်နေသလဲ၊ ရှင်နဲ့ ကျွန်မနဲ့ တစ်ယောက်ကို တစ်ယောက် ဒါဟာလင် ဒါဟာမယားလို့ မသတ်မှတ်တာတော့ စိတ်တူကိုယ်တူ ဆိုပေမဲ့ ဒါ ရှင့်သားတွေ ဆိုတာတော့ ရှင် အသိတရား ရှိဦးပေါ့၊ သားတွေ ဖျားလားမသိ၊ ဘယ်သွားလဲ မသိ၊ လက်ကျိုးတာတောင် တစ်အိမ်တည်းနေပြီး မသိ၊ ရှင်ဟာ လွန်လွန်းအားမကြီးဘူးလား ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ခွင့်မလွှတ်ဘူး သိလား၊ ကျွန်မသား ဆရာဝန် မဖြစ်ရတာ ရှင့်ဘက်က အကူညီ အထောက်ပံ့ မပါလို့၊ သားအပေါ်တောင် သိတတ်မှု စိတ်ဝင်စားမှု မရှိတဲ့ရှင်ဟာ အဖေ အခေါ်မခံထိုက်ဘူး၊ ရှင့်ကိုယ်ရှင် ရှက်သင့်တယ်"

သူကလည်း မခံပါ။

"ဟေ့ ... ဖအေမို့ ဖအေတာဝန်နဲ့အညီ ငွေရှာပေးနေတာ၊ ကျူရှင်ဝိုင်းတွေ ဂိုက်ဒ်တွေငှားဖို့ လုံလောက်တာထက်ပို အောင် ငါရှာပေးထားတယ်၊ ကျန်တာ အသေးစိတ်က မင်းတာဝန်ပဲ၊ မင်းလည်း အမေပဲ၊ မအေမို့ မအေပီပီ လုပ် နေရတာကိုဘာမှ နာကြည်းချက် ထားမနေနဲ့"

"ငွေ ဘာလုပ်ဖို့လဲ၊ ရှင် တစ်ပြားမှ မပေးလည်း မြန်မာ ပြည်မှာ အတော်ဆုံး ဈေးအကြီးဆုံး ဆရာ ကျွန်မခေါ် သင်ပေးနိုင်တယ်၊ ကျွန်မ ပြောနေတာ စိတ်ခွန်အားပေးရာ ဖေးကူအားပေးမှု၊ သားဆိုတာ ဖအေအပေါ်ဆိုရင် ပိုရှိန် တယ်၊ ပိုအဟန့်ရှိတယ်၊ ရှင် နည်းနည်းပါးပါး စိတ်ဝင် တစားပါရင် ဒီထက် ဂုဏ်ထူးပိုထွက်မှာ၊ မအေမို့ အသေး စိတ် အားလုံးလုပ်ရမယ်လို့ ရှင့်ကို ဘယ်သူ သင်ထားလဲ၊ ကျွန်မက ရှင် တာဝန်ကျေကျေ မကျေကျေ၊ ကျွန်မ တာဝန် ကျွန်မကျေတာထက်လွန်ဖို့ စိတ်ကို မိဋ္ဌာန်ပြဋ္ဌာန် ထားပြီးသား၊ ရှင့်ပျက်ကွက်မှုကို ပြောနေတာ၊ ဒီထက်ပို





ကောင်းတဲ့ရလဒ် ရနိုင်ရက်နဲ့ ရှင့်လိုအပ်ချက်၊ တာဝန်မဲ့မှု ကြောင့် ခုလိုဖြစ်ရတာကို နားလည်အောင် ပြောပြတာ"

"ဟေ့ ... သူများကြားရင် ငါ့သား စာမေးပွဲကျတယ် ထင် နေမယ်၊ ဂုဏ်ထူးနှစ်လုံးပါတာဟာ ထူးချွန်နေပြီပဲ၊ မင်း ဘာတွေ သိပ်ပြီးသည်းနေတာလဲ"

"ဘာ ...၊ သားတွေကို ပြည့်စုံတာထက် ပိုပြည့်စုံစေချင် တာ၊ ထူးချွန်တာထက် ပိုထူးချွန်စေချင်တာ၊ ရပြီးတာထက် ပိုရစေချင်သေးတာဟာ မေတ္တာရှင့်၊ အသည်းပိုတက်နေ တာ မဟုတ်ဘူး၊ ရှင့်လောက် အေးရာအေးကြောင်း တာဝန်မဲ့နေတဲ့ လူကတော့ ကျွန်မလို မအေကို သည်းတယ် လို့ ဆိုမှာပေါ့၊ ရှင့်လိုအပ်ချက် ချို့ယွင်းချက်ကို ဖာထေး ဖို့လေ၊ သား စာကျက်နေရင် မအိပ်ဘဲ ထိုင်စောင့်ပြီး လို တာလုပ်ပေးတဲ့ မအေရှင့်၊ သားစာကျက်တုန်း မှုးပြီးဖရို ဖရဲ အိပ်နေတဲ့ အဖားထဲက မဟုတ်ဘူး"

"စာပဲကွ သူ့ဟာသူ ကျက်ပစေပေါ့၊ ယောက်ျားလေး ဒီအရွယ် စောင့်ပေးစရာလား၊ မင်းကိုက အပိုတွေ လုပ် လွန်းတာ၊ ငါက ပုံမှန်ပဲ"

"ဪ ... ယော် ... ယော် ... ဒီလို ပြောသလား၊ ဘီအီး စစ်ဇစ်လ်ကြီးရဲ့၊ သားကို ကျုပ်က သည်းသတဲ့လား၊ ရှင် အင်ဂျင်နီယာဖြစ်ဖို့ ကျောင်းတက်နေတုန်းက ကျောင်



www.burmeseclassic.com

www.burmeseclassic.com



စရိတ်ကို တစ်နေ့ကုန် ဈေးရောင်း အကြွေးတောင်းနဲ့ ဖတ်ဖတ်သီအောင် ကိုယ်အင်္ကျီခံ ခြိုးခြံရှာထားတဲ့ မိန်းမဟာ ရှင် ညဘက် စာကျက်ပြန်တော့ ဘယ်လိုဖြည့်ဆည်းသလဲ မေ့ထားသလား ဟင် ...

နို့၊ အားဆေး၊ အချိုအချဉ်၊ ဘာလိုသလဲ၊ တစ်ယောက်တည်း ထိုင်ကျက်ရင် အိပ်ငိုက်လို့ ငိုက်ရင်နှိုးဖို့ စောင့်ပေးပါဆို၊ ရှင်စာပြန်ဖို့ စာအုပ်ကိုင်ပြီး ကြည့်ပေးပါဆို၊ ရှင့်တုန်းက ရှင့်စာသင်စရိတ်အတွက် နွားလိုရုန်းခဲ့ရတာတောင် ပိုသေးတယ်၊ ဒီပညာနဲ့ သူဌေးဖြစ်တော့ ဒါကို မေ့လိုက်ပလားဟင်၊ ဘောက စိတ်ဓာတ်ရေးရာအားပေးမှု မလိုဘူးလို့ ခုတော့ ရှင် ပြောသလား ...

သားကိုမို့ သည်းတာမဟုတ်ဘူး၊ တာဝန်ဝတ္တရားမှာ မေတ္တာစေတနာပါ အပြည့်အလျှံ ထည့်ထားတာ၊ အဲဒါ လင်တုန်းကလည်း ဒီအတိုင်း ထားခဲ့တဲ့စိတ်၊ အဲဒါဟာ မေတ္တာတရား စေတနာတရားရှင့်၊ အပိုအလုပ်ဆိုရင် ရှင့်တုန်းက ဘာဖြစ်လို့ ရေသာခိုပြီး မေးလိုက်ခဲ့သလဲ၊ အင်ဂျင်နီယာကြီးရဲ့ ... ဟင်”

ဤနောက်ကြောင်းလှန် စကားများဆိုလျှင် အနာပေါ်တုတ်ကျ ဆတ်ဆတ်ခါနာတဲ့ လင်သည်ဟာ ဝုန်းဒိုင်းကြဲခဲ့တော့တာပါပဲ။ ကိုယ့်ပြောစကားထဲ အမှားမပါတဲ့ မြသက်စော





ကလည်း တုံ့ပြန်ဝုန်းဒိုင်းကြဲ။ တစ်အိမ်လုံး ဆူညံပေါက်ကွဲနေခဲ့သည်။

“ဟော့ ... မင်းတစ်နေ့ ဒီလိုပြောစရာ ဖြစ်လာမယ် ဆိုတာသိရင် ဒီကျောင်းကို တက်ကို မတက်ခဲ့ဘူးကွ၊ မင်းရဲ့ စေတနာဆိုတာဟာ မကျှပ်တိုင် တက်ပြဖို့ ခွင်ဆင်ထားတာသက်သက်၊ ဘာမှ စေတနာမစစ်ဘူး၊ အန်ထုတ်လို့ရတဲ့ ဟာမျိုးဆိုရင် ငါက အန်ထုတ်ပြီးတောင် ပြန်အပ်လိုက်ချင်တာ၊ မင်းကို ဒီလိုရင့်သီးမောက်မာပြီး နောက်ကြောင်းဂုဏ်ဖော်ပြီးတော့ တစ်သက်လုံး စကားနဲ့ နင်းခြေနှိပ်စက်နေမဲ့ မိန်းမလို့ မထင်ခဲ့လို့ ဒီစာတွေကို သင်ခဲ့မိတာ။ မင်းကိုက အတင်းချော့ခြောက် ယူခိုင်းတဲ့ဘွဲ့မို့ ယူခဲ့တာ”

“ဒါ ရှင်ကောင်းစားဖို့လေ၊ ရှင့်ကို ဘယ်လောက်ချော့ချော့ခြောက်ခြောက် ရှင်ကောင်းစားဖို့ မရှိရင် ရှင်လုပ်ခဲ့မလားပြော၊ ဒီတုန်းက ရှင်ပညာဆက်မသင်နဲ့ ကူလီထွက်ထမ်းချည် ကျွန်မ တက္ကသိုလ်ဆက်တက်မယ် ဆိုရင် ရှင်လုပ်ခဲ့မလား၊ ပြန်တောင် ကြုံလိုက်ချင်သေးတယ်၊ ဟား ဟား ဦးကျော်မင်းရယ် ... ရှင်လိုလူမျိုးက အနစ်နာ မခံနိုင်ပါဘူး ...

ကျွန်မ သင်ပေးတဲ့ ပညာနဲ့ ရှင် လူရာဝင်လာတော့ ကောင်းစားလာတော့ လူကို ချောင်ထိုးပြီး ဒီလိုဇနီးမယားမျိုးရဲ့ မျက်နှာကို မထောက်၊ ဖောက်ပြန်ရေး လုပ်ရက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူက ရှင်လေ၊ အချောင်သမား၊ ရှင်ဟာ ခံစရာရှိတုန်းက သူများပခုံးပေါ်၊ စံစရာရှိချိန်မှာ ဘာမျက်နှာမှ မငဲ့ကွက်တဲ့ သူစား၊ အလကားလူ၊ ရှင့်ကို မက်မောလွန်းလို့ ဒီစကား ပြောနေတယ် မမှတ်ပါနဲ့၊ ရှင် ဘာဆိုတာ ရှင့်ဟာရှင် ပြန်တွေးသိအောင် ပြောပြတာ"

မြသက်စော မျက်နှာ နာကြည်းနေသလို၊ ဦးကျော်မင်း မျက်နှာဟာလည်း နာကြည်းဒဏ်ရာရနေခဲ့တာပင်။

"ငါ ဒီလိုဖြစ်အောင် လုပ်တာလည်း မင်းပဲ၊ အခုလို အရေးအကြောင်း ရှိရင် ကိုယ့်ဂုဏ် ကိုယ်ဖော်ပြီး သူများလည်ပင်း ဖိနင်းတတ်တာ မင်းရဲ့ သောက်ကျင့်ပဲလေ၊ ဒါကြောင့် မင်းကို ငါ နာကြည်းတယ်၊ မင်းကို နာကြည်းလို့ မပေါင်းဘူး၊ ငါ့ဟာငါ အသစ်ရှာတယ်၊ ဘာဖြစ်လဲ"

"အဲဒါ ရှင်တို့ ဖောက်ပြန်ရေးသမားတွေ နောက်မီးလင်းသမားတွေ ပေးနေကျ ဆင်ခြေပဲ၊ ရိုးနေပါပြီ ဦးကျော်မင်းရယ်၊ ဒီစကားတွေကိုပဲ အားတိုင်း ဖော်ပြောနေတာ မဟုတ်ဘူး၊ အကြောင်းတိုက်ဆိုင်ပြီး ပြောချင်လောက်အောင် ရှင် တရားမဲ့လာမှ ဖွင့်ပြောပစ်တာ၊ ဒီလိုတောင် သတိကြပ်ကြပ် ဖော်မပေးလာခဲ့ရင် ဒီထက်အစောကြီး ရှင် သစ္စာဖောက်မယ်၊ ခုမှ ကျွန်မကြောင့် သာယာစရာ ရှာရသလို အသံကောင်း မဟစ်စမ်းပါနဲ့၊ အသံကောင်း





ဟစ်ကြေးဆိုရင်လေ ရှင်တင်က,သလား၊ ရှင့်ညီကိုပါ ကျူပ် ကျောင်းထားပေးခဲ့တာ"

"မင်းပါးစပ် ခုပိတ်ထား မြသက်စော၊ ငါ့ညီကို ငါအလုပ်ဝင်လို့ရတဲ့ လခနဲ့ ငါ ကျောင်းထားတာ"

"ဩော် ... ဟုတ်သလား၊ ရှင် အလုပ်ဝင်ခါစရတဲ့ လခလေး တစ်ထောင်မပြည့်ကို ရှင့်ညီ ကျောင်းစရိတ် ရှင်သုံးလိုက်တော့ ရှင် ဘာနဲ့ ထမင်းသွားစားခဲ့သလဲ၊ ဟင် ... ပြောပါ၊ ရှင့်ညီ ဘာနဲ့ ထမင်းစားခဲ့သလဲ၊ ရှင်နဲ့မွေးတဲ့သား ဘာနဲ့ထမင်းစားခဲ့သလဲ၊ ပြောလေ ကိုကျော်မင်း၊ ရှင့်လခနဲ့ ရှင့်ညီ ကျောင်းတက်တယ် ဆိုတဲ့သဘောက ရှင်ဟာ ရှင့်ညီ ဆရာဝန်မဖြစ်မချင်း နှစ်ကြာရှည် ရှင့်မိန်းမနဲ့သားကို တစ်ပြားဖိုး ရှာမကျွေးခဲ့ဖူးလို့ ဝန်ခံတဲ့သဘောလား၊ ဒီလောက် နှစ်ရှည်ကာလတွေ အိမ်ဦးခန်းမှာ အကြော့သား ဝါးမျိုခဲ့တာတွေ ဘယ်ကလဲ၊ ရှင့်လခနဲ့များ ကျောင်းတက်သတဲ့၊ ကြည့်ပြောလိုက်စမ်းပါဦး၊ ရှင့်လခ ရလာနိုင်တာကိုက ..."

"မင်း ပါးစပ်ကို ပိတ်မလား မပိတ်ဘူးလား မြသက်စော၊ မင်း လွန်လာပြီနော်၊ ယောက်ျားတစ်ယောက်ကို မင်း တော်ရုံစော်ကားရင် ကောင်းမယ်၊ မင်းကို ငါ့လက်နဲ့သတ်မိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတ်လေ၊ ရပါတယ်၊ ရှင့်ကို ပြန်သတ်နိုင်တဲ့ခွန်အား ကျွန်မမှာ မရှိပါဘူး၊ အချိန်မရွေး သတ်လို့ရတယ်၊ ရှင့်လို ကျေးဇူးကန်းတဲ့ သစ္စာဖောက် သစ္စာမဲ့သူမျိုး သောင်းတစ်သက်တစ်ကျွန်း ကျမယ်ဆိုရင် ကျွန်မက ဝမ်းသာအားရ အသတ်ခံရဲတယ်"

ဤသို့လျှင် သူမတို့ရဲ့ ရန်ပွဲတွေဟာ ကြမ်းတမ်း ပေါက်ကွဲနေတတ်ခဲ့ပါသည်။ နာလုံးတွေကိုယ်စီ ပေါက်နေကြကာ ကိုယ့်ဘက်က မှားတယ်လို့ ဘယ်သူကမှ မထင်။ သူ့ဘက်က အမှားလို့ပဲ နှစ်ကိုယ်သားစလုံးက ထင်မှတ်ထားတာပင်။ များသွားသောနေ့ရက်တို့မှာ လုံးဝစကားမပြော မဆက်ဆံဘဲ ပြောစရာကြုံလာလျှင် ပြောလောက်အောင် ရင်ထဲပြည့်ကျပ်လာလျှင် ပြောဆိုဖြစ်တဲ့ စကားတို့ဟာလည်း ဤသို့ ရန်စကားတွေသာဖြစ်ကာ ခက်ထန်ကြမ်းကြုတ်နေကြသည်။

ကိုယ်နေထိုင်နေတဲ့ အဆင့်အတန်းနှင့် မလျော်ညီအောင်ကို အောက်တန်းကျစွာ အော်ကြဟစ်ကြ ပေါက်ခွဲဖွက်ဆီးကြတာပင်။ ဦးကျော်မင်းဟာ မြသက်စောကို ကိုယ်ထိလက်ရောက်တော့ ဘာမှမပြုရဲ။ ကိုယ်ထိလက်ရောက် လုပ်မိလျှင်လည်း ဒီထက်ရာကို ခေတ်ပုံရိုက်ကာ ရဲရော အမျိုးသမီးရေးရာရော ဘာရော ညာရော ရှိသမျှ အကုန်တက်တိုင်မည့် မိန်းမဆိုတာ သေချာ၍ပင်။





အင်း ... ဘုရားရှိခိုးပြီးစ အာ,ကုသိုလ်တွေ တွေးနေမိပြန်ပြီ။

ရွှေတိဂုံဘုရားကို စောစောတက်ဖို့ အစီအစဉ် မတတ်သာစွာ ဖျက်လိုက်ရသော်မဲ့ ညနေမှာ မိတ်ဆွေမ,လေးတစ်စုနှင့် ချိန်းဆိုထားတဲ့ မွေးနေ့ညစာပွဲကိုတော့ မြသက်စော မဖျက်ချင်။ သူတို့နှင့် တွေ့ဆုံချင်သည်။ ဒါကြောင့် ဒီကနေ့အဖို့ နေကောင်းအောင်နေမှ ဖြစ်မည်။ နေ့လယ်မှာ စိန်ကုန်သည်ဆီကိုတော့ သွားစရာရှိသေးသည်။ ငွေထုတ်ဖို့လည်း လိုသည်။

"မာမီ"

ဘုရားရှိခိုးရာမှ ထ,မည်အပြု လှည့်ကြည့်လိုက်လျှင် သားကြီး။

"သား ကျောင်းသွားတော့မလို့၊ မာမီ့ကို နမ်းမလို့ စောင့်နေတာ"

မြသက်စော ပြုံးသွားရသည်။ သူမရဲ့ အသက်ရှည်ဆေး အာယုဒီဃလေးတွေပင်။

"Happy Birthday မာမီ"

သားကြီးက မြသက်စော ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်နမ်းကာ လက်ထဲသို့ အထုပ်ကြီးတစ်ထုပ် ထည့်လိုက်ပါသည်။

"လက်ကိုင်အိတ် မာမီ၊ မာမီ ဒီနေ့ သွားစရာရှိရင် ကိုင်သွားနော်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်၊ လက်ကိုင်အိတ် ... သားက ဝယ်တတ်လို့လား"

"ယမင်းကို ဝယ်ခိုင်းရတာပေါ့၊ သားလည်းပါတယ်လေ၊ အတူတူ ဈေးပတ်ပြီးရှာတာ၊ ယမင်းက ဒီအိတ်ကခန့်တယ်တဲ့၊ မာမိနဲ့ လိုက်မယ်တဲ့၊ ကြည့်လိုက်ကာတည်းက မာမီ့အတွက် လုပ်ထားသလို မာမီ့ရုပ် ထွက်နေတယ်တဲ့ ဟားဟား"

"အဟင်း ... ယမင်းက မျက်စိကြည့်တာတော်ပါတယ်။ သားနဲ့ယမင်း ဘယ်လိုလဲ၊ ချစ်နေကြပြီလား သား"

"မချစ်ပါဘူး မာမီကလည်း"

"မသိဘူးလေ၊ တခြားသူငယ်ချင်းတွေထက် ပိုတွဲတာကို"

"ယမင်းက စွာတယ် မာမီ၊ သူ့ယူမိရင် လင်မယားရန်ဖြစ်ရင် သူက တအားဖိပြောမဲ့ မိန်းမမျိုး၊ အဲလိုပြောရင် သားက မုန်းမှာ၊ စကားသိပ်မပြောဘဲ အေးတဲ့မိန်းမမျိုး မလှုပ်တလှုပ်ကို ယူမှာ သားက"

မြသက်စော ရင်ထဲ အင့်ခနဲ ချက်ကောင်းထိသွားရပါသည်။ သားက ဖအေ မအေလုပ်သူတို့ရဲ့ ရန်ပွဲတွေကို မမြင်ချင်လည်းမြင် မကြားချင်လည်း ကြားနေရကာ အဲဒီကနေ သင်ခန်းစာယူနေတယ် ထင်ပါရဲ့။ တအားဖိပြောမဲ့ စွာတဲ့မိန်းမကို





မယူဘူးဆိုပဲ။ မာမီဟာ ဖိပြောတတ်တယ် စွာတယ်လို့ သားကြီးယူဆနေပုံရပါသည်။ ရှိပါစေလေ။ သားကို သူမ အပြစ်မတင်လို။ သူမကလည်း စွာတာအမှန်၊ စိတ်ပေါက်လာရင် လင်သည် အထိနာအောင်ကို ပြောပြောပစ်တာလည်း အမှန်။

ပြောတဲ့အသံ လူကြားပါသည်။ ဒီအပြောလေးတစ်ခုနဲ့ပဲ သူ့ကိုပြန်ပြီး နင်းဖိချိုးခြေလို့ရတာ။ ကလဲ့စားချေလို့ရတာ။ မိန်းမဆိုတော့ သူ ဖောက်ပြန်လို့ ကိုယ်လိုက်ဖောက်ပြန်လည်း မဖြစ်။ ဒီနည်းကိုလည်း မမက်။ သူ့ကိုတော့ နာကျင်စေလိုတဲ့ အာဃာတက ရှိနေရာ (အလိမ်အညာ မပါသော်လည်း ပြောဘဲနေရင် ရန်မများတဲ့ အကျိုးမရှိတဲ့ စကားမှန်းသိသိနှင့်) သူ တမင်တကာ နာအောင် ပြန်လှန်ဖော်ပြောတာ။

ကိုယ်ကစ,ပြီး ဒါတွေ အားတိုင်းပြောနေခဲ့တာ မဟုတ်။ သူ ခြေလှမ်းပျက်လာတဲ့အတွက် ကိုယ့်လို ဇနီးမယားအပေါ် လုပ်ရက်လေခြင်းလို့ နာကြည်းကာ မှတ်အောင် ပြောပစ်တာ။ သူက ဒီအတွက် ပိုပြီးဖောက်ပြန်ရပါတယ်ဆိုလည်း ရှိပါစေတော့။ မပြောဘဲ ကိုယ်က ဆင်ခြင်မျိုသိပ်လျှင် ကိုယ့်မှာ ခံဘက်ချည်းက။ ကိုယ့်အလံထူအလှည့် ဘယ်မလဲ။

"သား ကျောင်းသွားတော့မယ် မာမီ"

"အေး ... အေး၊ ကားဖြည်းဖြည်းမောင်းနော်၊ သူငယ်ချင်းတွေတင်ပြီး ဟေးလားဝါးလား အမောင်းမရမ်းနဲ့၊ သားအိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို မာမိ ကြိုက်တယ်၊ ယမင်းကိုလည်း ပြောပြ၊ ရွေးပေးတာ ကျေးဇူးပဲလို့၊ မာမိကြိုက်တယ်၊ ဒီနေ့ပဲ ကိုင်မယ်”

သားကြီးက လန်းဆန်းရွှင်ပျစွာ မအေရှေ့မှောက်မှ ထွက်သွားပါသည်။ သားလေးများ မနိုးသေးဘူးလား။ သားတွေဟာ အမေ့မွေးနေ့မှာ ဒီလိုပဲ သိတတ်စွာ လက်ဆောင်ပေးကြမြဲ။ တစ်နှစ်မှ မပျက်။ ဦးကျော်မင်းကတော့ သူမမွေးနေ့ကို မေ့လျော့သွားတာ ရှစ်နှစ်ရှိပြီထင်သည်။ သူမကလည်း မမက်မောပါ။

ဟိုတုန်းက မွေးနေ့လက်ဆောင် ပေးလေ့ရှိကတည်းကိုက သူ့လက်ဆောင်တို့ဟာ မြသက်စောအတွက် သက်သက်ရယ်လို့ ဘယ်တော့မှ မဟုတ်။ တစ်ကိုယ်ကောင်းဆန်တဲ့ ဘဝမှာ မွေးနေ့လက်ဆောင် ပေးတာကအစ သူပါသုံးလို့ရတဲ့ ပစ္စည်းမျိုး။ ဟွန်း။ တွေးရင်းက မုန်းလိုက်တာ။

ငွေရှားပါးစဉ်တုန်းက သူ့ရဲ့ မွေးနေ့လက်ဆောင်တို့ဟာ လက်သည်းညှပ်တို့ ခေါင်းအုံးစွပ်တို့ မျက်နှာသုတ်ပဝါတို့ စသဖြင့် နှစ်ယောက်အတူသုံးလို့ရတဲ့ အိမ်သုံးပစ္စည်းတွေ ဖြစ်သည်။ ပိုက်ဆံရှိလာတဲ့ နောက်ပိုင်းတွင် ပေါင်မုန့်ကင်စက်တို့ ညှော်ခန်းမှာခင်းဖို့ လိုနေတဲ့ ကော်ဇောတို့ ရေချိုးခန်းအတွက် ဝါတာဟီတာတို့ ဖြစ်တတ်သည်။

ပေါင်မုန့်ကင်စက်နှင့် သူ့ကို ကင်ကျွေးရပြီး ဝါတာဟီတာကလည်း ရေနွေးချိုးရတာ ကြိုက်တဲ့ သူ့ဖို့ပဲ အသုံးဝင်





တာ ဖြစ်သည်။ သီးသန့် မြသက်စော အကြိုက် တစ်ယောက်သုံး သက်သက်ဆိုတာ တစ်ခါမှ မရှိဘူးခဲ့။ ဒီတုန်းက ကိုယ်ကလည်း အချစ်မပြယ်သေး၍ သူ့ကို ရယ်မောဝေဖန်ရုံပင်။

သူကလည်း ...

“အိမ်အတွက်လည်း လိုနေတာ အသုံးတည့်တာဆိုတော့ ပိုကောင်းတာပေါ့ မိန်းမရာ”တဲ့ ...။

အိမ်သုံးတွေ ဝယ်ဖို့များ မိန်းမမွေးနေ့ထိ စောင့်နေဖို့ မလိုပါဘူး။ ဝယ်လိုက်ပေါ့။ ကြာတော့ အောင့်သက်သက် ဖြစ်ရသည်။ နောက်ဆုံးနှစ်တုန်းကတော့ မိန်းမအတွက် UBC စလောင်း ဆိုပြီး နှစ်ပေတစ်ချပ်ဝယ်ကာ ငွေသွင်းပြီးတဲ့ကတ်ကို လက်သို့အပ်သည်။ ပြီးတော့ သူချည်း ကြည့်လိုက်ရတာ အားကစားချယ်နယ်လ် သတင်းချယ်နယ်လ် ဆီးရီးစ်ချယ်နယ်လ်တွေ။ ကိုယ်ကြည့်ချင်တဲ့ လိုင်းတောင် လှည့်ခွင့်မရ။

“ရှင်ပြောတော့ ကျွန်မမွေးနေ့ဖို့ လက်ဆောင်ဆို” လို့ အငေါ်တူးမိတော့ စိတ်ကောက်တော်မူပြီး နှစ်ပတ်လောက် စလောင်းမကြည့်ဘဲ နေခဲ့သေးသည်။ နောက်တော့လည်း သူချည်း ပြန်ကြည့်တာပါပဲ။

“မာမိ”

“ဟော ... သားလေး နိုးပြီလား၊ မာမိက အိပ်တုန်းလားလို့”



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဘုရားရှိခိုးနေလို့ ကျော်ကျော် မုန့်အရင်သွားစား နေတာ၊ ကိုကိုပေးတဲ့ အိတ်လား၊ လှတယ်နော်။ ကျော်ကျော် က မာမီ့ဖို့ ဖိနပ်၊ ဟက်ပီးဘသ်ဒေး မာမီ"

သားလေးက မြသက်စောကို ဘယ်ပြန် ညာပြန် နမ်းပြန်သည်။ သူ့လက်ထဲက စက္ကူဆွဲအိတ်လေးထဲက ဖိနပ်လေး ကိုလည်း အမေရှေ့ ချသည်။

"မာမီ့ Size ပဲ၊ မာမီ့ အကြိုက် ပင်ဆယ်လ်ဟီးလ်၊ ကျော်ကျော် Heat wave က ရှာဝယ်လာတာ၊ စိန်လေးတွေ နဲ့ မာမီ ကြိုက်တယ် မဟုတ်လား"

"သားလေးကိုယ်တိုင် ရွေးတာလား"

"ဟုတ်တယ် မာမီ"

"မာမီ့ သားလေးက သိပ်တော်တာပဲ၊ ဖိနပ်လေးလည်း မာမီကြိုက်လိုက်တာ၊ တကယ် လှတယ်ကွယ်၊ အတော်ပဲ၊ အိတ်လည်းအဖြူ ဖိနပ်လည်းအဖြူ၊ ဒီနေ့ မာမီ နှစ်ခုလုံး ထုတ်ကိုင်မယ် စီးမယ်"

"မာမီ သွားစရာရှိလို့လား"

"နေ့လယ်မှာ စိန်ကုန်သည်ဆီနဲ့ ငွေထုတ်ဖို့ဆီ၊ ညနေမှာ မာမီ့မိတ်ဆွေတစ်စုကို ဘသ်ဒေးဒင်နာလေး ကျွေးဖို့ ရှိ တယ်"

"မာမီ နေကောင်းလို့လား"





"ကောင်းပါတယ် သားရယ်"

"ဒါဖြင့် ကျော်ကျော်လည်း ကျောင်းသွားတော့မယ်"

"အေး ... အေး"

မြသက်စောသည် ဖိနပ်သစ်ကို အိမ်ထဲမှာချစီးပြီး အိတ်ကိုလွယ်ကာ သူ့ရဲ အခန်းရှိရာ လျှောက်လာခဲ့သည်။ တစ်ကိုယ် လုံးပေါ်တဲ့ မှန်ရှည်ရှည်လေးထဲတွင် အသက်လေးဆယ့်တစ်နှစ် ပြည့်တဲ့ သူမကိုယ်သူမ နုပျိုလှပဆဲလို့ ထင်မိသည်။

ငယ်ငယ်ကတော့ ဒီထက်ကို အင်မတန်လှသေးတာ ပေါ့။ ဒါကြောင့်ပဲ စိတ်မချနိုင်ဘူး မခွဲနိုင်ဘူး ဘာညာနှင့် လော စရာမရှိ ကြံဖန်လာပြီး မြသက်စောကို မောင်ကျော်မင်းက ငယ် ငယ်ရွယ်ရွယ်မှာ စိတ်အလိုလိုက် ခိုးပြေးခဲ့သည်။ ဒီကလည်း ရူးရူးမိုက်မိုက် လိုက်သည်။ ကံကောင်းလို့ ဘဝမပျက်ခဲ့ အညွန့် မတုံးခဲ့ကြတာ ဖြစ်သည်။

မြသက်စော လူကြီးဆန်ကာ အနစ်နာခံခဲ့တာလည်း ပါသည်လို့ ကိုယ့်ကိုယ်ကိုယ်တော့ ထင်စားမိတာပင်။ သူမက ရိုးရိုးမေကျာဝင်တာ။ ဦးကျော်မင်းက စက်မှုတက္ကသိုလ်ဝင်တာ။ မြသက်စောသည် ငှားနေတဲ့ အိမ်လေးမှာတင် ဆီးထုပ်ဆိုင် ချိုချဉ်ဆိုင်က စ,ဖွင့်ပြီး တဖြည်းဖြည်း ဆီပုံးဝယ်ထားကာ ခွက် ချင်နှင့် ရပ်ကွက်ထဲ ပြန်ရောင်းတာမျိုး၊ အထည်တွေ လပေးလိုက် ရောင်းတာမျိုး၊ အမျိုးမျိုး စီးပွားတိုးရာကာ ကုတ်ကပ်စုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပါးစပ်မို့ဆို ကိုယ်မသထာ။ ကိုယ့်ခါးပေါ် ကိုယ်အဝတ်သစ် မတင်ရက်၊ တက္ကသိုလ်ကျောင်းသား လင်တော်မောင်လေးကို ဆင်ရသည်။ နှစ်ဖက်လုံးက အမွေဖြတ်ထား၍ ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးရသည်။ အဲဒီကနေ ဈေးမှာ ကုန်စုံဆိုင်။ နောက်ထပ် နိုင်ငံခြားဖြစ် စားဖွယ် သံဘူးတွေ ထောပတ် ချိစ်တွေ နိုင်ငံခြားမုန့်ပုံးတွေ ချောကလက်တွေ ရောင်းတဲ့ မုန့်မျိုးစုံ ဆိုင်တစ်ဆိုင် ကပ်လျက်မှာချဲ့။

ရသမျှကို ချွေစု။ တစ်မတ်ရ တစ်မတ်စု။ နှစ်ပဲရ နှစ်ပဲစု။ ရွှေတိုးပွားလာတော့ ဟိုဟိုဒီဒီ အစွန်အဖျားကလေးတွေမှာ ဈေးပေါသေးတဲ့ လေးဆယ် ခြောက်ဆယ် မြေကွက်လေးတွေ ဝယ်အောင်းထား။ တစ်ပြိုင်နက်တည်းမှာ စိန်ကျောက်ပွဲစားဝယ်ရောင်းလည်း လုပ်လိုက်သေး။ အားချိန်မထားပဲ အိမ်ပေါက်စေ့ကို ပစ္စည်းလိုက်ပြကာ စီးပွားကို ကျုံးရုံးရှာတာပင်။

ငှားနေတဲ့ အိမ်လေးကို ကိုယ်တိုင်ပြန်ဝယ်လိုက်ကာ ကန်ထရိုက်လက်အပ်၍ တစ်ခြမ်းပေး တစ်ခြမ်းယူခေတ်ကို မီလိုက်တော့ ကိုယ်လည်း တိုက်ခန်းနှင့် နေရကာ အခန်းပိုတွေ ရောင်းရငွေလည်း ထွက်လာသည်။ ဉာဏ်ရော ဝီရိယပါ စိုက်ထုတ်တဲ့အထဲ ကံကလည်း လိုက်တယ်ပြောရမှာ ဖြစ်ကာ သူမ လုပ်သမျှ အောင်မြင်ပါသည်။





ဦးကျော်မင်း အစိုးရအလုပ် ခဏဝင်ချိန်မှာ လင်ကို ရုံးတက်ဖို့ ဖောက်စ်ဝက်ဂွန်းကား ဝယ်ပေးနိုင်တဲ့ မယားမျိုး မို့ ခုချိန်မှာ ကိုယ့်ဘဝကိုယ် ပိုပြီးရင်နာတာ။ အိမ်ထောင်ကျတော့ ငယ်ငယ်ကလေးတွေ။ အသက်နှစ်ဆယ်ကျော်မှ ကိုယ်ဝန်ယူကာ သားကြီးကို နှစ်ဆယ့်နှစ်နှစ်မှာ မွေးပါသည်။

အင်ဂျင်နီယာ လင်နဲ့ သားနဲ့ ကားနဲ့ တိုက်ခန်းနဲ့ ဖြစ်နေတဲ့ မြသက်စောကို ယောက္ခမကြီးတွေဖြူကာ ပြန်လည်ဆက်ဆံ ခေါ်ပြောကြတဲ့အခါ သားအငယ်ပါ အိမ်ပေါ်ရောက်လာသည်။ ဆရာဝန်လိုင်းရတဲ့ သူ့ညီလေးကို ကျောင်းထားပေးဖို့ အဲဒီတုန်းက အဟုတ်ကို ကြည်ဖြူခဲ့တာပါ။ အဲဒီတုန်းက သူ့အဖေ အဆိုတော်ဟောင်းကြီးလည်း ဘာသီချင်းမှ မဆိုရတော့။ နောက်ပိုင်း လူငယ်တွေ သီသူတောင် နည်းသွားပြီ။ အရင်က ဝန်ထမ်းတွေ ဖြစ်ခဲ့တဲ့ သူ့မိဘတွေက ပင်စင်စားတွေဖြစ်ကာ တိုင်းထွာသုံးစွဲကြရပြီမို့ ဆေးကျောင်းသား တစ်ယောက် စရိတ်လျော့တာဟာ နည်းတာ မဟုတ်ပါ။

ကိုယ်သောင်းဂဏန်းနဲ့ ဝယ်ထားတဲ့ မြေကွက်နေရာလေးတွေ စည်ပင်လာ ဈေးတက်လာတဲ့အချိန် ဦးကျော်မင်းလည်း အလုပ်အတွေ့အကြုံ နည်းနည်းပါးပါး ရပြီးချိန် အလုပ်အပြီး ထွက်စေလိုက်ပြီး ထိုမြေကွက်လေးတွေထဲ ငွေစုလိုက် တိုက်ဆောက်လိုက်။ ပြန်ရောင်းချိန်မှာ အိမ်ခြံမြေ တက်ဈေးတွေမိကာ အံ့သြရလောက်အောင် ချက်ချင်းလ င်း ကြီးပွားလာတာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်ထက် ပိုပြေလည်တဲ့ ကိုယ့်မိဘကိုတောင် ဘာမှ အထုပ်အထည် မပေးဖူးပါ။ သူ့မိဘကိုသာ ကိုယ်နေခဲ့တဲ့ မြေညီထပ်တိုက်ခန်းကလေး လက်ဆောင်ပေးဖြစ်ခဲ့သေးတာ။ လင်တော်မောင်ကို ချစ်တဲ့ဓာနဲ့ မျက်နှာလုပ် ဖားခြင်းလည်း တစ်ဝက်ပါသည်။ ဝင်ငွေမရှိတဲ့ သူ့မိဘများ နဂိုနေခဲ့တဲ့ ခြံသေးသေး အိမ်သေးသေးကလေးကို ငှားရမ်းခြင်းဖြင့် လစဉ်အိမ်ငှားခငွေကို သုံးစွဲစားသောက်သွားနိုင်ဖို့ စေတနာလည်း တစ်ဝက်ပါပါသည်။

မြသက်စောရဲ့ မိဘတို့ကတော့ သားသမီးရယ်လို့ မြသက်စော တစ်ဦးတည်းမို့ တာဝန် အထုပ်အပိုးလည်း မကျန်တော့ကာ နဂိုကပင် စီးပွားရေး လုပ်ကိုင်ကြတဲ့ ကုန်သည်တွေမို့ သူတို့ဟာနှင့်သူတို့ အဆင်တပြေ။ အပိုဆာဒါးမပါဘဲ ပြောရလျှင် မြသက်စောသည် ကိုယ့်အမျိုးအဆွေဘက် ကိုယ်ယက်တဲ့ မိန်းမစားမျိုး မဟုတ်ခဲ့။ လင့်အမျိုးဘက်ကိုသာ မျက်နှာလုပ်တဲ့ မိန်းမစားမျိုး။

မိဘနှစ်ပါးကို ဒီနေ့အထိ ဆန်လို ဆီလို တခြားစားသောက်ဖွယ်ရာတွေ ကောင်းနိုးရာရာလေးတွေမျိုးသာ ဖြည့်ဆည်း ပံ့ပိုးဖူးခဲ့ပြီး ဦးကျော်မင်း မိဘတွေဘက်ကိုတော့ သူတို့မှာလိုအပ်နေသမျှ ပိုပြီးတန်ဖိုးကြီးတဲ့ အသုံးအဆောင်မျိုးတွေ ပံ့ပိုးပေးခဲ့တဲ့သူ ဖြစ်သည်။





အခုလို ဦးကျော်မင်းရဲ့ ဆောက်လုပ်ရေးလုပ်ငန်းက တရိပ်ရိပ် တက်ပြီး တစ်ရှိန်ထိုး ကြီးပွားချမ်းသာလာတော့ ဦးကျော်မင်း အမေကအစ မျက်နှာအချိုးအချိတ် ပြောင်းလဲလာသည်။ အရင်လို သူတို့အတွက် လက်မနှေးတဲ့ ချွေးမအပေါ် ပျူငှာဖော်ရွေ ရွှန်းရွှန်းဝေတာမျိုး မရှိတော့။ သူတို့ရဲ့သားသမားတော်ကြီးကလည်း လူပျိုကြီးမို့ သူတို့ လက်မထောင်ပြီ။

ခုလို သူတို့သားကြီး ဦးကျော်မင်းနဲ့ ချွေးမ မြသက်စောတို့ စိတ်ဝမ်းကွဲကြတယ် ကြားတော့လည်း လူကြီးသူမရယ်လို့ ဖျန်ဖြေစေ့စပ်ခဲ့သူတွေ မဟုတ်။ ချွေးမကတစ်ဆင့် ကျရတော့မှာ မဟုတ်ဘဲ သူတို့သားအရင်းထံက အလိုရှိသမျှ လက်ဖြန့်နိုင်ပြီဖြစ်ရာ ခပ်တင်းတင်းတွေ ပြန်ဖြစ်နေကြပြန်သည်။ စိတ်ဓာတ်မမှန်တဲ့လူတွေ။ မြသက်စောကလည်း စိတ်နာနာနှင့် ခုချိန်မှာ သူတို့ကို လုံးဝမဆက်ဆံတော့ပါ။

ထိုအခါ သူ့မိဘကိုပါ ရောပြီး မခေါ်ပြောတဲ့မိန်းမဆိုတဲ့ အမြင်နှင့် ဦးကျော်မင်းက မြသက်စော အပေါ် ပိုပြီးအငြိုးထား။ အိုး ... သူမတို့ အဖြစ်ဟာ တကယ့်ကို မှန့်လုံးစက္ကူကပ်ပြီး ဂျာအေး သူ့အမေရိုက်နေတဲ့ ဓာတ်လမ်းမျိုး။ ကြက်ဥနှင့်ကြက်မ ဘယ်ဟာအစ,ဆိုတာလို အဖြေရှာရခက်တဲ့ ပြဿနာမျိုး။ ရှိပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကို ထည့်မစဉ်းစားနေချင်တော့။ ကိုယ့်ဘက်ကတော့ သူ့ကို တကယ်ပင် စိတ်ကုန်နာကြည်းခဲ့ပြီ။ သူ ပြန်မလာရင် ပဋ္ဌာမြေလူးမတတ် အပူဟပ်ခံရတဲ့ အခြေအနေမျိုးမှ ပြန်မလာလေ နားအေးလေ အကုသိုလ် နည်းလေလို့ သဘောထားနိုင်တဲ့ အဆင့်ကို ရောက်ခဲ့ပြီ။

အကြောင်းတိုက်ဆိုင်ရင်တော့ သင်းတို့ယောကျ်ားတွေရဲ့ တစ်ကိုယ်ကောင်းစိတ်၊ အတ္တစိတ်၊ သည်းညည်းမခံမှု၊ သေးသိမ်မှု၊ သစ္စာမဲ့မှု၊ တာဝန်မဲ့မှု စတာတွေကို ယုံကြည်လောက်တဲ့ အဖော်အပေါင်းထံ ရင်ဖွင့်ချင်တုန်းပင်။ ယယ်ကျွမ်းမိတ်ဆွေတွေလည်း မြသက်စော ဇာတ်လမ်းကို အားလုံးသိကြသည်။ သိအောင်လည်း မြသက်စော ကိုယ်တိုင်က ပြောသည်။ ရင်ဖွင့်သည်။ ကိုယ့်ရဲ့ အိမ်ထောင်ရေး မပြေလည်မှုကိုလည်း သူစိမ်းသိမှာ မြသက်စောက မရှက်ပေ။ ကိုယ်က ဖောက်ပြန်သူမှ မဟုတ်တာ။ ဘာရှက်စရာရှိလို့လဲ။

❋ ❖ ❋





## ၇

ငါးနာရီခွဲလို့ ချိန်းခဲ့ကြပေမဲ့ သူမက ငါးနာရီခွဲဖို့ ဆယ်မိနစ်လောက်ကတည်းက ရောက်နေသည်။ ကြိုတင်ချိန်းထားတဲ့ စားသောက်ဆိုင်က ခြံဝင်းနှင့် ကျယ်ပြန့်တဲ့ဆိုင်ကြီးဖြစ်ကာ ရောက်ကတည်းက ရှေ့ဘက်ပါကင် အပြန့်ကျယ်ကို ရှင်းရှင်းမြင်ရတဲ့ ဝင်ပေါက်အစပ်က စားပွဲမှာ နေရာယူနေလိုက်သည်။

စားပွဲထိုးလေးတွေကို အဖော်တွေ စောင့်ရဦးမည်ဟု အသိပေးကာ ဘာမှမမှာဘဲ ဒီအတိုင်း ထိုင်စောင့်နေပါသည်။ ငါးနာရီခွဲကနေ မှာမှာနဲ့ စားသောက်မှာနဲ့ စကားထိုင်ပြောကြမှာနဲ့ အနည်းဆုံး ခုနစ်နာရီခွဲလောက်မှ ပြီးမှာ။ စကားဝိုင်းက မမြှော်လင့်ဘဲ အရှိန်ကောင်းပြီး ဖြတ်မရ ဖြစ်နေနိုင်သေးသည်။ မောင့်ကိုတော့ ဒီည ရှစ်နာရီထက် ပိုစောပြီး ပြန်မရောက်ဘူး ဆိုတာကြိုပြောထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုယ်ပေါ်က ခရမ်းသီးပုပ်ရောင် ဝတ်စုံက လေးဟာ ပြီးခဲ့တဲ့ တစ်ပတ်က မောင်ဝယ်ပေးတဲ့ ဝတ်စုံ။ ခုမှ ပထမအကြိမ် ဝတ်ဖြစ်တဲ့အသစ်။ မောင်က လက်ဆောင်တစ်ခုခု ဝယ်လာပေးပြီးလျှင် ဝတ်လေ သုံးလေနှင့် တိုက်တိုက်တွန်းတွန်း လုပ်တတ်သည်။ ဝတ်ဆင်သုံးစွဲထားတာကို သူ မြင်လျှင်လည်း "လှလိုက်တာကွာ" လို့ စိတ်ပါ လက်ပါ ချီးမွမ်းတတ်သူ ဖြစ်သည်။

မောင့်မျက်စိထဲ သူမဟာ ခုချိန်ထိတော့ လှပနေတုန်း လန်းဆန်းနေတုန်းပဲလို့ မျှော်လင့်ထားရပါသည်။

"လာပြီ"

သူမ တီးတိုးကလေး ရေရွတ်လိုက်မိသည်။ ပေါ့ကင် မှာရပ်လိုက်တဲ့ နီညိုရောင် ဆူဇူကီးဝက်ဂွန်ကားလေးထဲက အမျိုးသမီးကို လှမ်းမြင်လိုက်ရ၍ပင်။ သေချာပါတယ်။ အမျိုးသမီး တစ်ယောက်တည်း လာတယ်။ ပြီးတော့ အသက်အရွယ် အပိုင်းအခြား။ ပြီးတော့ ဝံ့ကြွားတင့်တယ်တဲ့ အလှ။ ပြီးတော့ ဆိုင်ထဲ ဟိုဟိုဒီဒီ စူးစမ်းရှာဖွေတဲ့ မျက်ဝန်းများ။

အသေချာဆုံးက မာမီက သူ ကြက်သွေးနီညိုပုပ် ဝတ်ဆင်လာမယ်လို့ အားလုံးကို အသိပေးထားတာက အဓိက အချက်ပင်။

ကားပေါ်က ဆင်းလာတဲ့ မာမီ့ အလှအပကို သူမ က အံ့အားသင့်နေသည်။ သူမ လေးဆယ့်တစ်နှစ် အရွယ်မှာ





ဒီလောက် လှပပါဦးမလား။ အရွယ်တင်ပါဦးမလား။ ဘဝမှာ သောကဗျာပါဒ ဒဏ်ရာဒဏ်ချက် အနာတရ ကြုံကြိုက်ခဲ့ရတဲ့ မိန်းမတစ်ယောက် ဖြစ်တဲ့တိုင် မာမီက နုပျိုသည်။

ကတ္တီပါသွေးကျတဲ့ နီညိုပုပ် ဝတ်စုံ၊ လက်မှေ့အိတ် အဖြူ၊ ဒေါက်ဖိနပ် အဖြူရောင်၊ စိန်အဆင်တန်ဆာလေးတွေ တောက်ပလက်ဖြာလျက် မာမီ့ပုံစံက အထက်တန်းလွှာရုပ် ထွက်နေသည်။ မှန်တံခါးချပ်ကြီး တွန်းဖွင့်ဝင်လာတဲ့ မာမီက တံခါးဝ မှာပင်ရပ်ကာ စားပွဲတွေဆီ မျက်စိအဝေ့ သူ့ကိုစိုက်ကြည့်နေတဲ့ သူမနှင့် မျက်လုံးချင်းစိုက်ကာ သုံးစက္ကန့်မျှ အကြာတွင် သေချာ ပိုင်နိုင်သွားသလို ပြုံးလိုက်ကာ သူမထံ ဦးတည်လျှောက်လာသည်။

သူမက ထိုင်ရာမှ ထ,ရပ်နှင့်သည်။ မာမီက ညာ လက်ကမ်းလာ၍ ပြန်လည်ဆွဲလှုပ်ယမ်းလိုက်ပါသည်။

"မာမီပါ ... ဘယ်သူလဲ မသိဘူးနော်"

"ဝင်ဒီပါ မာမီ"

"အို ... ဝင်ဒီလား၊ တွေ့ရတာ သိပ်ဝမ်းသာတာပဲကွယ်၊ ချစ်စရာ ကောင်းလိုက်တာ၊ ကိုယ့် မိတ်ဆွေမလေးတွေ ဒီ လောက်လှနေကြမယ်တောင် မထင်ဘူး"

"မာမီကမှ တကယ်လှတာပါ"

"မာမီက အသက်ကြီးပါပြီ ဝင်ဒီရယ်"

"မာမီက တအားနုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်ရဲ့စိတ်ကို ကိုယ်ထားတတ်လို့ ဖြစ်မယ်၊ စိတ်ဆင်းရဲနေတတ်ရင် ရုပ်ကျတယ်၊ ဘဝဆိုတာတော့ ခလုတ်ကန်သင်းတွေ ရှိတတ်တာပဲပေါ့လေနော်၊ ဒါတွေကို အရှုံးမပေးဖို့ လိုတာ"

ဝင်ဒီသည် မာမီ့ကို စူးစိုက်ကြည့်ကာ အလေးအနက် ခေါင်းညိတ်ပြလိုက်ပါသည်။ လွယ်ထားတဲ့ အိတ်ထဲမှ ဘူးကလေး-တစ်ခုကို ထုတ်ယူလိုက်ရင်း ...

"ဟက်ပီးဘာ်ဒေး မာမီ"

"အို ... မလိုပါဘူး ဝင်ဒီရယ်၊ မဟုတ်တာ၊ ကလေးတွေက လက်ဆောင်ပေးရမယ်လို့"

ဝင်ဒီက မာမီ့ရှေ့သို့ ဘူးလေးကို တိုးရွှေ့လိုက်ရင်း ...

"ကျွန်မက ရေမွှေး သိပ်ကြိုက်တာ မာမီ၊ ကိုယ့်ကိုယ်မှာ ရေမွှေးတစ်ခုခု ဆွတ်ထားရမှ ကိုယ့်ကိုယ်ကိုယ် နေရထိုင်ရ သက်သောင့်သက်သာရှိပြီး လုံခြုံတယ် ထင်မိတာ ကျွန်မ ရဲ့ အားနည်းချက် တစ်ခုပဲ၊ ရေမွှေးဆွတ်မထားမိရင် ဘဝ မှာပါ တစ်ခုခု လိုအပ်နေတယ်လို့တောင် ထင်မိတယ်၊ ကျွန်မ ရေမွှေးသိပ်နှစ်သက်မှန်းသိတော့ မောင်က အမြဲ ရေမွှေး အသစ်အသစ်တွေ လက်ဆောင်ဝယ်ဝယ်ပေးပါ တယ်၊ ဒီပုလင်းလေးက သေးပေမဲ့ မာမီ့ အသက်အရွယ် နဲ့လည်း လိုက်ဖက်မယ် ထင်ပါတယ်၊ Burberry ပါ





မာမီ၊ အစွမ်းသတ္တိရှိတဲ့ မာမီ့လို အမျိုးသမီးတစ်ယောက် နဲ့ သိကျွမ်းဆုံစည်းရ ခင်မင်ရတာကို အမြဲဂုဏ်ယူနေမှာပါ၊ မာမီ့ကို ဂုဏ်ပြုတဲ့ အနေနဲ့ ပေးတာပါ"

ရှည်လျားတဲ့ စကားလုံးလှလှတို့ကြားမှာ မြသက်စောပင် မှင်သက်မိနေသည်။ ထို့နောက်တော့ အပြုံးကလေးနှင့် ခေါင်းညိတ်လိုက်ပြီး ...

"ကျေးဇူးတင်တယ် ဝင်ဒီ၊ မာမီလည်း ရေမွှေးကြိုက်ပါ တယ်၊ အရင်းနှီးဆုံး မိတ်ဆွေတွေလို့ ကိုယ်တို့ သတ်မှတ် ကြရအောင်၊ ဟော ...၊ ဟိုမှာလာနေတာ ထောပတ်တုံး လို့ ထင်မိတယ်"

ဝင်ဒီက လှည့်ကြည့်လိုက်ပါသည်။

"ဟယ်"

ဝင်ဒီ့ မျက်နှာက တအံ့တသြ ကြည်လင်စွာ ပြုံး သွားပါသည်။

"ဝင်ဒီနဲ့ သိနေတဲ့သူလား"

"သိတော့ မသိကြဘူး မာမီ၊ မြင်ဖူးခဲ့တာ၊ ဟုတ်တယ် နော်၊ အဲဒါ မထောပတ်ပဲ ထင်တယ်"

ဆံပင်ရှည်လေးတွေ ဒီအတိုင်း ဖြန့်ချထားတဲ့ မပိန် မဝ သွယ်လျသော အမျိုးသမီးလေးက သူမထံ လှမ်းကြည့်နေတဲ့ အရွယ်နှစ်မျိုးနှင့် မိန်းမနှစ်ယောက်ကို မှန်ချပ်မှဖောက်ကာ ပြ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ခြေလှမ်းတွေသွက်ကာ ပြေးလုနီးပါး ဝင်လာသည်။ မီးပြာတောက်တောက် ရင်စေ့လက်ပြတ်နှင့် လုံချည်တစ်ရောင်စာည်း ဝတ်စုံလေးက သူမကိုယ်တွင် ချပ်ရပ် အချိုးကျကာ ကြည့်ကောင်းလှသည်။ ရိုးအေးယဉ်ကျေးတဲ့ ပုံစံကလေးဟာ သူမတစ်ကိုယ်လုံးမှာ လွှမ်းခြုံပေါ်လွင်နေပါသည်။

"မာမိလား ...၊ သူ ... သူက ... အဟင်း ...၊ ဟိုညီမပဲ"

"ထောပတ်တုံးလား"

"ဟုတ်ကဲ့ မာမီ၊ တွေ့ရတာ ဝမ်းသာလိုက်တာ၊ ညီမကကော"

"ဝင်ဒီပါ မထောပတ်"

"ဟယ် ... ဝင်ဒီ၊ ဟိုးတစ်ရက်က တို့ တွေ့ကြတယ်နော်"

"ဟုတ်တယ် မထောပတ်၊ ဝင်ဒီ မှတ်မိပါတယ်၊ ဒီမှာလေ၊ အဲဒီဖိနပ်လေးလည်း ကျွန်မ စီးလာတယ်"

"ဝမ်းသာလိုက်တာ၊ အပြင်မှာ တွေ့ရတာ သိပ်ပျော်တာပဲ၊ ဟက်ပီးဘသ်ဒေးနော် မာမီ၊ မာမီက သိပ်လှတာပဲ၊ ဝင်ဒီလည်း လှတာပဲ၊ မာမီက ထင်တာထက် နုပျိုနေတာပိုတယ်၊ မာမီရယ်၊ မာမီ့ကို တွေ့ရတာ ..."

ထောပတ်တုံးသည် စကားမဆက်ဖြစ်ဘဲ ရင်ထဲကတိမ်းကပါး လှုပ်ရှားလွန်းလာသလို မျက်ရည်လေးပင် ရစ်ဝဲလာသည်။





"အို ... ဘာဖြစ်လို့လဲ သောပတ်တုံးရဲ့၊ ပျော်ရမှာလေ"

"ပျော်တာပါ။ ကျွန်မ အရမ်းပျော်တာ၊ ဒါပေမဲ့ မာမီ့ကိုတွေ့တော့ ကျွန်မ စိတ်မကောင်း ဖြစ်ရတာ တစ်ခုက ဒီလောက်လှ ဒီလောက်ကျက်သရေရှိပြီး ဒီလောက်ထက်မြက်တဲ့ မိန်းမတစ်ယောက်ကိုတောင် သူ့ယောကျ်ားဟာ ရက်စက်နိုင်တယ် ဆိုရင် ကျွန်မတို့အဖို့ဆိုရင် မျှော်လင့်ချက် မရှိနိုင်လှဘူး ဆိုတာ တွေးမိသွားတာပါ မာမီ"

"အို ... ဘာဆိုင်လို့လဲကွယ်၊ လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာ ရှိပါသေးတယ်။ ကုသိုလ်ချင်း အကျိုးပေးချင်း မတူကြပါဘူး သမီးရယ်"

"ဟင် ... မာမီကလည်း သမီးတဲ့၊ ယှဉ်လိုက်ရင်ဖြင့် သုံးလေးနှစ် ကွာမလား ထင်ရတာ"

"ဒါပေမဲ့ ကိုယ်က သားလုပ်ဖို့တွေရှိတော့ တော်ရုံ ကိုယ့်ထက်ငယ်ရွယ်တဲ့ အရွယ်တွေတွေ့ရင် သမီးတို့ သားတို့ခေါ်မိတတ်တာ နှုတ်ကျိုးနေပြီ သောပတ်ရေ၊ နာမည်နဲ့လိုက်ပါရဲ့ ထောပတ်တုံးရယ်၊ အလကားနေရင်းကို အရည်ပျော်ကျမဲ့ ရုပ်ပဲ၊ ဟင်း ဟင်း"

"ဟုတ်ပါရဲ့ မထောပတ်ရယ်၊ မထောပတ်က နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့လေးရယ်နော်"

ထောပတ်တုံးက ဝင်ဒီ့ကို ပြုံးကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ဒီကကျတော့ မိုဒယ်လ်လေးနဲ့ တူတယ်၊ ဟိုးတစ်နေ့ကတည်းက ကြည့်နေတာ၊ ဒီကောင်မလေး ချစ်စရာလေးလို့၊ ပိန်ပိန်သွယ်သွယ်လေးနဲ့ ကြော့ရှင်းနေတာပဲ၊ အရပ်လည်း အမြင့်ကြီးနော်၊ ဝင်ဒီ Post တွေထဲမှာ ဝင်ဒီကို နှစ်ဆယ့်ခြောက်နှစ်လို့ သိထားတာ၊ တကယ်တမ်း ကျတော့ တက္ကသိုလ်ကျောင်းသူလေးလောက်ပဲ ထင်ရသေးတယ်"

သုံးယောက်လုံးဟာ မျက်နှာတွေကိုယ်စီ ပြုံးနေကြပါသည်။ ကွန်ပျူတာပေါ်မှာသာ မမြင်ရ မတွေ့ရပဲ လူချင်းရင်းနှီး ခင်မင်နေကြလျက် အပြင်မှာ တွေ့လိုက် ဆုံလိုက်ကြရတဲ့အဖြစ်က စိတ်လှုပ်ရှား ရင်ခုန်စရာ ကောင်းနေသည်။ အသစ်အဆန်း ဖြစ်နေသည်။

"မာမီ ...၊ မာမီ့ကိုလေ ကျွန်မ လေးဆယ့်တစ်နှစ်ဆိုပြီး ဒီထက် အရွယ်ကြီးမယ် မှန်းပြီးတော့ မာမီ ပွဲလမ်းခြုံလို့ ရအောင် ကက်ရှ်မီးယားပဝါလေး မွေးနေ့လက်ဆောင်ယူလာတာ"

ထောပတ်တုံးက လက်ထဲက ကြိုးကိုင်းတပ် စက္ကူအိတ်ပြောင်ပြောင်ကလေးကို မာမီ့လက်သို့ ကမ်းရင်း ဆိုသည်။

"ဟာ ... လာပြန်ပြီ၊ မွေးနေ့လက်ဆောင် မလိုပါဘူးကွယ်၊ မွေးနေ့ပွဲလည်း မဟုတ်ဘူး၊ သက်သက် ဒီလူတွေ ဆုံချင်လို့ ကျွေးတဲ့ပွဲပါ"





"ဒါပေမဲ့ ဘယ်ရမလဲ၊ ကျွန်မတို့ ပေးချင်သေးတာပေါ့၊ နော် ဝင်ဒီရယ် ...၊ မာမီ့ကို ကျွန်မတို့က ဒီလောက် လေးစားအားကိုး ချစ်ခင်ကြတာ၊ ခုတော့ ပဝါခြုံရမဲ့ အရွယ်တောင် မဟုတ်သေးဘူး ဖြစ်နေပြီ"

"ပဝါက အသက်အရွယ်နဲ့ မဆိုင်ပါဘူး၊ ခုခေတ်တော့ မိန်းမငယ်လေးတွေလည်း ပွဲတွေမှာ ခြုံကြတာပါပဲ၊ မာမီက ပဝါသိပ်ကြိုက်ပါတယ်"

"ကက်ရှ်မီးယားပဝါလေးမို့ အမွေးလေးတွေကလည်း သိပ်နူးညံ့တယ်၊ ငွေရောင်တစ်ထပ်လက်နေတဲ့ အနက်လေး မာမီ၊ သိပ်လှလို့ မာမီ့ဖို့ ရည်ရွယ်ဝယ်ခဲ့တာ"

"ကျေးဇူးတင်ပါတယ် ထောပတ်တုံးရယ်၊ ကိုယ်တို့ ဒီနှာမည်တွေနဲ့ပဲ ဆက်ဆံပြောဆိုကြရင် ပိုပျော်စရာကောင်းမယ် ထင်တယ်နော်၊ ဒီနှာမည်တွေနဲ့က ပါးစပ်ထဲလည်း ရင်းနှီးနေပြီ မဟုတ်လား။ နာမည်ရင်းတွေ ထပ်မိတ်ဆက်ကြရင် မှတ်ရတာ ရှုပ်ယှက်ခတ်ကုန်တော့မယ်၊ ဒီနှာမည်လေးတွေ ခေါ်ရတာ ဘဝတူတွေဆိုတဲ့ အသိနဲ့ ရင်ထဲမှာ ပိုပြီးနွေးထွေးသလိုပဲ"

"ကောင်းတယ် မာမီ၊ မာမီ့ကိုလည်း မာမီက လွဲရင် တခြားတစ်မျိုး ပြောင်းမခေါ်တတ်တော့ပါဘူး၊ မာမီလို့ ခေါ်ရတာ ရင်းရင်းနှီးနှီး ပိုင်ပိုင်နိုင်နိုင် ရှိသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ကြိုက်တယ်၊ ကျွန်မကိုလည်း ဝင်ဒီပဲ ခေါ်ပါနော်၊ ပူးနဲ့ စနိုတ်ခ်ချမ်မာ ရှိသေးတယ်နော် မာမီ၊ မာမို့ဖိတ်ကြားချက်ထဲမှာ သူတို့လည်း ပါတယ်လို့ တွေ့လိုက်တယ်"

"ဟုတ်တယ် ဝင်ဒီ"

"ပူးကတော့ ခေါ်ရလွယ်ပါတယ်၊ နောက်တစ်ယောက်ကလွယ်ပါ့မလား၊ နာမည်မထောင့်နေဘူးလား"

ထောပတ်တုံးသည် မျက်နှာကလေးညိုညိုနှင့် ...

"မာမီကလည်း၊ အဲဒီ စနိုတ်ခ်ချမ်မာကို မာမီ ဘာကြောင့်ဖိတ်တယ် ကျွန်မတော့ စဉ်းစားလို့ မရဘူး"

ဝင်ဒီကလည်း ခေါင်းညိတ်ကာ ...

"ဟုတ်တယ်၊ မာမို့ကို အမြဲ Against ပဲ ရေးတယ်မဟုတ်လား"

"ဟုတ်တယ်၊ အဲသလို ဆန့်ကျင်ဖက်ရေးတဲ့ အယူအဆမတူတဲ့သူမို့ မာမီ တမင်ဖိတ်လိုက်တာပဲကွာ၊ ဒီမိန်းကလေးကိုလည်း တွေ့ချင်တယ်၊ သူ့အမြင်က တစ်မျိုး"

"သူ့အမြင်ကို ကျွန်မတော့ မကြိုက်ဘူး မာမီ၊ သူက ဖောက်ပြန်တဲ့ ယောကျာ်းတွေနဲ့ ပတ်သက်တဲ့ မိန်းကလေးတွေကို အမြဲကာကွယ် ဘက်ပင်းပြီး ရေးနေတာပဲ၊ ဘာကြောင့်များ သူက အဲဒီလို အမြင်မျိုး ရှိရတာလဲ"





"သူက သူများ ကိုပင်မို့ နေမှာပေါ့ မထောပတ်ရယ်"

ဝင်ဒီရဲ့ ရှင်းပြတ်လှတဲ့ စကားကြောင့် မပြောရက်ရက် မထွက်ရက်ရက် အားနာနေတဲ့ ထောပတ်တုံးပင် ပြုံးစိစိဖြစ်သွားရပါသည်။

"ဝင်ဒီပြောမှ ရှင်းခနဲ ကွင်းခနဲပဲ၊ တို့လည်း ထင်တာ၊ ပြောမထွက်လို့"

"ဟယ် ... အဲသလိုကြီးတော့ မှတ်ချက်ချ မစောပါနဲ့ဦး သမီးတို့ရယ်၊ မာမီကတော့ သူ့ကိုလည်း စိတ်ဝင်စားမိတယ်၊ အဲဒါကြောင့် သူနဲ့ တွေ့ချင်တာ၊ သူ့မှာ ဒီကိစ္စမျိုးဟာ အရေးမကြီးပါဘူးဆိုတဲ့ အမြင်ရှိနေရင် ဒီအမြင်ကို မာမီ ချွတ်ပေးချင်တယ်၊ သူ့ကို လေ့လာချင်တယ်၊ သူ့မှာ မကျေနပ်ချက် ဘာများရှိနေလို့ မာမို့ စာတွေကို Against လုပ်နေရတာလဲ ဆိုတာလည်း မာမီ သိချင်တယ် ...

အမြင်ချင်း မတူကြတော့လည်း မတူတဲ့အလျှောက်ပေါ့၊ မိတ်ဆွေတော့ ဖြစ်ကြည့်ချင်ပါသေးတယ်၊ နောက်မှ ခင်မင်လက်တွဲလို့ မရလည်း တစ်မျိုးပေါ့၊ ဒါကြောင့် သူ့ကို လှမ်းဖိတ်ကြည့်လိုက်တာပါ၊ သူကတော့ လာမယ် မလာဘူး၊ ဘာမှ reply မလုပ်ဘူး"

"ဝင်ဒီကတော့ သူလာမယ်လို့ မထင်ပါဘူး မာမီရယ်"

"ကျွန်မလည်း မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ဘယ်သူတွေ လာကြမယ်ဆိုတာ သိတာပဲဟာ၊ အဲဒီကျ လာကြမဲ့သူတွေဟာ ဘာတွေရေးနေတဲ့ ဘယ်လို အမျိုးသမီးတွေဆိုတာ သူ သိနေတာပဲ၊ ဒီလူတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ သူ့ကိုယ်သူ သတ္တိ မွေးနိုင်ပါ့မလား"

မာမိက ဝင်ဒီကိုကြည့်ကာ ဝင်ဒီ စကားကို ခေါင်းညိတ်နေပါသည်။

"ခဏတော့ စောင့်ကြည့်ကြတာပေါ့၊ လာမယ်ဆိုရင်တော့ နာရီဝက်ထက် သူ ပိုပြီးနောက်ကျမှာ မဟုတ်ပါဘူး"

"ဟိုမှာ Pooh လာပြီ၊ ပူး ... ပူး ..."

ထောပတ်တုံးက ဝမ်းသာအားရကလေး ရေရွတ်လိုက်ပါသည်။ ပူးကား မှားစရာ လွဲစရာမရှိ၊ အငှားကားပေါ်မှ အင်္ကျီအနီဝတ် အဝါရောင် မွေးပွ Pooh ရုပ်ကြီး ပွေ့ဖက်ကာ ဆင်းလာသည်။ ကလေးရုပ်ပင် မပျောက်ချင်သေးတဲ့ ပါးဖောင်းဖောင်း မျက်နှာဝိုင်းကလေးမှာ ဝိုင်းစက်နက်ကျယ်တဲ့ မျက်လုံးရွဲကြီးတွေက ဟိုရှာ ဒီရှာ။ လည်လေးတမော့မော့ နှုတ်ခမ်းကလေးရှေ့ကိုစုပြီး ပြောင်ချော်ချော် ရုပ်ကလေးနှင့် ရှိလှသည်။

"ကြည့်ပါဦး ... အိမ်ထောင်သည်လေးတောင် မထင်မိပါဘူးကွယ်၊ ငယ်လိုက်တာ၊ မာမီ့သမီးကလေးသာဆိုရင် ဒီအရွယ်မှာ မာမီ ယောကျ်ား မပေးစားရက်သေးပါဘူး"





မာမိက ပူးကိုကြည့်နေရင်း စိတ်မကောင်းသလို ရေရွတ်သည်။ ထောပတ်တုံးက မှန်ချပ်အတွင်းဘက်မှနေ လက်ယပ်ခေါ်လိုက်ရာ ဟိုဒီကြည့်နေတဲ့ ကလေးမမှာ ဝမ်းသာအားရဖြစ်ကာ အပြေးအလွှားပင် ရောက်လာပါတော့သည်။

အရုပ်အကြီးစားကြီးပိုက်လျက်၊ အိတ်ခပ်သေးသေးလေးက စလွယ်သိုင်း၊ တီရှပ်ဖြူ ဂျင်းသားစကတ် ဖက်ဖူးစိမ်းဒူးလောက်နှင့် ပူးရဲ့ပုံစံဟာ အထက်တန်းကျောင်းသူကလေးအလား ရှိသည်။ ပြေးလာပုံကလည်း ဟန်မပါ အိုက်တင်မပါ။ ကားယားကားယား ပြေးလာတာ ဖြစ်သည်။ ခြေထောက်မှာက ယောကျ်ားလေးစီး ကြိုးသိုင်းဖိနပ်ထူထူနက်နက်ကြီးနှင့်။

သူတို့အားလုံးက ပူးကို ချစ်စနိုး ပြုံးကြည့်နေကြပါသည်။

"မာမိ ... အဟီးဟီး ...၊ ရော့ ...၊ မာမီ့ဖို့ ဘာဝယ်ရမှာလဲလို့ သမီး စဉ်းစားတော့ ဘာမှ စဉ်းစားမရဘူး၊ အဲဒါနဲ့ သမီးက အရုပ်ကြိုက်တဲ့သူ ဆိုတော့ မာမီ့ကိုလည်း အရုပ်ပဲ ဝယ်ပေးတော့မယ်လို့၊ လူကြီးပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်လေ၊ အရုပ်တစ်ရုပ် ရှိနေလို့ ဘာမှမဖြစ်ပါဘူးနော် မာမိနော်"

"ဒါပေါ့ ... ဒါပေါ့၊ မှန်ပါ့ဟသ် ပူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရုပ်ပေးမလဲ စဉ်းစားလိုက်တော့ Pooh ရုပ်ပဲ ဝယ်လိုက်တော့တယ်၊ သမီးကလည်း Pooh လေ၊ မာမီ့ကို Pooh ရုပ်ပေးလိုက်တော့ မာမီနဲ့ သမီး အတူနေခွင့်ရသလို ဖြစ်တာပေါ့၊ မဟုတ်ဘူးလား မာမီ"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

ပူးက သဘောတကျ ရယ်မောလိုက်ပါသည်။ အားလုံးထဲမှာ သောကအကင်းစင်ဆုံး ရုပ်ကလေးနှင့် ပူးရဲ့ရုပ်က ငြိမ်းချမ်းဖြူစင်လှသည်။

"မထောပတ်က ဒါလား"

ပူးက ဆံပင်ရှည်လေးကို လက်ညှိုးညွှန်သည်။ ထောပတ်တုံးက ပြုံး၍ ခေါင်းညိတ်ရင်း ...

"ပူး တော်တယ်"

"ဒါဖြင့် ဒါက မဝင်ဒီပေါ့၊ ဘာဖြစ်လို့ ဒီလောက်တောင် လှနေကြတာလဲဟင်"

"လှမှာပေါ့၊ ပူးတောင် ထက်ထက်မိုးဦးနဲ့ တူသေးတာပဲ"

"အာ ... ရှက်စရာကြီးကွာ၊ မထောပတ်ကလည်းကွာ၊ သူများစာထဲမှာမို့လို့ ရုပ်မပြရလို့ အရှက်မရှိ ရူးပြီးလျှောက်ရေးထားတာတွေကို ဖော်တယ်ကွာ၊ သမီး ရှက်လိုက်တာ၊ ဟင်း ... တကယ်ပဲ"

အားလုံးမှာ ဟက်ဟက်ပက်ပက် ရယ်မိကြကာ ...





"တကယ် ဆင်ပါတယ် ပူးရဲ့"

"တော််ပြီကွာ၊ ရှက်ပါတယ် ဆိုနေမှ၊ အဟင်း ... ဒါပေမဲ့ လေ ကျောင်းတုန်းကတော့ သူငယ်ချင်းတွေက တကယ် ပြောတာပါ ဟဲ ဟဲ ...၊ သမီးတို့အိမ်က ဒေါ်ကြီးတုတ်က တော့ ပြောတယ်၊ ဆင်ပေမဲ့ သူ့လောက်မလှတော့ သမီးက ထက်ထက်မိုးဦး အိပ်ရေးပျက်နေတဲ့ရုပ်တဲ့"

ပူးရဲ့စကားမှာ အားလုံး ပွဲကျနေရပါသည်။ အဲဒီနောက်တော့ မာမီက အားလုံးကို မိန့်ကြည့်စေကာ ကြိုက်ရာဟင်းပွဲတွေ မှာစေပါသည်။ သူကိုယ်တိုင်လည်း မှာသည်။

"မာမီ ... သမီး အရုပ်ပေးတာ စိတ်မဆိုးပါဘူးနော်"

"မဆိုးပါဘူး ပူးရယ်၊ စိတ်ဆိုးစရာလား"

"လူကြီးကို မရိုသေသလို ဖြစ်နေမှာ စိုးလို့လေ"

"ဘာမှမဖြစ်ပါဘူး၊ မာမီ မှန်တင်ခုံမှာဖြစ်ဖြစ် တင်ထားလို့ ရတာပေါ့၊ မာမီ အခန်းက အပျိုခန်းကွယ့် သမီးရဲ့၊ ဟင်း ဟင်း ...၊ ဟိုလူကြီးဝင်တဲ့အခန်း မဟုတ်ဘူး"

"သမီးအခန်းလည်း အပျိုခန်းပဲ မာမီ၊ သမီးတစ်ယောက်တည်းနေတာ၊ ဒီည ကိုကြီးများ မတော်လို့ နည်းနည်း စောရောက်ရင်တော့ ဒေါ်ကြီးတုတ်တို့ကို ပတ်ရမ်းနေမှာ သေချာတယ်၊ သူက သူလျှောက်သွားရင်တော့ ကောင်းတယ်၊ သမီး လျှောက်သွားရင်တော့ ကြိုက်တာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သမီးသူငယ်ချင်းတွေနဲ့ အပြင်သွားရင်လည်း မကြိုက်ဘူး၊ အိမ်လာကြရင်လည်း သူက မျက်နှာပုပ်ကြီးနဲ့ သဟောက်သဟ စကားပြောတော့ သမီးက သူငယ်ချင်းတွေကို အားနာတာပေါ့ ...

သူငယ်ချင်းတွေကတော့ ကိုကြီးဟာ သူတို့လာရင် ကိုကြီးနဲ့ သမီး အတူနှစ်ယောက်တည်း ရှိရမဲ့ အချိန်ထဲက ခွဲဝေဖဲ့ပေးရမှာ မသထာလို့ မနာလိုလို့ မကြိုက်တာလို့ ထင်နေကြတယ်၊ သမီးကို အရမ်းတိုတယ်ပေါ့၊ သူငယ်ချင်း မိန်းကလေးတွေနဲ့တောင် တိုတယ်ပေါ့၊ အဲလို ထင်နေကြတာ၊ သမီးကလည်း ရှင်းပြမနေတော့ပါဘူးလေ၊ ထင်ချင်ရာ ထင်ကြတော့၊ သူတို့ထင်ကြတဲ့ အဖြစ်အပျက်မျိုးကမှ သမီး ပိုပြီးဂုဏ်ရှိသလိုတောင် ဖြစ်နေတော့ သမီးကလည်း မှိန်းပြီး ဒီတိုင်းမျှောထားလိုက်တယ်"

"ထောပတ်တုံးတို့ ဝင်ဒီတို့ ယောကျ်ားတွေကကော အပြင်ထွက်ပြီး အပြန်နောက်ကျလို့ ရရဲ့လား၊ မရရင် မြန်မြန်စားသောက်ပြီး စောစောပြန်ကြမယ်လေ"

"ရပါတယ် မာမီ၊ ကျွန်မ ပြောထားခဲ့ပါတယ်"

"ဝင်ဒီလည်း ပြောထားပါတယ်"

"မာမီ့ကျတော့လည်း တစ်လွတ်တစ်လပ်ပဲ၊ မာမီ ဘယ်သွားလဲ ဘယ်လာလဲ၊ ဘယ်လောက်ကြာလဲ၊ ဘယ်သူတွေ





နဲ့လဲ၊ ဘယ်အချိန် ပြန်ရောက်လဲ၊ သူက ဘာတစ်ခုမှ စိတ်မဝင်စားဘူးလေ၊ ဒီတော့ ကိုယ့်ဟာကိုယ် လုပ်ချင်တာလုပ်ပဲ၊ နောက်ကျရင် မျှော်မှာက သားငယ်လေးပဲ၊ သားကြီးက သားငယ်ထက် တစ်နှစ်ခွဲပဲ ကြီးပေမဲ့ သူ့ဟာသူ ဘာသိဘာသာ နေတတ်တယ်၊ သားငယ်လေးကတော့ မာမီ့ကို ကပ်တယ်၊ သားကြီးက အဖေတူတယ်၊ သားလေးက မာမီနဲ့တူတယ်"

"ချစ်စရာလေး နေမှာပဲ မာမီ"

"သားသမီးရှိတော့လည်း ဘဝကို အဆုံးမထားနိုင်တော့ဘူးလေ၊ သူတို့က မာမီ့ မျှော်လင့်ချက်တွေ အလင်းရောင်တွေပဲ၊ သူတို့ မရှိရင်တော့ ဦးကျော်မင်းကလည်း မာမီ့ကို ကွဲပေးမလား မသိပါဘူး၊ မာမီလည်း ဒီထက်ပို စိတ်လွတ်လပ်ပေါ့ပါးရမှာပဲ၊ ခုတော့ သံယောဇဉ် အမျှင်တန်းတွေနဲ့ဆိုတော့၊ ထောပတ်ရဲ့ သားလေးက အသက်ဘယ်လောက် ရှိသွားပြီလဲ"

ထောပတ်တုံးက ရွှင်ပျနေသော မျက်နှာလေး ငြိမ်သက်သွားကာ ...

"လေးနှစ်ပါ၊ အခုဖွင့်ရင် သူ့အဘွားတွေက မူကြိုစ,ထားတော့မယ်"

"အဘွားနဲ့ပဲ နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အဘိုးအဘွားကိုတောင် သူက ပို့စွဲနေပြီ၊ မွေးကာစ,ကတည်းက မေမေက ယူထားလိုက်တာ၊ ကျွန်မက လည်း အလုပ်မထွက်ချင်ဘူးဆိုတော့ မေမေက အိမ်မှာ နာနီနဲ့ပဲ စိတ်မချဘူး ဆိုပြီး ခေါ်ထားတာ၊ ပြန်လွှတ်တဲ့ဆီ မရောက်တော့ပါဘူး၊ ကျွန်မကလည်း အလုပ်မထွက်ချင်ဘူး မာမီရယ် ...

အလုပ်ထဲရောက်မှ အလုပ်ခွင်က မိတ်ဆွေအပေါင်းအသင်းတွေနဲ့ စိတ်ပြေလက်ပျောက် ရှိတယ်၊ ကိုယ်တတ်ထားတဲ့ စာရင်းအင်းပညာလေးလည်း အသုံးချနေရတော့ ဘဝက အဓိပ္ပာယ်တစ်ခု ရှိသေးတယ်၊ ပူးလိုသာ တစ်နေကုန် အိမ်ထဲမှာ နေနေရရင်တော့ ကျွန်မ ရူးသွားမလား မသိဘူး၊ သားလေး မွေးပြီးကတည်းက ယောက်ျားကို မှုမမှန်ဘူး ထင်ကာယ်လို့ သံသယဝင်စပြုခဲ့တာ၊ ကိုယ်က အ,လို့ မစုံစမ်းကတတ်လို့သာ၊ အဲဒါကြောင့်လည်း အိမ်ထဲ ကုပ်ပြီး အပြင်လောကနဲ့ အဆက်အသွယ် ဖြတ်နေရမှာ စိုးလို့ကို တမင်ပဲ အလုပ်က မထွက်တာ"

"ယောက်ျားကရော"

"သူကလည်း အလုပ်မထွက်တာကို ဘာမှ မပြောဘူး၊ အလုပ်ထွက်ပြီး အားနေရင် သူ့နောက် လျှောက်လိုက်နေမလား စိုးရိမ်တာလည်း ပါရင်ပါမှာပေါ့"





ထောပတ်တုံး မျက်နှာလေးက နီစွေးစွေးလေး ဖြစ်နေပါသည်။

"ကလေးကို အဘွားအိမ် ပို့ထားတာရော ဘာမှမပြောဘူးလား"

"ဟင့်အင်း ... သူတောင် လူပျိုလို ပိုနေလို့ရသေးတယ်၊ ပိုအလုပ်ရှုင်းသေးတယ်လေ ဝင်ဒီရယ်၊ အိမ်မှာ ကလေးရှိရင် ဗျားဘာနာတာ ကလေးကိစ္စမျိုးတွေ၊ ကလေးကို ဟိုပို့ပေး ဒီပို့ပေး ဆိုတာမျိုးတွေက ရှိနေဦးမှာလေ၊ မေမေတို့က အစအဆုံး တာဝန်ယူထားတာ၊ နေမကောင်းလည်း သူတို့ပဲ၊ တီရဉ္စာန်ရုံ ဘာညာပို့လဲ သူတို့ပဲ၊ အိမ်မှာနာနီရော အလုပ်သမားရော ဒရိုင်ဘာရော အကူအလောင်ရှားတော့ ဘာမှကို လှမ်းမခိုင်းတော့ဘူး"

"မထောပတ်တို့ ဘယ်လိုသွားတွေ့လဲ"

"တစ်ရက်ခြား နှစ်ရက်ခြား တစ်ခါတော့ ရောက်တယ်၊ နှစ်ယောက်အတူ အစုံသွားတွေ့ချင်တော့ တကူးတက အချိန်ယူ ချိန်းမနေရအောင် မနက်အိမ်ကထွက်ရင် ဝင်တယ်၊ ရုံးမသွားကြခင် စောထွက်ပြီး မေမေတို့အိမ်ဝင်၊ နာရီဝက် မိနစ်လေးဆယ်လောက်ပဲ သားလေးနဲ့ နေနိုင်ပြီး ရုံးကို သွားကြပေါ့၊ ယောက်ျား ခရီးတွေ ဘာတွေ သွားရရင်တော့ ကျွန်မ မေမေတို့အိမ်မှာ သွားအိပ်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကလည်း အဘွားတွေ ပိုခင်တော့ တော်သေးတာပေါ့"

"ဟုတ်တယ် မာမီ၊ ညားကာစ လင်မယားလို နှစ်ကိုယ်တည်း အလုပ်သမားတွေနဲ့ပဲ နေရတာကိုပဲ သူကလည်း ပိုသဘောကျတာ၊ ဘာကရိကထမှ မရှိဘဲနဲ့လေ၊ ဒီလိုနေတော့ ဖခင်ဆိုတဲ့ တာဝန်ကိုလည်း သူ မသိတတ်ဘူးပေါ့ မာမီ၊ သူ့ရင်သွေးဆိုတော့ ချစ်စိတ်တော့ ရှိတာမှန်ပါတယ်၊ ဒါပေမဲ့ သူ မထိန်းရ ဒုက္ခမခံရဘဲ ဒီလိုပဲ ဖြစ်နေတာကို သူက ပိုကြိုက်နေတာ"

"ကျွန်မသာဆိုရင် သူ့ကို စိတ်အနှောင့်အယှက် ပြုချင်တာနဲ့ပဲ ကလေးကို ပြန်ခေါ်ထားပစ်လိုက်မယ်"

ဝင်ဒီက ဆိုသည်။

"အမယ် ... ဒေါ်ဝင်ဒီ ကလေးဖြင့် မရှိဘဲနဲ့ ပြောအားရှိနေတယ်ပေါ့၊ သူကျတော့ ကလေးတောင် မယူဘဲနဲ့"

ဝင်ဒီ ခေါင်းလေးငုံ့ကာ ပြုံးမဲ့မဲ့နှင့် ခဏငြိမ်နေသည်။ သူ့ဘက် မြားဦးလှည့်လာတာမို့ ထုံးစံအတိုင်း အစပိုင်းမှာ ရှုတ်ဆွဲတုံ့ဆိုင်းသွားရသည်။ ပြီးမှ ...

"ဟင့်အင်း ... ကျွန်မ ကလေးမလိုချင်ဘူး မာမီ"

"ယောကျ်ားကကော မလိုချင်ဘူးလား"





"မာမီရယ် ... မေးနေစရာ လိုသေးလား၊ သူကတော့ မရလေ ပိုကြိုက်လေပေါ့၊ သူ ရှုပ်ချင်တိုင်း လျှောက်ရှုပ်နေလို့ ရတာပေါ့"

"အပြင်မှာ ရှုပ်တာက သတ်သတ်၊ ကိုယ့်ကလေး ဆိုတာကတော့ သတ်သတ်ပဲလေ၊ တန်ဖိုးထားမှု ကွာသေးတာပဲ"

"သူ တန်ဖိုးထားမှာ မဟုတ်ပါဘူး၊ ဟင့်အင်း၊ ဝင်ဒီလည်း မလိုချင်ဘူး"

"မဝင်ဒီတို့ အိမ်ထောင်ကျတာ ဘယ်လောက်ရှိပြီလဲဟင်"

ပူးက မေးသည်။

"သုံးနှစ်"

ဝင်ဒီ အသံက တိုးတုံ့နေပြီးမှ ...

"မေမေ ဆုံးသွားတာ သုံးနှစ်ရှိပြီလေ၊ မေမေ ဆုံးတော့ ဝင်ဒီမှာ ဘယ်သူမှ မရှိတော့ဘူးလို့ ခံစားရတယ်၊ အားကိုးရာတစ်ခုကို အရမ်းပဲ အရူးအမူး လိုအပ်လာတယ်လေ၊ အဲဒီအချိန်မှာ ဦးနှောက်က ဆင်ခြင်ဆုံးဖြတ်နိုင်အား ဆိုတာလည်း ဘာမှမရှိဘူး ဖြစ်ခဲ့တယ်၊ ဖြစ်ချင်ရာဖြစ် ဒီယောကျ်ားကို ဆုံးရှုံးလက်လွှတ် မခံနိုင်တဲ့ အားကိုးတကြီး တွယ်တာ ပိုင်ဆိုင်လိုစိတ်ပဲ ရှိခဲ့တယ်၊ ဘယ်သူ့ကိုမှ မတိုင်ပင်ခဲ့ဘူး၊ တိုင်ပင်ရမဲ့သူလည်း ကျွန်မမှာ ..."

ဝင်ဒီ မျက်နှာပြင်သည် စိတ်ထိခိုက်ခြင်းနှင့် ကြေကွဲအုံ့ပြုံလာသည်။ မာမီက သက်ပြင်းတစ်ချက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ထိုင်နေတဲ့ မိန်းမတစ်စုထဲမှာ ရုပ်ရည်အားဖြင့် ကြည့်လိုက်မယ် ဆိုရင် စွက်ကြမ်းရေကျို အဆင့်ဆိုတာ လုံးဝမပါဘူးနော်။ တကယ်တော့ ယောကျ်ားဆိုတာ လှပတဲ့ မိန်းမကိုရတိုင်း ဒီမိန်းမလှအပေါ် ကြာကြာမက်မောတန်ဖိုးထားကြတာ မဟုတ်ဘူး၊ သူတို့ရဲ့ စွဲလမ်းတပ်မက်မှုဟာ အသစ်အဆန်း အပေါ်မှာပဲ ခပ်မြန်မြန် ပြောင်းလဲ အာရုံရောက်သွားကြတယ်"

မာမီက စကားဆုံးလျှင် ဟင်းပွဲတွေလည်း စုံစုံလင်လင် ရောက်လာပြီမို့ နာရီတစ်ချက်ကြည့်ရင်း ...

"Snake charmer လည်း ရောက်မလာဘူး"

"သူလာမယ်လို့ မာမီ ထင်လို့လား"

ပူးက တအံ့တသြ မေးသည်။

"တို့နဲ့ ဝင်ဒီကတော့ မလာဘူး ထင်တာပဲ"

"သူရေးတာတွေ ဖတ်ပြီးတော့ သူက သတ္တိတစ်မျိုးရှိတဲ့ သူ၊ ဒါမှမဟုတ်ရင် သူ့မှာ တွန်းပို့တဲ့ နောက်ခံအကြောင်း တရား တစ်ခုခု ရှိတဲ့သူလို့ မာမီက ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့မတိုက်ဆိုင်သော်လည်း သူ့ Side က အမြင်တစ်မျိုးကို မာမီတို့ အသိအမှတ်တော့ ပြုသင့်တာပဲ၊ ဒါကြောင့် ဖိတ်မိတာ၊ ဒါပေမဲ့ ဒီအချိန်လောက် ဆိုရင်တော့ မလာတော့ဘူး ဆိုတာ သေချာပါပြီ၊ မာမီတို့ စ၊ စားကြစို့"





ခြောက်နာရီကျော်ခဲ့ပြီမို့ ဆိုင်ရဲ့အောက်ထပ် စားပွဲတွေမှာ အတော်တောင် လူပြည့်နေပါပြီ။

"သူက တစ်ခါမှာ သမီးကို သီးသန့် လှမ်းမေးဖူးတယ်၊ သမီးရဲ့ အဖြစ်အပျက်တွေကိုပေါ့၊ ကိုကြီးက ဘယ်လိုလူစားလဲ၊ ဘယ်လိုပုံစံရှိလဲ၊ ဘယ်လိုအလေ့အထတွေရှိသလဲ ဆိုတာမျိုးတွေ၊ ဘာကြောင့် ခွင့်လွှတ်ပြီး ဆက်လက်ပေါင်းသင်းနေသလဲတဲ့"

"ဟုတ်လား"

"ဟုတ်တယ် မာမီ"

"ဟုတ်တယ်၊ ကျွန်မကိုလည်း သူ အဲဒီလို လှမ်းမေးဖူးတယ်၊ ရှင့်ယောကျ်ားဟာ ဘယ်လိုလူစားလဲ ဆိုတာမျိုး၊ ခုန ပူးပြောသလိုမျိုးပဲ၊ ရှင် ဘာကြောင့် ဆက်ပေါင်းနေရသေးလဲတဲ့၊ ကျွန်မက သူ့ကို သိပ်သဘောမကျဘူးလေ၊ ဒါကြောင့် တိတိကျကျ စိတ်ရှည်လက်ရှည်နဲ့ သူ့မေးခွန်းတွေကို မဖြေပေးဖြစ်ပါဘူး၊ တို့မှာ ဝင့်ကြွေးတစ်ခု ရှိခဲ့ပြီး ဒီဝင့်ကြွေး မကုန်သေးလို့ပဲပေါ့လို့ ဖြေလိုက်တယ်"

"ကျွန်မကိုလည်း လှမ်းမေးဖူးတယ်၊ သူ့ကြည့်ရတာ ဒီကိစ္စကို သုတေသန လိုက်လုပ်နေတာ ကျနေတာပဲ၊ ရှင့်ယောကျ်ားရဲ့ တခြားမိန်းကလေးကို ရင်ဆိုင်ဆုံတွေ့ရမယ်ဆိုရင် ဘာလုပ်မလဲ ဆိုတဲ့ မေးခွန်းပါ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝင်ဒီ တို့ကိုလည်း ဒီလိုပဲ မေးတယ်"

"သမီးကိုလည်း မေးတယ်၊ သမီးကတော့ ဘာမှမလှုပ်ရဲပါဘူးလို့ ဖြေလိုက်တာပဲ၊ တကယ်ပြောတာ၊ ကိုကြီးရဲ့ အမျိုးသမီးနဲ့များ သမီး ဆုံတွေ့ရမယ်ဆိုရင် သမီးက အရင် ထွက်ပြေးမိမယ် ထင်တယ်"

"ပူးကလည်းကွယ်၊ ကိုယ်က ဘာကြောင့် ပြေးရမှာလဲ"

"သိသာသိနေပေမဲ့ သမီး မမြင်ရဲဘူး မာမီ၊ မျက်စိနဲ့ သူတို့ကို တွဲပြီးမမြင်ဖူးသေးတာက သမီးအတွက် အများကြီး တော်သေးတယ်၊ တွေ့လိုက်ရရင်တော့ သမီး ငိုမိလိမ့်မယ် ထင်တာပဲ မာမီ၊ သမီးက ကိုကြီးကို ချစ်လည်းချစ် ကြောက်လည်း ကြောက်တယ်၊ အဖေတစ်ယောက် အစ်ကို တစ်ယောက်လိုပဲ၊ ရန်လုပ်ဖို့ ဆိုတာမျိုးကလည်း သမီး အတွက်တော့ မဖြစ်နိုင်ပါဘူး၊ သမီး မမြင်ချင်ယောင် ဆောင်ပြီးတော့ပဲ ရှောင်သွားလိုက်မိမှာ သေချာတယ်"

"ကျွန်မလည်း မတွေ့ချင်ဘူး"

"ကျွန်မရောပဲ"

မာမီက ထောပတ်တုံးနှင့် ဝင်ဒီကို တစ်လှည့်စီ ကြည့်ကာ ...

"သမီးတို့တွေက အများကြီး နုံးညံ့သိမ်မွေ့ကြသူတွေပါ လား၊ မာမီ့တုန်းက ပထမဆုံး သိရတဲ့ သူ့ကိစ္စတစ်ခုကို





လက်ပူးလက်ကြပ် မမိ့မိအောင် အပင်ပန်းခံပြီးတော့ကို လိုက်ချောင်းခဲ့တာ၊ သူက ငြင်းနေသေးတာကိုး၊ ကိုယ့် မျက်စိနဲ့ တပ်အပ် ပက်ပင်းကြီး တွေ့ရအောင်ကို လိုက် ကြိုးပမ်းတာ"

"တွေ့ခဲ့လား မာမီ"

"တွေ့ခဲ့တာပေါ့ ဝင်ဒီရယ်"

"မာမီ ဘာလုပ်ခဲ့သလဲဟင်"

"မာမီ မှားတယ်လို့တော့ မိတ်ဆွေတချို့က ဝေဖန်ခဲ့တာပဲ၊ မာမီ သူတို့ကို အင်းလျားကန်စပ်မှာ ကားထိုးပြီး ကားထဲ က မထွက်ကြသေးပဲ စကားပြောနေကြတုန်း တွေ့ရတာ။ သူတို့ရဲ့ ရှေ့ခန်း ဘေးတံခါးနှစ်ဖက်က အသီးသီးပွင့်လို့၊ မာမီ သူတို့ဆီပြေးပြီး ကားထဲက ဆွဲချတာပဲ"

"ဟယ်"

မာမီက ရှက်ရယ်လေး ရယ်လိုက်ပါသည်။

"ဟုတ်တယ်၊ အသက်အရွယ်ကလည်း အဲဒီတုန်းက သုံး ဆယ့်တစ် သုံးဆယ့်နှစ် ပတ်လည်လေး၊ သုံးဆယ်ကျော် စ,ပေါ့ကွယ်၊ ရုန်းကန်ခဲ့ရတဲ့ အနေအထားက ဝုန်းခနဲ ထိုးတက်ပြီး တစ်ရှိန်ထိုး အောင်မြင်ပြည့်စုံကာစ, မာန် ကလေးလည်း ရှိနေတဲ့ အချိန်မျိုး၊ ပြီးတော့ သိပ်ချစ်လွန်း လို့ ကိုယ်အနှစ်နာခံ အငတ်ခံ ကျောင်းထားပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား၊ မာမိ ဘယ်လောက် ချစ်ခဲ့တယ် ဆိုတာ ခု ပြန်စဉ်းစားရင် ကိုယ့်ကိုယ်ကိုယ် အံ့ဩမိတယ်၊ ဒီယောက်ျားနဲ့ ပတ်သက်တဲ့ ပထမဆုံး အပူသောကဆိုတော့ ငယ်ထိပ်မှာ မြွေဆိပ်မွန်သလို ရှိန်ရှိန်တောက်နေခဲ့တာ၊ အရူးမကြီးလိုပဲ၊ ငါ့ကို လုပ်ရက်လေခြင်း၊ ငါလိုမိန်းမကို သူ သစ္စာမဲ့ရက်လေခြင်း ဆိုတဲ့ ...”

မာမိက စိတ်ကိုထိန်းကာ စကားကိုရပ်ပြီး တစ်ခဏငြိမ်နေပါသည်။ သူ့စိတ်တွေ ပြန်လည်လှုပ်ရှား ဆူဝေတက်လာကာ နှလုံးခုန်သံတွေ မြန်ဆန်လှိုင်းထ,လာသည်။ ပြန်ပြောနေရတဲ့ မြင်ကွင်းကို ခုပဲ မျက်စိထဲ ကွက်ကွက်ကွင်းကွင်း ပေါ်လာတဲ့အလား ခံစားရသည်မှာ အဲဒီညနေခင်းက လင်တော်မောင်ဟာ ရှပ်အင်္ကျီကော်ဖီနုရောင် ဒေါင်လိုက်စင်း လက်တိုကို ဝတ်ဆင်ထားတာပါ အမှတ်ရဆဲ။

အမျိုးသမီးက အင်္ကျီအနီရောင် ဝတ်ထားခဲ့သည်။ အသားညိုညို။ ကိုယ်လုံးကိုယ်ထည်က မယ်ဇမာတွေလို လှပုံမျိုးနှင့် ဖုထစ်ခုံးကြွ လှပတာ။

ပူးက မာမိ့ လက်ဖျားလေး တစ်ဖက်ကို ဆုပ်ကိုင်ကာ ရင်တလှပ်လှပ် ဝမ်းနည်းလာသည်။ နေရင်းထိုင်ရင်း မာမိကို အမေလို အစားထိုး ချစ်နေသူဖြစ်၍ မာမိအတွက် ခံစားချက်ကြောင့် ငိုချင်သလိုလို ဖြစ်လာသည်။





“ဘာဆက်ဖြစ်သလဲဟင် မာမိ၊ မာမိ မငိုဘူးလားဟင်”

“ငိုတာတော့ မဟုတ်ဘူး ပူး၊ ဒါပေမဲ့ ရင်ထဲက ဒေါသပေါက်ကွဲတဲ့ အရှိန်နဲ့ မျက်ရည်တွေတော့ ထွက်လာတယ်၊ မျက်နှာကြီးလည်း နီရဲနေမှာ၊ တစ်ကိုယ်လုံး ပူခြစ်ပြီး တုန်နေတာ မှတ်မိတယ်၊ မျက်စိရှေ့မှာ တိမ်သလ္လာဖုံးကွယ်သလို ဘာမှ မမြင်ဘူးဆိုတဲ့ တင်စားချက်ဟာ အမှန်ပဲ၊ မာမိ့ မျက်စိရှေ့မှာ သူတို့နှစ်ယောက်ကလွဲရင် ကျန်တဲ့နေရာတွေဟာ မြူတွေဖုံးသလို အခိုးတွေ ဝေ့နေသလို မှုန်ဝါးကြီး ဖြစ်နေတယ်၊ သူတို့ကိုပဲ ကွက်ပြီးမြင်ရတယ် ...

ဦးကျော်မင်းကို အရင့် ကားထဲက ဆွဲထုတ်လိုက်တယ်၊ သူ ရန်းကန်ရင် ပါမလာနိုင်ပါဘူး၊ အားချင်းမှမမျှပဲ၊ သူလည်း ကြောင်ပြီး လန့်ဖျပ်နေတော့ မာမိ ဆွဲထုတ်တဲ့အတိုင်း ကားအပြင် ပါလာတယ်၊ ပါးစပ်ကလည်း ဘာတွေပြောမှန်း မသိဘူး၊ သူရော မာမိရော၊ မာမိကပိုဆိုးတယ်၊ အဆက်မပြတ် တရစပ် ပြောနေတဲ့ အပြင်အသံက အကျယ်ကြီး၊ ရှေ့နားက မုန့်ဆိုင်တန်းတစ်လျှောက်လူအားလုံး လှည့်ကြည့်ရတယ်၊ ခုပြန်တွေးရင် ရှက်စရာကောင်းလိုက်တာ”

“ဖြစ်ရလေ မာမိရယ်၊ ကျွန်မဆိုရင် တကယ်လုပ်ရဲမယ်မထင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့စိတ်ကိုက သမီးတို့ထက် ခက်ထန်တာကိုး၊ အခြေခံ ပျိုးထားတဲ့ ဓာတ်လမ်းချင်းမှလည်း မတူတာ၊ မာမီက သစ္စာအဖောက်ခံရတာထက်ကို ဆတ်ဆတ်ခါ ပိုနာတာ၊ ကျေးဇူးကန်းပါ ခံရတယ်လို့ ယူဆတာ၊ ဦးကျော်မင်းကို ဆွဲထုတ်လိုက်တော့ ဟိုအမျိုးသမီး လန့်ပြီး ပျာနေတော့ တာပေါ့၊ သူ့ဘက်သွားပြီး သူ့ကိုလည်း အတင်းဆွဲချရော ရှန်းရှန်းပြီး ကားထဲပြန်တိုးဝင်နေတာ၊ လက်ထဲသူ့အိတ် ပါလာ လွှင့်ပစ်၊ သူ့ကိုထပ်ဆွဲထုတ်၊ အိုး ... စိတ်ညစ်စရာ ကြီး၊ နောက်ဆုံးတော့ သူ အပြင်ကို ပါလာတာနဲ့ တွန်း လှဲပစ်လိုက်တယ်"

"ဟယ်"

"သူလည်း မြေကြီးပေါ် ကိုးရိုးကားရား ကျသွားတာပဲ၊ ဦးကျော်မင်းက အော်၊ မာမီက အော်နဲ့ ငရဲပွက်သလိုပဲ၊ အဲဒီအမျိုးသမီးလည်း လဲကျနေရာက ထ,လို့ရတာနဲ့ တစ်ပြိုင်နက် အင်းယားကန်ဝင်းထဲက ထွက်ပြေးတာပဲ"

"ကောင်းတယ်၊ ကိုယ်မလုပ်ရဲပေမဲ့ မာမီ လုပ်ရဲလို့ အနိုင် ယူ ပွဲကြမ်းပစ်လိုက်တာကိုတော့ ဝမ်းသာတယ်"

"သူ့အိတ်တောင် သူ မကောက်တော့ဘူး ထောပတ်တုံး ရဲ့၊ လူတွေကလည်း မြင်ကွင်းကို လှမ်းတွေ့တာနဲ့ ဘယ် လိုကိစ္စဖြစ်တယ်ဆိုတာ တန်းရိပ်မိကြတာပဲလေ၊ မိန်းမနှစ်





ယောက်နဲ့ ယောက်ျားတစ်ယောက်ကိုး၊ ဒါဟာဘာလဲ သိ ကြတာပေါ့၊ ဝင်လည်းမဆွဲပါဘူး၊ ကိုယ့်ဆိုင်ထဲက ငေး ကြည့်နေကြပေါ့၊ တချို့ဆို ရပ်ပြီးကြည့်လို့"

မာမီက စိတ်ပျက်သလို ခေါင်းကို ဖြည်းဖြည်းခါ ယမ်းလိုက်ပါသည်။

"သူ့အရှက်ကို ခွဲတာဆိုပြီး ညကျ အိမ်ကျတော့ ရန်ဆက် ဖြစ်ကြရတာပေါ့၊ လိမ်ညာနေတာကို တပ်အပ်ကြီး ဖော် လိုက်နိုင်လို့ မာမီက ကျေနပ်ပြီး သူကတော့ ရှက်ရမ်းတွေ ရမ်းပေါ့လေ၊ မာမီလည်း သူ့ကို နာအောင်ကို အတော် ပိုးစိုးပက်စက် ပြောပစ်မိတယ်၊ အရမ်းလည်း ခံစားခဲ့ရ တယ်၊ ကိုယ်သိပ်ချစ်တဲ့ ယောက်ျားဟာ ကိုယ့်လိုပဲ ကိုယ့် တစ်ယောက်တည်းကိုပဲ ချစ်နေလိမ့်မယ်လို့ ယုံစားထားမိ ခဲ့တာကိုး၊ သူဟာ နောက်တစ်ယောက်ကိုလည်း ချစ်တယ်၊ သို့မဟုတ် ရှူးမူးသာယာနေတယ် ဆိုတာ တွေးလိုက်ရင် အသည်းနှလုံးကို ယူသွားသလို ဘာမှမကျန်သလို အရှုံး ကြီးရှုံးပုံမျိုး ခံစားခဲ့ရတယ် ...

ကိုယ်က သူ့ကို သိပ်ချစ်နေတဲ့ အချိန်မှာ သူ့ဖို့ အိမ်မှာ ချက်ပြုတ်နေချိန်မှာ သူဟာ ဟိုမိန်းမကို ဖက်နေ မယ်၊ ဟိုမိန်းမအသားကို ထိနေခဲ့မယ်ဆိုတာ တွေးလိုက် ရင် ပူလောင် နာကြည်းလွန်းလို့ လူတောင်သတ်ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားတွေသာ မရှိရင် မာမိုလိုမိန်းမဟာ သူ့ကိုသတ်ရင် သတ်မိ၊ မသတ်မိရင် ကိုယ့်ကိုယ်ကိုယ် သတ်မိခဲ့လိမ့်မယ်”

“မာမိ စိတ်ဆင်းရဲရရင် ထပ်မပြောပါနဲ့တော့နော်”

“ရပါတယ် ပူးရယ်၊ ဒီစကားတွေကို ပြောဖို့ ရင်ဖွင့်ဖို့ အခံဖော်ရှိတာကိုပဲ ကျေနပ်လှပြီ၊ ရင်ထဲမှာ မျိုသိပ်ရတာက လူကို ပိုရောဂါတိုးစေတယ်၊ ပြောပြလိုက်ရတာ အင်မတန် ပေါ့ပါးတယ်”

“ကျွန်မတော့ ကျွန်မအကြောင်းကို ဖိုရမ်ထဲမှာကလွဲပြီး ဘယ်သူ့ကိုမှ မပြောပြမိဖူးဘူး မာမိ၊ ရှက်ပြီးသိမ်ငယ် နေမိတယ်၊ နှစ်ကြိမ် သုံးကြိမ် ပြောပြခဲ့တဲ့ တွေ့ခဲ့တယ် ဆိုတဲ့ သူငယ်ချင်းကိုတောင်မှ သူ့အလုပ်ထဲက လုပ်ဖော် ကိုင်ဖက် ဖြစ်နိုင်တာပဲဟယ်လို့ စိတ်ထဲ တကယ်မရှိတဲ့ စကားနဲ့ ဖုံးဖိခဲ့တယ်၊ နောက်တော့ သူငယ်ချင်းက ဘယ် ရပ်ကွက်က တိုက်ခန်းတစ်ခန်းမှာ တချို့ညတွေတောင် လာအိပ်တယ် ဆိုတာအထိ ပြောလာတယ် ...

ကျွန်မ ရှက်လွန်းလို့ ဝမ်းနည်းသိမ်ငယ်လွန်းလို့၊ အဲဒီမှာ သူ့အမျိုးတွေလည်း ရှိတယ်၊ တခြားကိစ္စ တစ်ခုခု လည်း ရှိရင် ရှိဦးမှာပေါ့လို့၊ နင်က မသင်္ကာတာကစ,ပြီး တွေးတတ်လွန်းတယ်လို့ အပြစ်တင်သလိုတောင် ပြောခဲ့





မိတယ်၊ သူပြောတာ ဟုတ်မယ်လို့ စိတ်ထဲကတော့ ယုံ နေပါတယ် မာမိ၊ မောင်က ခရီးသွားရတယ် ဆိုတာမျိုး တွေ ရှိတတ်ခဲ့တာပဲ၊ ဒါပေမဲ့ မမှန်စေချင်တဲ့စိတ်နဲ့ သူ များကိုလည်းလိမ်၊ ကိုယ့်ကိုယ်ကိုယ်လည်းလိမ် ...

နောက်တော့ သူငယ်ချင်းက ထပ်မပြောရုံမကတော့ ဘူး အဆက်အဆံပါ တန်းသွားတော့တာပဲ”

ထောပတ်တုံးရဲ့ စကားကို အားလုံး ငြိမ်၍ နား ထောင်နေပါသည်။ ထောပတ်တုံးက မျက်ရည်လေး လည်ကာ...

“ဒါပေမဲ့ ကိုယ်က သူ့ဇနီးပဲ၊ သူ မှုမမှန်တာ ရင်ထဲက သိပါတယ်၊ အသည်းနှလုံးထဲက ရိပ်မိခံစားရပါတယ်၊ တစ်ခါတစ်ခါ သူ့ဆီက ရေမွှေးနံ့ အဆန်းတွေ ရတာမျိုး၊ လက်ကိုင်ပဝါလို အပွင့်ပါတဲ့ တစ်ရှူးလုံးလေးလို ဟာမျိုး လေးတွေ သူ့အိတ်ထဲ ပါပါလာတတ်တာမျိုး”

“ဖွင့်မမေးဘူးလား မထောပတ်ရယ်”

ပူးက အသည်းယားသလို မေးသည်။

“ကြောက်လို့ မသိချင်ယောင် ဆောင်နေခဲ့တာ အကြာ ကြီးပါ၊ ကျွန်မက မျိုသိပ်နိုင်ပါတယ်၊ သူ့အပေါ်လည်း မျက်နှာမပျက်ပဲ ဆက်ဆံနိုင်ခဲ့တယ်၊ ရိပ်မိခဲ့တာ နှစ်နှစ် ကျော်ကြာမှ သူငယ်ချင်းဆီကလည်း လာအိပ်တာတွေ တယ်ဆိုတာအထိ ကြားရမှ ဖွင့်မေးကြည့်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲဟင်"

ဝင်ဒီက စိတ်လှုပ်ရှားသလို မေးသည်။

"ဘယ်က ဟုတ်ရမှာလဲ။ သူ့ကို အထင်လွဲလေခြင်း သံသယဝင်ရက်လေခြင်း သူ့အပေါ် မယုံတော့ဘူးပေါ့၊ အချစ်လည်း လျော့သွားပြီပေါ့ ဆိုပြီး မျက်ရည်ကျတော့တာပဲ"

အားလုံး ဘာမှမပြောနိုင် ငိုင်နေသည်။

"ချစ်သူတွေ ဘဝကတည်းက ကျွန်မမိဘတွေက သူနဲ့ သဘောမတူဘူး၊ သူတို့လည်း ဆွေကြီးမျိုးကြီးပါ၊ မေမေတို့ သဘောမတူတာက သူက ရှိုးများလွန်းလို့၊ လှချင်တဲ့ ယောကျ်ားများဟာ ဖောက်ပြန်တတ်တယ်လို့ မေမေက ပြောတယ်၊ ကျွန်မက မေမေ့ကို တစ်ယူသန် တစ်ဖက်စွန်း ရောက်တယ် ထင်ခဲ့တာပေါ့ ...

ညည်းကောင်လေးဟာ လူစုံစုံရှေ့ ကောင်မလေး များများရှိတဲ့ နေရာရှေ့ကိုရောက်ရင် မျက်နှာသပ်ရ ဆံပင်သပ်ရ သူ့ကိုယ်သူ လှမလှ မသိမသာစစ်ရ မျက်လုံးက လည်း ဂနာမငြိမ်ဘူးတဲ့ ... မေမေက၊ သူက ချောတော့ ကောင်မလေးတွေကိုက အရေးပေးကြတာ အရောဝင်ကြတာပေါ်တယ်၊ ဒီတော့ သူ့မှာ ဟိုတွဲသလို ဒီတွဲသလို ပြန် အရောဝင်တာမျိုးတွေ ရှိခဲ့တာ ရည်းစားဘဝထဲက သိပါတယ် ...





ဒါပေမဲ့ သူက ကိုယ့်ကို လက်ထပ်ခွင့် တောင်းတာလေ၊ သူ့အခြေအနေနဲ့ တခြား ဘယ်သူ့ကို လက်ထပ်ခွင့် တောင်းတောင်း လက်ခံကြမှာချည်းပါ၊ ကိုယ့်ကို သူ တကယ်ချစ်တာ ကိုယ့်ကိုမှ အချစ်ဆုံးလို့ ကျေနပ်ခဲ့မိတာ၊ ခုချိန်ထိကိုလည်း သူဟာ အပြင်မှာ ဘယ်လိုရှိရှိ ကိုယ့်ကို တော့ အချစ်ဆုံးပဲ မခွဲနိုင်ရှာပါဘူးလို့ မိုက်မိုက်မဲမဲ ယုံကြည်မိတုန်းပဲ မာမီ၊ ယောကျ်ားဆိုတော့လည်း သာယာစရာလေး ရှာတတ်ကြတာ အရသာ ထွေထွေရာရာ ခံစားတတ်တာ ဓမ္မတာပါပဲလေလို့ စိတ်ကို လျှော့လျှော့လိုက်မိတယ်"

"ခုထိ ဝန်မခံဘူးပေါ့"

"တစ်ခါတလေ ရုံးက ကောင်မလေးတွေက အရောဝင်တာ၊ ဟိုပို့ ဒီပို့ ခိုင်းတာ ရှိတယ် မိန်းမရယ်တဲ့၊ နိုင်ငံခြားသားလက်အောက်မှာ လုပ်နေရတာ၊ အပြိုင်အဆိုင်က လည်း များတော့ လူမှန်းမရှိအောင် နေရတယ်တဲ့"

"ဟာ ... အဲဒါ မမိုက်ပါဘူး၊ လုပ်စရာလည်း မဟုတ်၊ လက်ခံစရာလည်း မဟုတ်ဘူး၊ မပြည့်စုံတဲ့ မမှန်ကန်တဲ့ အကြောင်းပြချက်ကြီးပါ"

"သိတာပေါ့ ပုံးရယ်၊ ဒါပေမဲ့လည်း တို့က ယောကျ်ားကို ချစ်နေသေးတယ်ကွယ့်၊ သူကလည်း ကျွန်မ ရန်လုပ်ရင် အတင်းဖက် အတင်းချော့ပြီး ကျွန်မ မကြိုက်ရင် မလ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့ကို စိတ်မဆိုးနဲ့ သူ မခံနိုင်ဘူး၊ ကျွန်မကို သိပ်ချစ်တယ် ဆိုတဲ့ စကားမျိုးတွေနဲ့ပဲ မျက်ရည်ပါဝဲပြီး ရန်ဖြစ်ကို မခံဘူး”

“မျက်ရည်ခံထိုးတာ”

ရှုံ့မဲ့ပြောတဲ့ ပူးကို ပြုံးကြည့်ရသည်။

“သူ ခြေလှမ်းပျက်တာ သစ္စာမဲ့နေတာ ရှင်းရှင်းပြောရရင် နောက်မီးလင်းနေတာ ကျွန်မ မယုံလို့မရအောင် သေချာရိပ်မိပါတယ်၊ ဒါပေမဲ့ ခုထိ ယုံနေမိတာက သူ ကျွန်မကို ချစ်တယ်ဆိုတာရယ်၊ ကျွန်မကို သူ ဘယ်တော့မှ ကွဲမှာ ပြတ်စဲမှာ မဟုတ်ဘူး ဆိုတာရယ်”

“သူက မပြတ်စဲတာနဲ့ပဲ သူ လုပ်ချင်ရာ လုပ်တာကို ဒီတိုင်း လက်ခံကြည့်နေရမလား ဆိုတာတော့ လူတစ်ကိုယ် ဆုံးဖြတ်ချက် တစ်မျိုး မတူဘူးပေါ့လေ၊ မာမီကတော့ မာမီက သူ့ကိုပဲ အသည်းနှလုံးပေးထားရင် မာမီ့ကိုလည်း သူ့အသည်းနှလုံးကို တစ်ဦးတည်းသီးသန့် ပြန်ပေးထားတယ် ဆိုတာကိုမှ လိုချင်တာ၊ ကိုယ့်မေတ္တာကို စော်ကားတာ ကိုယ့်အချစ်ကို မရိုမသေ ချနင်းပစ်တာကို ဘယ်လိုမှ သည်းခံ ခံစားလို့ မရခဲ့တာပဲ၊ ကဲ ... ဒေါ်ပူးကကော”

“ပူးက ကိုကြီးကို ချစ်တယ်”

ပူးက တိုးတိုးကလေး ပြောသည်။

“အသက်ကွာတော့ ကြောက်လည်း ကြောက်တယ်”





ပခုံးလေးတွန့်ကာ ဆိုပြန်သည်။

“ကိုကြီးက ပူးကို မချစ်ဘူးလို့ ယူတဲ့နေ့မှာပဲ ပြောလိုက်တော့ မချစ်တာကိုလည်း သိတယ် ဆိုတော့ သူမှမချစ်တာ၊ ဒီလိုပဲ လုပ်မှာပဲလို့ စိတ်ဒုန်းဒုန်း ကျနေတယ်၊ မထောပတ် ယောကျ်ားလို သိပ်ချစ်ပြနေတာလည်း မရှိဘူး၊ မာမီ့ ယောကျ်ားလို ဖုံးထားသေးတာလည်း မဟုတ်ဘူး၊ သူ့ရည်းစားဟောင်းကိုပဲ သိပ်ချစ်တယ်၊ သူ့အမေ သဘောမတူလို့ မယူရတာကလွဲရင် သူ့ရည်းစားကလည်း ယောကျ်ားမယူဘူးဆိုတော့ သူတို့က ခုထိ ဆက်ချစ်နေကြတယ် ဆိုတာ ပူးကို ပြောပြထားတာပဲ”

“ရက်စက်လိုက်တာကွယ်”

“မထောပတ်ရယ်၊ ပူး သူ့ကိုကွဲလိုက်ရင် ပူးက တစ်ခုလပ်ဖြစ်၊ အဲဒါဆို နိုင်ငံခြားပဲ လိုက်သွားရတော့မယ်၊ သူကတော့ ရည်းစားနဲ့ ပြန်ယူရင် ယူမှာပေါ့၊ ပူးပဲ အခြေပျက်ပြောင်းလဲ လွင့်စဉ်သွားပြီး သူ့အတွက်က ဆိုးစရာလည်း မရှိဘူး၊ သူ့ကို ဟိုရည်းစားနဲ့ လက်ထပ်ခွင့်တော့ မရစေချင်ပါဘူး၊ နည်းနည်းတော့ ပြန်ညစ်ထားရမှာပေါ့၊ တခြားကော သမီး လုပ်နိုင်တာ ဘာရှိလို့လဲ၊ ခုတိုင်းက သူတို့ ဖောက်ပြန်လို့ ရပေမဲ့ ယူလို့မရဘူးပေါ့”

မာမီက ဝင်ဒိ မျက်နှာ နွမ်းနွမ်းလေးကို ငဲ့ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ဒီကကော … သူ့အကြောင်းကို သိတော့ ပြဿနာမရှင်းခဲ့ဘူးလား"

"ဝင်ဒီ့ကိုလည်း မိတ်ဆွေက ပြောပြတာ"

ဝင်ဒီက မျက်ရည်လည်ရုံမက မျက်လုံးထောင့်မှာ စုခဲပြီကျတော့မှာဖြစ်ရာ တစ်ရှူးလေး ဆွဲဖြုတ်တို့သုတ်လိုက်သည်။

"သူ့ကို ဖွင့်မေးလိုက်တော့ သူက ဝန်ခံပါတယ်"

"ဩော်"

"ကျွန်မ အိပ်ရာထဲ ပုံလဲသွားလို့ ဆေးရုံတောင် တက်လိုက်ရတယ်"

"အင် … ဝင်ဒီလည်း စိတ်ပျော့တာကိုး"

"ကျွန်မစိတ်က မာမီထင်တာထက်ကို ပျော့ပါသေးတယ်၊ သေမတတ် ခံစားခဲ့ရတယ်၊ မေမေလည်း မရှိ၊ ဖေဖေကလည်း ငယ်ငယ်ကတည်းက ပစ်သွားထားခဲ့တော့ ဖေဖေ့ဆွေမျိုးတွေဆို သိတောင် မသိတော့ဘူး၊ မေမေ့ဆွေမျိုးတွေက နယ်မှာ၊ ရန်ကုန်မှာ အမျိုးတောင် မရှိဘူး၊ ဝင်ဒီ သတ်သေဖို့ ကြိုးစားခဲ့မိတယ်"

"ဖြစ်ရလေ ဝင်ဒီရယ် … ဒီလိုတော့ မလုပ်ကောင်းပါဘူး"

"ဟုတ်ပါတယ် မာမီ၊ တကယ်တမ်းကျတော့လည်း သေရမှာ ကြောက်ပါသေးတယ်၊ ကျွန်မ ရင်ထဲမှာ သူ့ကို နာကြည်းနေတယ်၊ အားကိုးရာမဲ့တဲ့ ကျွန်မဘဝကို ဖျက်





ပစ်တယ်လို့ ယူဆတယ်၊ လမ်းခွဲဖို့လည်း အတန်တန် ကြိုးစားပါတယ်"

ဝင်ဒီ ခမျာ မျက်ရည်လေးတွေ ကျနေရှာသည်။

"နားလည်ပါတယ် ဝင်ဒီရယ်၊ တို့တော့ သေချာနားလည်တယ်၊ ဘာလို့လဲ ဆိုတော့ တို့လည်း ယောကျ်ားနဲ့မကွဲရဲတဲ့ မိန်းမကိုး၊ ဖောက်ပြန်တဲ့ယောကျ်ားကို ကွာရှင်းပြတ်စဲ လမ်းခွဲဖို့ဆိုတာ အပြောလွယ်ပေမဲ့ ဆုံးဖြတ်ရခက်ပါတယ်၊ တကယ်တမ်း ရင်ဆိုင်ရမယ်ဆိုတော့ သတ္တိနည်းတယ်၊ ပတ်ဝန်းကျင်ကို ရင်ဆိုင်ရမှာလည်း ကြောက်တယ်"

"သူကလည်း မထောပတ် ယောကျ်ားလိုပဲ၊ ကျွန်မကို မခွဲနိုင်ဘူးလို့ ပြောတယ်၊ ရှေ့ကို ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်မခေါင်းထဲမှာ တွေဝေထုပူနေတုန်းပဲ"

"ကိုယ့်အပေါ် ချစ်တယ်ဆိုတဲ့ အချက်က သမီးတို့ကို တွေဝေစေတာပဲ၊ ကိုယ့်ကို ချစ်နေသေးတော့လည်း နှမြောမယ်ဆို နှမြောစရာပေါ့လေ၊ မာမီ့တုန်းကတော့ သူက လိမ်ညာဖုံးဖိ လှည့်စားနေပြီး ပေါ်သွားတာနဲ့ မင်းသားခေါင်းကျွတ်ပြီး ဘီလူးခေါင်း ပေါ်လာတာ၊ မာမီ့အပေါ်လည်း ကြင်ကြင်နာနာ လုံးဝမရှိတော့ဘဲ ရက်စက်ကြမ်းတမ်းလာတော့ ဒီလိုပဲ ဆုံးဖြတ်လိုက်ရတာပေါ့"

"လောကကြီးမှာ မဖောက်ပြန်တဲ့ ယောကျ်ား ရှိရဲ့လား မာမီ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် ပူးရယ်၊ ရှားပါးပေမဲ့ ရှိပါတယ်၊ ကိုယ့်သိက္ခာတရားကို ထိန်းမထိန်းဆိုတဲ့ ကိုယ်ကျင့်တရားနဲ့လည်း ဆိုင်တာကိုး၊ မာမီ့အဖေ ဦးကျော်မင်းအဖေ တစ်ကြိမ်မှ နာမည်ပျက် မကြားခဲ့ရပါဘူး၊ ကံကောင်းတဲ့ မိန်းမတွေ လောကမှာ ရှိပါတယ်၊ တို့ကတော့ ကံဆိုးတဲ့ မိန်းမတွေပေါ့၊ အများထဲကတစ်ယောက် ကံဆိုးရတာလည်း မဟုတ်ပါဘူး၊ အများထဲကအများပါ၊ ကံကောင်းသူကသာ အများထဲက တစ်ယောက်ပါ"

"သူတို့ကို သင်ခန်းစာပေးဖို့ သူတို့အသည်းနှလုံးကို ချေမှုန်းဖို့ နည်းလမ်းတွေ မရှိတော့ဘူးလား မသိဘူး"

"ရှိမှာပေါ့ ပူးရဲ့၊ ဒါပေမဲ့ ကိုယ်တွေက မိန်းမတွေ၊ ဘယ်နည်းကိုပဲသုံးသုံး ကိုယ် အရင်နစ်နာရပြီးမှ သူတို့ နစ်နာမယ်"

"ဒီတိုင်း ငြိမ်နေတော့လည်း နစ်နာနေတာပါပဲ"

"မှန်တယ် ဝင်ဒီ၊ ဘဝပေးကိုက မိန်းမဆိုတာ နစ်နာတဲ့ဘက်ကကိုး၊ ရှေးဘဝကုသိုလ်ကောင်းခဲ့တဲ့ မိန်းမတွေသာ ဒီဘဝမျိုးက လွတ်ခွင့်ရပြီး ကုသိုလ်မကောင်းခဲ့တဲ့ မိန်းမတွေ သူ့မြေပါလို့ သူ့ဒုက္ခခံရတယ်လို့ ယူဆရတော့တာပဲ"

ထောပတ်တုံးက ကိုယ့်ဟာကိုယ် ရေခွတ်သလိုလေး ရေခွတ်နေရှာသည်။

မာမီသည် စားရင်းသောက်ရင်း သနားစရာ မိန်းမငယ် သုံးယောက်ကို ဂရုစိုက် အကဲခတ်မိသည်။ တစ်ယောက်





တစ်မျိုးစီ။ စိတ်ခုန်းခုန်းချထားတဲ့ ပူးက နည်းနည်း ခံရချက်သက်သာသည်။ သူမကိုယ်တိုင်ကလည်း ဓာတ်လမ်းကို ပြီးပြီဆုံးပြီ သဘောပိုက်ထားပြီး၍ ပူလောင်ခြင်းတော့ နည်းသည်။ ဒါပေမဲ့ သားနှစ်ယောက်ရဲ့ ဖခင်ဆိုသည့် ပတ်သက်မှုက ရှိနေသေးတော့ လွတ်လွတ်ကြီး ပြီးဆုံးတယ် မဟုတ်သေး။

ပတ်သက်ရ ပြောဆိုရ ရန်ဖြစ်ရ မုန်းတီးရတာတွေ အပြီးတော့ မသတ်သေး။

"မာမီ့ မွေးနေ့မှာ စိတ်ညစ်စရာတွေ ပြောဖြစ်ကြရတယ်၊ အားနာစရာကြီး"

"အားမနာရဘူး ပူး၊ ခံစားရပေမဲ့ ဒါတွေ ပြောဖြစ်ရတာ ရင်ထဲ တစ်မျိုးပေါ့တာပဲ။ မာမီက ကိုယ့်တုန်းကလို ခံစားနေရတဲ့ မိန်းကလေးတွေကို ရင်ပေါ့အောင်လည်း ဆွေးနွေးပေးချင်တာ၊ နှစ်သိမ့်လည်း နှစ်သိမ့်ပေးချင်တာ၊ အကြံဉာဏ်လိုရင်လည်း ကူစဉ်းစားပေးချင်တာ၊ မာမီ့လို နာကြည်းကွဲကွာရတာမျိုး မဖြစ်ရဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သွားရမဲ့ အခြေအနေမျိုး ကြုံလာရင်လည်း မာမီ ဝမ်းသာရမှာပဲ ...

သမီးတို့မှာလည်း ဘာပဲ လိုအပ် လိုအပ် မာမီ ကူညီနိုင်မယ်ထင်တာ ရှိလာရင် မာမီ့ကို အကူအညီတောင်းနိုင်တယ်၊ လူအား စိတ်အား ငွေအား အချိန်ပေးနိုင်တာက အစ မာမီ ကူညီချင်တာပါ"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၈

အဲဒီနေ့က အပြန်မှာ ကားပါတဲ့သူက မာမီနှင့် ထောပတ်တုံးဖြစ်ရာ လမ်းသင့်မှုအပေါ် မူတည်၍ မာမီက ပူးကို၊ ထောပတ်တုံးက ဝင်ဒီ့ကို အသီးသီး အိမ်ပြန်ပို့ပေးဖြစ်ပါသည်။ မကြာ မကြာ သူတို့အုပ်စု ဆုံတွေ့ဖြစ်ကြဖို့အတွက် အားလပ်တဲ့အပေါ် မူတည်ပြီး တစ်ယောက်တစ်လှည့်ချိန်းကာ ကျွေးဖို့လည်း သဘောတူခဲ့ကြသည်။

ကျန်တဲ့သူတွေ အိမ်ပြန်ရောက်ချိန်မှာ ဘာမှ နောက်ဆက်တွဲ မရှိခဲ့ပေမဲ့ ပူးခများတော့ ကိုကြီးနှင့် ပတ်သက်၍ ပြဿနာ တက်ရသေးသည်။ ပူး ပြန်ရောက်ချိန်မှာ ကံဆိုးချင်တော့ အဲဒီနေ့က ကိုကြီးက ပြန်ရောက်နေပြီ။ မာမီက ကားကို ခြံထဲထိဝင်ကာ ပေါ်တီကိုအောက်အထိ ချပေးပေမဲ့ အိမ်ပေါ်မတက်တော့ပဲ ချက်ချင်းပြန်ထွက်သွားခဲ့ပါသည်။





ကားသံကြောင့် အပေါ်ထပ်မှ တဒုန်းဒုန်းမြည်အောင် ခပ်သွက်သွက် ဆင်းလာတဲ့ ကိုကြီးက ဖိနပ်ချွတ်နေတဲ့ ပူးထံ အနားမရောက်ခင်ပင် ...

"မင်း ဘယ်သွားနေတာလဲ"

"ပူး ... အဲ ... လင်း ... လင်း ... စားသောက်ဆိုင်က ..."

"ဘာ"

ခါးထောက်ရပ်ကာ စိမ်းစိမ်းစူးစူး စိုက်ကြည့်နေတဲ့ ကိုကြီးရှေ့၌ လင်းလက် ခမျာ မရွေ့ဝံ့သေးပဲ လန့်နေသည်။

"စားသောက်ဆိုင်က၊ မင်းက ဘာကိစ္စနဲ့ စားသောက်ဆိုင် သွားရတာလဲ"

"သွားစားတာ"

"သွားစားတာတော့ သိတာပေါ့၊ စားသောက်ဆိုင် သွားစားရအောင် ဘာကိစ္စတွေ ရှိလို့လဲ မင်းမှာ၊ စားသောက်ဆိုင်မှာ အလကားနေရင်း သွားစားစရာလား၊ ကိုယ့်အိမ်မှာ ကိုယ်စားလို့ မရလို့လား"

သူဖြင့် ကြုံရင် ကြုံသလို မိတ်ဆွေတွေနဲ့ရော သူ့ရည်းစားနဲ့ပါ ဆိုင်မှာ သွားသွားစားတတ်ပြီး တစ်ခါတစ်ရံဖြင့် မူးမူးပြီးတောင် ပြန်လာတတ်တာများ၊ သူများကိုကျတော့ ကိုယ့်အိမ်ကိုယ်စားလို့ မရလို့လားတဲ့။ အတော်တရားတဲ့ ကိုကြီး။ လင်းလက်သည် ကိုယ့်လိုပဲ စိတ်ဒုက္ခပေးတဲ့ ယောကျ်ားမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ရထားကြတဲ့ မိတ်ဆွေအစ်မကြီးတွေ မာမီတွေ အသာစ်ရလာတာမို့ အနည်းငယ် စိတ်အင်အားရှိသလို ဖြစ်နေရာ ...

"အိမ်မှာ စားလို့ရပေမဲ့ ကိုယ့်အပေါင်းအသင်းတွေနဲ့ တစ်ခါတလေ ဆိုင်မှာသွားစားတာပဲဟာ ဘာဖြစ်လဲ။ ကိုကြီးဆိုရင် မကြာမကြာ စားနေကျပဲ မဟုတ်လား"

ကိုကြီးရော မလှမ်းမကမ်းမှာ တစ်ခုခုဆိုရင် ဝင်ဆွဲဖို့ မယောင်မလည် လုပ်နေသော ဒေါ်တုတ်ပါ လင်းလက်ရဲ့ အသံဆတ်ဆတ်ကြောင့် မျက်ခုံးတွေ ပင့်တက်ကုန်ကြပါသည်။ ဒေါ်တုတ်က အံ့အားတသင့်နှင့်ပင် "ဒါမှ လင်းလက်ဟဲ့"ဟု ကျိတ်ပြီး သဘောကျ လက်ခုပ်တီးမိသည်။ ကိုကြီးကတော့ အကြီးအကျယ် အငိုက်မိ အထိနာသွားကာ ...

"ဘာပြောတယ်၊ မင်း ဘယ်တုန်းက ငါ့ကို အဲသလို ခံပက်ဖူးလို့လဲ လင်းလက်"

"ခံပက်တာ မဟုတ်ဘူး၊ အဖြစ်အပျက်ကို ပြောပြတာပါ၊ လူဆိုတာ မိတ်ဆွေအပေါင်းအသင်း ရှိတာပဲ မဟုတ်လား ကိုကြီး"

"အောင်မာ ... မင်း အပေါင်းအသင်းတွေက ဘာတွေလဲ၊ မင်းကများ ကြီးကြီးကျယ်ကျယ် သူငယ်ချင်းဖြင့် သူငယ်ချင်းပေါ့၊ မိတ်ဆွေအပေါင်းအသင်းတဲ့"

"သူငယ်ချင်းတွေ မဟုတ်ပါဘူး၊ မိတ်ဆွေသစ်တွေပါ"





"ဘယ်က မိတ်ဆွေသစ်တွေလဲ၊ ဘယ်ကဟာတွေနဲ့ မိတ်ဆွေဖြစ်နေတာလဲ"

"ကွန်ပျူတာနဲ့ ဖိုရမ်မှာ စာရေးရင်း မိတ်ဆွေဖြစ်ရတဲ့ မိတ်ဆွေသစ်တွေ"

"အောင်မာ ... မင်းက ဖိုရမ်မှာ ဘာတွေရေးနေတာလဲ"

"ကိုယ်ရေးချင်တဲ့ အကြောင်းတွေပဲပေါ့"

"အဲဒါ အလကား အရေမရ အဖတ်မရ ပေါ့လားဝါးလား အလုပ်တွေ၊ အားနေတဲ့လူတွေ လုပ်တာ၊ အဲဒါတွေလုပ်ရင်း တစ်ယောက်နဲ့ တစ်ယောက် ရိသဲ့သဲ့ ချိတ်တိတ်တိတ် ရေးကြ၊ အပြင်မှာ ချိန်းတွေ့ကြနဲ့ ရည်းစားဖြစ်သွားတာ တွေလည်း ရှိသေးတယ်၊ အလကား အလုပ်တွေ"

"အဲဒါ အလကား မဟုတ်ပါဘူး၊ အားနေတဲ့လူတွေချည်း လုပ်တာလည်း မဟုတ်ပါဘူး၊ လင်းသာ အားနေတာ၊ လင်းနဲ့အသိဖြစ်နေတဲ့ မိတ်ဆွေတွေဟာ သူ့အလုပ်နဲ့ သူ့ အကိုင်နဲ့ သူ့ဂုဏ်နဲ့ သူ့ဒြပ်နဲ့ လူတွေချည်းပဲ"

"ဘာ ... တယ်လည်း ညွှန်းနေပါလား၊ ကဲပါ ... ထိုင်စမ်းပါဦး ခေါ်လင်းလက်ရဲ့၊ ခင်ဗျားမိတ်ဆွေတွေက ဘာကောင်တွေတုံး ပြောစမ်းပါ၊ အတော် အထင်ကြီးစရာကောင်တွေပါသလား ဟုတ်လား"

"လင်း မိတ်ဆွေတွေက လူတွေပါ၊ အကောင်တွေ မဟုတ်ဘူး ကိုကြီး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆက်တိမှာ အသာဝင်ထိုင်ရင်း ပြောတဲ့ လင်းလက်ကို ကိုကြီးက အံ့အားတသင့် ပြုံးစိုက်ကြည့်နေသည်။ ဒီချာတိတ်မ ဘယ်ကသတ္တိတွေ ရလာပါလိမ့်။ ဘယ်ကောင်က သူ့ကို ဒီလို သတ္တိတွေ ရှိလာအောင် မြှောက်ပင့်ပေးလိုက်ပါလိမ့်။

"တိရစ္ဆာန်တွေလို့ ငါ ဆိုလိုနေတာ မဟုတ်ဘူး၊ ယောကျ်ားတွေကို ဆိုလိုတာ၊ မင်း ဒီလိုပဲ ယောကျ်ားတွေ မိန်းမတွေ ဝရုန်းသုန်းကား စုပြီး စားသောက်ဆိုင်မှာ ဟေးလားဟားလား လုပ်တဲ့အကျင့် ဘယ်တုန်းက ရသွားတာလဲ"

လင်းလက်က သူ့ရှေ့မှာ ကိုင်းမိုးမေးနေတဲ့ ကိုကြီးကို တည်တည်ငြိမ်ငြိမ်ကလေးပဲ မော့ကြည့်နေမိကာ ...

"လင်းတို့ဝိုင်းက ကိုကြီးတို့ ဝိုင်းတွေလို ယောကျ်ားမိန်းမ ဗျောက်သောက်ရောနေတဲ့ဝိုင်း မဟုတ်ပါဘူး ကိုကြီး၊ ကိုကြီး ကြုံနေကျဝိုင်းတွေမျိုး မဟုတ်ပါဘူး လင်းတို့အမျိုးသမီးလေးယောက်တည်း ဖိုရမ်ထဲမှာ ခင်မင်ရာက အပြင်မှာ ချိန်းဆုံကြတာပါ၊ အဲဒီထဲက အန်တီတစ်ယောက်ရဲ့ မွေးနေ့မို့ပါ"

"အန်တီတစ်ယောက် !၊ ဒီအုပ်စုထဲ အဘွားကြီးလည်း ပါသလား !!"

"အဘွားကြီး မဟုတ်ပါဘူး၊ အသက် လေးဆယ့်တစ်နှစ်ပါ"





"ဟင် ... လေးဆယ့်တစ်နှစ်ကလည်း မကြီးမငယ်နဲ့ မင်းလို နှစ်ဆယ့်နှစ်နှစ်နဲ့ ချိန်းပေါင်းသလား"

"ဒီထဲမှာ လင်း အငယ်ဆုံးပဲ၊ အရွယ်စုံပါ၊ အသက်နှစ်ဆယ့်ခြောက်၊ သုံးဆယ်၊ လေးဆယ့်တစ်၊ အသက်အရွယ်မတူကြပေမဲ့ ခံစားချက်ချင်းတူပြီး တစ်ယောက်ကို တစ်ယောက် ကိုယ်ချင်းစာစိတ်နဲ့ ကြင်နာခင်မင်ကြတဲ့ မိတ်ဆွေအုပ်စုပါ၊ လင်းတို့ကို မာမီက ထမင်းကျွေးတယ်၊ စကားပြောကြတယ်၊ ပြန်လာကြတယ်၊ ဒါပါပဲ"

ကိုကြီးသည် လင်းလက် စကားတွေကို တကယ်အံ့သြနေမိပါသည်။ ဖိုရမ်ထဲမှာ ခင်မင်ကြပြီး အပြင်မှာ ဆုံတွေ့ကြတဲ့ မိန်းမတွေတဲ့။ အရွယ်တူလည်း မဟုတ်။ ကိုကြီးက မယုံသင်္ကာမျက်ဝန်းကို မှေးစင်းကာ ...

"မိန်းမတွေချည်းပဲ ဆိုတာ သေချာလား၊ ငါ့ကို မညာနဲ့နော်"

"လင်းက ကိုကြီးကို ဘာလို့ညာရမှာလဲ၊ မိန်းမချည်းပဲ၊ ကိုကြီးက လင်းကို ယောကျ်ားလေးတွေနဲ့ ဓာတ်လမ်းရှုပ်မှာ စိုးရိမ်နေတာလား၊ တကယ်လို့ ယောကျ်ားလေး အပေါင်းအသင်း ရှိလာခဲ့ရင်လည်း ကိုကြီး လင်းအပေါ် စိုးရိမ်စရာ ဘာမှမရှိဘူး၊ လင်းက အိမ်ထောင်သည်ပဲ၊ လင်းမှာ ကိုကြီး ဆိုတဲ့ ခင်ပွန်းသည်ရှိတာ ဖိုရမ်ထဲမှာ အားလုံးသိကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးသည် တစ်ခဏ တိတ်သွားကာ လင်းလက်ကို စူးစိုက်ကြည့်သည်။ မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ထိုင်လိုက်ပြီး သူ့မေးစေ့ သူညှစ်၍ စဉ်းစားခန်း ဝင်နေပါသည်။ လင်းလက်ရဲ့ မထိမဲ့မြင်လည်း မရှိဘဲ တည်ကြည်နေတဲ့ မျက်လုံးကလေးကို မလွတ်တမ်း ကြည့်နေသည်။ သူ့ကို ဖင်တုန်အောင်ကြောက်တဲ့ ဒီကောင်မလေး ဘာတွေ ရင့်ကျက်သလို ပုံစံဝင်သွားတာလဲ။ သူ့မှာယောကျ်ားရှိကြောင်းတော့ ဖိုရမ်ထဲ ကြေညာထားသတဲ့။ ကြေညာ မထားရင်တော့ အပျိုထင်ပြီး နှောင့်ယှက်တဲ့ ကောင်တွေ ရှိသဲ့သဲ့လုပ်သူတွေ နောက်ပြောင်သူတွေ ရှိလာနိုင်သည်။

"မင်း ဘယ်ကကားနဲ့ ပြန်လာတာလဲ"

"မာမီ လိုက်ပို့တာ"

"မာမီ ဆိုတာက ဘာလဲ"

"မာမီ ဆိုတာ ခုန လင်းပြောတဲ့ အသက်လေးဆယ့်တစ်နှစ်ရှိတဲ့ အမျိုးသမီးကို လင်းတို့အားလုံးက ခေါ်ကြတာ"

"မာမီတဲ့လား၊ သူက ဘာလဲ"

"သူက စိန်အရောင်းအဝယ်လုပ်တဲ့ ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးပါ၊ သူ့မှာ သားနှစ်ယောက် ရှိတယ်၊ သူ့ယောကျ်ားက ကွန်စထရပ်ရှင်လုပ်ငန်းလုပ်တဲ့ သူဌေးတစ်ဦးပဲ၊ တစ်အိမ်တည်းမှာ နေကြပေမဲ့ လင်မယားကွဲနေတာ ရှစ်နှစ်ရှိပြီ"





"ဘာ"

ကိုကြီးက မျက်မှောင်ကုတ်သွားပါသည်။ ယောကျ်ားနဲ့ တစ်အိမ်တည်းနေပြီး ကွဲနေသတဲ့။ ဘယ်လို အမျိုးသမီးလဲ။

"နောက်ကော ဘယ်သူတွေလဲ"

"နောက် အစ်မကြီး တစ်ယောက်က အသက်သုံးဆယ်၊ ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်လုပ်တယ်၊ ပိုက်ဆံချမ်းသာပြီး ကိုယ့်ကား ကိုယ်မောင်းတဲ့သူပဲ၊ အလုပ်လုပ်နေတာက အိမ်ခေါင်းထဲပိတ်ပြီး အလဟဿ မနေချင်လို့ သူ့မှာသားလေးတစ်ယောက် လေးနှစ်အရွယ်ရှိတယ်၊ သူ့ယောကျ်ားက ဖောက်ပြန်နေတယ်"

"ဘာ"

ကိုကြီးမှာ နောက်တစ်ခါ တုန်လှုပ်ရပြန်သည်။ မျက်မှောင်ကို ပိုကုတ်လိုက်ပြီး ...

"နောက်ထပ်ကော"

"နောက်ထပ် အစ်မကြီးက ကွန်ပျူတာသင်တန်းတစ်ခုက ဆရာမ၊ အသက်နှစ်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ ကလေးမရှိဘူး၊ သူ့ယောကျ်ားကလည်း သူ့အပေါ် သစ္စာဖောက်နေတယ်"

"ဘာ ...၊ မင်းတို့ဟာတွေက ဘာတွေလဲ၊ တစ်အိမ်တည်းကွဲနေတဲ့လူနဲ့ ယောကျ်ားက ဖောက်ပြန်နေတဲ့သူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကြီး၊ အဲဒီလို ဘဝချင်း အဖြစ်ချင်း ခံစားချက်ချင်းတွေ နီးစပ်တူညီကြလို့ လင်းတို့ လေးယောက် ခင်မင်ရင်းနှီးသွားကြတယ်"

"ဘာ"မအော်နိုင်ဘဲ ကိုကြီး ချက်နှာနီရဲသွားရသည်။ လင်းလက်ဟာလည်း ယောကျ်ားဖောက်ပြန်နေတဲ့ မိန်းမတစ်ယောက်ပဲပေါ့။ လည်ပင်းမှာ အလုံးကြီး နင်သလို ခိုးလိုးခုလုနေရထိုင်ရ ခက်ကာ အကြာကြီး တိတ်ဆိတ်စိုက်ကြည့်နေမိပြီးမှ ...

"ဒါနဲ့ ယောကျ်ားတွေ ဖောက်ပြန်နေတဲ့ မင်းတို့မိန်းမ ကလပ်ဘ်က ဘာတွေ သွားချိန်းဆို ဆွေးနွေးနေကြတာလဲ"

"ကိုယ့်အကြောင်းကိုယ် ရင်ဖွင့်ဝေငှတဲ့ သဘောပါပဲ"

"ဩော် ... ဒါဖြင့် မင်းက ငါ့အကြောင်းကို အဲဒီ အုပ်စုကြားထဲ ချပြောတယ်ပေါ့"

"ဟုတ်ကဲ့ ... ဖိုရမ်ထဲမှာ တင်ပြီးပြောတာပါ။ ဒီလေးယောက်တည်းကို မဟုတ်ပါဘူး"

ကိုကြီးက စားပွဲကို ဒေါသတကြီးနှင့် တစ်ချက်ထုပစ်ပြီး ...

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ ငါ့ကို အရှက်ခွဲတဲ့ သဘောပေါ့၊ ဟုတ်လား"





"လင်းတို့ ရင်ဖွင့်ကြတဲ့ သဘောပါပဲ ကိုကြီး၊ ဘယ်သူမှ ကိုယ့်ယောကျ်ား ဘယ်သူပါဆိုတာ နာမည်နဲ့တစ်ကွ ဖွင့်မပြောကြပါဘူး၊ ကိုယ့်ယောကျ်ား ဂုဏ်သိက္ခာအတွက် လျှို့ဝှက်ထားပါတယ်၊ မာမီ တစ်ယောက်ပဲ ဒီနေ့မှ သူ့ယောကျ်ားနာမည် ဖွင့်ပြောတာပါ၊ သူတို့ယောကျ်ားတွေ ဘယ်သူလဲ လင်း မသိသလို လင်းယောကျ်ား ဘယ်သူလဲ သူတို့ မသိပါဘူး၊ လင်းတို့ချင်း နာမည်အရင်းလည်း မသိကြပါဘူး"

"ကျွတ် ... ဒါပေမဲ့ ဒါတွေက ဘာအကျိုးရှိမဲ့ အလုပ်မို့လို့ မင်း လုပ်နေရတာလဲ၊ အပိုတွေကွာ၊ ဘာမှ အကျိုးမရှိဘူး၊ ကိုယ့်အတွင်းရေး သူများသိပြီး အရှက်ကွဲစရာပဲ ရှိတယ်"

"ယောကျ်ားဖောက်ပြန်တာ ခံရတဲ့ မိန်းမတစ်ယောက်ဖြစ်ရတာ ဘာမှရှက်စရာ မရှိပါဘူး ကိုကြီး၊ ကိုယ်ဖောက်ပြန်မှသာ လင်း ရှက်ရမှာပါ၊ ကိုကြီး မရှက်ရအောင်လည်း ကိုကြီးနာမည်ကိုမှ အသိမခံတာ"

"အေးပါ ... မသိပါစေနဲ့ဦး၊ ထားပါ၊ ဘာအကျိုးရှိလဲ ငါမေးနေတာ"

"လင်းတို့ချင်း တစ်ယောက်ကို တစ်ယောက် အားပေးဖေးမကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းလက် အသံလေးက တုန်ယင် တိုးတိတ်လှသည်။

"တစ်ခါတစ်ရံတော့ ကိုယ်ချင်းစာနိုင်သလို တစ်ခါတစ်ရံတော့လည်း ကိုယ်က သူ့လောက်မဆိုးသေးပါလားလို့ ဖြေသိမ့်လို့ရတယ်၊ ကိုယ့်အဖြစ်က ပိုဆိုးနေတဲ့အခါလည်း ဝမ်းနည်းရတာပေါ့၊ လင်းတို့ချင်း တစ်ယောက်ကို တစ်ယောက် နားလည်မှု ပေးကြတယ်၊ ကြင်နာပေးကြတယ်၊ လိုအပ်တာရှိလာရင် ကူညီပေးကြမယ် ... ဒါပါပဲ"

"မင်းကို ဘာတွေ ဝိုင်းသင်ကြလဲ"

"ဘာမှ မသင်ပါဘူး၊ တစ်ယောက်ကို တစ်ယောက် သွေးထိုးမြှောက်ထိုးပင့်ကော်လုပ်ဖို့ ဆုံတွေ့ကြတာလည်း မဟုတ်ဘူး၊ ဘဝတူချင်း ကိုယ်ချင်းစာ ကြင်နာသနားလို့ ချစ်ခင်ရင်းနှီးသွားကြတာပါ၊ အိမ်ထောင်ရေး သာသာနေတဲ့ ... ယောက်ျားက သစ္စာရှိတဲ့ မိန်းမတစ်ယောက်ကို လင်းအဖြစ်ကို လင်းပြောပြဖို့ ရှက်ကြောက်ဝန်လေးပြီး ရင်ဖွင့်ရဲမှာ မဟုတ်ပေမဲ့ ဒီအချင်းချင်းကျတော့ သူလည်း ကိုယ့်လိုပဲ ခံစားရတယ် ဆိုတာ သိပြီး ကိုယ့်အဖြစ်လည်း ရင်ဖွင့်ရဲပါတယ် ...

လင်း သူတို့နဲ့ စာတွေရေးတာ၊ စကားတွေ ပြောရတာ အားရှိတယ်၊ နွေးထွေးတယ်၊ လင်း တစ်ယောက်တည်း





မဟုတ်တာကို ခံစားလာရတော့ သတ္တိတွေ ခံနိုင်ရည်တွေပါ ပိုရှိလာသလို ခံစားရတယ် ကိုကြီး၊ ဒါကြောင့်ပါ၊ လင်းတို့ မိန်းမချင်းသာ ကိုယ်ချင်းစာနိုင်တဲ့ ဒီပတ်သက်မှုကို ကိုကြီး နားလည်ခွင့်ပြုပေးပါ၊ နောက်တစ်ကြိမ်ဆုံရင် လင်း ကျွေးမယ်လို့ လင်းပြောခဲ့တယ် ...

လင်းတို့ ဆုံကြဦးမှာ၊ တွေ့ကြဦးမှာ၊ လိုအပ်တယ်"

ကိုကြီးက လင်းလက်ကို အရောင်တွက်တဲ့ မျက်လုံးများနှင့် ထူးဆန်းစွာ အကဲခတ် ကြည့်နေမိပြီး စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေရပါသည်။

❀ ❖ ❀

"ဟော ... ဆော လာပြီ၊ အတော်ပဲ ဆောရေ၊ ဟောဒီမှာ ခုပဲ ပြောနေကြတာ"

မြသက်ဆောက အလျှုရှင် ဒေါ်အေးအေးတင့် စကားကြောင့် ပြုံးကာ သူ့အနားမှာပဲ ဝင်ထိုင်လိုက်ပါသည်။ ရေသန့်သူဌေး ဇမာဆေးသူဌေး ဦးတင်ကိုကို ဒေါ်အေးအေးတင့်တို့အိမ်မှာ ပြုလုပ်သည့် ဆွမ်းကျွေးအလှူ ဖြစ်ပါသည်။

"ဘာများ ပြောနေကြတာလဲ မမတင့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီမိတ်ဆွေတွေနဲ့ လက်ဝတ်ရတနာအကြောင်း စကားစပ်မိရင်းနဲ့ အထူးသဖြင့် စိန်ထည်ပေါ့။ စိန်ထည် လက်ဝတ်ဆိုရင်တော့ မြသက်စော ဆိမှာ အပ်ရင်ဝယ်ရင် စိန်လေးလည်းသန့်၊ ပုံလေးလည်း ဆန်းတယ် ဆိုတာ ပြောပြနေတာ၊ ပုံစံက သူကိုယ်တိုင် တီထွင်ပြီးဆွဲတာ၊ တော်ရုံတန်ရုံ ဒီဇိုင်းတူ မရှိဘူး၊ သူ့ဆီက ထွက်လာရင် ပုံက အထက်တန်းကို ကျနေတာ"

"ကျေးဇူးတင်ပါတယ် မမတင့်ရယ်။ ဖောက်သည်မိတ်ဆွေ ဆွယ်ပေးနေတာ ဟင်း ဟင်း၊ မမတင့် အပ်ထားတဲ့ လော့ကက်တောင် ရလာပြီ၊ ယူလာသေးတယ်"

"အတော်ပဲ၊ လိုချင်နေပြီ၊ ဒီကလည်း လောတော့မလို့"

မြသက်စောက လက်ပွေ့အိတ်ထဲမှာ မွှေနှောက်ပြီး ကတ္တီပါဘူး ပြာပြာကလေး တစ်ခုကို ထုတ်ယူလိုက်ပါသည်။ အသင့်ဖွင့်ဟ၍ ဒေါ်အေးအေးတင့် ရှေ့ချလိုက်လျှင် စားပွဲဝိုင်းမှာရှိကြတဲ့ ကျားမအကုန် မျက်စိရောက်သွားရသည်။ သစ်ခွပွင့်ပုံ စိန်လော့ကက်က ပုံဆန်းတာနှင့်အမျှ လက်ရာက ကြွရွတင့်တယ် လွန်းလှသည်။

"ဟယ် ... လှလိုက်တာ စောရယ်၊ ကြိုက်လိုက်တာကွယ်၊ သဘောကျလိုက်တာ"

ဒေါ်အေးအေးတင့်သည် ရင်မှာကပ်ကြည့်လိုက်ရင်း သဘောတကျ ဖြစ်နေပါသည်။





"ဘယ်တော့မှ စိတ်တိုင်းမကျရတာ မရှိဘူး၊ အချိန်လေး နည်းနည်းစောင့်ရတာ တစ်ခုပဲ၊ ကြည့်ပါလား အဝင်းရယ်၊ စိန်တွေကလည်း စော ကိုယ်တိုင် ရွေးပေးတာ"

"ဟုတ်ပါရဲ့၊ အဝင်းတောင် အရမ်းကြိုက်တာပဲ၊ လိုချင် လိုက်တာ၊ စောင့်တောင် မစောင့်ချင်ဘူး၊ ခုချက်ချင်းပဲ ဒါကိုပဲ မမတင့်ဆီက ယူလိုက်ချင်ပြီ"

"အမယ်လေး မလုပ်ပါနဲ့ အဝင်းရယ်၊ ဒီ ဒီဇိုင်းကို စော ဆွဲပြကတည်းက ကိုယ်က ချက်ချင်းဝတ်ချင်လှပြီ၊ တစ်လ ကျော်တောင် စောင့်ရတာနော် စော"

"ဟုတ်ကဲ့ ...၊ စောရဲ့ ပန်းတိမ်ဆရာကလည်း ဒီကြားထဲ နည်းနည်းနေမကောင်းလိုက်လို့ပါ၊ ဒီက ဓမဝင်း လိုချင်ရင် သုံးပတ်လောက်နဲ့ ရနိုင်ပါတယ်။ စိန်ကလည်း မမတင့် အတိုင်း အသန့်ရွေးပေးလို့ ရပါတယ်၊ Next to white လောက်နဲ့ ဆိုရင်ကို ဒီပုံက အရမ်းကြွားနေပြီ၊ ဈေးက ထက်ဝက်လောက် ကွာသွားမှာပါ။ စိတ်တိုင်းကျ ကိုယ်လို ချင်တဲ့ တန်ဖိုးနဲ့ စော လုပ်ပေးနိုင်ပါတယ်"

"ဒီပုံအတိုင်း လိုချင်တာ"

"ရပါတယ်၊ မမတင့်လည်း တစ်လနီးပါးလောက် တစ် ယောက်တည်း ပထမဆုံး ဖက်ရှင်ကျကျ ဆွဲခွင့်ရမှာဆို တော့ ကျေနပ်လောက်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ပုံစံဆင်တူလုပ်တာ၊ ဘာမှ ကိစ္စမရှိပါဘူး၊ ကိုယ်တစ်ယောက်တည်း ဆွဲရမှ မဟုတ်ပါဘူး၊ အဝင်းကိုသာ သူ လိုချင်သလို အကောင်းဆုံး လုပ်ပေးပါ စောရယ်၊ သူလည်း မမတင့်လိုပဲ၊ ဝယ်တယ် ... ဝယ်တယ်၊ နောင်ကို ဖောက်သည် ဖြစ်မှာပဲ"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ် မမဝင်းရယ်"

"ကဲ ... ဦးကျော်မောင်၊ မျက်ထုံးတွေ လျှပ်နေပြီလား"

ဒေါ်ဝင်းဝင်း ခင်ပွန်းသည်က တဟားဟားရယ်ကာ ...

"မလျှပ်ရပါဘူးဗျာ၊ သေရင်လည်း မပါ၊ သမီးလည်းမရှိဘဲ သူ ဝယ်ချင် ဝတ်ချင်သမျှ ကျွန်တော်က ကြည်ဖြူပြီးသားဗျ"

"အမယ်နော် ... သမီးမရှိပေမဲ့ ချွေးမနှစ်ယောက် ရှိလာမှာပဲဟာ၊ ပေးရမှာပေါ့"

"မရသေးတဲ့ ချွေးမတွေဖို့ စုနေတာတဲ့ဗျို့"

ဒေါ်ဝင်းဝင်းက ဟိုဘက်နား ထိုင်နေသော အမျိုးသားလူရွယ်ကို ...

"ကိုသီဟကော ... ဘယ်လိုလဲ၊ ဆင်ဦးလေ မိန်းမကို"

ရယ်သံနှင့် လှမ်းပြောလိုက်တာမို့ ကိုသီဟ ဆိုသူက ပြုံးရယ်ရင်း ...





"ဟုတ်တယ်၊ ကျွန်တော် လှမ်းကြည့်နေတာ၊ ပုံကအတော်ကို လက်ရာမြောက်တာပဲ၊ တော်တော်လှတာပဲဗျ"

"ရော့ ... ကိုသီဟ ကြည့်လေ"

ဒေါ်အေးအေးတင့်က လော့ကက်ကြီးကို ကိုသီဟဘက်သို့ လှမ်းပေးလိုက်ပါသည်။ ကိုသီဟက လှမ်းယူကာ သေချာကြည့်ရင်း ...

"တကယ်လှတယ်ဗျာ၊ စိန်တွေကလည်း အကြီးကြီးတွေ တော်တော်ကျမှာပဲဗျ"

မြသက်စောက ပြုံးရယ်ရင်း ...

"မမတင့်ကတော့ ရှစ်လုံးစီးလောက်တွေနဲ့ လုပ်ထားတော့ အရွယ်လည်း တအားကြီးပြီး ဈေးလည်းတော်တော်ကျသွားတာပေါ့ရှင်၊ ဒါကိုပဲ ဆယ့်ငါးလုံးစီး နှစ်ဆယ်စီးလောက်နဲ့ လုပ်ရင်တောင် ကျပ်ပြားဝိုင်းလောက်ထက် ခပ်သာသာကြီးပါဦးမယ်၊ ဈေးလည်း ခေါက်ချိုးကွာသွားပါမယ်ရှင့်၊ အလုံးနှစ်ဆယ်စီးလောက် ဆိုရင် ကျွန်မမှာလည်း ရွေးစရာ စိန်အတော်များများ အဆင့်အမျိုးမျိုး ရှိပါတယ်၊ လုပ်ပျော်ပါတယ် ဝတ်ပျော်ပါတယ် ကိုသီဟ"

"ကိုသီဟက မိန်းမကို သိပ်ချစ်တာ။ တစ်ဆိတ်ရှိ ဘယ်မှသိပ်ချောဆွဲလို့ မပါဘူး၊ မိန်းမဆီပဲ အိမ်ပြန်ပြေးချင်နေတဲ့ လူစားမျိုး၊ မိန်းမက ထမင်းစား စောင့်နေလို့၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကို ဘယ်ပို့ရမှာမို့နဲ့ သိပ်သည်းတာဗျ။ ဆွယ်သာဆွယ် ဒေါ်မြသက်စောရေ၊ သူ လုပ်မှာ ... လုပ်မှာ"

ကိုကျော်မောင်က ပြောလျှင် ကိုသီဟက မြိုးရှ်ု လော့ကက်ကို မခွာတမ်း ကြည့်နေရင်း ...

"မိန်းမက သူ့ဟာသူတော့ အပ်နေ လုပ်နေတာပဲ၊ ဘယ်မှာ အပ်တယ် ဝယ်တယ် ကျွန်တော် သိပ်မသိပါဘူး၊ ကိုယ်က လုပ်သွားပေးရင် သူကြိုက်ပါ့မလား ဆိုတာပဲ စဉ်းစားနေတာ"

"အမယ်လေး ကိုသီဟရယ်၊ ယောက်ျားက စိန်လက်စွပ် ရတနာ ဝယ်လာ လုပ်လာပေးတာ မကြိုက်ဘူးငြင်းတဲ့ မိန်းမ လောကမှာ ရှိပါ့မလားရှင်၊ ဦးကျော်မောင်တို့က အဲသလို လုပ်ပေးဖို့ အိုက်ဒီယာလည်းမရှိ၊ ဝါသနာလည်း မပါမို့ ကျွန်မတို့ ကိုယ့်ဟာကိုယ် အပ်ရတာ၊ ရှင်က ကိုယ့်စိတ်ကူးနဲ့ကိုယ် ဝယ်သွားပေးလို့များ မိန်းမက မကြိုက်ဘူးငြင်းရင် ကျွန်မကို ဇက်ဖြတ်လှည့်"

ဒေါ်ဝင်းဝင်း စကားကို အားလုံး ဝိုင်းရယ်ကြပါသည်။

"အေးဗျာ၊ ပုံကတော့ တော်တော်လှပြီး လက်ရာမြောက်လို့ အပ်ချင်ပါတယ်၊ အပ်ရင်လည်း ကျွန်တော်က နှစ်ခုလောက် တစ်ခါတည်းအပ်မှ ဖြစ်မယ်"





"ဟာ ... ဆင်တူနှစ်ခု ဆိုရင်တော့ ကိုသီဟ မရိုးတော့ဘူး ထင်တယ်"

စကားဝိုင်းက ရယ်သံတွေနှင့် ဆူညံဝေစီ နေရပါသည်။

"မလုပ်ပါနဲ့ဗျာ၊ မဟုတ်ရပါဘူး၊ အမေ့မွေးနေ့လည်း နီးနေပြီမို့လို့ မှတ်မှတ်ရရလေး ကန်တော့ချင်တာပါ၊ ဒီပုံစံကိုလည်း ကြိုက်နေလို့ပါ"

"ဒီလို သိတတ်တဲ့ သားလေး တစ်ယောက်လောက်တော့ ရချင်သား"

ဒေါ်အေးအေးတင့်က ရယ်သံနှင့် ဆိုသည်။

"စောရေ ... ဘယ်မှာ စိန်လာရွေးရမလဲ၊ စောပဲ ကြည့်လုပ်ပေးမလား"

"မမဝင်း ကိုယ်တိုင် ရွေးလို့ရပါတယ်၊ စိန်ရောင်းနေတဲ့ သူ့ပဲရှင် သွားလေရာကို စိန်အိတ် ပါပါတယ်၊ ဘာမှဝန်ကျယ်တာမှ မဟုတ်တာ၊ အခုကိုပဲ ပါပါတယ်၊ အရှယ် အစားစားပါပဲ မမဝင်း"

"အခုကြည့်လို့ ရမလား"

"ရပါတယ် မမဝင်း"

"ဒါဖြင့် ကြည့်ရအောင် စောရေ"



www.burmeseclassic.com

www.burmeseclassic.com



"စိန်ကြည့်မဲ့သူတွေ ဟိုဘက်စားပွဲ ရွှေ့လိုက်၊ ဒီမှာက အစားအသောက် ပန်းကန်တွေနဲ့ ရှုပ်တယ်၊ ဟိုဘက်စားပွဲက ရှင်းထားတာ၊ လွတ်လွတ်လပ်လပ်ကြည့်"

ဒေါ်အေးအေးတင့် စကားကြောင့် မြသက်စောနှင့် ဒေါ်ဝင်းဝင်း တစ်ဖက်စားပွဲကို ရွှေ့ထိုင်ကြပါသည်။

"ပြီးမှပဲ အေးအေးဆေးဆေး စားမယ်မို့လား ဆော"

"ဟုတ်ကဲ့ မမတင့်၊ စောလည်း ဗိုက်မဆာလှသေးဘူး"

"သားတွေရော လင်တော်မောင်ရော နေကောင်းကြတယ် မို့လား၊ စောက ခေါ်တော့မလာဘူး"

"ခေါ်လာစရာလား မမတင့်ရယ်၊ သီသားနဲ့ မမတင့်ရယ်၊ ဘုရားသွားအတူ ကျောင်းသွားအတူ အလှူသွားအတူနဲ့ လုပ်နေရင် ကုသိုလ်တွေ အကုသိုလ်တွေ ညီနေပြီး နောင်ဘဝမှာ တစ်ဘုံထဲ ပြန်ဆုံနေရပါဦးမယ်"

"ပြောတော့မယ်၊ ဒီစကားလုံးလေးတွေ ကြားချင်လို့ပဲ မမတင့်က တမင်ဆွပေးရတာ၊ ဟင်း ဟင်း ... စောကတော့ ပြတ်လိုက်တာနော်"

"ပြတ်ပါတယ် မမတင့်ရယ်၊ နှစ်ယောက်စလုံး နတ်ပြည် ရောက်ကြရင်တောင် စောက သူနဲ့ တစ်ဘုံထဲနေပြီး သူ့မျက်နှာ မြင်မနေချင်လို့ နတ်စည်းစိမ်စွန့်ပြီး ငရဲပဲ ဆင်းရ ဆင်းရ ဆင်းမဲ့ မိန်းမပါ"





"ဟား ဟား ... အမယ်လေး စောရယ်၊ သူနဲ့အတူ မရှိချင်လို့ နတ်စည်းစိမ်တောင် စွန့်မတဲ့"

ပြုံးပြုံးလေး ဝန်လေး၍ ရှက်မှု မရှိဘဲ ဘယ်သူသိသိ ဘယ်သူကြားကြား ခပ်အေးအေး ပြောနေတဲ့ မြသက်စောကို ဒေါ်ဝင်းဝင်းတို့ လင်မယားရော ကိုသီဟပါ အကဲခတ် ကြည့်နေကြပါသည်။

"ကြည့်ပါ မမဝင်း၊ ကြည့်ချင်တဲ့ဟာကို ပြောပါနော်"

"ကျွန်တော်ရော ကြည့်လို့ရမလား မသိဘူး"

"အို ... ရတာပေါ့ ကိုသီဟရယ်၊ လာကြည့်ပါ၊ လာပါ၊ ကိုသီဟ စိတ်တိုင်းကျမဲ့ဟာမျိုးလည်း ကျွန်မ ပြပေးပါ့မယ်"

ဤသို့ဖြင့် ဟိုဘက်စားပွဲပေါ်တွင် မြသက်စောက ပါလာသော စိန်ကတ္တီပါ ဗန်းငယ်အနက်ရောင်ကလေး၊ ဓာဂနာလေး၊ မှန်ဘီလူးလေးတို့ထုတ်၍ စိန်အရွယ်ရွယ် အစားစား အရည်အမျိုးမျိုးတို့ကို တစ်ထုပ်ပြီး တစ်ထုပ် ဖွင့်ခင်းချပြပါတော့သည်။ အလှူပွဲမှာ မမျှော်လင့်ဘဲ အပ်ထည်ရနေ၍ မြသက်စောကလည်း ဖော်ဖော်ရွှေရွှေ စိတ်ရှည်လက်ရှည်နှင့် ပြပေးနေပါသည်။

ဒေါ်ဝင်းဝင်းက ဆယ်လုံးစီးရွယ် လော့ကက်တစ်ခုစာ။ ကိုသီဟ ဆိုသူက နှစ်ဆယ်စီး လော့ကက်နှစ်ခုစာ။

"ကျွန်တော့်မှာ အခုတော့ လောလောဆယ် အဲသလောက် ပိုက်ဆံမပါဘူးဗျ၊ ရရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို … ကိုသီဟကလည်း၊ သူများအလျှုပ်ိတ်လို့ လာတာ ဘယ်သူက ပိုက်ဆံတွေ သိန်းဆယ်နဲ့ချီပြီး အထုပ်ကြီး သယ်လာမှာတုန်း၊ ကျွန်မလည်း မပါဘူး။ ဒီစိန်တွေလည်း ကျွန်မတို့အိမ် ယူသွားမှာမှ မဟုတ်တာ၊ စောက သူ့ဟာ သူ ရွေးထားတဲ့ အထုပ်ကလေးတွေ သီးသန့်ပိတ်ယူသွား ပြီး အပ်မှာလေ၊ တစ်ရက် နှစ်ရက်အတွင်း ချိန်းပြီး စော ကို စိန်ဖိုးချေနှင့်ပေါ့၊ လော့ကက်လေး ထွက်လာမှ ရွှေ ဘယ်လောက်ဝင်တယ်၊ အလျော့က ဘယ်လောက် ထပ် တွက်ပြီး ပစ္စည်းလည်းယူ လိုငွေထပ်ပေးပေါ့၊ ဟုတ်တယ် မဟုတ်လား စော"

"ဟုတ်ပါတယ် မမဝင်းရယ်၊ ခုရွေးပြီးတဲ့စိန်တွေကို စော က မမဝင်း အထုပ်၊ ကိုသီဟ အထုပ် ခွဲပြီး ချိတ်ပိတ်ပြီး ပန်းတိမ်ကို သွားအပ်တော့မှာပါ၊ တစ်ရက် နှစ်ရက် မဟုတ် ပါဘူး၊ တစ်ပတ်အတွင်းလောက် စိန်ဖိုးလာချေရင် ဖြစ် ပါတယ်၊ အဆင်ပြေသလိုလုပ်ပါ၊ မမတင့် မိတ်ဆွေတွေပဲ အထည်ပြီးမှပဲ ကျသမျှအားလုံး ရှင်းတော့မယ်ဆိုလည်း ရပါတယ်၊ မယုံစရာ လူပါတာ ကျနေတာပဲ၊ အဆင်ပြေ သလို စိတ်ချမ်းသာသလို လုပ်ကြပါ၊ ဘယ်လိုလုပ်လုပ် စောဘက်က အဆင်ပြေပါတယ်"

"မမဝင်းတော့ နက်ဖြန် ငွေစုပြီး သန်ဘက်ခါ စိန်ဖိုးလာ ချေလိုက်မယ်နော် စော"





"ဟုတ်ကဲ့ပါ"

"ကျွန်တော်လည်း မနက်ဖြန်ပဲဖြင်ဖြစ် သန်ဘက်ခါလောက် ဖြစ်ဖြစ် လာချေပါ့မယ်၊ နောက်လည်း ချေရမှာပဲ၊ မမစော ကို ဘယ်လိုတွေ့ပြီး ချေရမယ်သာ …"

"ကျွန်မအိမ်ကိုပဲ လာချေလို့ ရပါတယ်၊ ဟောဒါက ကတ်ပါ။ ကိုသီဟ ဗစ်စစ်ကတ်ကလေးလည်း ရနိုင် ရင် …"

ကိုသီဟက သူ့ကတ်လေးကို မြသက်စောကို ထုတ်ပေးရင်း ငွေလာချေဖို့ အချိန်အတိအကျ ပြောဆိုချိန်းချက် လိုက်ကြပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၉

ထင်ထင်သည် သားလေးနဖူးပေါ် လက်ဝါးလေး အသာအုပ်စမ်းကြည့်လျှင် နွေးငွေ့ငွေ့သာ ခံစားရတော့၍ သက်ပြင်းတစ်ချက် ချလိုက်ကာ ရင်ထဲ သိသိသာသာ ပေါ့သွားရပါသည်။ နေ့လယ်က ရုံးကိုဖုန်းလာကာ သားလေး အဖျားတွေတက်နေတယ်ဟု မေမေက လှမ်းဆက်တာ ဖြစ်နေ၍ ရုံးမှာ နေ့တစ်ဝက်ခွင့်တိုင်ပြီး အပြေးအလွှား ပြန်ပြေးချလာခဲ့တာ ဖြစ်သည်။

မောင့်ထံ ဖုန်းဆက်တော့ မောင့်ဖုန်းက ပိတ်ထားသည်။ နေ့လယ်တုန်းက ဆက်မရခဲ့။ အစည်းအဝေးပဲ ရှိနေလို့လား တွေးရပါသည်။ နေ့လယ်နေ့ခင်းမှာတော့ အလုပ်ချိန်မို့ မောင် မဟုတ်တဲ့နေရာ ရောက်မနေလောက်လို့ ယူဆရသည်။

"ညည်းယောကျ်ားကလည်း ဘယ်လိုတုန်း၊ ခုထိမရောက်ပါလား"





မေမေက နာရီတစ်ချက် မော့ကြည့်ကာ မကျေမနပ်ဆိုလျှင် ဖေဖေက မေမေ့ကို စိတ်မသက်မသာ ကြည့်ရင်း ...

"အို ... အမေကလည်းကွယ်၊ နိုင်ငံခြားသားနဲ့ အလုပ်လုပ်ရတဲ့သူဆိုတာ ဒီလောက်တော့ ရှိမှာပေါ့၊ ဒီလိုမပြောပါနဲ့ကွယ်၊ လာမှာပေါ့"

မေမေက ဗြတ်ခနဲ ထ,ထွက်သွားပါသည်။

ခုဆို ညရှစ်နာရီခွဲပြီမို့ မေမေ စိတ်တိုတောင်းလာတာ ဖြစ်သည်။ ညနေခြောက်နာရီလောက်က ဆေးခန်းသွားကာ ဆေးခန်းက ဖုန်းဆက်တော့ မောင့်ဖုန်းက ဖွင့်ထားပြီဖြစ်ကာ အဆက်အသွယ် ရခဲ့သည်။ "လာခဲ့မယ်"ဟု မောင် ပြောခဲ့ကာ ခုထိရောက်မလာ။ ဆေးခန်းကအပြန် အဖျားကျအောင် စအိုမှ ထည့်ရသော အပူကျဆေးကြောင့် သားလေးက အပူတော့ကျနေပါပြီ။

သားလေး သုံးနှစ်တုန်းက တစ်ကြိမ် သွေးလွန်တုပ်ကွေး ဖြစ်ဖူး၍ ထင်ထင်က စိုးရိမ်မိတာ ဖြစ်သည်။ ခုတော့ ဆရာဝန်က သွေးလွန်တုပ်ကွေးလက္ခဏာ မတွေ့ရပါဘူးဆို၍ စိတ်သက်သာရာ ရရပါသည်။

လွန်ခဲ့တဲ့ တစ်ပတ်ကတည်းက ဒီအပတ်ထဲမှာ ခရီးသွားရမည်လို့ မောင် ပြောထားသည်။ သွားရမည့်နေ့ဟာလည်း မနက်ဖြန်။ မနေ့ကတည်းက သားလေး ကိုယ်ပူတွေ



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ထံမှ သိရ၍ မောင့်ကို ခရီးမသွားလို့ ရောဘူးလားလို့ ထင်ထင် ပြောကြည့်သေးသည်။ ကြိုတင်ရက်ချိန်း စီစဉ်ထားတာ ဖြစ်၍ မသွားလို့ မရဘူးတဲ့။

ထင်ထင်သည် ငိုင်ကာ စဉ်းစားနေမိသည်။

ဒီလထဲမှာ မောင် ခရီးသွားတာ ဒါပါနဲ့ဆို သုံးခါ တောင်ရှိပြီ။ လဆန်းရက်က တစ်ခါ ပြည်ကိုတဲ့။ နှစ်ရက်ကြာ သည်။ လလယ်တုန်းက မြိတ်ကို။ လေးရက် ကြာသည်။ အခု လကုန်ပြန်တော့ တစ်ခါ။ နေပြည်တော်ကိုတဲ့။

"ထင်ထင်ရေ ... နို့လေးရပြီ၊ နွေးနွေးကလေးပဲ"

သားလေးရဲ့ နာနီက သားလေးရဲ့ အရုပ်ကလေးတွေ နှင့် ခွက်လှလှလေးထဲ နို့ယူကာ ဝင်လာသည်။

"သားရေ ... သားသားလေး၊ ဒီမှာ ကြည်ကြည်က နို့ယူ လာပြီ၊ နို့လေးနည်းနည်း သောက်မယ်နော်၊ မေမေ့ခွန်း လေးနဲ့ တိုက်ရမလား"

"ဟင့်အင်း ... ဟင့်အင်း"

"သား ဘာမှ မစားမသောက်ရင် ဗိုက်အောင့်လာမယ် သားလေးရဲ့၊ သောက်ရအောင်နော်၊ သားလေးက လိမ္မာ လိုက်တာကွယ်"

ဟ,ထားတဲ့ တံခါးဝမှ မေမေ့ကိုယ်တစ်ခြမ်း ပေါ် လာပြီး မကြည်သာတဲ့ အသံနှင့် ...





"လာပြီ ... ညည်းယောက်ျား"

ပြောပြီး မေမေက ပြန်ထွက်သွားပါသည်။ မေမေက ဟိုးတုန်းကတည်းက မောင့်ကို ကြည့်မရသည်မှာ ခုလည်း ကြည့် မရ။ မခေါ်ပြော နေတာမျိုး မဟုတ်သော်လည်း သမက်ရယ်လို့ တရင်းတနှီး ချစ်ချစ်ခင်ခင်လည်း မရှိဘဲ ခပ်တည်တည်သာ ပြောဆို ဆက်ဆံသည်။ အခုနောက်ပိုင်းမှာ မေမေရဲ့ မကြည်သာ မှုက ပိုပြီးသိသာထင်ရှားသလို ဖြစ်လာသည်မှာ ဘာကြောင့်လဲ။

မေမေများ မောင့်သတင်းကို သိုးသိုးသန့်သန့်ကြား ရောသလား။ မေမေတို့ဟာလည်း အသိုင်းအဝိုင်း မဲ့တဲ့သူတွေ မဟုတ်။ ဖေဖေဆိုရင် ခုချိန်ထိ မိတ်ဆွေတစ်ဦးနှင့် စပ်တူရှယ်ယာ ပွဲရုံလုပ်ငန်း လုပ်နေသေးတာမို့ အလုပ်ကိစ္စ သွားလာလှုပ်ရှားနေ ရသေးရာ ပြင်ပက သတင်းစကားတွေ ကြားရ သိရနိုင်သည်။

ထင်ထင်သည် တွေးရင်း မျက်နှာတွေ ထူအမ်းကာ ချက်ချင်းလက်ငင်း ခေါင်းကိုက်လာသလိုပင်။ မကြာခင် မောင် သားလေးအခန်းထဲ ရောက်လာပါသည်။ သားလေး ခုတင်ပေါ် တင်ပလွဲ ခင်ထိုင်လိုက်ကာ သားလေးနဖူးကို တမြတ်တနိုးနမ်းရှိုက ကာ ...

"သားလေး ... ဖျားတယ် ဟုတ်လား သားလေး၊ အေး ... သနားပါတယ်ကွာ၊ ဖေဖေကြီး ရောက်လာပြီနော်၊ သား လေးက နို့နို့သောက်မလို့ ဟုတ်လား၊ ဖေဖေ တိုက်မယ် နော် ... သားလေးနော်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က သားလေးကို ပွေ့ထူလိုက်ကာ ရင်ခွင်ထဲ၌ ပိုက်လိုက်သည်။ ခုန “ဟင့်အင်း”ဆိုတဲ့ သားကလည်း ခုကျတော့ အဖေကို ကြောက်တာလား၊ စကားနားထောင်ချင်တာလား မသိ။ ဘာမှမငြင်း။ ထင်ထင် ကိုင်ထားတဲ့ နို့ခွက်ထဲမှ နို့ကို မောင်က ဇွန်းနှင့် ခပ်ကာ သားလေးကိုတိုက်ရာ အသာတကြည်ပဲ သောက်နေပါသည်။

ခပ်လှမ်းလှမ်းမှ အဘိုးက ပြုံးတုံးတုံးကြီးနှင့် ...

“ဟား ... ဒီကောင် ဖအေကျတော့ တစ်ခွန်းမှ မငြင်းပါလားဟေ့၊ ဟန်ကျတယ်ကွာ”

ထို့နောက် ထင်ထင့် အဖေသည် ကြားထဲက အနေခက်နေကာ အနားရောက်မလာတဲ့ မေမေ့ထံ မယောင်မလည်ထွက်သွားပြီး မရမက ပြောခေါ်လာခဲ့ပုံရသည်။ မေမေက အခန်းထဲ ပြန်ဝင်လာပါသည်။ မောင်က မေမေ့ကို လှမ်းကြည့်ကာ ...

“မေမေလည်း တော်တော်ပင်ပန်းနေပြီ ထင်တယ်၊ သားတစ်ခါတစ်ခါ နေမကောင်းဖြစ်ရင် အပင်ပန်းဆုံးက မေမေပဲ၊ တစ်နေကုန် ကြည့်နေမြင်နေရပြီး ပူလည်းပူပန်နေရတာကိုး”

မောင်က ဤသို့သော လောကဝတ် စကားများကို အခင်မတန် နားထောင်ကောင်းအောင် ယဉ်ကျေးဖွယ်ရာ ရှာပြောတတ်သူလည်း ဖြစ်ပါသည်။





“နေ့လယ်က အဖျားက တက်လာတော့ စိတ်ပူသွားတာနဲ့ ထင်ထင့်ဆီ ဖုန်းလှမ်းဆက်ရတာ၊ မပင်ပန်းပါဘူးကွယ်၊ ကလေးတစ်ယောက် ဝေယျာဝစ္စ ပြုစုနိုင်ပါတယ်၊ အဖျားကြီးလာရင်သာ ဘာလုပ်လို့ ဘာကိုင်ရမယ် မသိ၊ တက်ပြသွားမှာ ကြောက်တာ၊ အဲဒီစိတ်ပင်ပန်းတာ တစ်ခုပဲ”

မေမေကလည်း အလိုက်သင့် ပြန်မပြောလို့ မရတော့ပါ။

“မေမေတို့ သားကို ခေါ်ထားပေလို့သာပါပဲ။ နို့မို့ရင် ထင်ထင်ကလည်း ရုံးတစ်ဖက်၊ ကျွန်တော်ကတော့ ပြောမနေနဲ့တော့၊ အလုပ်က တအားများတာပဲ မေမေ၊ ဂျပန်ကလည်း တအားပရက်ရှာပေးတာပဲ”

“ဒါပေါ့ ... နိုင်ငံခြားသားဆိုတော့ လခပေးရသလောက် တန်အောင် လုပ်အားပြန်ယူမှာပဲ”

“ဟုတ်တယ် ဖေဖေ၊ သူတို့ တစ်ခါတစ်ခါလာရင် ပိုဆိုးတယ်၊ လူကြီးက ဂျပန်နှစ်ယောက်ရှိတာ၊ တစ်ယောက်တစ်လှည့် လာနေကြတော့ သူတို့အဖို့တော့ နှစ်ယောက်မျှပြီး လာရတာ၊ ကျွန်တော်က ဘယ်သူလာလာ ဒိုင်ခံအလုပ်များရတာ”

မောင်က စကားပြောရင်း ထင်ထင့်ဘက် လှည့်ကြည့်ကာ ထင်ထင့် နဖူးကိုပါ ဖေဖေ မေမေတို့ရှေ့တင် စမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ထင်ထင်လည်း နွမ်းနေပါလား၊ နေကောင်းရဲ့လား၊ သားသားကို တအားစိတ်ပူလိုက်ရလို့ ထင်တယ်၊ သားက အဖျားကျနေပြီပဲ ထင်ထင်ရဲ့ သိပ်မပူပါနဲ့"

"မောင်က ခုမှရောက်လာတာကိုး၊ အဖျားကျမှ ရောက်တော့ ဘယ်ပူမလဲ၊ မေမေနဲ့ ထင်ထင့်မှာ နေ့လယ်က ခြစ်ခြစ်တောက် ပူနေတော့ အဲဒီအချိန် ဆေးခန်းထိုင်ချိန်လည်း မဟုတ်သေးတော့ ခုပဲ ကလေးဆေးရုံ ပြေးရင်ကောင်းမလား၊ ဘာလုပ်ရင် ကောင်းမလဲနဲ့ အရမ်းစိတ်ပူရတာ၊ မောင့်ဆီဆက်တော့ မောင်က ဖုန်းကို ပိတ်ထားသေးတယ်"

"နေ့လယ်က ညှော်သည်တစ်ယောက်နဲ့ စကားပြောနေတုန်း ခဏပိတ်ထားတာ ထင်ထင်ရဲ့"

"မကြာ မကြာ ပြန်နှိပ်ကြည့်တာ ပြန်ကို မဖွင့်ဘူး"

"တစ်ခါ တစ်ခါ မောင်တို့ တာဝါထဲမှာလည်း မိုးအုံ့ရင် လှိုင်းက မကြည်ချင်ဘူး"

"စက်ပိတ်ထားပါ၍လို့ ဖြေနေတာ"

"ဂျီအက်စ်အမ်မ်တွေက တစ်ခါတစ်ခါ ကြောင်တတ်တာ ထင်ထင်လည်း အသိပဲ၊ ညှော်သည်ကလည်း တစ်ယောက်ပြီးတစ်ယောက်ပဲ၊ နောက်နေ့ ခရီးသွားရမှာမို့ လူက စောစောအိမ်ပြန်ချင်ပါတယ်ဆိုမှ အလုပ်တွေက ပြတ်ကိုမပြတ်ဘူး"





မောင်က နို့ကို ခပ်တိုက်မပျက် ပြောနေသည်။

"နက်ဖြန် ခရီးသွားရဦးမယ် ! ! ဟုတ်လား ...! !"

"ဟုတ်ကဲ့မေမေ၊ သွားရဦးမယ်"

"အို ... ကလေးက နေမကောင်းတဲ့ဟာ၊ တော်ကြာ မနှစ်ကလို သွေးလွန်တုပ်ကွေးလိုဟာမျိုး ... ဖွဟဲ့ ... ဖွဟဲ့ ဖြစ်ရင် မင်းမရှိပဲ နေမှာပေါ့၊ အခုကောင်းနေပေမဲ့ သားက မနေ့ကမှ စ,ဖျားတာလေ၊ သွေးလွန်တုပ်ကွေး ဆိုတာမျိုးက ဖျားစ တစ်ရက်နှစ်ရက်မှာ Sign ပြတာမှ မဟုတ်တာ၊ သုံးလေးရက် နေမှပြတာ၊ မင်းခရီးက မသွားလို့ မရဘူးလား"

ဖေဖေက ကြားထဲက အားနာပါးနာ ရယ်ရွှန်းဖတ်ရွှန်းနှင့် ...

"ခရီးထွက်ဖို့ အလုပ်ကိစ္စ ဆိုတာကတော့ ကလေးဖျားတဲ့ရက်မို့ဆိုပြီး ရှောင်နေမှာ မဟုတ်ဘူးပေါ့ကွာ ဟားဟား၊ ဒီရက်မှာ ကလေးဖျားပါ့မယ်လို့ ဘယ်သိပါ့မလဲ"

"အို ... ရက်ရွှေ့လို့ရရင် ရွှေ့ဖို့ပေါ့၊ ဒါမှမဟုတ်လည်း ကိုယ်မလိုက်ဘဲ အောက်လက်ငယ်သားပဲ လွှတ်လို့ရော မဖြစ်တော့ဘူးလား"

"ကျွန်တော်ကိုယ်တိုင် သွားမှဖြစ်မှာ မေမေ၊ နေပြည်တော်ကို သွားရမှာ၊ ဝန်ကြီးဌာနကို သွားရမှာဆိုတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လွတ်လို့ မကောင်းဘူး၊ ရက်ကလည်း ရှေ့တစ်ပတ်က တည်းက Fix လုပ်ပြီးသား ဖြစ်နေတော့ ရွှေ့ရခက်တယ် မေမေ၊ ကျွန်တော်လည်း တစ်ခါ တစ်ခါ သိပ်စိတ်ညစ် တယ်၊ ခုလို မိသားစုကိစ္စနဲ့ တိုက်နေရင် လူကြီးနဲ့ ရန် တောင်ဖြစ်ချင်တယ်၊ သူတို့ကလည်း ရေသာမခိုမှန်းသိလို့ ပိုခိုင်းလား မသိဘူး ဖေဖေရာ၊ လခက မက်စရာဖြစ်နေ လို့သာ၊ တခြားမှာ ကျွန်တော် ဒီလခမျိုး ဘယ်မှာမှ မရ နိုင်ဘူးလေ၊ ဒီဂျပန်တွေသာ သူဌေးကုမ္ပဏီကြီးမို့ ပေးနိုင် တာ၊ တစ်ခါ တစ်ခါ အလုပ်တောင် ပြောင်းချင်စိတ် ပေါက်တယ်"

မောင် ပြောဆိုနေပုံကို မေမေ မပြောနဲ့ ထင်ထင် တောင် မယုံ။ ပါးစပ်များကလေးက လှစ်လှစ် လှစ်လှစ်နှင့် ထွက် နေသလိုပဲ ထင်ရသည်။ မျက်နှာအမူအရာကလည်း ခပ်ပေါ့ပေါ့။

"ဒါပေါ့ကွာ ... ဒီလိုပေါ့"

ဖေဖေကတော့ ယောကျ်ားချင်းလည်းဖြစ် အားနာ တတ်သူလည်းဖြစ်၍ မောင့်ကို ဘယ်တော့မှ ချောင်ထဲတွန်းပို့သည့် စကားမျိုး မဆိုတတ်ပါ။

"ဘယ်နှရက် ကြာမှာလဲ"

မေမေကတော့ သူသိချင်တဲ့ လိုရင်းအချက်ကိုပဲ တဲ့တိုးမေးသည်။





"နှစ်ရက် သုံးရက်၊ မပြီးရင်လည်း လေးရက် ဖြစ်သွားနိုင် တယ် မေမေ၊ ရုံးကိစ္စ မဟုတ်လား၊ ကိုယ်က ပြီးချင်ပေမဲ့ တစ်ခါတစ်ခါလည်း ဘာမဟုတ်တာလေးနဲ့ ငြိနေပြီး ကြန့်ကြာ ထစ်ငေါ့နေတတ်တာ"

မေမေ့ မျက်နှာက ကျေနပ်ပုံမရ။ တည်နေသည်။

"ဒီလောက်ဆို သားလေးလည်း ဘာမှမဖြစ်တော့ပါဘူး၊ ကျွန်တော်လည်း စိတ်အေးသွားရတာပေါ့"

"ကလေးငယ်ငယ် ဆိုတာ အခုရွှေ အခုငွေ၊ ထ,ဖောက် ရင် ဖောက်တာ၊ အဲဒါတွေကြောင့် ငါ့မြေးကို ညည်းတို့ လင်မယားနဲ့ အတူထားဖို့ စိတ်ကိုမချနိုင်တာပေါ့၊ လင် ကလည်း အလုပ်ကရှုပ်ရှုပ်၊ မယားကလည်း ဘာမှနားမ လည်၊ ညည်းတို့နဲ့သာဆို ကလေးခမျာ နာခီနဲ့ပဲ နေနေရ မယ်၊ ဖအေ မအေကိုလည်း သေချာတောင် မှတ်မိမှာ မဟုတ်ဘူး၊ ငါ့ဆီလည်း ရက်ခြားတောင် ညည်းတို့ပို့နိုင် မှာ မဟုတ်ဘူး၊ ငါပဲ ခေါ်ထားလိုက်တော့ အေးရော"

မေမေသည် သမက်ကို မပြောသာတိုင်း ညည်းတို့ ညည်းတို့နှင့် သမီးကို ခေါင်းတပ်၍ မကျေမချမ်းတွေ ပြောနေပါ သည်။

"အဲဒါကြောင့် မေမေ့ကို အရမ်းကျေးဇူးတင်ပါတယ် သားလေးမှာ တခြားကလေးတွေထက်ကို ဘိုးဘွားမျိုးရှုး



www.burmeseclassic.com

www.burmeseclassic.com



က ပိုတယ်၊ သူ ကြီးလာရင် မိဘကျေးဇူး ဆိုတာထက် ဘိုးဘွားကျေးဇူးကို အရင်ဆပ်ခိုင်းရမှာ"

အဲသလို ဘာမှန်းမသိတဲ့ ပျားရည်နဲ့ ဝမ်းချစကား မျိုးဟာ မောင့်လက်သုံး။ မောင်ဟာ လောလောဆယ် ပြဿနာ ငြိမ်းဖို့ သူ ယုံတဲ့စကားပဲဖြစ်ဖြစ် သူ မယုံတဲ့စကားပဲဖြစ်ဖြစ် ချိုချိုကလေး လျှောက်ပြောနေတတ်သူ ဖြစ်သည်။

"မနက်စော မောင်က သွားပြီဆိုတော့ ထင်ထင် မနက်ဖြန် ရုံးကပြန်ရင် ဒီကိုပဲ ပြန်တော့ပေါ့"

မောင်က သူ သွားရမှာ သေချာကြောင်း ထပ်မံ အတည်ပြုသည်။

"ဘယ်မှာ တည်းရမှာလဲ"

မေမေက စကားပြန်ကောက်ပြန်သည်။

"ဟိုမှာ မိတ်ဆွေတွေ ရှိပါတယ်၊ စီစဉ်ပေးပါလိမ့်မယ် မေမေ"

"ပျဉ်းမနားမှာ မေမေ့ အစ်မဝမ်းကွဲတော့ ရှိတယ်၊ အဲဒီ မှာ သွားတည်းရင် တည်းပေါ့၊ ဖုန်းဆက်ထားပေးရမလား"

"မဆက်နဲ့ မေမေ၊ ကျွန်တော် တည်းဖြစ်မှာ မဟုတ်ဘူး၊ နောက်တစ်ယောက် ပါဦးမှာဆိုတော့ သူကလည်း သူစိမ်း အိမ် ဘယ်တည်းချင်မလဲ၊ ဟိုတယ် မိုတယ် တစ်ခုခုပဲ တည်းဖြစ်မှာပါ"





မေမေ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ ဖေဖေက မေမေ စကားမဆက်ခင် ...

"အေးပေါ့ကွာ၊ သူ့အတွက်တောင် စိမ်းတဲ့အိမ် ဖြစ်နေဦး မှာ၊ ဟိုအဖော်ပါတဲ့သူဆို ပိုစိတ်ကျဉ်းကျပ်မှပေါ့၊ အဆင် ပြေသလို တည်းကြပစေပေါ့၊ တည်းခိုစရာ နေရာတွေလည်း အဲဒီမှာ ပေါနေတာပါ၊ ဒီကိစ္စ မင်းခေါင်းထဲ ထားမနေပါ နဲ့ အမေကြီးရာ"

ထင်ထင်သည် ခေါင်းကို ငုံ့ထားကာ လက်ဖျား တွေ အေးစက်လာသည်။ မေမေ့ကို ကြည့်ရသည်မှာ မောင် နေပြည်တော်သွားမည်ဆိုတဲ့ ကိစ္စကို မယုံကြည်သလိုပဲလို့ ထင်ထင် ရိပ်မိနေပါသည်။ ကိုယ့်အမေပဲ။ ကိုယ့်အမေ မျက်နှာရိပ်ကို သိ သည်။ သေချာပါသည်။ မေမေ မောင့်ကို သံသယရှိနေသည်။ မေမေ ဘာသတင်းတွေ ကြားထားပြီးပါလိမ့်။ ထင်ထင်သည် မျက်နှာကြီး တစ်ပြင်လုံး ရှက်ထုံထူအမ်းကာ ငိုချင်စိတ် တလှပ်လှပ် ဖြစ်လာသည်။

"ညည်းတို့ဟာတွေက ညည်းရင်လည်း အလုပ်ထွက်မှ၊ ခုခေတ် မိဘတွေများ ရင်အုပ်ကို ကွာတယ်၊ ကျုပ်တို့ ငယ်ငယ်တုန်းကများ သားသမီးနှစ်ယောက်ကို တကယ့် ကို ရင်အုပ်မကွာ"

မေမေသည် သူဦးတည်ရာဘက် ပေါက်ကွဲမရ၍ ရောက်ရာပေါက်ရာ ခေါင်းစဉ်ဘက် ရမ်းသမ်းပေါက်ကွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခေတ်က ငါ့တစ်လခနဲ့ လောက်တယ်၊ မင်းကလည်း အိမ်မှာကိုး မိန်းမရဲ့၊ ခုခေတ်ကျတော့ မင်းသမီး အလုပ်ထွက်ပြီး အိမ်ထဲနေပြန်ရင်လည်း သူများတကာနောက် အများကြီး ပြတ်ကျန်ခဲ့မဲ့ခေတ်၊ မတူပါဘူး၊ ကဲ ... ကဲ ... ထင်ထင် ... မိသေးတို့ကို ထမင်းဝိုင်း ပြင်ခိုင်းချည်ဦးလေ၊ ဟိုမှာ ဆာရောပေါ့ သမီး၊ ကိုယ်ကစားပြီး ဗိုက်ပြည့်နေလို့ ငါ့သမီး မေ့နေပြီထင်တယ် ... ဟဲ ဟဲ"

ဖေဖေသည် ဟိုဖာဒီထေးနှင့် သမက်ကိုလည်း ကျဉ်းထဲကျပ်ထဲ မရောက်အောင်၊ မိန်းမကိုလည်း မလွန်ကဲအောင်၊ သမီးကိုလည်း ဣန္ဒြေမပျက် ဝတ္တရားမပျက်အောင် စကားဝိုင်းကို ထိန်းညှိနေပါသည်။ ထင်ထင်က ထ,ထွက်လာခဲ့ပြီး မောင် စားဖို့ ထမင်းပွဲကို မေမေ့အိမ်က ကောင်မလေးတွေနှင့်အတူ ပြင်ပေးလိုက်သည်။ ထင်ထင်တို့ သားမိသားဖ သုံးယောက်က စားပြီးပြီ။ မောင့်ကို စောင့်ချင်ပေမဲ့ တော်ကြာ သူက မစားတော့ဘူးဆိုရင် စောင်ရတဲ့ သူမ မေမေ့ထံ ရှက်နိုးရမှာစိုး၍ မစောင့်ဖြစ်ခဲ့။

မောင်က ခဏနေမှ ထွက်လာသည်။ ထမင်းပန်းကန်ကို ဆွဲယူကာ ဇွန်းခက်ရင်းနှင့် မွှေနေရင်း သက်ပြင်းတစ်ဖက်နှင့် ...

"ဟင်း ...၊ မောင်လည်း မသွားလို့ရရင် ဘယ်သွားချင်ပါ့မလဲ ထင်ထင်ရဲ့၊ ထင်ထင့် အမေက သားနေမကောင်းတုန်း သွားရပါမို့လားလို့ သိပ်ကြည်ပုံ မရဘူး"





"မောင်တို့ ဒီကနေ ဒီနေ့ ဒီနေ့ ထွက်မယ်လို့ ကြိုတင်စီစဉ်ထားပေမဲ့ ဟိုဘက်မှာကျတော့ ချိန်းပြီးသားမို့လို့လား၊ ရုံးဖွင့်ရက်ဖြစ်ရင် ပြီးရော၊ ဘယ်တော့ သွားသွား မဟုတ်ဘူးလား၊ အဖော်ပါတာကလည်း မောင့်တပည့် မောင်စီမံရာ နာခံရမှာပဲ မဟုတ်လား"

"ကဲ ... ထင်ထင်က မောင် စိတ်မကောင်းအောင် နောက်ဆံတင်းအောင် လုပ်ပြီ၊ ရွှေ့လို့ရရင် မောင်က ဘာကြောင့် မရွှေ့ဘဲ နေပါ့မလဲ"

"သိဘူးလေ၊ ချိန်းထားတာက ရုံးကိစ္စမှ ဟုတ်ကောဟုတ်ရဲ့လားလို့ အင်တင်တင်တော့ ဖြစ်နေမိတာပဲ၊ တခြား အချိန်းအချက်တွေများလားလို့"

"ကျွတ် ... ထင်ထင်ရာ၊ မောင် စိတ်ဆင်းရဲအောင် မလုပ်စမ်းပါနဲ့ကွာ၊ နေရင်း ထိုင်ရင်း အမှုလုပ်နေပြန်ပါပြီကွာ"

"အလကားနေရင်း အခြေအမြစ်မရှိ အမှုရှာနေတာတော့ မဟုတ်ဘူး မောင်၊ မနက်ဖြန်မှ ခရီးထွက်မဲ့ အရေးကို လွန်ခဲ့တဲ့ သုံးလေးရက်တည်းက စပြီး အိတ်အသင့်ထည့်နေတာ၊ ထည့်တဲ့ အဝတ်သုံးလေးစုံလေးကလည်း နှစ်လှပတာချည်း ဖြစ်နေတာ၊ ရေမွှေးတို့ ဘော်ဒီလိုးရှင်းတို့က အစ မောင့်ခရီးဆောင်အိတ်က မော်ဒယ်ရှိုး သွားလျှောက်မဲ့ မော်ဒယ်ဘွိုင်းရဲ့အိတ် ကျနေတာပဲ၊ ဝီရိယကောင်လွန်း

www.burmeseclassic.com



နေလို့ သိပ်သွားချင်နေတဲ့ ခရီးဖြစ်တာ သေချာနေတာပဲ၊ ရုံးစာရွက်စာတမ်းနဲ့တူတဲ့ ဘာစာရွက် ဘာဖိုင်လ်မှတော့ အိတ်ထဲ မတွေ့ဘူး"

"ဩော် ... ထင်ထင်ကလည်းကွာ၊ စာရွက်စာတမ်းက ဒီညမှ ထည့်ရမှာပေါ့၊ အလကားနေရင်း မောင့်ကို ဘာဖြစ်လို့ သံသယတွေ ဝင်နေရတာလဲ"

"မသိဘူး၊ အဲဒီသံသယက အလိုလို ဝင်နေတာ၊ ရှင်းရှင်းပြောရရင် မောင် ခရီးထွက်မယ် ပြောတိုင်း တခြားမိန်းမတစ်ယောက်အိမ် သွားအိပ်မလို့လို့ပဲ ထင်တယ်၊ ထင်ထင့်သူငယ်ချင်း နီလာ့ ယောကျ်ားလည်း ပြင်သစ်ကုမ္ပဏီမှာ လုပ်နေတာပဲ၊ မောင့်လောက်ကို ခရီးမသွားရဘူး"

ပြောရင်း ထင်ထင့် အသံတွေ တုန်ကာ မျက်ရည်တွေ လည်လာသည်။

"ကုမ္ပဏီတိုင်း လုပ်ငန်းသဘောသဘာဝချင်း တူတာမှ မဟုတ်တာ ထင်ထင်ရာ၊ သူတို့ကုမ္ပဏီက ဘာတွေလုပ်တာလဲ မောင်လည်း မသိဘူး၊ မောင်တို့ ကုမ္ပဏီမှာတော့ နယ်တွေဆင်းပြီး ဆာဗေးတွေ လုပ်ဖို့လိုတယ်၊ နယ်အဝယ်ကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဖို့လိုတယ်"

"အင်းလေ ... ထင်ထင်မှ နားမလည်ဘဲ၊ ထင်ထင် နားလည်တာတော့ ဟိုးတစ်နှစ် မောင်ခရီးထွက်တယ် ဆိုတာက ပြန်လာတော့ အိတ်ထဲမှာ မိန်းမရင်ထိုးတစ်ခု ပါလာ





တယ်၊ မောင်က အတူသွားတဲ့ မောင့်တပည့် တင်မောင်ဦး သူ့မိန်းမဖို့ ဝယ်လာတာလို့ ပြောတယ်၊ မောင့်အိတ်ထဲ မှားပါတာတဲ့၊ ရန်ကုန်က မိန်းမအတွက် ဟိုးတခြားနယ်မြို့က ရင်ထိုးဝယ်ရတယ် ဆိုတာ ရယ်စရာလိုပဲ၊ ပြီးတော့ အိတ်နဲ့ ဘာနဲ့ အသစ်ပုံလည်း မပေါက်ဘူး၊ သုံးလက်စပစ္စည်းလိုပဲ"

"အဲဒါ ဝယ်ကတည်းက အိတ်တွေ ဘာတွေ မပါတာ အဲဒီကတည်းက မောင် ပြောတယ်လေ၊ အဲဒီတစ်ကြိမ်ပါလာဖူးတာနဲ့ နောင်ခရီးထွက်တိုင်း ထင်ထင်က ပြဿနာရှာတော့တာပဲ၊ နောက်ထပ် ဒါမျိုးကြုံလို့လား"

"ပြဿနာရှာတဲ့ ကြားကပဲ အမြဲသွားတာပဲ မဟုတ်လား၊ အဲဒီတစ်ကြိမ် ပါလာပြီး ထင်ထင်က ပြဿနာလုပ်မှတော့ နောက်တစ်ကြိမ် ပါမလာတော့အောင် မောင်လည်း ဂရုစိုက်ပြီပေါ့၊ တကယ်ဆို အပေါင်းအသင်း မိတ်ဆွေထဲက သတိပေး သတင်းပေးတာလည်း ခံရဖူးပြီ၊ သံသယဝင်နေတဲ့ မိန်းမတစ်ယောက်အဖို့ ကိုယ့်ယောကျ်ားကို ချောင်းဖမ်းချင်ရင် မခဲယဉ်းတော့ပါဘူး၊ အဖြစ်မှန်က လက်တစ်ကမ်းစာပဲ ရှိတော့တာပါ ...

ဒါပေမဲ့ ကျွန်မ ကြောက်နေတာ၊ အတိအကျကြုံရမှာ သိရမှာ ရင်မဆိုင်ရဲဘဲ ကြောက်နေတာ၊ အဲဒါ မောင် ကံကောင်းနေတယ် မှတ်ပါ မောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က သူ ထမင်းထိုင်စားနေတဲ့ မျက်နှာချင်းဆိုင်ခုံမှ ထင်ထင်နှင့် ဘေးချင်းကပ်ရပ်ခုံကို ရွှေ့လာထိုင်သည်။ ထင်ထင့် လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ သူ့ရင်မှာ အပ်ထားရင်း...

"ထင်ထင် ... မောင့်ကို ယုံပါလို့ အတန်တန် ပြောထားရက်နဲ့ မိန်းမရယ်၊ မောင့်ကို ယုံစမ်းပါကွာ၊ မောင် ထင်ထင့်ကို ဘယ်တော့မှ မခွဲဘူး၊ ထင်ထင့်ကိုပဲ မောင် သိပ်ချစ်တယ်၊ လက်မထပ်ခင်ကတော့ ထင်ထင် ယုံပါတယ်ဆို၊ ခုတော့ မောင့်ကို မယုံတော့ဘူးလား၊ ဟင် ... ထင်ထင်၊ မောင့်အပေါ် အဲသလို ထင်ရက်တာကို မောင် ဝမ်းနည်းလို့ မဆုံးဘူး ထင်ထင်ရယ်"

မောင့်စကားသံက တုန်ယင်လာသည်။ ဒီလောက် စွပ်စွဲနေကာကို နည်းနည်းကလေးမှ စိတ်ဆိုးဒေါသမရှိဘဲ အပျော့ဆွဲ တောင်းပန်ချော့မော့လို့ချည်း နေတာကလည်း သံသယကို ပိုပြီးတော့တောင် ခိုင်မာအောင် လှုံ့ဆော်ပါသေးသည်။ ကိုယ်မဟုတ်ဘဲ ဒီလောက်ရှင်းနေရလှရင် တော်ရုံတန်ရုံလူ စိတ်မရှည်ကာ ဒေါပွပေါက်ကွဲလောက်ပြီပဲ။ မောင်ဟာ ဘယ်တော့မှ မပေါက်ကွဲ။ ချော့မော့နှစ်သိမ့် လေပြည်ထိုးပြီးတော့သာ သူသွားလိုရာသွား သူလုပ်လိုရာ လုပ်မြဲ။





မောင် ခရီးသွားမည်ဆိုတဲ့ ကိစ္စဟာ မိန်းမတစ်ယောက်ယောက်ရဲ့အိမ်ကို ခဏတဖြုတ် သွားနေမှာမျိုး၊ ဒါမှမဟုတ် အဲဒီမိန်းမတစ်ယောက်ယောက်နှင့် အတူသွားကြမှာမျိုး တစ်ခုခုပဲလို့သာ အတပ်ထင်နေမိတဲ့ ထင်ထင်သည် သားကလေးများနာနေမကောင်းတုန်းတောင် နောက်ဆံမတင်းနိုင်အောင် ဖြစ်နေတယ်ရယ်လို့ မောင့်အပေါ် ဤတစ်ကြိမ် အတော်နာကြည်းမုန်းမျက်နေမိသည်။ မေမေပါ သံသယဝင်ရလောက်အောင် ဖြစ်နေတာကို ရှက်တဲ့စိတ်ကလည်း ပိုပြီးဒေါသဖြစ်စေသည်။

မာမီ့လို လက်ပူးလက်ကြပ် ဖမ်းချင်လိုက်တာဆိုတဲ့ အတွေးက ရင်ထဲ အညွန့်တက် ခေါင်းထောင် ထွက်လာသည်။ ထင်ထင် သက္ခိရှိချင်သည်။ ရင်ဆိုင်ရဲချင်သည်။ လာမည့်ဘေးကို ပြေးတွေ့လိုက်ရင်များ ကောင်းမလား။ မျက်ဝါးထင်ထင်ကြီး တွေ့ရပြီးမှ သိရပြီးမှ ဆိုရင် မာမီ့လိုပဲ လင်မယားကွဲရတဲ့ အထိ ဖြစ်သွားမလားလို့ တွေးမိပြန်လျှင် စိတ်ကို ဆုံးဖြတ်ဝေခွဲမရ၊ ဒွိဟဆန္ဒတွေနှင့် လောင်မြိုက်နာကျင်နေခဲ့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"နေ့လယ်ကျရင် ရုံးက နေ့တစ်ဝက် ခွင့်ယူပြီးပြန်ခဲ့၊ မောင်လည်း ဒီနေ့ နေ့တစ်ဝက်ပဲ ရုံးတက်ရမှာ"

မောင်က ချို့ ဆံပင်တွေကို ဆွဲဖွရင်း အိပ်ချင်မူး တူးသံနှင့် ဆိုသည်။ သူ့ရုံးက နေ့တစ်ဝက်ဆင်းရမှာနှင့်ပဲ ချိုက ပါ လိုက်ခွင့်ယူရဦးမည်။ ချိုက မောင့်လက်များကို ရန်းဖယ်ကာ လူးလှိမ့်ထ,လိုက်သည်။

"ဟာ ... ဘာလဲကွာ"

"နေ့တစ်ဝက် ပြန်ကြမယ်ဆိုရင် မနက်စာရော ညစာပါ အိမ်မှာစားမှာပေါ့၊ ဒါဆိုရင် ဟင်းချက်ရမယ်လေ"

"ဟာ ... မနက်စာ မချက်ရင် မချက်နဲ့တော့၊ နေ့လယ် ပြန်ရောက်လာမှပဲ ညစာချက်"

"ညကျ အပြင်ထွက် မစားဘူးလား"





"အိမ်မှာပဲ ချို့လက်ရာ စားမယ်"

"မထူးပါဘူး မောင်ရာ၊ ဒီမနက်စာပါ ချက်လိုက်မယ်၊ ပြန်လာမှ လုပ်ကိုင်နေရရင် ဗိုက်ဆာနေမယ်၊ မနေ့က ငါးသလဲထိုးလေးတွေလည်း ဝယ်ထားတာ ရှိတယ်၊ ဆား ဟင်းခတ်မှုန့် နယ်ပြီး ရေခဲသေတ္တာထဲမှာ အသင့်ပဲ၊ အဲဒါ လေးတွေ ခဏနေကြော်ဖို့ ထုတ်ထားဦးမယ်၊ အဲဒါဆိုရင် ချဉ်ပေါင်ဟင်းလေးနဲ့ လိုက်တယ်၊ ချဉ်ပေါင်ရွက် ဝယ်မယ်၊ သားငါးလေး နည်းနည်းလည်း ထပ်ဝယ်လိုက်ဦးမယ်လေ နှစ်ရက် သုံးရက်စာလောက်၊ ရေခဲသေတ္တာထဲမှာ ကုန်နေပြီ"

မောင် အတင်းဆွဲနေတဲ့ကြားက ချိုက အိပ်ရာမှ ထ,ကာ မျက်နှာသစ်၍ အဝတ်အစား သင့်သင့်လဲသည်။

"ဟာ ... အစောကြီး အိပ်ရာကထွက်ပြီး ဈေးသွားဦးမယ် ကွာ၊ ဒီမိန်းမဟာ ... ကျွတ်"

မောင့်အသံ ခပ်ချွဲချွဲကြီးကို မဲ့ပြုံးလေး ပြုမိရင်း ...

"ဈေးက အောက်ဆင်းလိုက်ရင် ဟိုဘက်နား ကွေ့လျှောက် လိုက်တာနဲ့ ရောက်နေပြီကို၊ ဘာမှမကြာဘူး"

ချို ကြွပ်ကြွပ်အိတ်လွတ်လေးပဲယူပြီး တိုက်ခန်းမှ ထွက်စဉ် တစ်ဖက်ခန်းက အိမ်ရှင်မကတော့ ဈေးကတောင် ပြန် တက်လာပြီ။ မရင်းနှီးလှ၍ ယောင်ယောင်လေးမျှသာ ချိုက ပြုံး ရင်း သူ့ကို ကျော်ဖြတ်ဆင်းလာလျှင် ချို့ကို လှေကားတစ်လျှောက် လည်ပြန်လိုက်ကြည့်နေတာ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မိန်းမက အတင်းပြောပြော စပ်စုစု။ သူ့ယောက်ျားနှင့်များ ရန်ဖြစ်လျှင်တော့ သူ့အသံချည်းပင်။ "ကဲဟယ်" "ကဲဟယ်"နှင့် သူကပဲ ရိုက်ပုတ်သေး၊ သူကပဲ ပစ်ပေါက်သေး။ သူ့ယောက်ျားကို နိုင်ထားလိုက်သည်မှာ သူ့ယောက်ျားခများ ပြားပြားဝပ်နေသည်။ အဲသလောက် နိုင်ရတဲ့ မိန်းမကျပြန်တော့လည်း အံ့သြရပါရဲ့။ ဘာဆေးများ စွမ်းပါလိမ့်။

ယောက်ျား အိမ်ပြန်နည်းနည်းလေး နောက်ကျရင် အော်ဆူလိုက်သည်မှာ ညံပွက်နေသည်။ ယောက်ျားဖြစ်သူကို တစ်ခါတစ်ရံမှာ အဝတ်တွေ ထွက်လွှန်းနေတာ မြင်ရတတ်ပါရဲ့။ လျှော်တာတော့ မိန်းမပဲ ဖြစ်မယ်ထင်ပါသည်။ အဲဒီယောက်ျားဟာကော အိမ်မှာ မိန်းမကို အရှုံးပေး အလျှော့ပေး၊ အညံ့ခံနေသမျှ အပြင်မှာရော ခြေလှမ်းငြိမ်ပါရဲ့လား။

မိန်းမကိုများ စိတ်မပျက်ဘူးလား။ သူ့မှာခြေလှမ်းပျက်ဖို့ အပျော်ရှာဖို့တောင် အချိန်ရှိပုံ မရပါဘူး။ နေလုံးစ,ကွယ်ပြီဆိုတာနဲ့ အိမ်ကို အရောက်ပြန်ရတဲ့ဟာ ဘယ်အချိန် သွားဖောက်လမ်းရှုပ်ပါ့မလဲ။

ယောက်ျားတွေရဲ့ ဖောက်ပြန်မှုဟာ ရုံးအဆင်းအချိန်မှန် အိမ်မပြန်တာကပဲ စ,မည်ထင်သည်။ နေ့လယ်ပိုင်းက အလုပ်လုပ်နေရသေးတာ။ ရုံးဆင်းကြပြီးမှ ကိုယ်ပိုင်အချိန်။





အဲဒီတော့မှပဲ ဖောက်လမ်းတွေ ရှာလို့ရမှာပေါ့။ မလည်ရဘူး၊ အိမ်တန်းပြန် ဆိုတဲ့ အချက်ကို ပိုင်အောင် ကိုင်ထားနိုင်လျှင်-သူတို့ ခြေချုပ်တော့ မိသွားကြမှာ။

အဲသလောက် ချုပ်ချယ်ပြန်တော့လည်း ယောက်ျားတွေ စိတ်မကျဉ်းကျပ်ပြန်ဘူးလား၊ ပိုပြီးတော့တောင် ထွက်ပေါက်ရှာလိုလာရင်ကော။ အို ... ယောက်ျားတွေနဲ့ ပတ်သက်၍ စဉ်းစားကြည့်မိရင် ရေရာတယ် သေချာတယ် ဆိုတဲ့အရာ လုံးဝမရှိပါဘူး။ ကိုယ့်ဘက်မှာ ဘာကိုမှ အပိုင်ဆုပ်ကိုင် မယုံကြည်နိုင်ပါဘူး။ လူညာတွေက များတာ။

ချိုသည် ခုနောက်ပိုင်းတွေ မောင့်ရဲ့ အပွေ့အဖက်အယုအယကိုပင် မခံချင်သလို ဖြုတ်ဖယ် ရုန်းကန်ထွက်လေ့ရှိ၍ မောင်က အံ့အားတသင့် မခံမရပ်နိုင် ဖြစ်လေ့ရှိသည်။ မောင့်ရဲ့ ချစ်တယ်ဆိုတဲ့ စကားကို ကြားရလျှင် ဟိုးအရင်က အလိုလိုနေရင်း ရင်ခုန်သံမြန်ကာ နှလုံးသားတွေ ပူနွေးလှုပ်ရှားရသလောက် ခုတော့ ဝမ်းနည်းဒေါသတစ်မျိုးကြောင့် ရင်ခုန်နှုန်း မြန်လာရတာမျိုးဖြစ်ရာ မကြားချင်သလို ရှိပြန်လေသည်။

ဈေးကို ခပ်မြန်မြန်ဝယ်၍ ခပ်သွက်သွက် ပြန်တက်လာကာ မီးဖိုမှာ ချက်ပြုတ်နေတုန်း မောင် အိပ်ရာထဲက ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီ သောက်ချင်ပြီ"

"ဖျော်ထားတယ်၊ အသင့်ပဲ မောင်၊ အုပ်ဆောင်းအောက်မှာလေ၊ အီကြာကွေး ဝယ်လာတယ်၊ ကော်ဖီနဲ့ တို့စားလိုက်"

"ခုနက ချို့ဈေးသွားတုန်း ဟိုဘက်ခန်းကမိန်းမ တံခါးလာခေါက်တယ်"

"ဟင်"

ချိုက အံ့ဩတကြီး လှည့်ကြည့်ကာ ထိုမိန်းမကိုလည်း စိတ်တိုသွားလျက် ...

"ဘာလာလုပ်တာလဲ"

"သူတို့အိမ်က မီးပျက်သွားလို့တဲ့၊ ဒီဘက်ကော ပျက်လားတဲ့၊ လာမေးတာ"

ချိုသည် ထိုမိန်းမရဲ့ အပြုအမူကို အတော်မနှစ်မြို့ကာ တစ်ယောက်တည်း ဒေါတွေပွနေသည်။ မျက်နှာကြီး စူပုပ်မှုန်တေနေမိကာ ...

"အကြောင်းမရှိ အကြောင်းရှာ။ တောက် ... အဲဒီမိန်းမဟာ ဒီကို ပြောင်းလာတာ မကြာသေးဘူး၊ ကိုယ့်ဟာနဲ့ကိုယ်ကို မနေဘူး၊ ဟိုအခန်းစပ်စု ဒီအခန်းစပ်စု၊ သူ့အသံချည်းပဲ၊ ယောကျ်ားကိုဆိုလည်း ပြောနေဆိုနေ ကြိမ်းမောင်းနေလိုက်တာ၊ သိပ်မောက်မာပြီး သိပ်အရိုအသေတန်တာပဲ"





"ခုဟာက လာမေးတာပဲလေ ချို့ရဲ့၊ ကောင်းကောင်းမေးတာပါ"

"အို ... သူ ဘာစပ်စုရမလဲလို့ လာချောင်းတာ၊ တစ်တိုက်တည်းနေတဲ့ဟာကို သူတို့အခန်း မီးပျက်ရင် ဒီဘက်ခန်းလည်း ပျက်မှာပေါ့၊ လာမေးနေစရာ လိုလား"

မောင်က အလကားနေ ဒေါပွနေတဲ့ ချို့ရဲ့ဆံပင်ကိုလှမ်းဖွလိုက်လျက် ...

"သူက ပြောပါတယ်၊ သူတို့အခန်းက ဖြစ်တွေ ဘာတွေပြတ်တာလားလို့ပါတဲ့၊ ဟိုတစ်နေ့က တစ်ခါ မီးပျက်တာသူများလည်း ပျက်မယ်ထင်ပြီး ဒီတိုင်းနေနေမိတာ နေ့တစ်ဝက်လောက်တဲ့၊ နောက်မှ သူများအခန်းတွေ မပျက်ပါလားလို့ သိတော့မှ စစ်ကြည့်တော့ သူတို့ ဖြစ်ပြတ်တာတဲ့"

"အောင်မယ် ... သူက မောင့်ကို အဲသလောက်တောင် စကားတွေ အများကြီး ပြောသွားသေးတယ်"

"အင်း ...၊ ဘာဖြစ်လို့လဲ၊ ဘာလဲ သဝန်တိုနေတာလား"

"အိုကွာ ... ဒီမိန်းမ ဝတုတ်တုတ် ဗိုက်ရွှဲရွှဲနဲ့များ မောင့်ကို သဝန်တိုစရာလား၊ စကားမရှိ စကားရှာ မောင့်ကို လေလာပေါ်နေတာကို အမြင်ကတ်တာ သက်သေ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ၊ အတော်ကြာကြာ လာပြောနေတာ၊ ချို ပြန်မလာခင်လေး အထိပဲ၊ မောင်ကဖြင့် အိပ်ချင်တုန်း၊ ဒီမိန်းမ လျှာတော့ အတော်ရှည်ပုံရတယ်၊ သူ ပြန်တော့မှ ပြန်အိပ်တော့မယ်လုပ်တော့ ဟော ... တစ်ခါ ချိုကပြန် ရောက်လာပြန်ရော"

"အမယ် ... ချိုက သော့ခတ်ရစ်ခဲ့ပြီး ကိုယ့်ဟာကိုယ်ဖွင့် ဝင်လာတာပါနော်၊ မောင့်ကို အိပ်ရေးမဖျက်ပါဘူး၊ ဟို မိန်းမ. အိပ်ရေးဖျက်သွားလို့သာ မောင် ဆက်အိပ်မရဘဲ ထွက်လာရတာပါ"

"အေးကွ ... မောင့်ကိုလည်း သိပ်မတွေ့ရဘူးနော်တဲ့ မေး သေးတယ်"

"အောင်မယ်၊ ကြည့်စမ်း၊ စကားတွေပြောတာ မနည်းပါ လား၊ မောင်က သဘောကောင်းတဲ့ရုပ်နဲ့ သုံ့ မေးတာ တဖော်တရွေ ဖြေနေမှာကိုး၊ စကားဆက်ရှည်တော့တာပေါ့၊ မောင်က ဘာပြန်ပြောလဲ"

"ကျွန်တော်က ရေနံရှာတဲ့ ကုမ္ပဏီတစ်ခုမှာ လုပ်တာလို့၊ နယ်မှာ နေရတာလို့၊ တချို့ အားရက်လေး ပိတ်ရက်လေး မှ ပြေးလာရတာလို့၊ ကျွန်တော့်မိန်းမခမျာ တစ်ယောက် တည်း နေရရှာတော့ ကူညီစောင့်ရှောက်ပါလို့ ပြောလိုက် တာပေါ့"





ချိုက မောင့်ကို မျက်စောင်းထိုးလိုက်ပြီး ...

"အမယ်လေး ... တကယ် လာစောင့်ရှောက်နေလို့ ချို စိတ်ရှုပ်နေရပါဦးမယ် မောင်ရယ်၊ သူ့မျက်နှာက တစ်မျိုး ကြီး၊ ချို မခင်ချင်ပါဘူး၊ အဲသလို စပ်စပ်စုစုဆိုရင် စိတ် ပျက်လွန်းလို့"

ကော်ဖီသောက်နေတဲ့ မောင်က ချို ချက်ပြုတ်လုပ် ကိုင်နေတာတွေကို ငြိမ်ပြီး ထိုင်ကြည့်နေပါသည်။ မောင်ကြိုက်တဲ့ ငါးရံ့ခေါင်းဟင်း ချဉ်စပ်လေးရယ်၊ ငါးသလဲထိုးကြော်က တစ် ခွက်ရယ်၊ ဘော့ကျိတ်ပုစွန်လေးတွေ ငရုတ်သီးနဲ့ ကြော်တာက တစ်ခွက်ရယ်၊ ချဉ်ပေါင်ဟင်းရယ်။ မကြာတဲ့ဟင်းတွေမို့ တစ်ခွက် ပြီးတစ်ခွက် မောင်ထိုင်နေတဲ့ ထမင်းစားပွဲဆီ ရောက်လာတာ ကြည့်ပြီး ...

"ချို့ဟင်းတွေက ရေထဲက မတက်ပါလား၊ ငါးခေါင်း၊ ငါး၊ ပုစွန်"

"ငါး ပုစွန်တွေက ချက်ရတာ မြန်တယ်၊ ကဲ ... မောင် ဘာလုပ်နေတာလဲ၊ အီးရော အီးရောနဲ့ ရုံးသွားရမယ် မဟုတ်လား၊ ရေချိုးမှာလား သွားချိုး"

မောင်က ထိုင်နေရာမှထ,ကာ ချို့ကိုယ်ကလေးကို ထွေးပိုက် ဖက်ထားလိုက်ရင်း ...

"ရုံးတောင် မသွားချင်ဘူးကွာ၊ ချိုလည်း မသွားပါနဲ့ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မဖြစ်ပါဘူး မောင်ရယ်၊ ချို ဒီနေ့ ကာလပ်စ်တွေ ရှိတယ်၊ နေ့တစ်ဝက် ပြန်ဖို့တောင် ဟိုကျမှ တစ်ယောက်ယောက်ကို အကူအညီတောင်း လူစားထိုးရမှာ၊ ခွင့်မှမတိုင်ခဲ့တာ၊ ပျက်လို့မရပါဘူး"

ချိုက ကျပ်ညပ်နေတဲ့ လက်မောင်းနှစ်ဖက်ကို တံတောင်ကွေးပြီး မောင့်ကို တွန်းထုတ်လိုက်သည်။ ရုတ်တရက်ဝုန်းခနဲ ကွာသွားတဲ့ မောင်က ချို့ကို မျက်မှောင်ကုတ်ကာ ကြည့်ရင်း ...

"ချို ခုတလော ဘာဖြစ်နေလဲ၊ မောင့်ကို အထိခံချင်သလို ဆက်ဆံနေတာ သတိထားမိနေတာ အကြိမ်ကြိမ်ရှိပြီ"

ချိုက ခေါင်းလေးငုံ့ ခြေစုံရပ်နေရာမှ ခပ်တိုးတိုးဖြင့် ...

"ချို့စိတ်တွေ ထွေနေ ဝေနေတယ်"

မောင်သည် မကြည်မသာနှင့် လက်ပိုက်ကာ တခဏရပ်နေသည်။

"ပျော်ရမဲ့ အချိန်မှာကွာ"

"မောင် ပျော်နိုင်ပေမဲ့ ချို မပျော်နိုင်ဘူး၊ ဟုတ်တယ်မောင်၊ ချို မပျော်တာ ကြာပြီ၊ အဲဒါ မောင့်ကြောင့်ဆိုတာလည်း မောင် သိပါတယ်"





မောင်က ကုလားထိုင်မှာ ပြန်ထိုင်ချလိုက်ရင်း ချို့လက်ဖျားနှစ်ဖက်ကို ဆွဲကိုင်ထားသည်။ ချို့မျက်နှာကို မော့ကြည့်နေတာ ...

"မောင် အခန်းတစ်ခန်း တွေ့ထားတယ် သိလား၊ မောင့်သူငယ်ချင်းရဲ့ အခန်းပါ၊ ပိတ်ထားရလို့ ငှားချင်နေတာ၊ အခန်းလေးက ကျယ်ကျယ်လွင့်လွင့် သန့်သန့်လေး၊ ဒီအခန်းလေးက ကျဉ်းလည်းကျဉ်းပြီး ရပ်ကွက်ကလည်း လူရှုပ်တယ်နော်၊ အိမ်ပေါ်က ဆင်းလိုက်တာနဲ့ လူဗျောက်သောက်နဲ့၊ မောင် အိမ်ရှာတာ မှားသွားတယ်၊ မောင့်သူငယ်ချင်းအခန်းကို ငှားလိုက်ပြီး မောင်တို့ အိမ်ပြောင်းကြရအောင်လားနော်၊ စာချုပ်ပြည့်ဖို့လည်း သိပ်မလိုတော့ဘူး"

ဟုတ်လား။ ပြောင်းလိုက်ရင် ချို ပျော်သွားမည်လား။ မေမေနဲ့ နှစ်ယောက်တူတူ နေခဲ့တဲ့ အခန်းကျယ်ကျယ်ကလေးကို ချို လွမ်းလှပါသည်။ အဲဒီတုန်းက အသက်ရှူလို့သိပ်ငတာပဲ မောင်ရယ်။ မေမေနဲ့ နေခဲ့ရတဲ့ ချို့ဘဝ စာမျက်နှာများက ပြုံးစင်လွတ်လပ် ပေါ့ပါးကာ လုံခြုံခြင်းလည်း အပြည့်ရှိခဲ့ပါသည်။ ခုတော့ အဲဒီအခန်းကို ချိုက ငှားထားခဲ့ပါသည်။ ငှားခကလည်း တူတူတန်တန် အတော်ရပါသည်။

"နော် ... ဟုတ်လား ချို၊ ဒီလကုန် ပြောင်းရအောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြောင်းစကား ဆိုတာဟာ ချို့ကို ချော့နည်းတစ်မျိုးလား။ ချို့အကြိုက်လိုက်ခြင်း တစ်နည်းလား။ အိမ်ပြောင်းရွှေ့ရရင်ကော ချိုက ပျော်သွားမှာတဲ့လား။

"အိမ်ပြောင်းလိုက်တာနဲ့ မောင်နဲ့ ချို့ကြားက အခြေအနေတွေက ပြောင်းလဲသွားမှာတဲ့လား မောင်၊ ဒီထက်ကောင်းတဲ့ အခန်းဟာ ဒီထက်အိမ်လခဈေးကြီးမယ်လေ၊ မောင်ပိုက်ဆံပိုကုန်တာထက် တခြားဘာပိုထူးမှာလဲ"

"ထူးတာပေါ့၊ ချို့အတွက် စိတ်အပြောင်းအလဲလေ၊ ချိုငြီးငွေ့နေတယ် မဟုတ်လား၊ အိမ်သစ်ကို အလှလေးပြင်လိုက်၊ နေရာလေး ချလိုက်နဲ့ ချို အပျင်းပြေနေမှာ"

မဲမေ ဆုံးပြီးတဲ့နောက် ငှားခလေး ကောင်းကောင်းရတဲ့ မေမေ့တိုက်ခန်းကို ငှားကာ မောင်နဲ့ ချိုတို့ကတော့ တခြားအခန်းလေးတွေ ထပ်မံငှားရမ်း ပြောင်းရွှေ့ကာ နေခဲ့ကြသည်။ ခုဆိုရင်ပဲ ချိုတို့ အိမ်ပြောင်းရွှေ့နေကြတာ ဘယ်နှခါ ရှိနေပြီလဲ၊ သုံးခါလား လေးခါလား။ ချိုသည် စိတ်ထဲမှာ ပြန်ရေတွက် စဉ်းစားနေမိသည်။

ပြောင်းတဲ့အိမ်တိုင်းရဲ့ အိမ်ဦးခန်းမှာ မေမေ့ဓာတ်ပုံကို အမြဲချိတ်ဆွဲထားခဲ့ပေမဲ့ ဘယ်အိမ်မှာမှ မေမေ့အိမ်လို လုံခြုံနွေးထွေးမှုကို ချို မခံစားရတော့ပေ။ တခြားသော အငွေ့အသက်တစ်မျိုးသာ ဤအခန်းလေးတွေထဲ လွှမ်းခြုံကာ အေးတိအေးစက်နှင့် ချို့အတွက် သုစိမ်းဆန်လှသည်။





အိပ်ခန်းထဲက မောင့်ရဲ့ဟဲန်းဒ်ဖုန်းသံ မြည်လာ၍ မောင်က အပြေးအလွှား ဝင်သွားပါသည်။

"ဟယ်လို ... ဟယ်လို"

"......"

"ပြော ... ပြော၊ ကြားတယ် ... ကြားရတယ်"

ထို့နောက် မောင့်စကားသံတချို့က ခပ်အုပ်အုပ်ဖြစ်သွားသည်။ ချိုက မီးဖိုထဲမှာပဲမို့ သဲသဲကွဲကွဲ မကြားရ။ မောင် ဖုန်းကို မသဲမကွဲ မပွင့်တပွင့် ပြောနေတာမျိုး ချို မကြာခဏ ကြားရ ကြုံရဖူးပါသည်။ အဲဒီအခါ ချိုသည် မောင့်စကားတို့ကို သဲကွဲအောင် ကြားလိုစိတ်လည်း မရှိပေ။ ခပ်ဝေးဝေးရှောင်ဖယ်နေလိုက်မြဲ။

ခုလည်း မကြားချင်။ မကြားပါရစေနဲ့။

တီးတိုးမပွင့်တပွင့် ပြောနေရာမှ မောင်က ဝရန်တာဘက် ထွက်သွားပါသည်။ ဝရန်တာလက်ရန်းမှာ လက်ထောက်ကာ ဖုန်းရပ်ပြောနေတဲ့ မောင့်ကို မီးဖိုထဲကနေ လှမ်းမြင်နေရသည်။ ခေါင်းကုတ်နေတာကိုရော ခေါင်းမော့ ရယ်မောလိုက်တာကိုရော။

ချိုက မျက်နှာလွှဲကာ အိပ်ခန်းထဲဝင် မျက်နှာသုတ်ပဝါယူပြီး ရေချိုးခန်းထဲ ဝင်လာခဲ့လိုက်ပါသည်။ ချို မကြားစေလိုတဲ့ မောင့်ကိစ္စဝိစ္စတွေကို အေးအေးဆေးဆေးသာ ပြောဆိုပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးလွန်ခဲ့တဲ့ တစ်ချိန်တုန်းက ချိုသည် တိုးတိုး တိုးတိုး ဖုန်းခိုးပြောနေတဲ့ မောင့်ထံကဖုန်းကို ဖျတ်ခနဲလုကာ နားမှာကပ်ပြီး နားထောင်ကာ သူခိုးဖမ်းလိုက်ဖူးပါသည်။

အဲဒီတော့ ချို့မှာ ဘာအကျိုးခံစားရသလဲ။ မောင် မိန်းမတစ်ယောက်နဲ့ ဖုန်းပြောနေတာကို သိခွင့်ရခဲ့ကာ၊ အဲဒီကတစ်ဆင့် မောင့်ရဲ့ မသမာမှုတွေကိုလည်း သိခွင့်ရခဲ့တာပေါ့။ အဲဒီအခါ ချို စိတ်ချမ်းသာခဲ့ရသလား။ ဟင့်အင်း။ အင်မတန်စိတ်ဆင်းရဲ တုန်လှုပ်နာကြည်းခဲ့ရတဲ့ ခံစားချက်ဟာ ချို့မှာ အသစ်ဖြစ်ဆဲပါ။ မောင့်ရဲ့ တယ်လီဖုန်းစကားတို့ကိုလည်း နောင်ဘယ်တော့မှ မသိချင် မကြားချင်ခဲ့တော့တာပါ။

❋ ❖ ❋





## အခန်း ၁၁

"မာမိ ...

ကျွန်မသားလေး နေမကောင်း ဖြစ်နေတဲ့ ရက်ပေါ်မှာ ယောက်ျားက ခရီးထွက်သွားခဲ့တယ်။ သူ ခရီးထွက်ရတယ် ဆိုတာကို ကျွန်မ စိတ်ထဲမှာ အလိုလိုနေရင်း မယုံကြည်နိုင်ဘူး ဖြစ်နေခဲ့တယ်။ မသင်္ကာစရာ ဘာသဲလွန်စမှ မရှိဘဲ ဇနီးမယားတစ်ယောက်ရဲ့ အလိုလိုသိခြင်းအာရုံနဲ့ သူ လိမ်ပြောနေတယ်လို့ပဲ သေချာနေခဲ့တယ်။ မနေနိုင်တဲ့အဆုံး သူ့ရုံးကနေ ဘယ်လိုသဲလွန်စ,ပဲ သိရ သိရ ဆိုပြီး သူ့ရုံးကဖုန်းကို လှမ်းဆက်ကြည့်လိုက်မိပါတယ်။ ဖုန်းကို ကိုင်နားထောင်လိုက်တဲ့သူဟာ ကျွန်မယောက်ျားဖြစ်နေပါတယ်။

"ဟယ်လို"ဆိုတဲ့ အသံပဲ ကြားရတာ ဖြစ်ပေမဲ့ သူ့အသံကို ကျွန်မ နားကြား မလွဲနိုင်ပါဘူးလို့ မာမိ



www.burmeseclassic.com

www.burmeseclassic.com



နားလည်တယ် မဟုတ်လားဟင်။ ကျွန်မ ဘာမှမပြောရဲ၊ တစ်ကိုယ်လုံး တုန်ယင်အေးစက်ပြီး ဖုန်းကို ပြန်ချလိုက်ပါတယ် မာမီ။ ကျွန်မ စဉ်းစားနေမိတယ်။ သူ့ဇာတ်လမ်းကို သိသာသိစေ မမြင်စေ သဘောမျိုး ရင်မဆိုင်ဘဲ ဖွင့်မရှင်းဘဲ ထားထားတာဟာ သူ တစ်သက်လုံး ဆက်လက်အတင့်ရဲ လုပ်ရက်နေဖို့ ဖြစ်နေမလား။

သူ့ရဲ့ မိန်းကလေးကိုများ ကျွန်မ သွားတွေ့ရင်ကောင်းမလား။ ကြမ်းရမလား၊ နရမလား။ ခေါင်းတွေပူနေပါတယ်။ သားလေးဟာ ဖခင်မဲ့သွားဖို့ အတွက်လည်း ငယ်ရွယ်လွန်းအား ကြီးနေသေးတဲ့အတွက် သိပ်သနားတယ်။ သူတို့ကို လက်ပူးလက်ကြပ် ဖမ်းလိုက်ရင် နောက်ဆက်တွဲတွေဟာ ဘာပြဿနာတွေ ဖြစ်လာမလဲ၊ မာမီ့ဆီမှာ အကြံဉာဏ်တောင်းလိုက်ပါတယ်"

မြသက်စောက ကားမောင်းလာရင်း မနက်က ထောပတ်တုံးရဲ့ စာသားတွေကို ပြန်လည်မြင်ယောင်ကာနေသည်။ ထောပတ်တုံးက လူအများ ဖတ်လို့မရဘဲ မြသက်စော တစ်ယောက်တည်း ဖတ်လို့ရအောင် Private Message အဖြစ် ပို့လိုက်ခြင်း ဖြစ်သည်။

ကိုယ့်ကိစ္စနဲ့ ကိုယ်ဆိုရင်တော့ မြသက်စော စိတ်နှင့် ကြမ်းရမ်းလိုက်မည်သာ ဖြစ်ပေမဲ့ သူတစ်ပါးကိစ္စဆိုတော့





အကြံပြုရခက်သည်။ ထောပတ်တုံးဟာ အသက်သုံးဆယ်၊ သူ့ယောကျ်ားက သုံးဆယ့်နှစ်လို့ မြသက်စော သိထားသည်။ ကိုယ့်တုန်းကလည်း ဒီအရွယ်သာသာမှာပဲ အကြီးအကျယ် ပြဿနာဖြစ်ရတာ ဖြစ်ပေမဲ့ ကိုယ်က စိတ်မာတယ် ကြံ့ခိုင်တယ်လေ။

ထောပတ်တုံးက နူးညံ့ညံ့ သိမ်မွေ့မွေ့ကလေး။ ကွဲပျက်သွားကြမည့် အရေးမျိုးတော့ မြသက်စော အကြံမပေးချင်။ မပေးသင့်။ ထောပတ်တုံး အပေါ် မြသက်စော ကြင်နာသနားနေမိပါသည်။ ပူလောင်နေရှာမည်ကို ကိုယ်ချင်းစာသည်။

ခုတလော မြသက်စော ကိုယ်တိုင်ပင် Post အသစ်မတင်မိ။ သူ့ရဲ့အခန်းဆက်တွေကို သဘောကျ စွဲလမ်းကြပုံရတဲ့ ဖိုရမ်ပရိသတ်တချို့ဆီကတော့ ...

"မာမီ ... ဘာတွေ အလုပ်ရှုပ်နေလဲ ...

မာမီ့ရဲ့ လင်ယောကျ်ား ရှုတ်ချရေး သဘောတရားရေးရာတွေကို မဖတ်ရတာကြာလို့ မျှော်နေပါတယ်၊ ရေးစရာကုန်ပြီလား"

အဲသလို စာမျိုးလေးတွေ ဖတ်ရလျှင် ...

"သင်းတို့ အကြောင်းတွေများ ရေးစရာ ကုန်နိုင်ပါ့ရိုးလား၊ မကြာမီ လာမည်"

အဲသလို အတိုအထွာကလေးပဲ ပြန်ရေးဖြစ်လိုက်သည်။ ခုတလောက သားကြီးကို စင်ကာပူကို ကျောင်းတက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လွတ်မည့်ကိစ္စအတွက်လည်း အလုပ်များ ပြေးလွှားနေရသေးတာ။ သားကြီးရဲ့ သူငယ်ချင်း နောက်ထပ်နှစ်ယောက်ပါ ကျောင်းသွားတက်မှာမို့ အင်အားလည်း တောင့်လေရာ သားနှစ်ယောက်ကို ရင်အုပ်မကွာ မခွဲခွာချင်သော မြသက်စောမှာ သူတို့ဘဝရှေ့ရေး ပညာရေးတို့အတွက် ရှေ့ရှုဆုံးဖြတ်၍ လွှတ်ဖို့သဘောတူရပါသည်။

သားကြီးသွားတော့ သားငယ်လေးကလည်း တက်ကြွသည်။ သူ့အစ်ကို ဒီမှာဖြေလို့ရသမျှ ဖြေထားတဲ့ စာမေးပွဲမျိုးတွေ သူလည်းဖြေဖို့ ကြိုးစားတော့မတဲ့။ ကျောင်းသွားတက်ကြတာကလည်း လူငယ်တွေကြားထဲ ဖက်ရှင်တစ်ခုလို ဖြစ်လာတယ် မဟုတ်လား။ သားကြီးကတော့ အစီအစဉ် အတော်များများ လုပ်ပြီးပါပြီ။ နောက်နှစ်ပတ်လောက် နေရင်ကို ထွက်ခွာတော့မည်မို့ မြသက်စော ခေါင်းထဲ သားကြီးကိစ္စတွေ ရှုပ်နေတာ။

တကယ်လို့များ သားငယ်လေးပါ သွားရင် ဒီအိမ်ကြီးတစ်လုံးမှာ မခေါ်တဲ့ မပေါင်းတဲ့ သူတို့လင်မယားနှစ်ယောက်တည်း ကျန်ရစ်ကာ ဘာတွေများ ဖြစ်ဦးမလဲလို့ ရင်လေးနေရသည်။ သားတွေမရှိတော့ဘဲနဲ့တော့ သင်းနဲ့ ဘာကြောင့် တစ်အိမ်တည်း ဆက်နေရမှာတုန်း။ ကိုယ်ကလည်း ဆင်းမသွားချင်။ သူကလည်း ဆင်းမသွား။

ပစ္စည်းရေးရာ ပိုင်ဆိုင်မှုတွေ ဝေခြမ်းဖို့ တစ်ကြိမ်က ကြိုးစားညှိနှိုင်းဖူးသေးသည်။ သူ ကျောင်းသားဘဝ ရှိစဉ်တုန်းရော





အစိုးရဝန်ထမ်းဘဝ ရှိစဉ်တုန်းရော မြသက်စော တစ်ယောက်တည်း ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ပင်ပန်းခံ အငတ်ခံ ရှာဖွေစုဆောင်းခဲ့ရတဲ့ အရင်းအမြစ်တွေ။ အခြေခံ အုတ်မြစ်သာမက ထပ်မံပွားများမှု အတော်များများဟာ မြသက်စော အစွမ်းအစ။

သူက မြသက်စော အခြေခိုင်အောင် တည်ပေးတဲ့ လုပ်ငန်းပေါ် လက်တင်လေး ဆက်လက်ဆောင်ရွက်ရတာ။ မြသက်စောက သားနှစ်ယောက်ကိုလည်း တာဝန်ယူသည်။ သုံးပုံနှစ်ပုံ ယူမည်လို့ တောင်းဆိုခဲ့သည်။ သူက သူလည်း သားနှစ်ယောက်ကို တာဝန်ယူပြီး သုံးပုံနှစ်ပုံ ယူမတဲ့။ သူလို ဖအေကများ ဘယ်လို တာဝန်ယူမှာလဲ။ မိုးလင်းထွက် ညဥ့်နက်ပြန်တဲ့ သူ့လက်ထဲသာ သားတွေရှိခဲ့ရင် နှစ်ယောက်လုံး အပြိုင်းအရိုင်း ဆယ်တန်းတောင် အောင်မလာခဲ့ကြပါဘူး။

ဘယ်သူ့ သဘောမှ ဘယ်သူက မလိုက်နိုင်ဘဲ ဝေခြမ်းရေး ကိစ္စက ညှိမရ။ မြသက်စောကလည်း ကိုယ်ပိုရထိုက်တယ်၊ သူကလည်း သူပိုရထိုက်တယ်တဲ့။ ဒီလိုနှင့် လောဘ ဒေါသ မောဟတွေ မသတ်နိုင်ကြလေရာ ဘယ်လိုမှ ကျေနပ်အောင် ခွဲစိတ်မရဘဲ အမျှဉ်တန်းကာနေသည်။

တကယ်တမ်း ခွဲစိတ်မည်ဆိုရင် နေတဲ့မြို့၊ [illegible] ကားလေးစီး။ ဟိုတုန်းကတည်းက ဝယ်ထားတဲ့ [illegible] လက်စ လုံးခြင်းအိမ်နှစ်လုံး၊ ဆောက်ထား [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရောင်းမည့် လေးခန်းတွဲ ကန်ထရိုက်တိုက်မြင့် သုံးလေးလုံး။ လက်ရှိ အသီးသီး လည်ပတ်သုံးစွဲနေတဲ့ ငွေပင် ငွေရင်းတွေ။ အများကြီးကို ကျေနပ်အောင် ဝေခွဲရမှာ လွယ်တော့မလွယ်။ ဒီယောက်ျား ကတ်သီးကတ်သတ် တွက်ကပ်တဲ့ဘဝမှာ သားကြီးသွားဖို့ကိစ္စကိုပင် တစ်ယောက်တစ်ဝက် တာဝန်ယူမယ်လို့ သူက စ,ကမ်းလှမ်းသည်။

သူများထူထောင်ပေးခဲ့တဲ့ လုပ်ငန်းကြီးပေါ် အသင့်တက်ထိုင် ဆက်လုပ်ပြီး အခု ငွေထုတ်ဖို့လိုတော့ တွက်ကပ်နေတာ ဘယ်လောက် မုန်းတီးစရာကောင်းလဲ။ လေးနှစ်စာ ပညာသင်စရိတ် ငွေပေါင်းကို ဘဏ်မှာ အကောင့်ထိလုပ်ပေးမည် ဆိုတော့လည်း တစ်ယောက် တစ်ဝက်တဲ့။ ဩော် ... ရှိပါစေလေ။ သူက တွက်ကပ်လို့ ကိုယ်က ပြန်တွက်ကပ်နေပေမဲ့ သူ မပေးလည်း မြသက်စောကတော့ သားတွေရှေ့ရေးအတွက် ကိုယ်သာ အကုန်ခံပို့မှာပင်။ ဒါကို သူသိရင် ငွေမထွက်မှာစိုးရလို့သာ ကိုယ်က ပြန်တွက်ကပ်ပေးနေရတာ။

သားငယ်ကိုပါ လွှတ်ပြီးရင်တော့ သူမဘဝမှာ ကြီးကြီးမားမား ထပ်ကုန်စရာ ရင်းနှီးမြှုပ်နှံစရာ မရှိတော့ပါ။ အဲဒီကျရင်တော့ တစ်ယောက်တစ်ဝက်လို့ပဲ ညှိနှိုင်းဝေခြမ်းကြည့်ရမှာပဲ။ တစ်အိမ်တည်းနေပြီး မြင်ရတိုင်း ပူပြင်းတဲ့ သူ့မျက်ခွက်ကြီးကိုလည်း ကြည့်ကြည့်မနေလိုပါ။ အသက်တိုလှပါသည်။





ဒီမျက်နှာကိုပဲ ဟိုးအရင် ငယ်စဉ်ကတော့ တစိမ့်စိမ့် ငေးကြည့်ဖူးမြော်လိုက်ရလျှင် လူဖြစ်ကျိုးတွေကို နပ်လို့နေခဲ့တာ။ ပြန်စဉ်းစားရင် မယုံနိုင်စရာ။ အော်ဂလီဆန်စရာ။ ဒီလိုလူစား ဖြစ်လာမည့်သူကို အသက်နဲ့ထပ်တူ ချစ်မိပြီး ဈေးရောင်းကျောင်းထားပေးခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ်သာ မှန်ကြည့်ပြီး ကိုယ့်ပါး ကိုယ်ပိတ်ရိုက်ချင်သည်။ မှန်မကြည့်ဘဲ ရိုက်ရင် လွဲကောင်းလွဲနေမှာမို့လို့လေ။

ကဲ ... သူ့အကြောင်းတွေ ခေါင်းထဲက ထွက်ပါတော့၊ အကုသိုလ်များလွန်လွန်းလို့။ မြသက်စော မောင်းလာတဲ့ ကားက ရှစ်မိုင်နား ရောက်လာပြီ။ သားတွေက ရွှေဘဲက ဘဲကင် စားချင်တယ်ဆိုလို့ လာဝယ်ရတာဖြစ်သည်။ ဩော် ... နောက်တစ်ပတ်ထဲ ကျွေးမယ်ဆိုတဲ့ "ပူး"ကလည်း မာမီ ဆိုင်ရွေးပါတဲ့။ မြသက်စောကတော့ ထောပတ်တုံးနှင့် ဝင်ဒီကို လွှဲချထားလိုက်သည်။ သမီးတို့ ရွေးကြလို့။

ဝင်ဒီလည်း ခုတလော ခပ်မဆိတ် ငြိမ်သက်နေသည်။ သူ အိမ်ပြောင်းဖို့ရှိလို့ အလုပ်ရှုပ်နေရတယ် ဆိုသည်။ မြသက်စောကို Against လုပ်သည့် Snake Charmer တစ်ယောက်ကိုလည်း ဝမ်းမနာသမီး သုံးယောက်က ဝိုင်းဝိုင်းတွယ်ကြ၍ သူ့ Post တွေ သိပ်တက်မလာတတ်တော့။

ဟိုးတစ်ခါ မြသက်စော ဖိတ်တာကို ဘာကြောင့် မလာသလဲ မေးကြည့်တုန်းကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က သိပ်လာချင် သိပ်တွေ့ချင်ပါတယ် မာမိ ...

အမြင်ချင်း မတူကြတာဟာ ခံစားနေရပုံချင်း မတူကြတဲ့အတွက် ဖြစ်တယ်ဆိုတာ ကျွန်မ နားလည်တော့ အမြင်မတူတာတွေအတွက် စိတ်ထဲ ဘာမှမထားပါဘူး။ ကျွန်မ ရေးတာတွေဖတ်ရင်း ကျွန်မဟာ ဘယ်လိုဟာမျိုး ဖြစ်လိမ့်မယ်လို့ မဝင်ဒီ၊ မထောပတ်တို့ ဘယ်လိုမှတ်ချက်ချလိမ့်မလဲ ဆိုတာလည်း ကြိုနားလည်နေပါတယ်။ ရှင်းရှင်းနဲ့ ရိုးရိုး ဝန်ခံရရင် မာမိတို့လူစုနဲ့ မျက်နှာချင်းမဆိုင်ဝံ့တာ အမှန်ပါ။

ကျွန်မဘဝနဲ့ ကျွန်မပါ။ မာမိုကို ဆန့်ကျင်ဝေဖန်ရေးသားနေတတ်ပေမဲ့ မာမိုကို ချစ်ခင်လေးစားမှု ရှိတဲ့အတွက် မာမို တစ်ယောက်ကိုတော့ ဝန်ခံပါရစေ။ အားလုံးထင်သလို ကျွန်မက Second တွေဘက်က ရပ်တည်ရေးသားရတော့မဲ့ ဘဝအနေအထားပါ မာမိ။ ကိုယ့်ကိုယ်ကိုယ် အပြစ်ဖော့ပေးတာ မဟုတ်ပေမဲ့ ကျွန်မ ဘာမှမသိဘဲ ပတ်သက်ငြိစွန်းခဲ့ရတာပါ။ သိခွင့်ရချိန်ဟာ နောက်ကျခဲ့ပါတယ်။ သူကပေးတဲ့ ဆင်ခြေဆင်လက်ကတော့ သူ့အိမ်ထောင်ရေးမှာ သူဟာ လုံးဝမပျော်ပိုက်ရတဲ့သူ၊ မိဘပေးစားသူကို ယူလိုက်ရတဲ့သူပါတဲ့။ တစ်ချိန်မှာ သူ့ဘက်ကို ရှင်းလင်းပြတ်စဲမယ်လို့ ကတိအထပ်ထပ်ပေးပြီး အချိန်တွေတော့ ကြာလာခဲ့ပါပြီ။





ကျွန်မအဖြစ်က ဆုပ်လည်းစူး စားလည်းရူး၊ ဘဝကနွမ်းကြေသွားနှင့်ပါပြီ။ နာလန်မထူအောင် ကျရှုံးစိတ်ဆင်းရဲနေရပါတယ် ဆိုတဲ့ သူ့အိမ်ထောင်ရေးနဲ့ သူ့အမျိုးသမီးရဲ့ နိုင်ထက်စီးနင်းမှုတွေကို ကြားရတိုင်း သူ့ကိုသနားခဲ့မိတယ်။ နောက်မဆုတ်နိုင်တဲ့ အမည်းစွန်းကွက်နဲ့ မာမိတို့ရဲ့ ချစ်စရာကောင်းတဲ့ အသိုက်အဝန်း မိတ်ဆွေအဖွဲ့လေးထဲ ဝင်လာ မျက်နှာမပြရဲပါဘူး။

အရင်ကတော့ ငါဟာ မသိခဲ့လို့ မှားခဲ့တာလို့ စိတ်ကို ဖြေပါတယ်။ တဖြည်းဖြည်း ကိုယ့်မျက်နှာကို လူတွေရှေ့ မော့မော့မပြရဲတော့ပဲ သိမ်ငယ်ရှက်ရွံ့လာတယ်။ မာမိ ပြောခဲ့ဖူးသလို သူခိုးဟာ ငတ်လို့ခိုးရပေမဲ့ ခိုးခြင်းနဲ့ ငတ်ခြင်းမှာ ခိုးခြင်းကို ရွေးချယ်ပြီး သူခိုးအဖြစ် ရောက်ရှိသွားခဲ့တာ ဆိုတဲ့ စကားဟာ ကျွန်မနှလုံးသားကို ထိပါတယ်။ ကျွန်မကတော့ မငတ်ပဲနဲ့ ခိုးခြင်းကို ရွေးချယ်ထားမိတဲ့သူလို ဖြစ်ခဲ့ရပြီ။ ကျွန်မက တကယ်တော့ 'သူခိုးမ' ပါပဲ။ ဒါပေမဲ့ ပိုင်ရှင့်လက်မှာ အရေးမပါ တန်ဖိုးမရှိတဲ့ ပစ္စည်းတစ်ခုဟာ အဲဒီသူခိုးမ လက်ထဲမှာ အဦးအမြတ် အဖူးအညွှန့် ကိုးကွယ်ရာ မြတ်နိုးရာပါ"

အဲဒီ Post ကို Snake Charmer က မာမိုထံသို့ Private Message နှင့်ပဲ ပေးပို့ခဲ့တာမို့ သူ တစ်ယောက်ပဲ တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရခဲ့ပါသည်။ ရင်ထဲမှာလည်း မကောင်းနိုင်သလို ဖြစ်ရတာမို့ ထောပတ်တုံးတို့ ဝင်ဒီတို့ ပူးတို့ကိုတောင်မှ လေသံပြန်မဟခဲ့။

သူ လျှို့ဝှက်ချင်တာကို ကိုယ်ကလည်း လျှို့ဝှက်ပေးထားခဲ့ပါသည်။ ဒီလိုနှင့် တစ်စတစ်စ Snake Charmer ကို ဖိုရမ်ထဲမှာ အတွေ့ရကျဲလာခဲ့တော့တာ။ ပူးကတော့ သူကျွေးဖို့ဖိတ်တဲ့ ချိန်းတဲ့အခါ မြသက်စောကို ဦးစားပေးကာ "သူ့ကိုလည်း မာမီဖိတ်ချင်စိတ်ရှိရင် ပူးဖိတ်လိုက်မယ်လေ" လို့ ကမ်းလှမ်းပါသေးသည်။

"မဖိတ်ပါနဲ့တော့ ပူး၊ သူ လာမှာမဟုတ်ပါဘူး" လို့ မြသက်စောက ငြင်းလိုက်ရပါသည်။ မမြင်ဖူးခဲ့ရတဲ့ ဖိုရမ်မိတ်ဆွေမလေးအတွက် စိတ်မကောင်းပါ။ ဖောက်ပြန်ပါတယ်ဆိုတဲ့ ယောကျ်ားတွေဟာ သူတို့ဖောက်ပြန်ဖြစ်ရတဲ့ အကြောင်းပြချက်အဖြစ် တစ်ဖက်မှာ ဆင်ခြေတွေ ထည့်လဲပေးလို့ရတာပင်။ တကယ် အိမ်ထောင်ရေး မသာယာတဲ့သူလည်း ဖြစ်ကောင်းဖြစ်မည်။ ဟုတ်ချင်မှလည်း ဟုတ်မည်။ မိန်းမဆိုတာ နှာခေါင်းမပါရင် မစင်တောင် စားမယ်လို့ ရှေးဆိုရိုး ရှိခဲ့တာ အလကားတော့ မဟုတ်နိုင်ပေဘူးပေါ့။

စားချင်တဲ့သူစား။ မြသက်စောတို့ကတော့ နှာခေါင်းလည်း ပါသည်။ မပါရင်လည်း မစင်တော့ စားမနေတော့ပါဘူး။ မျက်စိပါသေးတာပဲ။ ဒါ ဘာကြီးလဲ သိနေတာပဲ။ စားချင်းစား ဘဲကင်ပဲ။





မြသက်စောက ကားကို ရှေဘဲ ခြံဝင်းထဲ ကွေ့ဝင်လိုက်သည်။ ပါကင်နေရာမှာ ဝင်ထိုးလိုက်ပြီးနောက် အနားကပ်လာတဲ့ ကားကြည့်ပေးသူကို ...

"ဘဲကင် ရလား၊ ဟိုတလောက ဘဲပြတ်နေတယ်ဆိုလို့"

"ရပါတယ် အစ်မကြီး"

"တစ်ကောင်လောက် ပါဆယ် မှာပေးပါလား၊ ကျွန်မ မဆင်းချင်တော့လို့"

"ဟုတ်ကဲ့ ... ရပါတယ် ... ရပါတယ်"

မြသက်စောက ငွေတစ်ခါတည်း ထုတ်ရှင်းပေးလိုက်သည်။ ဘဲကင် မှာထားဆဲ ကားပေါ်ကနေ ဟိုဟိုဒီဒီ မြင်ကွင်းတွေကို ဟိုငေး ဒီငေး ကြည့်နေမိပါသည်။

ဟင် ...။

ဟိုအဝေးနား ကားတစ်စီးထဲက မိန်းကလေးဟာ ဝင်ဒီ ပါလား။ မြသက်စော မျက်ဝန်းတို့က အဝေးကို နည်းနည်းပါးပါး မှုန်ဝါးချင်ပြီ ဖြစ်သော်လည်း ဒီလောက်ကြီးတော့လည်း မမွဲသေး။ ဒါပေမဲ့ ဝင်ဒီနဲ့ကလည်း တစ်ကြိမ်ပဲ ဆုံဖူးတာမို့ သဲကွဲသေချာအောင် ကြည့်နေမိတာ။ ဆံပင်ခပ်တိုတိုလေးနဲ့ နားကွင်းဝတ်ထားတဲ့ ဆင်ယင်မှုက မမှားလောက်ပါ။ ကားရှေ့ခန်းထဲမှာ မေးကလေးထောက်၍ ငေးမိငေးရာ ငေးမောနေသည်။ ရုပ်ကလေးက မရွှင်မပျ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က အဘွားအိုကြီးလို ရင့်ကျက်လှပြီ မဟုတ်သေးပေမဲ့ သူတို့လေးတွေကို အကြောင်းသိရ ခင်မင်ရတာ မြသက်စော ကရုဏာသက်ရသည်။ သနားကြင်နာရသည်။ စိတ်မကောင်းလှ။ ငယ်ရွယ်ချောနုသူကလေးတွေဖြစ်ရက် ယောကျ်ား ရဲ့ သစ္စာမဲ့မှုကို ခံကြရရှာသေးသည်။ ပူးတစ်ယောက်သာ ကလေးစိတ် ကလေးတွေးနှင့် အနည်းငယ် ရွှင်ရွှင်လန်းလန်း ရှိသေးသည်။ စိတ်ဒုန်းဒုန်း လျှော့ချထားလို့ ဖြေသိမ့်နိုင်တာလည်း ပါလေသည်။

တကယ်တော့ ဘာမှမမျှော်လင့် ဘာမှမလိုချင်တဲ့ သူရဲ့စိတ်ဟာ ငြိမ်းချမ်းတာပဲ။ မျှော်လင့်ချက်တွေ လိုချင်တောင့်တ တပ်မက်မှုတွေ ဆုံးရှုံးမခံနိုင်သေးတာတွေ ကိုယ့်ဘဝမှာများလေ ကိုယ့်ဘဝဟာ ပူလောင်လေ။ ဆွေမျိုးသားချင်းနဲ့ပဲ ဖြစ်ဖြစ် မိတ်ဆွေ အပေါင်းအသင်းနဲ့ပဲဖြစ်ဖြစ် ချစ်သူနဲ့ပဲဖြစ်ဖြစ် သူ့တစ်ဖက်ထံက ဘာကိုမှ သိပ်မျှော်လင့်တကြီး မှန်းမထားတဲ့ သူမျိုးဟာ မကျေနပ်စရာ အလိုမပြည့်စရာ အတော်နည်းပါးပြီး နေပျော်မှာ အမှန်တရားပါပဲ။

ဆိုင်ထဲက လူတစ်ယောက် အထုပ်တစ်ထုပ်ဆွဲကာ ထွက်လာ၍ မြသက်စောက ကိုယ့်ပါဆယ်ထုပ်များလားလို့ လှမ်းစူးစမ်းလိုက်သည်။ အထုပ်တော့ အထုပ်။ ဆွဲကိုင်ထွက်လာသူကို ကြည့်တော့မှ ဆိုင်ဝန်ထမ်း မဟုတ်။ လူသိဖြစ်နေသည်။

ကိုသီဟ ...။





မြသက်စောက ကားတံခါးဖွင့်ကာ ခြေလှမ်းချ၍ ဆင်းလိုက်ရင်း ...

"ကိုသီဟ"

မတိုးမကျယ် တစ်ချက် လှမ်းခေါ်လိုက်မိပါသည်။ ခေါ်မိပြီးမှ ရှိင်းရာကျသွားမလားလို့ ပြန်တွေးမိရသည်။ သို့ပေမဲ့ ကိုယ်ကလည်း ပြောစရာရှိတော့ ခေါ်မိပြီးသွားပြီ။ ဒီနေ့အတွင်း သူ့ထံ ဖုန်းဆက်ဖို့တောင် တွေးတော စီစဉ်ထားပြီးသား မဟုတ်လား။ အခု ဒီမှာ မမျှော်လင့်ဘဲ အခန့်သင့် လာတွေ့နေတော့ ခေါ်လိုက်မိတာပေါ့။

ကိုသီဟက အသံလာရာဆီ လှည့်ကြည့်သည်။ ဇဝေဇဝါ ကြည့်နေပြီးမှ ချက်ချင်းလိုပဲ မှတ်မိသွားကာ ...

"ဩော် ... မမစော"

မြသက်စော ကားရှိရာဘက် လှည့်ကွေ့လျှောက်လာပါသည်။ ဒီလူက သူမကို မမစောဟုပဲ ခေါ်သည်။ ဒေါ်မြသက်စော မမြသက်စော မခေါ်။ မြသက်စောကို ကြည့်ပြီး လေးဆယ်ကျော် မထင်ဘူး ထင်ပါရဲ့။ တော်သေးတာပေါ့၊ မမဝင်းတို့ မမတင့်တို့ "စော"လို့ခေါ်သံကြားပြီး သူကပါ "စော"လိုက်မလုပ်တာ။ သူက မြသက်စောထက်တော့ ငယ်မည်။

သူက စကားပြောတာ အထူးချို့သာ ယဉ်ကျေး၍ အထူးသဖြင့် အမျိုးသမီးများကို အရေးတယူ အလေးအမြတ် ဆက်ဆံတတ်တဲ့ လူစားမျိုး ဖြစ်သည်။ လူကလည်း လူရည်သန့်



www.burmeseclassic.com

www.burmeseclassic.com



ပြန့်လှ၍ ချောမောခန့်ညားရာ သူ့ပုံစံက တကယ့် Gentleman အစစ်ပင်။ စိန်ဖိုးငွေ လာချေတော့ သူက မြသက်စောအိမ်ကို လာခဲ့မည်ဆို၍ အိမ်မှာပဲ ငွေလက်ခံလိုက်ပါသည်။

ငွေချေရင်း နာရီဝက်လောက်တော့ စကားထိုင်ပြောဖြစ်သည့်အထဲ အဲဒီ ကိုသီဟကို ကောင်းကောင်း အကဲခတ်နိုင်ခဲ့ပါသည်။ အခွင့်အရေး ပေးရင် အရောဝင်မည့်သူမျိုး ဆိုတာကိုပင်။ မမတင့် အလျှုမှာ မမတင့်ပြောတဲ့ စကားတွေကို မြသက်စောကလည်း အဖုံးအဖိ အလျှို့အဝှက်မရှိ ဘွင်းဘွင်းကြီး ပြန်ပြေဖြစ်တာတွေ သူ ကြားသိထားမှာမို့ မြသက်စောကို အိမ်ထောင်ရေးအဆင်မပြေသည့် မိန်းမတစ်ယောက်လို့ သူ သိထားတာလည်းပါမည်။

လိုအပ်တာထက် ချိုသာရွှန်းလဲ့တာ။ သတိတော့ထားရမည့်သူ တစ်ယောက်လို့ စိတ်ထဲ မှတ်ထားရသည်။ အခုကတော့ သူ့ကို ပြောစရာက ရှိကိုရှိလို့။ သူ့ပစ္စည်းတွေ ပြီးပြီလေ။

"မမစော ဘယ်လာလဲ"

"ဒီကိုပဲ ကိုသီဟ၊ သားတွေက ဘဲကင်စားချင်တယ် ဝယ်လာပါ မှာလို့"

တမင်ပဲ သားတွေကို ထည့်ပြောရသည်။

"တိုက်ဆိုင်လိုက်တာ၊ ကျွန်တော်လည်း ဘဲကင်လာဝယ်တာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကိုသီဟကို ဒီညနေပဲ ဖုန်းဆက်တော့မလို့၊ အခု လှမ်းတွေ့တော့ အတော်ပဲဆိုပြီး"





"ဟုတ်ကဲ့ ... ပြောပါ မမစော"

"ကိုသီဟ အပ်တဲ့ လော့ကက်လေးတွေလေ၊ အဲဒါရပါပြီ၊ မနက်ကပဲ ပန်းတိမ်က ထွက်ပါတယ်၊ မမဝင်းဟာရော အတူတူပဲ၊ မမဝင်းဆီတောင် ဖုန်းဆက်ပြီးသွားပြီ၊ ကိုသီဟကိုတော့ နေ့လယ်ပိုင်း အလုပ်ရှုပ်နေတုန်း ဆက်ရမှာ စိုးတာနဲ့ ညနေမှ ဆက်မယ် စိတ်ကူးထားတာ"

"ဪ ... အချိန်မရွေး ဆက်လို့ရပါတယ်ဗျာ၊ ဒါဖြင့် ကျွန်တော် ဘယ်လို ..."

"ကိုသီဟ အဆင်ပြေသလိုပါ၊ အိမ်ပဲ လာယူမလား၊ သို့မဟုတ် ကျွန်မ လာပေးဆိုရင်လည်း လာပို့ပေးမှာပေါ့၊ အခုကတော့ ပါမလာခဲ့လို့"

"ကျွန်တော် အိမ်ပဲ လာယူလိုက်မယ်လေ"

"ဟုတ်ကဲ့၊ အဲဒါလည်း ရပါတယ်"

"ပိုက်ဆံက ဘယ်လောက်ယူခဲ့ရမလဲ မသိဘူး"

"ရွှေဖိုးနဲ့ အလျော့တွက် လက်ခတွေပဲဆိုတော့ ကျွန်မ စိတ်ထင် လေးငါးသိန်းထက် မပိုပါဘူး၊ အတိအကျတောင် တွက်မကြည့်ရသေးလို့"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်တော် မနက်ဖြန် ညနေဘက် ဟိုတစ်နေ့က အချိန်လောက် မမစော အိမ်ကိုပဲ လာခဲ့လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ ကျွန်မ စောင့်နေပါ့မယ်၊ ကိုသီဟ တစ်ယောက်တည်းလား၊ ရုံးအဆင်းပေါ့"

"ဟုတ်ကဲ့၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ အဟင်း ကားပေါ်မှာ မစ္စစ်စ် ပါပါတယ်"

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ရပါပြီ ကိုသီဟ၊ တော်ကြာ အမျိုးသမီး စောင့်နေရဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ တွေ့မယ်နော် မမစော"

မြသက်စောက ကိုသီဟ သွားရာဘက် ငဲ့ကြည့်ရင်း ကားပေါ်တက်ထိုင်လိုက်ပါသည်။ ကိုသီဟ ဦးတည်သွားနေရာမှာ ဝင်ဒီ ထိုင်နေတဲ့ ကားရှိရာဘက်ကို။ မြသက်စောက ဝင်ဒီထံ လှမ်းကြည့်နေမိလျှင် ဝင်ဒီသည် ဟိုဘက်ကို ခေါင်းကြီးလှည့်စောင်းထားပြီး ဒီဘက်က လုံးဝမမြင်သာအောင် ကျောပေးနေသည်။ ကိုသီဟ အဲဒီကားပေါ်ပဲ တက်ထိုင်လိုက်တာကို တိုက်တိုက်ဆိုင်ဆိုင် မြင်ရလျှင် မြသက်စော အံ့အားတွေသင့်နေမိသည်။

ခုန အပြင်ထွက်ရပ် စကားပြောတာဖြစ်တဲ့အတွက် သူမကို ဝင်ဒီ မြင်ကို မြင်နိုင်သည်။ မမြင်လောက်အောင် ကားတွေ လူတွေ မရှုပ်ယှက်။ တမင်တကာ မမြင်ယောင်ဆောင် တစ်ဖက်လှည့်နေတာ ဖြစ်ဖို့များပြီး ဒါဟာလည်း သူ့ယောကျ်ား ဘယ်သူလို့ မြသက်စော မရိပ်မိစေချင်တာ ဖြစ်မည်မှန်း နားလည်ရပါသည်။

❋ ❖ ❋





## ၁၂

ဒီနေ့အဖို့ ကျွေးမည့်တကာဖြစ်သည့် ပူးက ဆိုင်ကို အရင်ဆုံး ရောက်ရှိနေပါသည်။ ပူးရောက်ပြီး ဆယ်မိနစ်လောက်ကြာတော့ ရောက်လာတဲ့သူဟာ ထောပတ်တုံး။

"မထောပတ်"

ဆိုင်ထဲဝင်လာတဲ့ ထောပတ်တုံးကို အကျယ်ကြီး ဟစ်အော်ခေါ်ကာ လက်ပြလိုက်တဲ့ ပူးကြောင့် ထောပတ်တုံးလည်း ပူးကို တွေ့သွားရသလို ဆိုင်ထဲက လူအတော်များများကလည်း ထောပတ်တုံးကို လှမ်းကြည့်ကြပါသည်။ ထောပတ်တုံးက ခပ်သွက်သွက် လှမ်းလာခဲ့ရင်း ...

"အမယ်လေးနော် ပူးရယ်၊ ခေါ်လိုက်တဲ့ အသံကြီးကလည်း အကျယ်ကြီးပဲ၊ လူတွေက တို့ကို ဝိုင်းကြည့်ကြရော၊ ဘယ်လိုနာမည်ကြီးပါလိမ့်ဆိုပြီး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ဟင်း၊ ဟုတ်တယ်နော် ဝိုင်းကြည့်ကြတယ်၊ ကောင်းတာပေါ့၊ စတိုင်ဖြစ်တာပေါ့၊ ဘယ်သူနဲ့မှ မတူတဲ့ နာမည်လေ"

"ဝင်ဒီ ဆိုတာလည်း ခေါ်ရင် လှတပတ နာမည်ပဲ၊ မာမီ ဆိုတာကတော့ ဘာမှမဆန်းဘူး၊ ပူး ဆိုတာလည်း လူတွေက နားကြားလွဲရင်တောင် 'ပု' လို့ ထင်မှာ၊ ကျုပ်နာမည်ကတော့ အတော်ဆိုးတာပဲ၊ နာမည်ပြောင်းမှ ထင်တယ်"

"မထောပတ် နာမည်က ဘာလဲဟင်"

ပူးက အငိုက်ဖမ်းသလို မေးလိုက်သော်လည်း ထောပတ်တုံးက အငိုက်မမိဘဲ မျက်စောင်းလေးနှင့် ...

"အောင်မယ် ... မပြောပါဘူးနော်"

"မထောပတ်က သမီးကို မခင်လို့ပေါ့ ... ဟွန်း"

"နာမည်ဝှက်တွေနဲ့ပဲ ကောင်းပါတယ် ပူးရယ်၊ နာမည်ကလွဲရင် အလုပ်အကိုင်တွေ ဘဝဖြစ်စဉ်တွေက သိနေကြတဲ့ဟာ၊ ဒီနာမည်ကို သိသွားရင်တော့ ယောက်ျားတွေရဲ့ နာမည်တွေပါ ပေါ်လာတော့မှာ"

"ပေါ်လည်း ဘာဖြစ်လဲ၊ မာမီ့နာမည်က မြသက်စောတဲ့"

"ဟင် ... ပူး ဘယ်လိုသိလဲ"

"အဟင်း ... ပူးက ဒီလိုပဲ မာမီ့ကို Private Message ပို့ပြီး မေးလိုက်တာပဲ"

"မာမီက ပြောပြတာပေါ့"





"အင်းပေါ့၊ မာမီက ဘာမှ သိပ်ဂရုစိုက်တဲ့သူမှ မဟုတ်တာ၊ ဖိုရမ်ထဲမှာ နာမည်ရင်း မထည့်တာကလည်း မာမီက နည်းနည်း လူသိများ မိတ်ဆွေ အသိုင်းအဝိုင်း များလို့ ယောက်ျားရဲ့ ဂုဏ်သိက္ခာကို တစ်ချက်လေး ငဲ့ညှာထောက်ထားလိုက်တဲ့ သဘောနဲ့ နာမည်ဝှက် သုံးလိုက်တာတဲ့၊ တကယ်က နာမည်ရင်းပဲ သုံးချင်တာတဲ့၊ မေးလာရင်တော့ မာမီ့မှာ လျှို့ဝှက်ထားစရာ မရှိပါဘူးတဲ့"

"တို့လည်း ဒီလိုပါပဲ ပူးရယ်၊ အခုဆိုရင် ဖိုရမ်ထဲမှာ မဲင်ဘာအချင်းချင်း သိနေကြပြီပဲ၊ ထောပတ်တုံးရဲ့ယောက်ျားဟာ ဖောက်ပြန်နေတယ်လို့လေ၊ နာမည်ရင်း သိသွားကြရင် မောင့်ကိုထိခိုက်မှာ၊ လူအထင်သေးမှာလည်း တို့ကစိုးရိမ်သေးတယ်၊ သူ့ဂုဏ်သိက္ခာကို ထောက်လို့ပါ"

"အင်း ... သူများတွေကိုတော့ မသိစေချင်ပါဘူး မထောပတ်ရဲ့၊ ဒါပေမဲ့ ကိုယ်ချစ်တဲ့သူ ဆိုရင်တော့ ကိုယ့်အကြောင်း ဘာသိသိ၊ ပြောရရင်လေ သမီးက မာမီ့ကိုတော့ အမေလို ချစ်ခင်အားကိုးမိတယ်၊ မထောပတ်ကိုတော့လေ ဘာဖြစ်လို့လဲ မသိဘူး၊ ချစ်ကိုချစ်တာ၊ အလိုလိုချစ်တာ၊ မဝင်ဒီကိုကျတော့ အဟင်းဟင်း ... ကိုယ်နဲ့ ရွယ်တူနီးပါး သူလည်း ငယ်ငယ်ရွယ်ရွယ်ပဲမို့လား မသိဘူး၊ သိပ်ကြီး ဒီလောက် မချစ်ဘူး သိလား၊ ဟိုလေ ... ခင်တော့ခင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ မထောပတ်ကို ကိုယ့်အစ်မလို ပိုချစ်တယ်၊ မထောပတ်က ပိုပြီး သဘောကောင်းတယ်လို့လည်း စိတ်က အလိုလို ထင်နေတယ် ...

ဖိုရမ်ထဲက မိတ်ဆွေတွေအဖြစ် အပြင်မှာ ချိန်းဆုံကြတာမျိုးတင် မကဘဲ တကယ့် မိတ်ဆွေရင်းချာ မိတ်ဆွေကောင်း မိတ်ဆွေစစ်တွေလို ကိုယ်ရေးကိုယ်တာ အားလုံးဖလှယ်ပြီး ခင်မင်ဆက်ဆံချင်တာ၊ ဒါပေမဲ့ မထောပတ် မပြောချင်ရင်လည်း ကိစ္စမရှိပါဘူး၊ ပူး ဘယ်လိုမှ သဘောမထားဘူး၊ ပူးကတော့ ချစ်လို့ ခင်လို့ ပြောပြမှာ၊ ပူး နာမည်က လင်းလက်အောင် တဲ့"

ထောပတ်တုံးသည် ပူးရဲ့ ရိုးစင်းပွင့်လင်းတဲ့ စကားလေးတွေကြောင့် နည်းနည်းငိုင်တွေသွားရရင်း ...

"လင်းလက်အောင် တဲ့လား၊ နာမည်လေးက ချစ်ရာလေးပဲနော်"

ခပ်တိုးတိုး ရေရွတ်လိုက်မိပါသည်။

"သမီးရဲ့ ဖေဖေက ဦးစစ်အောင် ဆိုတာ သမားတော်ကြီးလေ၊ သွေးတိုး ဆီးချိုကုတာလေ၊ မထောပတ် ကြားဖူးမလားတော့ မသိဘူး"

"ဪ ... ကြားဖူးတာပေါ့၊ ဟိုးတုန်းက တို့ဖေဖေတောင် ပြဖူးသေးတာပဲ၊ ဆရာကြီး ဆုံးသွားတယ်နော်"





"ဖေဖေကကျတော့ လူနာကြည့်နေရင်းနဲ့ ဟာ့ထ်အတက်ခံရပြီး ရုတ်တရက် ဆုံးသွားခဲ့တာ၊ သမားတော်ကြီးအဖြစ်သုတစ်ပါး ရောဂါတွေ ကုပေးခဲ့ပေမဲ့ ကိုယ့်ကိုယ်ကိုယ် နှလုံးရောဂါ ပြင်းထန်နေမှန်း ဂရုမစိုက်မိ မသိခဲ့မိဘဲ အတက်ခံလည်းရ ဆုံးလည်းဆုံးပဲ၊ လွန်ခဲ့တဲ့ ရှစ်နှစ် ကိုးနှစ်တုန်းက ဟိုးလေးတကျော် လူသိများခဲ့ပါတယ်"

"ဟုတ်တယ်၊ ဆရာကြီး ဦးစစ်အောင် လူနာကြည့်ရင်း အတက်ခံရပြီး ကွယ်လွန်တယ်ဆိုတာ ကြားဖူးလိုက်ပါတယ်"

"သမီးက ငယ်ငယ်တုန်းက သိပ်ဆရာဝန် ဖြစ်ချင်ခဲ့ဖူးတာ၊ ဒါပေမဲ့ ဆရာဝန်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မကုဘဲ သူများကို ကုဖို့ပဲ အာရုံစိုက်နေကြတာပါလားလို့ ဖေဖေ ဆုံးတော့ တွေးမိတာ၊ အဲဒီမှာ ဆရာဝန် လုံးဝမဖြစ်ချင်တော့တာ၊ သမီးရဲ့ မမကြီးကတော့ ဆရာဝန်ဖြစ်တယ်၊ ဆရာဝန်နဲ့လည်း ယူထားတာ ...

သမီးသာ ဆရာဝန်လိုင်းလိုက်ရင် ခုထိကျောင်းပြီးသေးမှာ မဟုတ်ဘူး၊ ဒါဆိုရင် ယောကျ်ားလည်း ယူဖြစ်ဦးမယ် မထင်ဘူး၊ နော် ...၊ ခုတော့ အသက်နှစ်ဆယ်မပြည့်ခင် ကျောင်းပြီးနေပြီ၊ မေမေက ပညာစုံနေပြီဆိုပြီး သူ သိပ်သဘောကျတဲ့ သူ့သူငယ်ချင်းသားနဲ့ ပေးစားတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်းလည်း ချစ်မိပြီး ယူဖြစ်သွားရော၊ ကိုယ့်မှာ ကျောင်းတက်ဖို့လည်း မရှိ၊ အလုပ်လည်း မရှိဆိုတော့ ယောကျ်ားယူပြီး အိမ်ရှင်မပဲ လုပ်ပါတော့မယ်လေလို့ တွေးလိုက်တာပဲ ...

အဲဒီတုန်းက ကိုကြီးမှာ ရည်းစားဟောင်း သိပ်ချစ်တဲ့သူ ရှိနေမှန်းသိရင် သမီး ငြင်းပေးပါတယ် မထောပတ်ရယ်၊ သူကလည်း သူ့အမေကြောက်တော့ ဘာမှမပြော၊ ဒါပေမဲ့လေ ခုတလော ကိုကြီးက သမီးကို သိပ်မဆူဘူး သိလား မထောပတ်။ မာမို့မွေးနေ့ ထွက်တုန်းက အိမ်ပြန်ရောက်တော့ သမီးကို ဆူတာ၊ သမီးကလည်း အဲဒီနေ့ကတော့ နည်းနည်းခံပြောပစ်တယ်၊ မာမီနဲ့တွေ့လာပြီး သတ္တိတွေ နည်းနည်းကြွလာတာ၊ ဟီး ဟီး ... ရိုင်းရိုင်းပျပျခံပက်တာတော့ မဟုတ်ပါဘူး၊ ပြန်ရှင်းပြတာပေါ့၊ ငုံ့မခံဘူးပေါ့ ...

အဲဒီမှာ ကိုကြီး နည်းနည်း တစ်မျိုးဖြစ်သွားတယ် သိလား၊ သမီး မိတ်ဆွေသစ်တွေက ဂုဏ်သရေရှိ အမျိုးသမီးတွေလို့ ပြောတော့ သူလည်း သမီးကို မျက်စိပွင့်နားပွင့်နေလောက်မယ်လို့ တွေးသလား မသိပါဘူး၊ ဒီနောက်ပိုင်း သိပ်ပြီး မအော်မဟောက်ဘူး သိလား ...

ဒီနေ့ ပူး ကျွေးကလဲ့လို့ ပူးက ပြောတော့ ပူးကို မုန့်သွားကျွေးဖို့ ဆိုပြီး ပိုက်ဆံနှစ်သိန်းတောင် ထုတ်ပေးတယ်၊ သမီးက အဲသလောက် မကုန်ဘူးလို့ ပြောပါတယ်၊ မာမို့နေ့က အများကြီး စားကြတာတောင် သုံးသောင်းကျော်လောက်ပဲ ကျတာလို့ ပြောတယ်၊ ဒါပေမဲ့ ကိုကြီးကလေ ဆိုင်ကောင်းကောင်းကို ခေါ်ကျွေးဆိုပြီး နှစ်သိန်းပဲ ပေးလိုက်တယ် ...





သမီးလေ မာမို့ကို ဆိဒိုးနား သွားစားရအောင်လို့ ခေါ်တာ၊ မာမီက ပူးအရမ်းကုန်ကျလိမ့်မယ်ဆိုပြီး ဒီဆိုင်ဆိုလို့"

ပူးသည် စကားကများများ ကလေးဆန်ဆန် အဖော်လည်းငတ်ငတ် ဖြစ်နေပုံရကာ စကားတွေ ဟိုရောက် ဒီရောက်နှင့် ရေပက်မဝင်အောင်ပင် လျှောက်ပြောနေပါသည်။ သူ့စကားတွေ နားထောင်ရင်း သူ့အကြောင်းတွေလည်း ပိုသိလာရကာ ထောပတ်တုံး စိတ်ထဲလည်း ညီမလေး တစ်ယောက်လို ပိုခင်မင်လာရပါသည်။

"ပူးကတောင်းလို့ မာမီက ဖုန်းနံပါတ်လည်း ပြောပြထားတယ်၊ ပူး ဖုန်းလည်း မာမို့ကို ပေးထားတယ်၊ မာမီနဲ့ပူးနဲ့က တစ်ခါတစ်ရံ ဖုန်းလည်း ပြောကြတယ် သိလား မထောပတ်။ မာမီနဲ့ကြားမှာတော့ ဖုံးကွယ်ထားတာ ဘာမှမရှိတော့ဘူး၊ မာမီကလည်း ဘွင်းဘွင်းသဟား မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထောပတ်တုံးသည် နားထောင်ရင်း တစ်မျိုးလေး ဖြစ်လာသည်။ သူလည်းပဲ လျှို့ဝှက်ထားချင်လွန်းတာတော့ မဟုတ်ပါ။ နာမည်ရင်း မဖော်တာ ထုံးစံလို ဖြစ်နေခဲ့တော့ မသိကြတော့လည်း တစ်မျိုးကောင်းတာပဲလို့ သဘောထားမိတာ။ ခုတော့ ပူး စကားအလျဉ်ထဲ ပြောပါရင်း ဖုံးဖိလျှို့ဝှက်ထားရတာကိုပဲ ရှက်သလို အားနာသလို ဖြစ်လာမိလျက် ရုတ်တရက် ...

"ပူး ... ပူးကိုတော့ တို့နာမည် ပြောပြထားမယ်၊ တို့နာမည်က ထင်ထင်တဲ့"

"ထင်ထင် !! ... ဟယ် ... နာမည်လေးက ချစ်စရာလေး၊ မထောပတ်က အားလုံး ချစ်ဖို့ကောင်းတယ်"

"ပူးပဲ သိနော်၊ သူများတွေတော့ မပြောပြပါနဲ့၊ ထောပတ်တုံးလို့ပဲ သိကြပါစေဦး"

"အင်း ...၊ အင်း ...၊ မထောပတ် မပြောနဲ့ဆိုရင် ပူးက မပြောပါဘူး"

"မာမီတို့ နောက်ကျနေကြပါလား၊ ဟော ... ဟိုမှာ မာမီ လာပြီထင်တယ်"

ဆိုင်ပြင်မှာ ကားထိုးဆိုက်လိုက်ကာ မာမီက ဆင်းလာသည်။

"ရောက်တာ ကြာပြီလား၊ ဒီနှစ်ယောက် ချိန်းလာတာလား"

"ပူး အရင်ရောက်တာ မာမီ၊ သတ်သတ်စီပါ"





"ပူး တက္ကစီနဲ့ပဲ လာတယ် မဟုတ်လား၊ ဟိုတစ်ခေါက်လိုပဲ ပူးကို မာမီ ပြန်ပို့မယ်လေ၊ ဝင်ဒီကော မလာသေးဘူးလား"

"မလာသေးဘူး"

"ထောပတ်တုံး ကားပါလား"

"ပါတယ် မာမီ၊ ယူလာတယ်"

"ဒါဖြင့် ဟိုတစ်ခါလိုပဲ ဝင်ဒီ့ကို ပို့ပေးပေါ့နော်"

"ဟုတ်ကဲ့ ... ပို့ပေးမှာ မာမီ"

"ကလေးက ကျွေးမှာကို စားရတာ သိပ်တောင်မစားချင်ဘူးကွယ်၊ မာမီက လူကြီး၊ မာမီပဲ ကျွေးချင်တာ"

"ဟာ ... မာမီကလည်း၊ တစ်ယောက် တစ်လှည့်ပဲဟာ"

"နောက်တစ်ကြိမ် အားကြရင် ကျွန်မအလှည့် ယူမယ်နော် မာမီ"

"ကျွေး ... ကျွေး၊ စားမယ်၊ ဒေါ်ပူးက ဆီဒိုနားတွေ ဘာတွေ ပြောနေသေးတယ်၊ မာမီက ဖျက်ရတယ် ထောပတ်ရေ၊ အသင့်အတင့်ပဲ လုပ်ပါလို့"

"အမယ် ... မာမီကလည်း၊ ကိုကြီးက နှစ်သိန်းတောင် ပေးတာ"

"ဟုတ်လား၊ ပူးက ဒီအုပ်စုကို ကျွေးရမယ်ဆိုပြီး တောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအုပ်စုနဲ့ ထွက်စားမယ်၊ ပူးကျေးအလှည့်လို့ ပြောတာပါ၊ သူ့ဘာသာ နှစ်သိန်းပေးတာ၊ သဘောတွေ ကောင်းနေတယ်၊ ခုတလော နည်းနည်းပိုသဘောကောင်းလာတယ် မာမိရဲ့၊ ပူးကိုလည်း အလကားနေ မပေးဘဲ်ဘူး၊ ပူးမှာ ဂုဏ်သရေရှိ မိတ်ဆွေတွေ ရှိတယ်ဆိုတာလည်း သိပြီး မာမိနဲ့လည်း မကြာ မကြာ ဖုန်းပြောတာ သူသိလို့ထင်တယ်၊ နည်းနည်းပါးပါး အရေးလုပ်လာတယ်"

"အဲသလို တိုးတက်လာတာ ဝမ်းသာစရာပေါ့ကွယ်။ ဟော ဝင်ဒီ လာပြီ"

တက္ကစီပေါ်က ဆင်းလာတဲ့ ဝင်ဒီသည် တစ်မျိုးကလေး ဖြစ်နေသည်။ ဝင်လာပြီး ထိုင်တဲ့အထိ ဟက်ဟက်ပက်ပက် မရှိလှ။ မာမို့ကိုလည်း စေ့စေ့မကြည့်ပဲ ခပ်ရှမ်းရှမ်းသာ ကြည့်သည်။ မာမိက သဘောပေါက်ပါသည်။ သူ့စိတ်ထဲ ဟိုးတစ်နေ့ ရွှေဘဲတုန်းက မာမီ သူ့ကို တွေ့မတွေ့ဆိုတာ မသေချာပဲ ဖြစ်နေမည်။ မာမိ လှမ်းမြင်တုန်းက သူက မတွေ့။ သူ တွေ့ချိန်မှာ မာမိက သူ့ဘက်မကြည့်ပဲ သူ့အမျိုးသားနှင့် စကားပြောနေချိန်ဖြစ်၍ မာမိ သူ့ကို တွေ့ပြီးသားမှန်း သူ မသိဘူးနေမည်။

အဲဒါကြောင့်လည်း မာမိ သူ့ကိုမမြင်မိ၊ ကိုယ်ကြီးစောင်းလိမ်ကာ တမင်ခပ်ကွယ်ကွယ်ကြီး ကျောပေးနေတာပေါ့။ သူ့ခင်ပွန်းဟာ ကိုသီဟ ဆိုတာ မာမို့ကို မသိစေလိုတဲ့ ဆန္ဒရှိ





လျှင် မာမိက မသိချင်ယောင်သာ ဆောင်ပေးနေရုံပင်။ သူတစ်ပါး မသိစေလိုတာကို ဖော်ထုတ်ဖို့ အကြောင်းမရှိပါ။

ဒီအဖွဲ့လေး ခင်မင်ရင်းနှီးကြတာဟာ လျှို့ဝှက်ချင်တဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ဖို့ မဟုတ်။ ခံစားချက်တူ ဘဝတူချင်း အားပေးဖေးမဖို့ ကူညီရိုင်းပင်းဖို့ ရင်ဖွင့်ဖလှယ်ဖို့။ လိုတာကိုပေးပြီး မလိုတာကို မပေးမိကြဖို့ပင်။

"မဝင်ဒီ နေကောင်းရဲ့လား"

"အင်း ... နည်းနည်းနေမကောင်းချင်သလို ရှိလို့ ပူးရယ်၊ ပထမ မလာတော့ပဲ ဖျက်ရရင် ကောင်းမလားတောင် စဉ်းစားသေးတယ်၊ ဒါပေမဲ့ ဘယ်သူ့ဖုန်းမှလဲ မသိတော့ ကြိုမဖျက်ပဲနဲ့ မလာပဲ မနေခ်င်တာနဲ့ လာလိုက်တာ"

"အားလုံးကို မာမို့ဖုန်း ပေးထားဦးမယ်၊ နေမကောင်းတာက ဘာဖြစ်လို့လဲ ဝင်ဒီ"

"ရိုးရိုး ဒီလိုပဲ မအီမသာပါ မာမီ၊ ရောဂါရယ်လို့တော့ မဟုတ်ပါဘူး၊ ပြီးခဲ့တဲ့အပတ်က အိမ်ပြောင်းရွှေ့ရတာလည်း စိတ်ရောလူရော ပင်ပန်းသွားတာ ပါမယ်ထင်ပါတယ်၊ လူက မအီမသာ လေးလံပင်ပန်းနေတယ်"

"ဒါဖြင့် အဲဒါ ရိုးရဲ့လားဟင် မဝင်ဒီ"

ပူးက မေးပြီး လျှာကလေး တစ်လစ်ထုတ်သည်။

"အမယ် ... ရိုးပါတယ်နော်၊ ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒီကလည်း ပူး ဆိုလိုတာကို ချက်ချင်းရိပ်မိကာ ခပ်သွက်သွက် ပြန်ဖြေလိုက်ပါသည်။ ဝင်ဒီ လည်ပင်းမှာ ဇလက်တီနမ်ကြိုးလေးတစ်ကုံးသာ ဆွဲထားသည်။ ခုလောက်ဆို သူ့ယောက်ျားလုပ်သူက လော့ကက်လေး ချိတ်လက်ဆောင်ပေးပြီးလောက်ပြီ ဖြစ်သော်လည်း ဆွဲလာလျှင် မာမီ တန်းသိမှာပဲလို့ ဝင်ဒီ တွေးကာ တမင်ဆွဲမလာတာ ဖြစ်မည်လို့ မာမီ သဘောပေါက်မိသည်။

မာမို့ထံမှ "ဝင်ဒီ့ကိုတောင် တွေ့လိုက်ပါသေးတယ်" ဆိုတဲ့စကားမျိုး ပေါ်ထွက်မလာဘဲ ဘာမှမသိသလို အေးအေးဆေးဆေး ပိပိရိရိ ဆက်ဆံမှုကိုသာ တွေ့ရ၍ ဝင်ဒီသည် မလုံမလဲလေးကန်နေတဲ့ အမူအရာများ တဖြည်းဖြည်း ပျောက်ကွယ်လျော့ပါးလာသည်။

"နောက်တစ်လှည့် ဝင်ဒီကျွေးမယ်"

"မထောပတ်က သူ ကျွေးမယ်လို့ ခုနပဲ ပြောတယ် မဝင်ဒီရဲ့"

ဝင်ဒီက နှာခေါင်းလေးရှုံ့ရင်း ...

"ဒါဖြင့် ကျွန်မအလှည့် ဘိတ်ချီးပေါ့"

"ဘိတ်ချီး ဘယ်ဟုတ်မလဲ၊ ပူးတို့က အဲဒါပြီးရင် ရပ်တန့်သွားမှာမှ မဟုတ်ပဲနဲ့၊ ပြီးရင် တစ်ခါ မာမို့အလှည့်ပေါ့၊ ဘိတ်ချီးရယ်လို့ ဘယ်သူမှ မဟုတ်တော့ဘူးပေါ့ မဝင်ဒီရဲ့"

"ဝင်ဒီ အိမ်ပြောင်းတာ ပြီးပြီလား၊ တခြား ဘာလိုသေးလဲ"





"မလိုတော့ဘူး မာမီ၊ တစ်ရက်ပဲ ကြာပါတယ်၊ တိုက်ခန်းဆိုတော့ ပစ္စည်းပစ္စယတွေလည်း သိပ်များတာမှ မဟုတ်တာ၊ မပြောင်းခင် အခန်းသစ်ကို သွားရှင်းလင်းဆေးကြောလို့အပ်တာ ပြင်ဆင်လုပ်ကိုင်ရတာသာ သုံးလေးရက်ကြာတာ ပြောင်းတာတော့ တစ်ရက်တည်းရယ်"

"ဒါဖြင့် ဟိုတစ်နေ့က တို့လိုက်ပို့တဲ့နေရာမှာ မဟုတ်တော့ဘူးပေါ့နော်"

"မဟုတ်တော့ဘူး မထောပတ်၊ ဇမ်းချောင်းဘက်ဖြစ်သွားပြီ"

"အဲဒီနားလေးက စည်စည်ကားကားလေးပဲ၊ ဈေးလည်းနီးတယ်ဆို၊ ညဘက်လည်း မုန့်ဆိုင်တွေရော စားအုပ်ဆိုင်အခွေဆိုင်တွေရော စုံလို့ပဲ၊ အဆင်မပြေလို့လား"

"အဆင်တော့ ပြေပါတယ်၊ ဒီလိုပဲ နှစ်စေ့လို့ ပြောင်းတာပါ"

"ဪ"

"ဝင်ဒီ့စာတွေထဲမှာ ပါဖူးတဲ့ မေမေ့ရဲ့ တိုက်ခန်းလေး ဆိုတာကော"

"မေမေနဲ့ နေခဲ့တဲ့ တိုက်ခန်းက မြို့ထဲမှာ မာမီ၊ ပေအစိတ်ပေငါးဆယ်ခန်းကြီး၊ လမ်းမကြီးပေါ် ပထမထပ်ဆိုတော့ ဝင်ဒီ ငှားထားတာ သုံးသိန်းခွဲတောင် ရပါတယ်၊ လောလောဆယ်တော့ ဗြူတီဆလွန်းတစ်ခုကို ငှားထားပါတယ်၊ ကျွန်မတို့ ပြန်ငှားနေတဲ့ တိုက်ခန်းလေးတွေက သင့်ရုံပါပဲ၊ အခု ပြန်အပ်လိုက်တဲ့ အခန်းဆိုရင် လေးသောင်းပဲ ပေး:



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ အခုပြောင်းသွားတဲ့ အခန်းလေးကတော့ အမျိုးသားရဲ့ သူငယ်ချင်းရဲ့ ပိတ်ထားတဲ့ အခန်း၊ သူကလည်း ပိတ်ထားတဲ့တူတူ သူ့သူငယ်ချင်းကိုမို့ ငှားတာ၊ ခြောက်သောင်းပေးရပေမဲ့ အကျယ်ကြီးပဲ"

ရှီးရှီးသားသားကလေး ရှင်းပြပြောပြနေတဲ့ ဝင်ဒီ မျက်နှာလေးကို အားလုံးက စိုက်ကြည့်နေကြပါသည်။ ဝင်ဒီက သက်ပြင်းကလေးနှင့် ...

"တကယ်တော့ မေမေ့ အခန်းလေးကို သိပ်ပြန်ပြောင်းနေချင်တာပဲ၊ ဒါပေမဲ့ ငှားခသုံးသိန်းခွဲဆိုတာကလည်း ကိုယ် မနည်းဘူး သုံးရတယ်ဆိုတော့ ..."

"ဟုတ်တာပေါ့၊ သုံးသိန်းခွဲတောင်ရတာ နည်းတာမှ မဟုတ်ပဲ၊ လင်မယားနှစ်ယောက်ထဲကတော့ ခုလို ခြောက်သောင်းလောက် အခန်းငှားနေတာ အဆင်ပြေသားပဲလေ၊ ကိုယ် လုပ်ရကိုင်ရ တာဝန်တောင် ကျဉ်းသေးတယ်"

"ဟုတ်တယ် မာမီ"

မြသက်စောက အလိုက်သင့် ပြောနေပေမဲ့ မျက်စိထဲမှာတော့ ကိုသီဟ မောင်းတဲ့ကားကို မြင်ယောင်လာပါသည်။ ပြီးတော့ ကိုသီဟ ပုံစံ။ သန့်ပြန့်ခန့်နေတာ။ ပြီးတော့ မိန်းမဖို့ တစ်ခု အမေဖို့တစ်ခု (လို့ဆိုပြီး) စိန်လော့ကက်နှစ်ခု ဆင်တူ တစ်ပြိုင်နက် အပ်နိုင်စွမ်း။ စိန်လော့ကက် တစ်ခုစီဟာ ပျမ်းမျှခြင်း ဆယ့်နှစ်သိန်းလောက် ကျခဲ့၍ ကိုသီဟ မြသက်စောကို





ချေရငွေ စုစုပေါင်းဟာ နှစ်ဆယ့်လေးသိန်း ပတ်လည်လောက်ရှိပါသည်။ ဤငွေမျိုး သုံးစွဲနိုင်အား။

သူ့ယောကျ်ားဟာ သစ္စာမဲ့သူ တစ်ယောက်ဆိုတာ ဝန်ခံထားပြီးဖြစ်၍ ကိုသီဟဟာ ဖောက်ပြန်နေတဲ့ အိမ်ထောင်သည် ယောကျ်ားတစ်ယောက် ဖြစ်တာတော့ သေချာပြီ။ သူကိုယ်တိုင်လည်း ဝင်ငွေကောင်းပုံ ရပါလျက် မိန်းမကို ရသမျှဝင်ငွေ ပုံမအပ်ဘဲ တိုင်းထွာအပ်တဲ့ လူစားမျိုး ထင်ပါရဲ့။ ကိုယ်ရတာက ပိုလျှံနေပေမဲ့ တစ်လစာ ဘယ်လောက်ဆိုတာမျိုး အချို့သာအပ်ပြီး ကျန်ငွေကို ကိုယ့်ဟာကိုယ် သိမ်းဆည်းပြီးမှ အပြင်အပမှာ ကိုယ်ဖြုန်းချင်တဲ့ ကဏ္ဍဘက်ကို ပြန်သုံးဖြုန်းသည်နေမှာပေါ့။

ဝင်ဒီ တစ်ယောက် မပြတ်နိုင် မစဲနိုင် စွဲလမ်းမယ်ဆိုလည်း စွဲလမ်းချင်စရာ သူ့ယောကျ်ားက ချောသန့်တာ အမှန်ပင်။ မြသက်စောကို ရှီးရှီးစကားကိုပင် ပြုံးညှုညှု ပြောသွား၍ သူဟာ ဘယ်လောက် အပြောကောင်းမည့်ယောကျ်ား၊ အနှူးနှပ်ကောင်းမည့် ယောကျ်ားဆိုတာလည်း သိသာပါသည်။

သူတို့ရဲ့ စကားဝိုင်း အစားဝိုင်းဟာ ပထမတစ်ကြိမ်ကလောက် မစည်ပင် မစိုပြည်ပေ။ ဝင်ဒီကလည်း ခပ်နွမ်းနွမ်း၊ ဘောပတ်တုံးကလည်း ခပ်မှိုင်မှိုင်သာ ဖြစ်သည်။ ဆုံတွေ့ရတဲ့ အပျော်ကြောင့်သာ လူလေးတွေ နည်းနည်းလန်းဆန်းရသော်လည်း ပထမအကြိမ်လောက် မတက်ကြွကြတာတော့ အမှန်ပင်။ စကားဝိုင်းမှာ အသံအထွက်ဆုံးဟာ မာမီနှင့် ပူး။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်တဲ့ ပူးက အချိုပွဲ သစ်သီးတို့ ဂျုံစ်တို့ သောက်ကြပြီး ပွဲသိမ်းခါနီးမှ သူလွယ်လာတဲ့ အိတ်ဖောင်းဖောင်းကြီးထဲကနေ မာမီတို့သုံးယောက်အတွက် ချောကလက်တစ်ယောက် တစ်ပြား ထုတ်ပေးလိုက်ပါသေးသည်။

"အမယ်လေး မြင်တာနဲ့ သွားရေယိုလိုက်တာနော်၊ ဒါပေမဲ့ ချောကလက်တော့ မာမီက ရှောင်ရတယ်၊ ဆေးရာဇဝင်ထဲမှာ မြစ်စာထဲမှာ ပါတယ် ပူးရဲ့"

"ဟွန် ..."

ပူးက မာမီ မစားနိုင်တာကို ပေးမိ၍ စိတ်ပျက်သံထွက်လျှင် ...

"ဒါပေမဲ့ ဘာမှမပူနဲ့ သားငယ်လေး ကြိုက်တယ်၊ သားငယ်ကို ကျွေးလိုက်မယ်လေ ပူးရဲ့"

"အိုကေ ... အိုကေ၊ အသုံးတည့်ရင် ပြီးတာပဲ"

ပြန်ခါနီး အရင်အခေါက်လိုပဲ မာမီက ပူးနှင့် ထောပတ်တုံးက ဝင်ဒီနှင့် နှစ်ယောက်တစ်တွဲ ကားဆီ အသီးသီး လျှောက်ဖို့ပြင်ဆဲ ...

"ဟယ်"

"ဟဲ့ ... ဘာဖြစ်တာလဲ ပူးရဲ့၊ လန့်လိုက်တာ"

"ဟိုဟာ ကိုကြီးကား မာမီ၊ မီးကြီးတစ်ချက် ပြလိုက်တယ် တွေ့လား၊ ပူးကို လာကြိုတာ ထင်တယ်တော့၊ အံ့ဩစရာကြီး၊ နေဦး ... သမီး ပြေးမေးဦးမယ်၊ မာမီ





ခဏစောင့်နော်၊ တော်ကြာ သူက သူ့ဟာသူ လာစားတာဆိုရင် သမီးက မာမီနဲ့ပဲ လိုက်ရမှာ"

ခပ်သွက်သွက် ပြေးသွားတဲ့ ပူးသည် ကားထဲမှ အမျိုးသားတစ်ဦးကို ကားနံဘေးမှ စကားငှ့ကိုင်း ပြောနေကာ ခဏကြာတော့ တံခါးဆွဲဖွင့်ပြီး အတင်းဆွဲခေါ်နေပါသည်။ ကားပေါ်ကလူကလည်း အတင်းကန့်ရုန်းကာ ကားထဲက မထွက်။ ခဏနေတော့ ပူးပဲ ပြန်ရောက်လာကာ ...

"ကြားသားမိုးကြိုးတော်၊ သမီးကို လာကြိုပေးတယ်တဲ့၊ ဒီဆိုင်ဆိုတာ အိမ်က ခေါ်ကြီးတုတ် ပြောလိုက်တယ်၊ သမီးက မာမီတို့ကို ထွက်နှုတ်ဆက်ဖို့ခေါ်တာ ခေါ်လို့ကို မရဘူး၊ 'ကုတ်ကာတ်ပေပြီး မဆင်းဘူး"

သူတို့သုံးယောက် ပြုံးရယ်မိကြပြီး ...

"နေပစေပါ ပူးရယ်၊ သူလည်း ဘယ်နှုတ်ဆက်ချင်မလဲ၊ မျက်နှာတွေ ပူနေမှာပေါ့၊ တို့တွေကလည်း အပြန်အလှန် ရင်ဖွင့် အပုပ်ချထားတဲ့ဟာ၊ သူ သိမှာပဲဟာ၊ ကဲ ... သွားတော့၊ အခြေအနေ တိုးတက်မှုတစ်ရပ်ပဲ ပူးရေ"

ပူးရဲ့ ရယ်မောသံ ကျယ်ကျယ်က လွင်လွင်လေး ပျံ့လွင့်သွားပါသည်။

❋ ❁ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ထင်ထင်တို့ တစ်တွေ ရုံးရောက်ပြီး ရုံးတက်ချိန် ကျော်ကျော်လောက်မှာပင် ရုံးကို ဖုန်းသတင်းတစ်ခု ဝင်လာသည်။ မန်နေဂျာ ဦးကျော်က သူ့ရုံးခန်းကလေးထဲက ထွက်လာပြီး ရုံးခန်းတစ်ခုလုံးကို ကြေညာလိုက်ပါသည်။

"ဒေါ်စိုးစိုးအေး ဆီက ဖုန်းလာတယ်၊ သူ့အမေ ဒီမနက်ကပဲ ဆေးရုံမှာ ဆုံးသွားတယ်တဲ့"

"ဟယ်"

"အို"

အားလုံးထံက စိတ်မကောင်းသံ ထွက်လာပါသည်။ ဒီမနက် ရုံးကို မောင် လိုက်ပို့တဲ့ကားနှင့် လာခဲ့တာမို့ အသွားဖယ်ရီမစီးခဲ့တဲ့ ထင်ထင့်ကို မီးမီးက လှမ်း၍ ...

"သနားပါတယ်နော် မမထင်ထင်ရယ်၊ ဒီမနက် မစိုးအိမ် ဖယ်ရီရောက်တော့ မနေ့ညနေက သူ့အမေ ဆေးရုံတင်လို့ မစိုး ဒီနေ့ ရုံးမတက်နိုင်ဘူး ဆိုပြီး သူ့ယောက်ျား ဦးရေခဲတုံးကြီးက ခွင့်တိုင်စာ ပေးလိုက်တာ၊ သူတောင် ခုပဲ ဆေးရုံ လိုက်သွားမှာတဲ့၊ ခွင့်စာပေးဖို့ ခဏစောင့်နေတာတဲ့၊ အဲဒီအထိ မဆုံးသေးဘူးပေါ့၊ ခုလေးတင်မှ ဆုံးသွားတယ် ထင်တယ်"

"အေးဟယ် ... စိတ်မကောင်းစရာ၊ မစိုးအမေက ဘာဖြစ်တာလဲ"

"ကျောက်ကပ်ရောဂါပဲ မမထင်ထင်၊ မီးမီးလည်း သေချာတော့ မပြောတတ်ဘူး"

ဦးကျော်က ဆက်ကာ ...

"ဒီညနေလည်း သူတို့အိမ်ကို သတင်းမေးသွားဖို့ ကားစီစဉ်ပေးမယ်၊ လိုက်ချင်တဲ့သူလိုက်၊ မလိုက်ချင်တဲ့သူ မလိုက်နဲ့ပေါ့၊ သန်ဘက်ခါလည်း အသုဘပို့ဖို့ ကားစီစဉ်ထားမယ်၊ သန်ဘက်ခါတော့ ရုံးလုံးကျွတ် ပို့ကြတာပေါ့ဗျာ၊ အဲဒါ ကူငွေလေး ဘာလေးကိစ္စ မထင်ထင်က စီစဉ်ပြီး ကောက်လိုက်ပါ။ ကူငွေကိုတော့ ဒီညနေ ပေးရအောင်လေ၊ သူတို့ သုံးစရာရှိတာ ထည့်သုံးလို့ ရအောင်"

"ဟုတ်ကဲ့ ဦးကျော်"

"ကဲ ... ရော့ မထင်ထင်၊ ကျွန်တော့်ဆီက အရင်ဆုံး ကောက်လိုက်ပါ၊ ကူငွေ ငါးထောင်ရေးလိုက်ပါ"





www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ ဦးကျော်က ထင်ထင့် စားပွဲပေါ် ထောင်တန်ငါးရွက် တင်ပေးကာ ထွက်သွားပါသည်။ ထင်ထင်လည်းပဲ ကူငွေကို ငါးထောင် ထည့်လိုက်သည်။ ကျန်တဲ့သူတွေ များသောအားဖြင့်ကတော့ နှစ်ထောင်တို့ သုံးထောင်တို့ ဖြစ်သည်။ အေးဆေးသဘောကောင်းသော မစိုးကို ချစ်ခင်ကြတာမို့ အားလုံးဟာ တတ်နိုင်သရွေ့တော့ များများလေး ထည့်ချင်ကြတဲ့ သူချည်းပင်။ ကိုယ့်အနေအထားနှင့်ကိုယ် ချိန်ပြီးထည့်ကြရလို့သာ။

"မမထင်ထင် ရော့၊ မီးက နှစ်ထောင်၊ ဒီနေ့ ပိုက်ဆံနှစ်ထောင်ပဲ ပါတာ၊ ဒီမှာကြည့်စမ်း၊ ပိုက်ဆံအိတ်မှာ တစ်ပြားမှတောင် မကျန်တော့ဘူး၊ နေ့လယ်ကျ အအေးသောက်ဖို့တောင် မရှိတော့ဘူး"

"ကျုပ်တိုက်ပါ့မယ် ဒေါ်မီးရယ်"

"လက်ဖက်သုပ်လည်း ဝယ်စားချင်တာ၊ အဟဲ ...၊ တကယ်ဆို ဒီနေ့ မမထင်ကို လက်ဖက်သုပ် မီးကဝယ်ကျွေးမလို့။ တကယ်ပြောတာ။ ခုတော့ မကျွေးနိုင်တော့ဘူး၊ နောက်နေ့မှ ဝယ်ကျွေးတော့မယ်"

"ကဲပါ ... လက်ဖက်သုပ်လည်း ကျုပ်ပဲ ဝယ်ကျွေးပါ့မယ် မီးမီးရယ်၊ စားဖို့သောက်ဖို့ကိုပဲ သူ့မှာ ကြိုတင်စဉ်းစားနေလိုက်ရတာ"





မီးမီးက ဖြူးဖီးစိလေးနှင့် ထင်ထင် နားရွက်က ခပ်သေးသေး တစ်လုံးမိန်နှုးကပ်၊ လည်ပင်းဆွဲကြိုးက လုပသောစိန်လော့ကက်၊ လက်ချောင်းတစ်ခုပေါ်က ရှစ်လုံးတန်း ရှစ်လိုင်းဂုံးစိန်လက်စွပ် တဖျပ်ဖျပ်တို့ကိုကြည့်ကာ ...

"ကျွေး ... ကျွေး ...၊ မမထင်က သူဌေးဆိုတော့ မမထင်ကျွေးတာ စားရမှာ မီးက အားမနာတော့ပါဘူးနော်၊ အမြဲလည်း ဝယ်ကျွေးနေတာ၊ မေမေ့ကိုတောင်လေ မီးမီးက ပြောပြရတယ်"

"ဘာပြောပြတာလဲ"

"ရုံးက စာရင်းကိုင် အစ်မကြီး မထင်ထင် ဆိုတာ မီးကို သိပ်ချစ်တာလို့၊ မီးကလည်း သိပ်ချစ်တာလို့၊ လှုကလည်း လှပိုက်တာ ချွေးဥလို့နေတာပဲလို့၊ ဝတ်လိုက်ရင်လည်း အဆင်လေးတွေ ရွေးတတ်လွန်းလို့ ကြော့မော့နေတာပဲလို့၊ ကိုယ်ပေါ်က စိန်တွေကလည်း ဒီတစ်ပတ်တစ်မျိုး နောက်တစ်ပတ်တစ်မျိုး လဲလဲဝတ်တာလို့"

"အို ... မီးမီးကလည်းနော်၊ အလကားနေ ကျုပ်အကြောင်း အခေကို ကြွားနေတယ်"

"ကြွားရတာပေါ့၊ မီးမီးတို့လည်း မုန့် ... ဖြဲပဲ ဝယ်ဝယ်ကျွေးတာလို့၊ အဲဒီတော့ မေမေက သူကချည်း ညည်းကို အမြဲဝယ်ကျွေးနေရတာ ညည်းက မလွန်လွန်းဘူးလားတဲ့၊ ညည်း ပြန်ဝယ်ကျွေးတာ မရှိတော့ဘူးလားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထင်ထင် ပြုံးရသည်။

"ဝယ်ကျွေးမလို့ပဲလို့၊ မေမေက မုန့်ဖိုးမှ များများမပေးတာလို့၊ အဟီး ဟီး ဟီး၊ လှည့်ပတ် အကြောင်းပြပြီး မုန့်ဖိုးပိုထွက်အောင် တောင်းရတာ"

"မီးမီးကလည်း၊ အမေကို မုန့်ဖိုးထပ်တောင်းရသေးတယ်လို့"

"တောင်းရတာပေါ့၊ မီးရတဲ့ လခက လေးသောင်းနီးပါး ပေါ့နော်၊ စရိတ် အကုန်ပေါင်းလိုက်ရင်၊ မေမေကမီးကို တစ်နေ့ မုန့်ဖိုးငါးရာပဲ ပေးတာ၊ တစ်လ တစ်သောင်းခွဲ၊ မုန့်ဖိုးငါးရာဆိုတာ မမထင် စဉ်းစားကြည့်ပေါ့။ အထက်တန်းကျောင်းသူလေးတွေတောင် ဒီထက်ရတယ်"

"လူတိုင်း မရပါဘူး မီးရယ်၊ မီးအဖေလည်း ပိုတဲ့ပိုက်ဆံကို စီမံခန့်ခွဲ ချက်ပြုတ်ရသေးတာ ဥစ္စာ"

"မီးကမှ တော်သေးတယ်၊ ကိုကြီးက ပိုဆိုးတယ်၊ ဟားဟား ဟား၊ ကိုကြီးလည်း တစ်နေ့ ငါးရာပဲရတာ၊ ကိုကြီးက ဆေးလိပ်မသောက် လက်ဖက်ရည်မသောက် ဘာမှ မသုံးတာ၊ အဲဒီငါးရာက ပိုသေးတယ်။ လကုန်ရင် သူ့မှာ စုစရာ ကျန်တယ်"

"တော်တာပေါ့"





"မီးက မုန့်စားချင်တယ်၊ မတော်ဘူး၊ မုန့်တွေကလည်း ဈေးတွေ ဘယ်လောက်တက်လဲ၊ အအေးကပဲ တစ်ရာ တစ်ရာ့ငါးဆယ်၊ အခု နှစ်ရာတဲ့၊ လွန်လွန်းတယ်၊ လက်ဖက်သုပ်လေး တစ်ဆုပ်လောက် ဂေါ်ဖီချဉ်းပဲ ပဲကြမ်းချဉ်းပဲ များနေတဲ့ဟာလေး ဖုတ်စုတ်ပြတ်ပြတ်တောင် အရင်က တစ်ရာ့ငါးဆယ်၊ အခု နှစ်ရာတဲ့၊ ငါးလုပ်စာပဲ ရှိတာ၊ ဈေးက တက်သွားတဲ့အပြင် နည်းသွားသေးတယ်၊ မီးက လမ်းထိပ်မှာ ပယ်ရိပေါ်ကဆင်းရင် အဲဒီနားက ကိုလီမိုလီမုန့်လေး ပဲလေး ဝယ်စားချင်သေးတာ၊ လုံးဝမ လောက်ချင်တော့ဘူး မမထင်ထင်ကလည်း၊ ဝတ္ထုတွေ ကာတွန်းတွေ ငှားဖတ်ချင်ရင်လည်း ဒီမုန့်ဖိုးထဲကပဲ ဖတ်ရတာ၊ စာအုပ်ငှားခလည်း ဈေးတက်၊ စာအုပ်တစ်အုပ် ငှားရင် မီးမီးနဲ့ မီးမီးအစ်မနဲ့ စပ်ပြီးငှားရတယ်၊ တစ်ယောက်တစ်ဝက်ပေး၊ မီအောင် သွက်သွက်ဖတ်ကြရတာ ပေါ့၊ နှစ်ယောက်လုံး ကြိုက်တဲ့ဟာမှပဲ ငှားလို့ရတယ်"

ထင်ထင်သည် မီးမီး စကားတွေကို ရယ်ကာမောကာ နားထောင်နေရာမှ မရယ်နိုင်တော့ဘဲ အလေးအနက် စဉ်းစားလာမိပါသည်။

ဟုတ်သားပဲ။ မိသားစုတိုင်းမှာ စားဝတ်နေရေး စရိတ်တွေက ဖိစီးနေတာ။ ထင်ထင့်မှာတော့ စားဝတ်နေရေး



www.burmeseclassic.com

www.burmeseclassic.com



ငွေရေးကြေးရေးအတွက် ပူပန်ခေါင်းခဲခဲ့ရတယ်လို့ မရှိပါ။ ဘယ်တော့မှလဲ မညည်းညူခဲ့ရ။ ထင်ထင့် လခဆိုတာက တကယ်တော့ ထင်ထင့် အတွက် မက်မောစရာ မရှိ။ အလုပ်လုပ်ချင်လို့ လုပ်နေတာသာ။

အဓိက,က မောင်။ မောင်က သူ့ဂျပန်ကုမ္ပဏီမှာ ဒေါ်လာ ထောင်ကျော်စားရတဲ့အပြင် သူ့ကိုခိုင်းထားတဲ့ ပရော ဂျက်တစ်ခု ကွန်ထရက်တစ်ခု ပြီးဆုံးတဲ့ သုံးလေးလတစ်ခါတိုင်း မှာလည်းပဲ သူ့အတွက် သုံးလေးထောင် ရပါသည်။ နှစ်ကုန်လျှင် ဘိုးနပ်စ်က တစ်မျိုး။

အင်္ဂလိပ်စကားလည်းမွတ် ဂျပန်စကားလည်း ကျွမ်းတဲ့ မောင်ဟာ လူရည်လည်ဝယ် ပါးနပ်တဲ့အပြင် ပေါင်းသင်း ဆက်ဆံရေးလည်း ကောင်း၊ အလုပ်လည်း ကြိုးစား၍ မောင့်ကို ကုမ္ပဏီလူကြီးတွေက သဘောကျကြသည်။ ဒီဟာ မောင့်ကြိုးစားမှု မောင့်တော်မှုတို့ကြောင့် ရတဲ့ရလဒ်လေ။ ထင်ထင့် အပေါ်လည်း ခဏနေ ဟိုဟာလေး၊ ခဏနေ ဒီဟာလေး လက်ဆောင်ပစ္စည်း ဝယ်လာပေးဖို့ မမေ့တဲ့ မောင်ပါ။

နှစ်ဖက်မိဘက ပိုက်ဆံရှိကြတယ် ဆိုပေမဲ့ ထင်ထင် တို့ လက်ထပ်အပြီး နေထိုင်စားသောက်နေတာဟာ ကိုယ့်အစွမ်း နဲ့ကိုယ်၊ အဓိက မောင့်အစွမ်းပါပဲ။ အင်မတန် ငွေရှာကောင်းပြီး ကိုယ့်အပေါ်လည်း သဒ္ဓါကြည်ဖြူတဲ့ ယောကျ်ားကို ထင်ထင်





ရထားပါရဲ့။ ဒီလိုလူကြီးက ကြိုက်အောင်လည်း မောင်ဟာ မခို မကပ်ဘဲ တာဝန်ယူသမျှ ထမ်းဆောင်နေရမှာ။

တစ်ခါတစ်ခါ လူကြီးနဲ့ ညစာထွက်စားရတယ်ဆို တဲ့ အခါ ထွက်စားရလို့ချည်လားလို့ ငြိုငြိုငြင်ငြင် မယုံသင်္ကာ ဖြစ်လာတဲ့ ထင်ထင့်ကိုလည်း သူ့မှာ ချော့မော့ရသေး။ ခရီးသွား ရတိုင်းလည်း ထင်ထင်က သင်္ကာမကင်း ဖြစ်မိသေး။ ထင်ထင် သင်္ကာမကင်းသမျှ အကြိမ်တိုင်းဟာတော့ မောင် လိမ်ညာတာ မဖြစ်နိုင်။

မောင် ခြေလှမ်းလည်း ပျက်သည်။ နောက်ကွယ်မှာ ဇာတ်လမ်းရှိတာလည်း ထင်ထင် သိသည်၊ ယုံသည်။ မောင်က ငါးခါလိမ်ထွက်ရင် ထင်ထင်က ဆယ်ခါလိမ်တယ် ထင်မိတတ် တာ။ မောင်ဟာ သူ အမှန်တကယ် အပြစ်ရှိတာထက်ကို အပြစ် ပိုတယ်လို့ ထင်ထင်က ထင်မှတ်တာကို ခံနေရမှာ။ စိတ်ကောင်း လေးဝင်ကာ ထင်ထင်က မောင့်ကို သနားကြင်နာလာမိသည်။

ထင်ထင် လိုချင်တာ ဝယ်ခြမ်းဖို့ ဗီရိုထဲမှာ ငွေ အထပ်လိုက်။ ပူဆာနေဖို့တောင် မလို။ ကိုယ်က ပူဆာတာ လိုချင်တာ မဟုတ်ဘဲလည်း မောင့်ဘာသာမောင် တကူးတက သတိတရ ဝယ်ပေးတာတွေကလည်း မနည်း။

"မမထင်ထင်တို့က သူဌေးဆိုတော့ မီးပြောတာတွေ အံ့သြ နေမှာနော်၊ ငွေကျပ်တည်းတယ်လို့ ညည်းဖူးမဲ့သူမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ပူစရာရှိတယ် ဆိုရင်တောင် စိန်များများ မဝယ်နိုင်မှာပဲ ပူရမှာ"

"ဒီလိုလည်း မဟုတ်ပါဘူး မီးမီးရယ်၊ တို့လည်း သူဌေး မဟုတ်ပါဘူး၊ လက်ထပ်ကြတော့ ကွန်ဒိုအခန်းက တို့မိဘက လက်ဖွဲ့တယ်၊ မောင့်အဖေအမေက ကားတစ်ယောက်တစ်စီးသုံး ဆိုပြီး နှစ်စီးလက်ဖွဲ့တယ်၊ ဒါကြောင့် မပူပင်မကြောင့်ကြရတာပေါ့၊ ပြီးတော့ မောင်က လခကောင်းတဲ့ အလုပ်မျိုး ရထားတော့"

"မမထင်ထင် ယောကျ်ားကတော့ ရှာမှရှားပဲနော်၊ လူကလည်းချော၊ ငွေရှာကလည်းကောင်း၊ မမထင်ထင်ကိုလည်း ဂရုစိုက်လိုက်တာ၊ ရုံးပို့ရင် ကားပေါ်က ဆင်းခါနီး သူက ကိုင်းပြီး တံခါးလှမ်းဖွင့်ပေးတာ၊ မမထင် ကိုယ့်ဟာကိုယ် ဖွင့်လည်း ရသားနဲ့ မပင်ပန်းတာလေးကို သူက ချစ်လို့ လုပ်ပေးတာပေါ့"

ထင်ထင်မှာ ဘာပြန်ပြောရမယ် မသိ။

"မမထင်က ယောကျ်ားရ ကံကိုကောင်းတာ"

"ယောကျ်ားဆိုတာကတော့မီးမီးရယ်၊ ဘယ်လောက်ကောင်းကောင်း စိတ်ပျက်စရာ အနာအဆာ ဆိုတာကတော့ ..."

"မမထင်ကလည်း, မှန်ဘီလူးနဲ့ ထောက်ပြီးတော့တော့ အပြစ်မရှာနဲ့ပေါ့လို့၊ စင်းလုံးချောတော့ ဘယ်သူရှိမှာလဲ၊





ဘာပဲဖြစ်ဖြစ် မမထင်ထင် ကိုယ်တိုင်ကလည်း လှပ ချောမော စိတ်သဘောကောင်းလို့ ယောကျ်ားကောင်းရတာ ပေါ့၊ အောင်မယ်လေး၊ မြှောက်လိုက်ရတာလည်း အာတောင် ခြောက်ပြီ၊ မမထင်ထင် အအေးရော လက်ဖက်သုပ်ရော ဝယ်ကျွေးမယ် ပြောထားတာနော်၊ အဟဲဟဲ ... ခုတော့ အလုပ်သွားလုပ်လိုက်ဦးမယ်"

ကလေးမဟုတ် လူကြီးမဟုတ် အဲဒီ မီးမီး တစ်ယောက်ကြောင့် ရုံးမှာ ထင်ထင် မပျင်းရပါ။

အဲဒီညနေမှာ မောင့်ထံ ထင်ထင် ဖုန်းဆက်ရသည်။ ရုံးက ဝန်ထမ်းတစ်ယောက်ရဲ့ အမေ အသုဘကို သတင်းသွားမေးကြမှာ ဖြစ်တဲ့အကြောင်း။

"ဟုတ်လား၊ မောင်လည်း ရုံးဆင်းချိန် လာမကြိုနိုင်တာနဲ့ အတော်ပါပဲ၊ အသုဘအိမ်က ဘယ်နားမှာလဲ၊ အပြန်ကျ လာကြိုရမလား"

"အသုဘအိမ်က စမ်းချောင်း (.......)လမ်းမှာ မောင်"

"ဟုတ်လား ... ဘယ်နားလောက်လဲ"

"အိမ်နံပါတ်တော့ ထင်ထင်လည်း သေချာမသိဘူး၊ ဒါပေမဲ့ သူတို့တိုက်ရဲ့ဘေးမှာ ကပ်ရပ်တိုက်ကတော့ နာမည်ကြီး အိတ်စ်ပို့ထ် အကျီအထည်တွေ ရောင်းတဲ့ဆိုင်လေ၊ မောင် ကြားဖူးတယ် မဟုတ်လား၊ (......)ဆိုင် ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒီနားလား"

"ရှာရတော့ မခက်ပါဘူး၊ ဒါပေမဲ့ မောင်က ဘယ်အချိန် လာနိုင်မှန်း မသေချာဘဲနဲ့ ထင်ထင် တစ်ယောက်တည်း ကျန်နေဦးမယ်၊ အဲဒီက ပြန်ရင် ဖယ်ရီတော့ မရှိတော့ပေမဲ့ ရှစ်မိုင်ဘက်ပြန်မဲ့သူ အဖော်တော့ ရှိပါတယ်၊ အတူတူ ကားပေါင်းငှားလိုက်လို့တော့ ရတယ်။ မောင်ကလာရင် ဘယ်အချိန် လာနိုင်တာလဲ"

"တော်ပါပြီ၊ အတိအကျ မပြောနိုင်တော့ မောင် မလာ တော့ပါဘူး ထင်ထင်ရယ်နော်၊ ကိုယ့်ဘာသာပဲ ပြန်လိုက် တော့နော်၊ တော်ကြာ ကျန်တဲ့ရုံးအဖော်တွေ ပြန်ကုန်ကြ ပြီး ထင်ထင် တစ်ယောက်တည်း အသုဘအိမ်မှာ ကျန်ခဲ့ နေဦးမယ်"

"အင်း ... ပြီးရောလေ မောင်၊ မလာပါနဲ့တော့"

ထိုညနေမှာ တစ်ရုံးလုံး ရုံးဆော စင်းကြပါသည်။ သန်ဘက်ခါ အသုဘပို့ကိုတော့ တစ်ရုံးလုံး လိုက်ပို့မှာဖြစ်ပြီး ဒီနေ့ သတင်းမေးတဲ့ဆီကိုတော့ မန်နေဂျာ ဦးကျော် အပါအဝင် မှာ ခုနစ်ယောက်ပဲ လိုက်ပါလာတာဖြစ်သည်။ တချို့က အိမ်မှာ ကလေးငယ်ရှိလို့၊ ကိစ္စဝိစ္စရှိလို့ စသဖြင့် သတင်းမေးသက်သက် မရောက်ကြတော့ပါ။

စမ်းချောင်း(... ...)လမ်းထဲမှာ မစိုးတို့ တိုက်က ထုံးစံအတိုင်း ခြောက်ထပ် ကန်ထရိုက်တိုက်။ မိဘဘိုးဘွားပိုင်





မြေပေါ် ကန်ထရိုက်တိုက် ဆောက်ထားတာမို့ အောက်သုံးထပ် တစ်ခြမ်းက မစိုးရဲ့ မိဘတွေအခန်း။ အဲဒီရဲ့ အပေါ်ဆုံးထပ်က မစိုးတို့ မောင်နှမသုံးယောက် တစ်ဦးကို တစ်ခန်း။ အပေါ်ဆုံးနှစ် လွှာကတော့ ဆောက်ပြီးကတည်းက ရောင်းလိုက်တာဖြစ်သည်။ အခန်းတွေက ပေနှစ်ဆယ်လောက်ကျယ်၍ ကျဉ်းကျဉ်းကြုတ်ကြုတ် မရှိလှ။

အောက်ဆုံးထပ် အခန်းရှေ့မှာပဲ တာလပတ်မိုး၍ မဏ္ဍာပ်ထိုးထားပါသည်။ အိမ်ခန်းထဲမှာ ဧည့်သည်တွေ ပြည့်နေ၍ ထင်ထင်တို့ ရုံးအဖွဲ့က မဏ္ဍာပ်ထဲပဲ ထိုင်ကြသည်။ ငိုထားတဲ့ ရုပ်နှင့် မစိုးသည် ရုံးကအဖွဲ့တွေမြင်တော့ တစ်ခါပြန်ဝမ်းနည်း ကာ ထပ်ငိုပြန်ပါသည်။ သူ့အမေ ဆုံးရတဲ့ ရောဂါအကြောင်း မေးရင်း ခုခေတ်ကြီးမှာ အဆန်းတကြယ် ပေါ်ပေါက်လာတဲ့ ရောဂါ အသစ်အဆန်းများ အကြောင်း စပ်မိစပ်ရာ ပြောနေကြပါသည်။

"ဟိုမှာ ငိုနေတာ မစိုး အစ်မလား"

"ဩော် ... အဲဒါ အိမ်နီးချင်းပါ၊ ဟိုတလောကပဲ သူ့ ယောက်ျားဆုံးသွားတာ ဘာမှမကြာသေးဘူး၊ ရက်လည်ပြီး ၈၊ ဒီရပ်ကွက်ထဲမှာ အသုဘတစ်ခါရှိရင် တစ်လအတွင်း နောက်ထပ် တစ်ခု နှစ်ခု ထပ်ဖြစ်ပြီးမှ ပြီးတယ်လို့လည်း ပြောကြတာပဲ မမယုံရယ်၊ မေမေကလည်း သူနေမကောင်း တုန်း ဟိုဘက်တိုက်မှာ အသုဘဖြစ်တော့ သိပ်စိတ်အနှောင့် အယှက်ဖြစ်တာ၊ ဒါပဲ တဖွဖွ ပြောနေတယ်၊ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



မမာတာ ကြာပြီဆိုတော့ သူရုပ်အသွင်အဖြင့်ပြီး သွေးလန့်တယ်၊ စိတ်ခေတ်ကျပြီး အစိုးရိမ်လွန်တာလည်း ပါတယ်နဲ့ တူပါတယ်"

"ဩော် ... အဲဒါမျိုးတွေ ကြားတော့ ကြားဖူးပေမဲ့ ဒါတိုက်ဆိုင်တာ သက်သက်ပါ မစိုးရယ်၊ အယူမသည်းပါနဲ့"

"ဟုတ်ပါတယ်၊ စိုးတို့လည်း မေမေ့ကို အဲလိုပဲ ဖျောင်းဖျပြောတာပါပဲ၊ ဒါပေမဲ့ နှာတာရှည် မမာထားတော့ မေမေကလည်း သွေးလန့်တယ် တုန်လှုပ်တယ်လေ"

"အဲဒီအမျိုးသမီးလည်း ကြည့်ပါဦး၊ ငိုနေလိုက်တာ၊ အသွင်ရှင် ကျနေတာပဲ"

"သူ့ယောက်ျားရက်လည်ပြီးစဆိုတော့ စိတ်မခိုင်ရှာဘူးပေါ့"

အသွင်အမိမ်ရောက်လျှင် စိတ်က အလိုလို ညစ်နွမ်းလေးပင်တတ်ပါသည်။ အပူသည်တို့၏ ပရိဒေဝကိုကြည့်၍ မြင်၍ စိတ်မချမ်းမသာလည်း ခံစားရတတ်သည်။

"သူ့ယောက်ျားရော ဘာရောဂါနဲ့လဲ၊ အန်တီလို ကျောက်ကပ်ပဲလား"

"ဟင့်အင်း ... သူ့ယောက်ျားက ကားတိုက်မှုဖြစ်ပြီး ဆုံးတာ ပွဲချင်းပြီးပဲ၊ သနားပါတယ်၊ လမ်းထဲမှာတော့ အဖြစ်သည်း အချစ်သည်းတဲ့ လင်မယားပဲ၊ လူတိုင်းသိကြတယ်၊ မဆုံးခင်နားတင်ပဲ လင်မယား ကတောက်ကဆတ်လည်း ဖြစ်ကြတော့ မဖြေနိုင်ဘဲ ဖြစ်ရှာတာ"





"ဩော်"

"ကွဲမယ် ကွာမယ်နဲ့ ခင်ရာမင်ရာ မိတ်ဆွေတွေ လူကြီးတွေ ဝိုင်းဆေ့စပ်ပေးနေကြတုန်း ခုလိုဖြစ်တာ၊ ဟိုလေ ... သူ့ယောက်ျားက ဟိုလိုပေါ့၊ သူ ပြောတာပေါ့နော်၊ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့၊ နောက်မိန်းမ လင်းလို့ ဆိုလားပါပဲ"

"ဩော်"

အားလုံးက တဩော်ဩော် တကျွတ်ကျွတ်နှင့် စိတ်လက်မကောင်းသံတွေ ရေရွတ်ကြပါသည်။ ထင်ထင်သည်လည်း ကြားရတာ စိတ်ထဲ ဆင်းရဲလေးပင်သွားသည်။

"တချို့က ပြောတော့လည်း ဟုတ်တယ်၊ တချို့ကပြောတော့လည်း အဲဒီအစ်မ အထင်မှားတာ၊ အမျိုးမျိုးပေါ့၊ သူကတော့ ဘယ်လိုသိလဲ မသိဘူး၊ ဟုတ်တယ်ပဲ အခိုင်အမာ စွပ်စွဲရန်ဖြစ်ကြတာပေါ့နော်၊ သူတို့ချင်းကလည်း အများသိအောင် ချစ်ကြတာဆိုတော့ အားလုံးက နားချဖျောင်းဖျ ဆေ့စပ်ကြနဲ့နေတုန်း ကိုတင်ဦးကြီးက ဖုန်းခနဲ ကားတိုက်ခံရပြီး ဆုံးရော"

"ကျွတ် ... ကျွတ် ... ဒီတော့ သူ ပိုခံစားရတာပေါ့လေ"

ထင်ထင်သည် မအီမသာကြီး ဖြစ်လာသည်။ "နောက်မိန်းမ လင်းလို့ဆိုလား"ဆိုတဲ့ စကားသံက နားထဲမှာ မထွက်ပဲ ခိုနေသည်။ အဲသလို ဖောက်ပြန်တာတို့ နောက်မိန်းမ လင်းတာတို့ စသဖြင့် စကားမျိုးတွေ ကြားရလျှင် အလိုလို နေရင်းထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း နှလုံးမတည်ငြိမ်ဖြစ်ကာ ကိုယ်နှင့် နှိုင်းတွေးမိပြီး ကတုန်ကယင် အေးစက်ချွေးပြန်လာတတ်တာ ထင်ထင့် အကျင့်ပင်။

ဖောက်ပြန်ပါတယ်လို့ စွပ်စွဲရန်ဖြစ်ပြီး ကွဲမယ်ကွာမယ် ဖြစ်နေဆဲတောင်မှ ယောကျ်ားက ခေါက်ခနဲ မချော်မလင့် သေဆုံးသွားတော့ မဖြေနိုင်တဲ့ ပရိဒေဝ သောက,က ပူလောင်လှပေသေးသည်။ ဘာပဲလုပ်ထား လုပ်ထား ကိုယ့်ခင်ပွန်းလင် ဆိုတော့လည်း သေတော့ ငိုရပူဆွေးရဦးမည်သာ။

ဖောက်ပြန်တာကမှ ကိုယ့်လက်က လွှတ်တလွှတ် အပြီးဆုံးရှုံးတာ မဟုတ်ဘဲ ရှိသေးရဲ့။ သေပြီဆိုတော့ ဘယ်တော့မှ ပြန်မတွေ့ရ၊ ပြန်မပိုင်ရတော့တဲ့ အပြီးဝေးကွာ ဆုံးရှုံးခြင်းဖြစ်သည် မဟုတ်လား။ ခုနေများ မောင့်ကို အဲသလို သေခြင်းတရားနဲ့ အပြီးခွဲခွာ ဆုံးရှုံးလိုက်ရရင် ...။

ထင်ထင်က ယောင်ယမ်းကာ ခေါင်းကလေးပင် ယမ်းခါလိုက်မိပါသေးသည်။ မောင့်အပေါ် နာကြည်းရ ခါးသီးရတဲ့ အကြိမ်အခါတွေ ရှိခဲ့ပေမဲ့ မောင့်ကို သေတော့ဖြင့် မသေစေချင်သေးပါဘူး။

"ကလေးက နှစ်ယောက်ရှိတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ကိုတင်ဦးကြီးကလည်း မိန်းမနဲ့ ကလေးတွေကို အင်မတန်ဂရုစိုက်တာပါ၊ သူ့ဟာသူ အပြင်မှာ ရှုပ်ရှုပ် မရှုပ်ရှုပ် ကိုယ်တော့ အဲဒါ မသိဘူးပေါ့၊ ကိုယ်သိတာကတော့ မီးသားစုကို သံယောဇဉ်ကြီးတာပဲ၊ သားပစ် မယားပစ်မှ မဟုတ်တာ၊





ခုတော့ ဘာပဲဖြစ်ဖြစ် သူလည်း ရှေ့မှာ လင်သားမားမား မတ်မတ် မရှိတော့တော့ ရန်းကန် ရင်ဆိုင်ရဦးတော့မှာ"

"ဟုတ်တာပေါ့၊ မိန်းမတွေမှာ ခင်ပွန်းလင်ဆိုတာ တံတိုင်းကြီးတစ်ခုလိုပါပဲဟာ၊ မရှိမကောင်း ရှိမကောင်းက သူတို့ယောကျ်ားတွေနှအစစ်"

"ဟုတ်ပါ့"

သူ့ယောကျ်ားနှင့် မကြာမကြာ နောင်ရိုန်ချသည့် မျိုးဘောသွယ်က ခပ်မဲ့မဲ့ကလေး ထောက်ခံလိုက်ပါသည်။

"အစကတည်းက သင်းတို့ မရှိဘူးဆိုရင်လည်း ကောင်းသားဟော့၊ ယောကျ်ားမယူဘဲ အပျိုကြီး လုပ်နေလည်း ကိုယ်နေတတ်ရင် တင့်တယ်ပါသေးတယ်၊ ယူပြီးတဲ့နောက်မှ သင်းတို့က သေတာပဲဖြစ်ဖြစ် သင်းတို့နဲ့ ကွဲသွားတာဖြစ်ဖြစ် မုဆိုးမဖြစ်ရ တခုလပ်ဖြစ်ရ ဆိုရင် လူ့ရိုသေ ရှင်ရိုသေကို မရှိချင်ကြတော့ဘူး ...

သူတို့ ရှိပြန်တော့လည်းဟယ် အားကိုးအားထားလေးရ၊ ဆော်ရိုလှ မစော်ကားဝံ့ဘူးပေါ့၊ အဟန့်ပေါ့၊ ကလေးတွေနဲ့ ဆိုရင် ကွဲဖို့ကွာဖို့ ပိုခက်သေး၊ သူများအကြောင်းမို့သာ ပေါ့ပေါ့ပါးပါး၊ နားထောင် ဆွေးနွေးလို့ကောင်းတာ၊ ကိုယ်တိုင် ကြုံရရင် အမယ်လေး မလွယ်တဲ့ ကိစ္စပါ၊ သည်းခံအောင့်အီးပြီး ကြည့်နေလိုက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



တော့ကော မနေနိုင်ပါဘူး၊ ကွဲမယ် ကွာမယ် ဆိုပြန်တော့ ရော ... အမယ်လေး ... မလွယ်ပါဘူးလေ"

ထင်ထင်သည် ပလက်ဖောင်း ကုလားထိုင်လေးကို နေရာပြင်ကာ ကိုယ်ကို လမ်းမဘက် လှည့်ထိုင်လိုက်ပြီး အသက်ပြင်းပြင်းရှိုက်ကာ ရှူထုတ်လိုက်ပါသည်။ မှောင်ကျစ်လာလိုက်တာ။ သူတို့စကားဝိုင်းဟာ ကောင်းနေလိုက်တာ အဖော်တောင် မှောင်လာပြီပဲ။ ဘတ်စ်ကားပြေးတဲ့ လမ်းဘေးဘက်မှ လမ်းလျှောက်ဝင်လာနေကြသူတွေကတော့ တဖွဲဖွဲ။ တစ်နေ့တာ အလုပ်တွေ ကိစ္စတွေပြီးဆုံး၍ အားလုံး အိမ်ပြန် အိပ်တန်းတက်ကြတဲ့ အချိန်ကိုး။

"တို့လည်း ပြန်ကြမှ ထင့်တယ်"

ထင်ထင်က စကားစ,လျှင် ဟုတ်ပါရဲ့မှာ အားလုံး လှုပ်ရှားကြသည်။ ထင်ထင်နှင့် မယုက ခုနစ်မိုင် ရှစ်မိုင်ဘက် ဦးတည်သူတွေမို့ တစ်တွဲ။ အလုံ ကြည့်မြင်တိုင်ဘက်ကို ကားအတူ စုငှားမည့်သူတွေက တစ်တွဲ။ တောင်ဥက္ကလာဘက်ပြန်မည့် ကားပါလာတဲ့ ဦးကျော်နှင့် အတူ ရန်ကင်းသမား သဃ်္ဃန်းကျွန်းသမား နှစ်ယောက် ကပ်လိုက်သွားပါသည်။

မကွာပ်အောက်ကနေ မစိုးကို နှုတ်ဆက်ပြီး အထွက် ၌ပင် အပေးက လျှောက်လာသည့် ဝင်ဒီကို မြင်သည်။ ဝင်ဒီက လည်း ထင်ထင့်ကို လှမ်းမြင်ကာ ခြေလှမ်းတို့မလိုပင် ဖြစ်သွားပါသည်။ မမျှော်လင့်ဘဲ ဝင်ဒီကို တွေ့လိုက်ရ၍ ထင်ထင့် စိတ်ထဲ ဝမ်းသာသည်။





"ဟိတ် ... ဝင်ဒီ"

ထင်ထင်ကလည်း ရှေ့တိုးလျှောက်၊ ဝင်ဒီကလည်း ရှေ့တိုးလျှောက်လာရင်း လမ်းခုလတ်၌ ရင်ဆိုင်ရပ်တန့်ကြသည်။

"မထောပတ် ဘယ်ကိုလာတာလဲ"

"ဒီ အသူဘအိမ်ကိုလေ။ ရုံးက မိတ်ဆွေရဲ့အမေ ဆုံးသွားတာ"

"ဪ"

"ဝင်ဒီက ဒီလမ်းထဲမှာ နေတာလားဟင်"

ဝင်ဒီသည် ဆတ်ဆိုင်းဆိုင်းလေး တစ်ချက်ဖြစ်သွားရင်း ...

"ဟုတ်ကဲ့ ... ဒီလမ်းထဲမှာပဲ"

"ခုမှ ရုံးက ပြန်လာတာလား"

"ဟုတ်ကဲ့"

ဝင်ဒီသည် ညဘက် လမ်းမီးတွေ ဆိုင်ခန်းတွေ မီးရောင်တွေ မှိန်တမိ ဟပ်ကာ နုအိစ်ကြ၊ ရင်ညွန့် လက်ဖျားတို့မှ စိမ်းရောင်ဖျိုးဖျိုးဖျပ်ဖျပ် လက်နေသော ထောပတ်တုံးကို ခပ်ငေးငေးကြီး ကြည့်နေမိသည်။ မထောပတ်ဟာ နွဲ့ပျောင်းသိမ်မွေ့ ရုံသာမက အဆင့်အတန်းလည်းမြင့်တဲ့ အလှတစ်မျိုးနှင့် ထူးထူးခြားခြား၊ ကျက်သရေရှိသော အမျိုးသမီးတစ်ယောက်ပါလားလို့ စိတ်ထဲ၌ မှတ်ချက်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလျှင်လည်း ပြုံး၍ပြောတတ်သော စိတ်သဘော နူးညံ့ကောင်းမွန်တာက ပေါ်လွင်နေသည်။

"ဟိုတလောက ဝင်ဒီတို့ အိမ်ပြောင်းတယ်ဆိုတာ ဒီလမ်းထဲကိုပေါ့"

"ဟုတ်ကဲ့"

"ဝင်ဒီရေ ... ခုလာမဲ့ စနေနေ့ မဟုတ်တဲ့ နောက်တစ်ကြိမ် စနေနေ့ကို တို့ ယာဉ်သဘက်မှတ်ထားတယ်၊ စနေနေ့ဆိုတော့ နည်းနည်းလည်း ပိုအားကြမလားလို့၊ ဆုံမဲ့နေ့လေ၊ နေရာကိုတော့ မာမီ့ကို ရွေးခိုင်းပြီးမှ ပြောလိုက်မယ်"

"ဟုတ်ကဲ့ မထောပတ်"

ထင်ထင်က ခေါင်းလေးငုံ့လျှိုးပြီး တစ်မျိုးလေး ဖြစ်နေသော ဝင်ဒီ့ကို အကဲခတ်မိလာသည်။ ဝင်ဒီ ကြည့်ရတာ ဟက်ဟက်ပက်ပက် မရှိသလိုပါလား။ ဘာဖြစ်လို့ပါလိမ့်။ သေးမှာလည်း မယု ပါနေသေးရာ နောက်ကျနေမှာစိုး၍ ထင်ထင်က သွားတော့မည်ဖြစ်ကြောင်း ဝင်ဒီ့ကို နှုတ်ဆက်လိုက်တော့ ဆက် လျှောက်ထွက်လာသည်။ နှစ်လှမ်း သုံးလှမ်း လှမ်းပြီး လည်ပြန် လှည့်ကြည့်လိုက်သည့်အခါ ဝင်ဒီက ဆက်မသွားသေးဘဲ သူ့ထံ ရပ်ငေးကြည့်ဆဲဖြစ်တာ မြင်ရ၍ လက်လေးပြလိုက်ပါသည်။

❋ ❋ ❋





ဗွေ ၁၄ ကြိမ်

"ကိုကြီးက ခုတလော ပြောင်းလဲလာတယ် မာမီ။ သိပ် အံ့သြဖို့ကောင်းတာပဲ။ ပူးဘက်ကလည်း ထူးထူးခြားခြား ဘာမှ ပြောင်းလဲမှုမရှိဘဲနဲ့ ကိုကြီးက ဘာကြောင့် ပြောင်းလဲ လာလဲ မသိပါဘူး။ တစ်ခုပဲရှိတာ၊ ပူးကို ပူးတို့ ရေးနေကြတဲ့ ပိုရမ်ထဲ သူ ဝင်ဖတ်ချင်တယ်ပြောလို့ ပူးက ဖွင့်ပေးလိုက် တယ်။ သူ လျှောက်ဖတ်တယ်။ သူ့အကြောင်းတွေ ရေး ထားတာရှိလို့ သူစိတ်ဆိုးလည်း ဆိုးပလေစေတော့လို့ ပူးက သဘောထားတာ။ သူ စိတ်ဆိုးရင် ဟောက်ရုံငေါက်ရုံ ပဲပေါ့။ ဒီထက်တော့ ဆိုးစရာမရှိပါဘူးဆိုပြီး ပူးက ဖွင့်ပြ လိုက်တာ။ သူစိတ်ဝင်တစား လိုက်ဖတ်နေတယ်။ မထော ပတ်တို့ မဝင်ဒီတို့ရဲ့ ဟာတွေရော မာမီ အတက်ကြောင်းတွေ ရောပေါ့။ ပြီးတော့ ပူးကို တစ်ယောက်ချင်း အကြောင်း



www.burmeseclassic.com

ဓာတ်လမ်းလေးကွေ့မေးလို့ ဖူးက ပုံပြင်တွေလို လုပ်ပြီး ပြောပြလိုက်သေးတယ် ...

... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ..."

❋ ❋ ❋

မြသက်စောက ရွှေဘုံသာလမ်းထဲက မခတင်တို့ရဲ့ ဗမာဆေးအရောင်းဆိုင်ခန်းထဲ ဝင်လာခဲ့ပါသည်။ အလကားနေရင်း စိန်ကို အဝတ်အထည်ဝယ်သလို ဝယ်လေ့ရှိတဲ့ မမတင့်က လက်ကောက်တစ်ရန်စာ စိန်အသန့် ထပ်မှာ၍ လာပြရဘာပင်။ အတွင်းဘက်နားက ဒေါ်အေးအေးတင့် ထိုင်နေတဲ့ စားပွဲရှေ့က ဧည့်သည်က ထ,ရပ်နှုတ်ဆက်နေချိန်ဖြစ်သည်။

"ဟော ... စော ... လာ လာ၊ ထိုင်"

လှည့်ကြည့်လိုက်တဲ့ ဧည့်သည်က ကိုသီဟဖြစ်နေ၍ မြသက်စောနှင့် တစ်ယောက်ကိုတစ်ယောက် ပြုံးပြနှုတ်ဆက်လိုက်ကြပါသည်။

"ကိုသီဟပါလား၊ ဘယ့်နှယ်လဲဟင်၊ လော့ကက်လေးကို အမျိုးသမီးက ကြိုက်ရဲ့လားရှင်"

"ဟာ ... သူ အရမ်း သဘောကျတာပဲ၊ တကယ်ကြိုက်တာ"





"ကြိုက်ရမယ်လေ၊ စောလက်က ထွက်တာပဲနော၊ အကော်ပဲ ဒေါတော ဂုလည်း စိန်လာပြတာပဲ၊ ကြည့်ပါဦးလား ကိုသီဟရဲ့"

"နောက်မှပဲ ကြည့်ပါတော့မယ် မမတင့်၊ အခုက အလုပ်လည်းရှိလို့ ဒီဘက်ရောက်ရင်း အစ်ကိုကြီး ရှိနေလားဝင်ကြည့်တာ၊ မရှိဘူးဆိုတော့ နောက်မှပဲ"

"ညကျ ဖုန်းဆက်လေ ကိုသီဟ၊ သူက များသောအားဖြင့် စက်ရုံမှာ ကိုသီဟရဲ့"

"ကျွန်တော် ညကျမှ ဖုန်းဆက်လိုက်မယ်"

"ကိုသီဟကလည်း မိတ်ဆွေတစ်ယောက်နဲ့ စပ်ပြီး ရေသန့်လုပ်ကြည့်ချင်လို့တဲ့၊ ဦးတင်ကိုကို့,ကို မေးစရာရှိတာလေး တွေ မေးချင်လို့ ရောက်လာတာ၊ သူ့ဂျပန်ကုမ္ပဏီကဖြင့် လခတာ ကောင်းကကောင်းနဲ့၊ ကိုယ်ပိုင်စီးပွားရေးက လုပ်ချင်သေး၊ ကြိုးစားတာ ကြိုးစားတာ၊ ငွေတွေလည်း ထားစရာနေရာမရှိ ဖြစ်နေပါဦးမယ် ကိုသီဟရယ်"

"ဟာ ... မမတင့်ကလည်း၊ ထားစရာနေရာက ရှိပါတယ်၊ ထားဖို့ငွေကသာ မရှိတာ"

ကိုသီဟကို ဒေါ်အေးအေးတင့်က မောင်ငယ်တစ်ယောက်လို ချစ်ခင်ရင်းနှီးစွာ မျက်စပစ်ရင်း ...

"တွေ့လား၊ အပြောတတ်တာတယ်၊ သူ့မိန်းမလေးကလည်း လေ သူ့ကို ချစ်လိုက်တာတုန်လို့၊ အိမ်ထောင်ကျ...

www.burmeseclassic.com



များ တစ်ယောက်ကို တစ်ယောက် ငုံထားမလိုပဲ၊ သူတို့လင်မယားက ချစ်ကြတာ၊ ချစ်ကြတာ”

“ကဲ … ကဲ … ပြန်မယ် မမတင့်ရေ၊ ကြာကြာနေရင် မမတင့်က ကျွန်တော့်ကို ဆက်ချွတ်နေဦးမယ်၊ မမစော ကျွန်တော် ပြန်လိုက်ဦးမယ်”

“ဟုတ်ကဲ့ ကိုသီဟ”

ကိုသီဟ နှုတ်ဆက်ထွက်သွားပါသည်။

“တော်ရှာပါတယ်၊ လူသာငယ်ပေမဲ့ ရည်မွန်းချက်ကြီးတယ် ကြိုးစားတယ် စောရဲ့၊ မိန်းမကိုလည်း သိပ်ချစ်တော့”

“မိန်းမကို သိပ်ချစ်တယ် ဆိုတာကတော့ ဟုတ်ရဲ့လား မမတင့်ရယ်”

မြသက်စောသည် ဝင့်ဒီ မျက်နှာ မြင်ယောင်မိကာ ပြုံးတုံ့တုံ့ မေးခွန်းထုတ်မိပါသည်။ သူ့အမျိုးသမီး ကိုယ်တိုင်က သစ္စာမရှိတဲ့ သူပါလို့ ဖွင့်ချခန့်ခံထားတဲ့ဟာ။

“ဘာဖြစ်လို့လဲ စောရဲ့”

“ဩော် … မဟုတ်ပါဘူး၊ သူ့ပုံက မိန်းမကျတဲ့ရုပ်၊ မိန်းမစွဲမဲ့ရုပ်မို့ပါ”

“ဒါတော့ ဟုတ်တယ်၊ သူ့ပုံစံကိုက ဒီလိုပဲ၊ ဒါပေမဲ့ ကိုယ်ကလည်း လူကြီးပိုင်းဆိုတော့ ဘာသတင်းပလင်းမှ တော့ မကြားမိပါဘူး၊ သူ့မိန်းမနဲ့က အိမ်ထောင်ကျတာ ဆယ်နှစ်လောက်ရှိပြီ၊ ယှဉ်ကာစ,ကများ သူတို့နှစ်ယောက်





ပုံပကြည့်မိရင် တခြားလင်မယားတွေချင်း ရန်ဖြစ်ရတယ်၊ ရှင်က သူ့လို မယုယ မကြင်နာဘူး၊ မင်းကလည်း သူ့မိန်းမလို မျက်စိအောက် အရိပ်တကြည့်ကြည့် ပြုစုယုယလို့လားနဲ့ပေါ့၊ ခုတော့ ဆယ်နှစ်ဆိုတော့ အနည်တော့ ထိုင်လှပြီပေါ့”

ဆယ်နှစ်။

ဝင့်ဒီ အသက်က နှစ်ဆယ့်ခြောက်နှစ်ဆိုတော့ …။

“သူ့မိန်းမလေးကလည်းလေ အေးအေးနုနုကလေး၊ တကယ်ချစ်ဖို့ကောင်းတယ်၊ မမတင့်တို့က ကိုသီဟနဲ့ အရင်ကတည်းက သိကြတာပါ၊ ဒါပေမဲ့ သူ့မိန်းမလေးကိုလည်း ချစ်ခင်မိတာပဲ၊ တကယ်အဆိပ်ကင်းမဲ့တဲ့ မိန်းကလေးပဲ၊ ချောတာလှတာကတော့ ပြောမနေနဲ့တော့၊ သူတို့ မင်္ဂလာဆောင်တုန်းကများ ငေးနေရတယ်၊ နာမည်လေးက ထင်ထင်တဲ့၊ သားလေးတစ်ယောက် ရှိကြတယ်လေ”

သားလေးတစ်ယောက်။

မြသက်စောသည် ဘာစကားမှ မပြောဘဲ စိတ်ထဲမှာ သာ ဇဝေဇဝါဖြစ်နေရသည်။ သူ သိထားတာနှင့်လွဲနေ၍ အံ့အားသင့်ကာနေသည်။ ဝင့်ဒီနာမည်ရင်းကိုတော့ မသိတာမို့ ‘ထင်ထင်’ ဆိုတာ ဟုတ်မဟုတ် မဆိုနိုင်။ ဘယ်နားမှာ လွဲနေပါလိမ့်။

“သူ့မိန်းမက ကျွန်ုပ်ပြုတာသင်တန်းက ဆရာမ မဟုတ်လား မမတင့်”



www.burmeseclassic.com

www.burmeseclassic.com



"ရုံးတစ်ရုံးတော့ လုပ်တာပဲ၊ အလုပ်လုပ်တယ်၊ ဘာလုပ်တာလဲတော့ သေချာမသိဘူးကွယ်၊ ထင်ထင်နဲ့တောင် မတွေ့ကြတာ နည်းနည်းကြာပြီ၊ ကိုသီဟကလည်း အလုပ်များတော့ သိပ်မဆုံဖြစ်ကြဘူးပေါ့။ အလျှူလေး ပွဲလမ်းလေး ရှိမှ ကိစ္စလေးရှိမှ ဆုံကြသလို ဖြစ်နေတယ်"

"ကိုယ့်အလုပ်နဲ့ကိုယ်ကိုး"

"စိန်တွေကြည့်ရအောင်လေ ဆော၊ ဈေးတွေ ဘက်သေးလား"

မြသက်စောက သူ့လက်မွှေ့ အိတ်ကြီးထဲ ပါနေကျ ဗန်း၊ ဇာဂနာ၊ မှန်ဘီလူးတို့နှင့်အတူ စိန်ထုပ်ကလေးတွေ ထုတ်တင်ကာ တစ်ထုပ်ပြီး တစ်ထုပ် မမတင့်ကို ပြရင်း ဈေးနှုန်းနှင့် တကွ ရှင်းပြနေရင်းက စိတ်က တစ်ချက်တစ်ချက် ဝင်ဒီထံ ရောက်ရောက်သွားရသည်။ ခုတလော ဖိုရမ်မှာ ဝင်ဒီ ဘာမှ သိပ်မရေးတာ ကြာပြီ။ တစ်ကြောင်းတလေ ဝင်ပြီး နှုတ်ဆက်တာလောက်ပဲ။ သူတို့ အဆင်ပြေကြရဲ့လား။ ဝင်ဒီတစ်ယောက် စိတ်ညစ်စရာ တစ်ခုခုများ ...။

"ဒီအထုပ်က ဘယ်ဈေးလဲ ဆော"

"အဲ ... အဲဒါက ..."

အထုပ်က ဈေးနှုန်းကို ပြန်ကြည့်ရပါသည်။ အတွေးတွေ ဝေနေ၍ ဈေးတွေပင် အလွတ်မသိတော့ဘဲ ဖြစ်ရသည်။

"မနည်းပါလားနော်၊ လက်ကောက်တစ်ရံစာဆိုရင် ဘယ်လောက်တောင် ဝင်သွားမလဲ ဆော"





မြသက်စော ပုံစံဆွဲပြ စိန်အပွင့်ရေတွက် လျာထားကြည့်နှင့် ဂုဏ်အတွေးကို ဖျောက်ထားပြီး အချိန်အတန်ကြာလျှင်တော့ မမတင့် လိုချင်သလောက် စိန်ပွင့်တို့ကို ရွေးချယ် လျာထား ဈေးနှုန်းတွက်ပြီး သွားရပါတော့သည်။

"ဆော ... ဘာစားမလဲ၊ ကောင်လေးတွေ မှာခိုင်းလိုက်မယ်"

"မစားတော့ဘူး မမတင့်၊ ဆော ဒီအောက်ဘလောက်က စိန်ကုန်သည်ဆီ ဝင်ဦးမယ်၊ မိတ်ဆွေတစ်ယောက်က အရည်လျော့ အပွင့်ငယ်ငယ်တွေ မှာတာရှိလို့ စောဆီ မရှိလို့ သွားကြည့်ပေးရဦးမယ်၊ မမတင့် လက်ကောက်အတွက်၊ အပ်လိုက်တော့မယ်နော်"

"အပ်လိုက်တော့ ဆော၊ ဒီမှာ ငွေလည်း အဆင်သင့်ယူလာတယ်၊ မှန်းထားတာထက် နည်းနည်းပိုလို့ လေးငါးသိန်းတော့ နောက်မှ ယူတော့"

"နောက်မှ အားလုံးစုယူမယ် မမတင့်၊ ဆောလည်း ငွေထုပ်တသယ်သယ် မသွားနိုင်သေးဘူး"

"ဒါဖြင့် ညမှ လာပေးမယ်၊ ဆော လာရင်လည်း လာယူ၊ ဖုန်း ဆက်မယ်ကွယ်"

"ဟုတ်ကဲ့"

မြသက်စောက ဒေါ်အေးအေးတင့်ထံမှ နှုတ်ဆက် ထွက်လာခဲ့သည်။ တစ်ဘလောက်စာကို ကားနှင့် မသွားတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်သွားလိုက်သည်။ တော်ကြာ အောက်ဘလောက်မှာ ကားရပ်မရမှာ စိုးချပင်။ စိန်ကုန်သည်ရဲ့ ဆိုင်ကလေးထဲဝင်၊ လိုတဲ့ စိန်ကိုကြည့်၊ ဈေးစကားပြော၊ ချိတ်ပိတ်ကာ ယူလာခဲ့သည်။ ရင်းနှီးသူမို့ ထုံးစံအတိုင်း နောက်တစ်ရက်မှ ငွေလာရှင်းမည်။ ကားရပ်ထားရာဘက် ပြန်လျှောက်လာတဲ့ မြသက်စောသည် ရုတ်တရက် သူ့ကို လက်လှမ်းဆွဲလိုက်တဲ့အသုကြောင့် ...

"ဟယ် ... ပူး"

"ဟား ဟား ဟား ... မာဓိ သုတ်သုတ် သုတ်သုတ်နဲ့ ဘယ်လဲ"

"ဒီနားလာတာ ပူးရယ်၊ ကားက အပေါ်ဘက်မှာမို့ ပူး ဘယ်ကို လာတာလဲ"

"ပူး ဗိုလ်ချုပ်ဈေးလာရင်း လမ်းကူးပြီး ရေခဲ့နတ်လာဝယ်တာ၊ အခု ကားငှားမလို့ ဒီဘက်ကို လျှောက်လာတာ"

"လာ ... လာ ... မာဓိ ပြန်ပို့မယ်"

"ဟာ ... အတော်ပဲ ကံကောင်းလိုက်တာ"

ဤသို့နှင့် ပူးက မြသက်စော ကားပေါ် ပါလာပါသည်။

"မာဓိကို ခုနကြည့်ရတာ စိတ်နဲ့လူ မကပ်သလိုပဲ၊ ဘာတွေ တွေးလာမှန်းမသိဘူး၊ ပူးကိုတောင် မတွေ့ဘဲ ကျော်သွားတာ သိလား"





"မာဓိ တစ်ခု စဉ်းစားစရာ တွေးလာတာ ပူးရဲ့၊ အဲဒါ ထားပါ၊ ပူးက ခုနောက်ပိုင်း ဒီလိုပဲ ဟိုဟိုဒီဒီ အပြင်ထွက် လည်နေပြီလား"

"ဟုတ်တယ် မာဓိရဲ့၊ ဟိုးအရင်ကတော့ ကိုကြီး မကြိုက်ဘူးလားလို့ ပူးက ဘယ်မှ မသွားလာရဲတာရော၊ ပြီးတော့ ပူး ကိုယ်တိုင်ကိုကလည်း တုံးအပြီး မသွားရဲ မလာရဲတာရော၊ ခုတော့ ပူးလည်း နဲနဲသတ္တိလေးဘာလေး ရှိလာသလိုလိုပဲ၊ ကိုကြီးက ပြောတယ်၊ ပူးက လူကြီးတွေနဲ့ တက်ပေါင်းသင်းဆက်ဆံရင်း လူကြီးပုံစံကြီး ပေါက်ပေါက်လာတယ်တဲ့၊ သူတောင် တစ်ခါတစ်ခါ ကြောက်ကြောက်လာတယ်တဲ့"

မြသက်စောက ရယ်မောမိသည်။

"ကိုကြီးက ပူး ခံစားချက်တို့ ပူးဘက်က အခြေအနေတို့ကို ဘယ်တုန်းကမှ မသိခဲ့ စိတ်မဝင်စားခဲ့တာ၊ ပူးတို့ရဲ့ ဗိုရမ်ထဲ သူဝင်ပတ်ကြည့်ရင်းနဲ့ ပူးကို သနားပဲ သနားလာတာလား မသိဘူး မာဓိရယ်၊ ဒါမှမဟုတ် ခံစားချက်ရှိတဲ့ လူသားတစ်ယောက်ဆိုပြီးတော့ မြင်ပေးလာတတ်သလား မသိပါဘူး၊ ပူးကို ကိုကြီး ကြည့်တဲ့အကြည့်က အစပြောင်းလဲလာတယ်၊ အရင်က ခြင်ဖူးသလိုမျိုး"

"ကောင်းသောပြောင်းလဲတိုးတက်ခြင်းပေါ့ ပူးရယ်၊ မာဓိ ဝမ်းသာလိုက်တာ၊ ဟိုးတစ်ညက ပူး စိန်လက်စွပ်တစ်ကွင်း ဝယ်ချင်တယ်ဆိုပြီး သူ လိုက်ပို့တဲ့ ကားနဲ့ ရောက်လာကတည်းက မာဓိက ဝမ်းသာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပူးဘာသာပူး မာမီ့ဆီလာမလို့၊ နောက်နေ့ သွားမယ်လို့ သူ့ကို ပြောတာပါ၊ သူက ဒီညပဲ လိုက်ပို့ပေးမယ်ဆိုပြီး သူ့ဟာသူ လိုလိုလားလား ပို့တာ၊ ကားပေါ်က မဆင်းတာက တော့ မာမီ့ကို ရှိန်လို့နေမယ်၊ မာမီ့ကို ထက်မြက်တဲ့ရုပ်လို့ ကိုကြီးက မှတ်ချက်ချတယ်၊ ပူးမှာ မာမီတို့လို အဆောင်း အသင်း အသိုင်းအဝိုင်း ရှိလာတာ ပူးအတွက် သိပ်အကျိုး ရှိတာပဲ မာမီရယ်၊ သူ ပူးကို သူငယ်နုပ်စားလို ဆက်ပြီး ဆက်ဆံလို့ မဖြစ်တော့ဘူးလို့ ထင်လာပုံပဲ၊ ပူးကို အရေး လုပ်လာတယ်၊ ကျွန်တော် သူ့ရည်းစားဟောင်းများ ယောက်ျား ကောက်ယူသွားလားမသိဘူးနော် မာမီ၊ ဒါကြောင့် ပူး ဘက် လှည့်ကြည့်ဖော်ရလာသလား မသိဘူး"

"ဘာကြောင့်ပဲ ပြောင်းလဲလာလာ ဒီလိုဖြစ်လာတာ ဝမ်းသာ စရာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုဟာ တည်မြဲ သာယာသွားတယ် ဆိုတာသာ အောင်မြင်မှုပါ၊ တစ်ဖက် ကောင်းနင်း ဖြစ်လွန်းလို့လည်း လမ်းခွဲကြတော့မယ် ဆိုတဲ့ အခါ သတ္တိရှိရှိ ရင်ဆိုင်ရဲတာ အရည်အချင်းတစ်ခု မှန်ပေ မဲ့ လမ်းမခွဲရဘူး ဆိုတာက ပိုကောင်းတဲ့ ရလဒ်ဆိုတာ မငြင်းနိုင်ပါဘူး၊ လမ်းခွဲဖို့ မလိုအပ်အောင် ပြန့်ပြီး တည့်မတ်ထိန်းကွပ် နိုင်တာကတော့ ပိုပြီး တန်ဖိုးရှိတဲ့ အရည်အချင်းပါ"

"ပူးကတော့ အရည်အချင်း မရှိပါဘူး မာမီရယ်၊ ကံကောင်း လာတာလား မသိဘူး"





"[illegible] အရည်အချင်းက တကယ်ကိုကြီးကျယ်ခမ်းနားတာ၊ [illegible] ကိုယ်ကိုယ် ဘာဖြစ်လို့ လျှော့တွက်ရတာလဲ ပူးရဲ့"

ပူး မျက်ဝန်းလေးက တလက်လက်တောက်ပကာ...

"ဟုတ်လား၊ ပူး အရည်အချင်းက ဘာလဲ မာမီ"

"အားလုံးကို သိသိနဲ့ အဆုံးစွန် ကိုယ့်စိတ်ကို ဖိနှိပ်မျို သိပ် ခိုးခိုးချထားပြီး လင်ကို အကောင်းအဆိုး တစ်ခွန်းမှ မပေဖန်၊ စိတ်ဒုက္ခပြဿနာလည်း တစ်ချက်မှမပေး၊ ကိုယ့် ရဲ့အတွင်း ကိုယ့်ရဲ့ ခံနိုင်ရည်ဆိုတာကိုလည်း တစ်ခါမှ မဖော် ပြ၊ ရေမြွှာကလေးလို အဆိပ်မရှိ အစွမ်းကုန်သည်းညည်း ခံနေနိုင်ခြင်းဟာ ပူးရဲ့ ထူးခြားတဲ့အရည်အချင်းပေါ့ ပူး...

သူ့ကြောင့် ခံစားခဲ့ရတာတွေ ရှိခဲ့ပေမဲ့ ပြစ်တင် စကားတစ်ခွန်း ပူး ပြောခဲ့သလား၊ သူ့ကို ခွဲခွာဖို့ကော ပူး စဉ်းစားခဲ့သလား၊ ပူးက ကိုကြီးကို သိပ်ချစ်တာ ဆိုတဲ့ မေတ္တာစိတ်ကလေးသက်သက်နဲ့ သူ့ဆီက ဘာမှ ရရ၊ မရရ ကိုယ့်ဘက်က ပေးစရာရှိတာ ပေးဆပ်ခြင်းသက်သက်နဲ့ ပူး ရပ်တည်ခဲ့တဲ့ နှစ်နှစ်ဟာ နည်းလား၊ လင်ယောကျ်ား အပေါ် ခြေသုတ်ပုဆိုးမြွှေစွယ်ကျိုးကဲ့သို့ သည်းခံမြတ်နိုး ခြင်းဆိုတဲ့ အရည်အချင်းဟာ မိန်းမတစ်ရာမှာ ကိုးဆယ် မရှိနိုင်တဲ့ အရည်အချင်းမျိုးပဲ ပူး ...

ဒါကို တဖြည်းဖြည်း သိမြင်မလာနိုင်အောင် သူ့ဖွဲ့ ညှို့ပါမလား၊ စိတ်အလိုကို လိုက်ထားပေမဲ့ ဒါကို သူ



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊ ပူးမှာ အပေါင်းအသင်း အသိုင်းအဝိုင်းနဲ့ မျက်စိပွင့် နားပွင့် အမြင်အကြား ကျယ်လာတဲ့အခါ ပူးရဲ့ နဂိုအဲဒီစိတ်ဓာတ်လေး ပြောင်းလဲသွားမလား သူ စိုးရိမ်လာမှာပဲ၊ ခုချိန်မှာ ပူး ယောကျ်ားဟာ ရှေ့လျှောက် ဆက်ပြီး ပူး သူ့အပေါ် ဘယ်လို ဆုံးဖြတ်မှာလဲ ဆိုတာကို စိုးရိမ်တွေးတောလာတဲ့ အနေအထားရောက်ပြီပေါ့ ပူး ...

ပူးဆီမှာရှိတဲ့ အရည်အချင်းမျိုး ဘော်ရုံ မိန်းမဆီက သူ ရနိုင်မှာ မဟုတ်တာ၊ လက်လွှတ်ရမှာလည်း သူ စိုးမှာပါ၊ သူတို့ ယောကျ်ားတွေဟာ အမှန်ကို မသိတဲ့ သူတွေမို့ မှားနေကြတာမှ မဟုတ်ဘဲ၊ စိတ်အလိုဆန္ဒကို မလွန်ဆန်နိုင်လို့ မှားနေကြတဲ့သူတွေပါ၊ အဲဒီအမှားအပေါ်မှာ အမုန်းအငြိုး အနာတွေ အာဃာတတွေ ထပ်ဆောင်းလာတော့ အပြီးသတ် ကွဲငြိကြတဲ့ဘဝကို ရောက်တယ်၊ အဲဒီအမှားနဲ့ တစ်ပြိုင်နက်ပေါ်မှာ ကြင်နာခြင်း ငဲ့ညှာခြင်း ကိုယ်ချင်းစာနာတတ်လာခြင်းတို့ ထပ်ဆောင်းမိလာတော့ ဓာတ်သိမ်းလှပတဲ့အဖြစ်ကို ရောက်ရတာပေါ့ ပူးရယ်"

ပူးက ကြည်နူးခြင်းနှင့် မျက်လုံးအိမ်ထဲ အရည်ကြည်ပင် ရွှန်းလဲ့နေသည်။

"ပူးရဲ့ သည်းခံခွင့်လွှတ်နိုင်ခြင်းက မွန်မြတ်လွန်းအားကြီးတော့ ပူး ယောကျ်ား ကြာတော့ သူ့ လိပ်ပြာသူ ရှက်လာတာမျိုးပဲ"





"မဝေဝေတတ်တို့ မဝင်းဒီတို့ကိုလည်း အခွင့်ပြေပြေက လေး အဆုံးသတ်စေချင်လိုက်တာ မာမိ၊ သူတို့ အိမ်ထောင်ရေးကိုလည်း တည်မြဲစေချင် အဆင်ပြေသွားစေချင်လိုက်တာ"

မြသက်ဆောက တားခေါင်းရင်း မျက်ခုံးလေးတွန့်ပြီး တစ်စုံတရာကို စဉ်းစားနေပါသည်။ သူ့စိတ်ထဲမှာ တစ်ခုခုဟာ တစ်မျိုးတစ်ဖုံ လွဲချော်မှားယွင်းနေသည်။ သူတို့ချင်း စ,သိကြတဲ့ ဖိုရမ်ထဲက Post အသီးသီးကအစ ပြန်ပြီးစဉ်းစားသည်။ အပြင်မှာ တွေ့ဆုံကြတဲ့ နှစ်ကြိမ်မှာတုန်းက ပြောခဲ့တဲ့ စကားတွေ၊ အမူအရာ အပြုအမူတွေ။ သံသယတစ်ခုဟာ မြသက်ဆော ရင်တွင်တဖြည်းဖြည်း အုံ့ပွဲ့လာပါသည်။

"မာမီ ဘာတွေ စဉ်းစားနေပြန်ပြီလဲဟင်၊ မာမိ တစ်ခုခု ဖြစ်နေလား"

"ပူး ဝေဝေပတ်တုံးတို့ ဝင်းဒီတို့ရဲ့ နာမည်ရင်းတွေကို သိသလား"

မြသက်ဆောကိုလည်း နာမည်အတင်းမေး သူ့နာမည်လည်း ပြောနှင့် ကလေးဆန်ဆန် ခွတ်ကျတဲ့ ပူးကို မျှော်လင့်တကြီး မေးလိုက်မိသည်။

"မဝေဝေပတ်နာမည် သိတယ် မာမိ၊ မဝင်းဒီ နာမည် မသိဘူး"

"ဩော် ... မာမိက ဝင်းဒီ နာမည် သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာ ရှိလို့လား မာမီ"

"အရေးကြီးတယ်တော့ မဟုတ်ပါဘူးလေ"

မြသက်စောက စကားကို လျှော့ချလိုက်ပါသည်။ ပူးက မာမီ့ကို အကဲခတ်ကြည့်ရင်း ...

"မထောပတ်ကတော့ ပူး မေးတာတောင် ပူးကို ချစ်လို့ ပြောပြတော့ မာမီ အကြောင်းရှိလို့ သိချင်ရင် ပြောမှာပါပဲ၊ လျှို့ဝှက်မယ်မထင်ဘူး၊ မဝင်းဒီကတော့ မပြောပြတာ၊ မဝင်းဒီ ဘာများဖြစ်နေလို့လဲ မာမီ၊ မထောပတ် ကျွေးမဲ့ ရက်ကိုလည်း သူ မအားဘူးဆိုပြီး ငြင်းပစ်လိုက်တယ်၊ နောက်တစ်ခါ မထောပတ်က သူ့အိမ်က လွတ်လပ်ပါတယ် အိမ်မှာ လာချက်စားကြမလားဆိုတော့ သမီးကဖြင့် ပျော် လိုက်တာ၊ မာမီလည်း သဘောတူတယ်လေ၊ မဝင်းဒီက အိမ်မလာဘူးဆိုပြီး ငြင်းလိုက်တယ်၊ ဒါဖြင့်လည်း အပြင် မှာပဲ စားဖို့ မဝင်းဒီ အားတဲ့ရက် ချိန်းဆိုတော့လည်း အဖြေပြန်မလာဘူး၊ ဖိုရမ်ထဲ သူ ပေါ်မလာတာ လေးငါး ရက် တစ်ပတ်လောက် ရှိမယ်၊ မဝင်းဒီ ဘာများစိတ်ညစ် စရာရှိနေလဲ မသိဘူးနော် မာမီ၊ သနားပါတယ်"

"ပူး ထောပတ်တုံး နာမည်က ဘာတဲ့လဲ"

မြသက်စောက စဉ်းစားနေရင်းက ဖျတ်ခနဲ မေး သည်။ ပူးက သူ့ကို ပိတ်ထားတာမို့ တစ်ချက်လေးတော့ တွန့် သွားရင်း ...





"ပူး ပြောရမလား မာမီ၊ ဟို ... မထောပတ်က"

"ခပ်မြန်မြန်လေး သိချင်လို့ ပူးဆီ မေးတာပါ၊ ပူး မပြော ရင် အိမ်ကျမှ သူ့ဆီကို P.M (Private Message) နဲ့ မေး ကြည့်မှာ"

"ဒါဖြင့်တော့ ပူးပဲ ပြောပြတော့မယ်၊ မထောပတ်နာမည် က ထင်ထင်တဲ့ မာမီ"

"ဘာရယ်"

"ထင်ထင် ... မထင်ထင်"

မြသက်စောသည် ရင်ထဲ ဟိုက်ခနဲ ပြိုကျမောလျ သွားပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၅

အင်းလျားကန်စပ်။ ရေပြင်ကို ကြည့်ကာ မြသက်ဆော စိတ်အနှောင့်အယှက် ဖြစ်နေသည်။ သူ့တုန်းကလည်း ဒီနေရာနားမှာပဲ ပြဿနာ။ နိမိတ်ကိုမကောင်းဘူး။ ခုလည်း ဝင်ဒီက သူ့သင်တန်းနှင့် နီးလို့ဆိုပြီး ဒီကိုပဲ ရွေးချယ်လိုက်တော့ မြသက်ဆော လက်ခံရသည်။ ခုံတန်းလျားလေးမှာ အစွန်းနှစ်ဖက်၌ မြသက်ဆော ရော ဝင်ဒီပါ ထိုင်ရင်း ရေပြင်ဆီ စူးစိုက်ငေးမောနေကြသော်လည်း ဘာမှ မမြင်ကြသလိုပါ။

ဝင်ဒီ မျက်ရည်ရစ်လည်ရာက ပါးပေါ် မျက်ရည်ပေါက်များ ပြုတ်ကျလာတာကြည့်ပြီး ရင်ထဲထိခိုက်သည်။ စကားမစ,ရက်။

"မာမီ"

"ဝင်ဒီ"





"ကျွန်မတစ်ယောက်တည်းကို အရေးပါတဲ့စကား ပြောစရာရှိတယ်ဆိုပြီး မာမီ ချိန်းကတည်းက ကျွန်မ စိတ်တွေ ခြောက်ချားတုန်လှုပ်ခဲ့ပါတယ်၊ ဒါပေမဲ့ မရှောင်လွှဲဘဲ မာမီ့ကို ချစ်လို့ လေးစားလို့ ဝင်ဒီ လာခဲ့တာပါ၊ မာမီ့အပြင် မထေ့ပတ်တို့ ဗုးတို့ကိုလည်း ကျွန်မ ချစ်ခင်တာပါပဲ"

"မာမီ ယုံပါတယ် ဝင်ဒီ"

"မာမီ စကားစ,ဖို့ ခက်နေတယ်၊ ကျွန်မ သိတယ်"

မြသက်ဆောက ကိုယ်ကို လှုပ်ရှားပြုပြင်သည်။ သူ ဒီရက်အတွင်း တကူးတက လိုက်စုံစမ်းမေးမြန်းပြီးပြီ။ ဝင်ဒီ့ကို ဖွင့်မေးဖို့ ပြောဖို့ပဲ ကျန်တော့သည်။ တကယ်ပဲ စကားစ,ဖို့ ခက်နေတာ။

"ဒါဖြင့် ကျွန်မပဲ စ,ပြောရတော့မလား မာမီ၊ မာမီ အခြေအနေတချို့ကို ရိပ်မိသိရှိနေပြီလို့ ကျွန်မ စိတ်ထဲ အလိုလို သိလာတယ်"

"ဟုတ်တယ် ဝင်ဒီ၊ မာမီ တမင် လိုက်စုံစမ်းတာတော့ မဟုတ်ဘူး၊ အကြောင်းတွေ တိုက်ဆိုင်ပြီး သိလာတာတွေအပေါ် စိတ်ထဲ သံသယဝင်လာတာက စ,တာပါ၊ ဒါပေမဲ့ ဝင်ဒီ့ ဘက်ကို ချွင်းချက်ထားပြီး တွေးပေးထားတယ်၊ ဝင်ဒီ အစစအရာရာကို သိပါဦးမလား ဆိုတာပါ၊ ဒါကြောင့် မာမီ စကားစ,ရ ခက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒီသည် ရုတ်တရက် ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

"ဝင်ဒီ ...၊ မာမီ စိတ်မကောင်းလိုက်တာကွယ်၊ မာမီ ပထမဆုံး စ,သိတဲ့တစ်ခုက ဈေးဘဲမှာ ကိုသီဟနဲ့ဆုံတော့ သူ့ကားပေါ်မှာ ဝင်ဒီ့ကို တွေ့လိုက်တာပဲ၊ ဒါပေမဲ့ ဝင်ဒီက မမြင်ချင်ဟန် ဆောင်တာရော၊ ပွဲ ကျေးတဲ့နေ့က စကားမစတာကြောင့်ရော မာမီလည်း ဘာမှမပြောဘဲ နေလိုက်တယ်၊ အဲဒီတုန်းက မာမီ ထင်တာက ဝင်ဒီဟာ ကိုယ်ရင်ဖွင့်ပြောပြထားမိတဲ့ ကိုယ့်ယောကျ်ားဆိုတာ ကိုသီဟပဲလို့ မသိစေချင်ဘူး ထင်ခဲ့တယ်"

"ခုတော့ မာမီ ထင်တာ မှားသွားပြီနော်"

ဝင်ဒီက ငိုပြန်သည်။

"မငိုပါနဲ့တော့ ဝင်ဒီ၊ ဝင်ဒီ အစကတည်းက အားလုံး သိခဲ့သလား"

"ဟင့်အင်း ... ဘုရားစူးရပါစေရဲ့၊ ဝင်ဒီ မသိခဲ့ပါဘူး၊ ဟိုးတလောက ကျွန်မတို့ ဆေးတိုက်က အသုဘအိမ်ကို မထောပတ် လာတုန်းကမှ မထောပတ် ရင်ဘတ်မှာ ဆင်တူရှိဖို့ရှားတဲ့ သစ်ခွပန်းပုံ စိန်လော့ကတ်လေး မြင်လိုက်ရမှ တအားတုန်လှုပ်သွားခဲ့တာ၊ ရှေ့ခ် ရသွားသလိုပါပဲ၊





ကိုယ့်မှာလည်း ဆင်တူ၊ ကိုသီဟက မာမီ့ဆီကဝယ်တာဆိုတာ ကျွန်မ သိတော့ ထုတ်တောင် မဆွဲရဲဘဲ သိမ်းထားခဲ့တာပါ၊ မထောပတ်ပါ ဆင်တူဆွဲထားတာတွေ့မှ ကျွန်မသူ့ကို ခေါင်းကို ဖွတ်ပဲ ထုရိုက်ပြီး မေးတော့မှ ..."

ငိုကြွေးနေတဲ့ ဝင်ဒီ့ မျက်နှာမှာ နီရဲဖူးယောင်တော့မည်။

"ကျွန်မကို မာမီ ယုံကြည်ပါနော်၊ မောင်နဲ့ တွေ့တော့ မောင့်မှာ မိန်းမရှိမှန်း ကျွန်မ တကယ်ကို မသိခဲ့ရတာပါ မာမီရယ်"

"မာမီ ယုံပါတယ် ဝင်ဒီရယ်၊ မိန်းမတွေဟာ သူတို့လှည့်စားတာ ခံရနေကျပဲ"

"မေမေ ဆုံးသွားတဲ့နောက်မှာ ခိုကိုးရာမဲ့ အညာလွယ်စိတ်ဓာတ်တွေ ပုံကျပျော့ညံ့နေမိတဲ့ အချိန်မှာ တစ်နေ့လက်ထပ်ကြမဲ့ ချစ်သူတွေပဲလေ ဆိုတဲ့ စိတ်ချယုံကြည်စိတ်နဲ့ မိုက် ... မိုက်တွင်းနက်ခဲ့မိပါတယ်၊ တဖြည်းဖြည်း လက်ထပ်တဲ့စခန်းကို မရောက်ဘဲ အချိန်ဆွဲဆွဲလာတာတွေ့ရမှ သူ့ကို သံသယဝင်လာတဲ့ အချိန်မှာ ပတ်ဝန်းကျင်က မိတ်ဆွေအသိုင်းအဝိုင်းထဲက ကြားခဲ့တယ်၊ မောင့်မှာ ... မောင့်မှာ အိမ်ထောင်ရှိတယ် ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ ဝင်ဒီရယ်"

"ကျွန်မ ဘဝပျက်သွားသလိုပါပဲ မာဒီရယ်၊ သူတို့ အိမ်ထောင်သက်က ကြာနေပါပြီ၊ အိမ်ထောင်သက် ငါးနှစ်အကြာ သူ့သားလေး မွေးခါနီးမှာ မောင် ဇာ့ဖောက်ပြန်တာ၊ မောင့်ရဲ့ သစ္စာတရားဟာ ငါးနှစ်ကြာအောင်တောင် ကြာကြာမခံတာ သိခဲ့ရတယ်၊ ဝင်ဒီ မောင့်ကို ဆွဲနွှာဖို့ ကြိုးစားပါတယ်၊ အိမ်ကိုပိတ်ပြီး နယ်ကို ပြေးပုန်းခဲ့တယ်၊ သူ မရမက လိုက်ရှာဖွေပြီး လိုက်ခေါ်တယ် ...

သူ့အိမ်ထောင်နဲ့ ပတ်သက်ပြီး မအောင်မြင်တာ၊ မပြည့်စုံတာ၊ မိန်းမက နိုင်ထက်စီးနင်းနိုင်တာ၊ သူ့စိတ်ကို ညှဉ်းပန်းတာ၊ သူ တစ်နေ့ လမ်းခွဲမှာ စတဲ့ စကားတွေကို ပျော့ညံ့ယုံစားပြီး မိုက်လုံးကြီးကြီးနဲ့ပဲ ပြန်ပါလာခဲ့မိတယ်၊ အဲဒီလိုနဲ့ပဲ ဒီနွံထဲက ကျွန်မ ရုန်းမထွက်နိုင်ဘဲ တဝဲလည်လည် နစ်နေတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ရွံရှာပါတယ်၊ စောစောပိုင်းကတော့ သူ့မိန်းမအပေါ် သူပုံချ စွပ်စွဲပေးနိုင်သမျှကိုလည်း ယုံခဲ့မိတယ် ...

တစ်နေရာမှာနေလိုက်၊ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ ညဘက်တွေမှာ ကြိုကြား ကြိုကြား ရောက်လာတတ်တဲ့ ယောကျ်ားညွှဲသည်ကို ပတ်ဝန်းကျင်က အကဲခတ် စပ်စုလာလိုက် နောက်တစ်နေရာ ပြောင်းရွှေ့နေလိုက်





နဲ့ ကျွန်မလောက် တွေဝေမိုက်မဲပြီး ညံ့ဖျင်းတဲ့ မိန်းမ ရှိတယ် မထင်ဘူး၊ မှားမှန်းသိသိနဲ့ကို မိုခိုအားထားရာအဖော်ကို မျက်ကန်းတစ္ဆေမကြောက် မစွန့်လွှတ်နိုင်အောင် ခက်မောတမ်းတနေခဲ့မိတယ်"

"သူတို့ အိမ်ထောင်ရေးက ကိုသီဟ ဖောက်ပြန်နေတာ တစ်ခုကလွဲရင် သာယာပါတယ်၊ သိပ်ချစ်လို့ ယူခဲ့ကြတာ၊ မိတ်ဆွေအသိုင်းအဝိုင်းမှာ ပြောစမှတ်ပြုရလောက်အောင် တစ်ယောက်ကို တစ်ယောက် ချစ်ကြတာ၊ သူ့မိန်းမက ဘာမှလဲ မညှဉ်းပန်းဘူး၊ အနိုင်မကျင့်ဘူး၊ လျှာအရိုးမရှိ ဝင်ဒီကို လှည့်စားရယူလို့ရအောင် အိမ်သူဇနီးကို အပြစ်တွေ နှလျှာက်ပြောတာ သက်သက် လုပ်ကြံတာ၊ ဒါဖောက်ပြန်တဲ့ ယောကျ်ားအများစု သုံးနေကျ မုသားတွေပဲ"

"တကယ်တော့ ကျွန်မ ရုန်းထွက်နိုင်ခဲ့ရမယ်၊ ကျွန်မကိုက ပျော့ညံ့ ညံ့ဖျင်းလွန်းပါတယ်၊ မာဒီ ပြောသလို ငတ်ခြင်းနဲ့ ခိုးခြင်းမှာ ကျွန်မဟာ ခိုးခြင်းကို ရွေးချယ်ပြီး သူခိုးအဖြစ် ခံခဲ့တဲ့သူပါ"

"ဟင် ... ဝင်ဒီ"

"ဟုတ်တယ် မာဒီ၊ ဝင်ဒီက Snake Charmer ပဲ၊ သင်တန်းမှာဆိုတော့ ဝင်ဒီ ရှီမေးလ် လိပ်စာနှစ်ခုသုံးပြီး နှစ်ကိုယ်ခွဲ လူနှစ်ယောက် ပုံစံနဲ့ ဖိုရမ်ထဲ ဝင်နေတာ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ကိုယ်ကိုယ် Second မှန်း မသိဘဲ ဖြစ်ခဲ့ရတဲ့သူမို့ တစ်ကိုယ်က တရားဝင် မိန်းမပဲ ဖြစ်သလိုလို၊ ကိုယ့်စိတ်ကိုယ် လိမ်ညာဟန်ဆောင် နှစ်သိမ့်ပြီး ရေးနေတာ၊ နောက်တစ်ကိုယ်ကတော့ အဲဒီမိန်းမစားတွေဘက်က ကာကွယ် လျှောက်လဲပြီး ဆင်ခြေတန်ပြီး ရေးနေတာ၊ ကျွန်မရင်ထဲမှာ ပဋိပက္ခတွေ ဖြစ်နေတယ်၊ ငါမမှားဘူး ငါမှားတယ်နဲ့၊ မယားကြီးတွေက နာကြည်းစကားဆိုရင် ကျွန်မကလည်း ကျွန်မတို့ဘက်က တုံ့ပြန်နာကြည်းချင်သေးလို့ Snake Charmaer နာမည်နဲ့လည်း ဝင်ခဲ့တာ၊ မာမီဖိတ်တော့ ဘယ်လိုလာရပါ့မလဲ၊ ဝင်ဒီ အနေနဲ့ပဲ လာရတာပေါ့ မာမီ ...

ကျွန်မကိုယ် ကျွန်မ မလုံခြုံတော့ သူများရိပ်မိအထင်သေးမလား အမြဲစိတ်ပူနေလို့ Snake Charmaer ကိုတောင် သူများကိစ္စ ဖြစ်မှာပေါ့လို့ ကိုယ်ကစ,ဝေဖန်ပြခဲ့မိတာ"

"ဝင်ဒီရယ်"

"တစ်ရက်ထက်တစ်ရက် ဒီဘဝထဲက ဝင်ဒီ ရုန်းထွက်ချင်ခဲ့တာပါ၊ မာမီတို့နဲ့ ဆုံရ တွေ့ရ အဖွဲ့လေး တည်ဆောက်ရတဲ့အခါ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ထိ စိတ်မလုံခြုံခဲ့မလဲ ဆိုတာ မာမီ စဉ်းစားကြည့်ပါ။ တကယ့်





ဇနီးမယားစစ်စစ် ပထမအဖြစ်ကိုပဲ လိုချင်ခဲ့တာပါ မာမီ၊ ကျွန်မ ... ကျွန်မ ကုသိုလ်ကံ ဘာကြောင့် သိပ်ဆိုးရတာလဲ၊ ကျွန်မတို့အပေါ် ရဲရဲတောက် ဝေဖန်ပုတ်ခတ်တဲ့ မာမို့ကိုလည်း မသိစိတ်တစ်မျိုးက မခံမရပ်နိုင်အောင်ဖြစ်ပြီး အမြဲရန်လိုဆန့်ကျင် ရေးခဲ့မိသေးတယ်"

"ဝင်ဒီ ပြောခဲ့သလိုဆိုရင် ဝဋ်ကြွေး ဆိုတာလည်း ရှိသေးတယ်ဆိုတာ မာမီတို့ ထည့်တော့ တွက်ထားပေးရမှာပေါ့ကွယ်"

"တကယ်တော့ ကိုယ့်တရား ကိုယ်စီရင် ကိုယ့်သမိုင်းကိုယ်ရေးကြတာပါ မာမီ၊ ရုန်းထွက်လို့ မရတာ မဟုတ်ပါဘူး၊ ကျွန်မ ဆုံးဖြတ်ပြီးပါပြီ၊ ရုန်းထွက်မှာပါ မာမီ၊ မောင့်ဇနီးဟာ မထောပတ်ပါလားလို့ သိလိုက်တဲ့ အချိန်မှာ ဘာမျက်နှာကြီးနဲ့ ကျွန်မဘက်က ရပ်တည်ရမလဲဟင်၊ မထောပတ်ကို မတွေ့ချင် မတွေ့ရဲတော့ဘူး၊ တစ်သက်လုံး မတွေ့ပါရစေနဲ့တော့၊ ရှက်လွန်း သိမ်ငယ်လွန်းလို့ အရှင်လတ်လတ်ကနေ အစိမ်းသေ သေသွားလိုက်ချင်တယ်၊ ကျွန်မ ... ကျွန်မ ... မာမီတို့ ... မထောပတ်တို့ ... ပူးတို့နဲ့ ဘယ်တော့မှ မတွေ့အောင် နေတော့မယ်"

မြသက်ဝေသည် ရင်ထဲနင့်ကာ မျက်ရည်များ စီးကျလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ထိ မလိုပါဘူး ဝင်ဒီ၊ မာမီတို့ ဘယ်စိတ်ကောင်းပါ့မလဲ၊ အဖြစ်မှန်ကိုသိရင် ထောပတ်တုံးလည်း စိတ်ကောင်းနိုင်ပါ့လား"

"သူ ဘယ်တော့မှ မသိပါစေနဲ့၊ သူ့ယောကျ်ားရဲ့ ဒုတိယ၊ သူ့ယောကျ်ားရဲ့ တရားမဝင်သော၊ ယုတ်ညံ့တဲ့ မိန်းမဟာ ဝင်ဒီပါ ဆိုတာ သူ့ကို ပေးမသိလိုက်ပါနဲ့ မာမီ၊ တန်းတူအဆင့်တူ ရင်းနှီးခင်မင်နေဆဲ ဘဝကနေပဲ ပျောက်ကွယ်သွားပါရစေ၊ မထောပတ် အထင်သေးတာကိုရော သနားတာကိုရော မခံစားပါရစေနဲ့"

"ဝင်ဒီ ဘာလုပ်မလို့လဲကွယ်"

"ဝင်ဒီ ဒီက ပျောက်ကွယ်သွားရမှာပေါ့ မာမီ၊ သူလိုက်ရှာမခေါ်နိုင်တဲ့ နေရာမျိုးပေါ့၊ ဒီလောက်တော့ စိတ်ပြတ်သား ခိုင်မာနိုင်မှ ဖြစ်တော့မယ်၊ မထောပတ်လည်း မိန်းမ၊ ဝင်ဒီလည်း မိန်းမတစ်ယောက်ပါ၊ သူ့အပေါ် ကိုယ်ချင်းမစာ မငဲ့ညှာသရွေ့ ကျွန်မလောက် ယုတ်ညံ့တဲ့ သူ ရှိပါဦးမလား၊ သိပ်ချစ်လို့ယူတဲ့ ဇနီးကိုတောင် ငါးနှစ်လောက်နေတော့ သစ္စာဖောက်နိုင်သေးတဲ့ မောင်က မတော်တဆ သိကျွမ်းပြီး ဘာရယ်မဟုတ် ငြိစွန်းသွားတဲ့ ကျွန်မကိုကျမှ ရော သစ္စာကြီးနေမတဲ့လား၊ ခုဆိုရင် ကျွန်မတို့ စ,သိခဲ့ ချစ်ခဲ့တာလည်း ငါးနှစ် ဖြစ်လာပါပြီ မာမီ…





ဝင်ဒီ တိတ်တိတ်ကလေး ပျောက်ကွယ်သွားနိုင်ဖို့ စီစဉ်နေရင်း တန်းလန်းပါ၊ မာမီကိုတော့ လာမတွေ့ဘဲ မနေချင်လို့ပါ၊ ကျွန်မဟာ စ,မှားတုန်းက မသိလို့ ရိုးရိုးသားသား သူ့ကို ချစ်မိတယ်ဆိုတာ မာမီ့ကိုတော့ အသိပေးခဲ့ချင်သေးလို့ပါ၊ နို့မို့ရင် မာမီ့စိတ်ထဲ ဝင်ဒီ ဆိုတာ သူ တစ်ပါးလင်ယောကျ်ားကို …"

"တော်ပါပြီ သမီးရယ်၊ ဝင်ဒီရယ်၊ မာမီ စိတ်မကောင်းလိုက်တာ၊ မာမီ ခုလို ခေါ်ပြီးဆွေးနွေးမိတာဟာ အားလုံးကောင်းဖို့၊ သမီးအတွက်ပါ ပါတယ်ဆိုတာကိုသာ သမီးနားလည်ပါ ဝင်ဒီရယ်၊ သန့်သန့်စင်စင်ကလေးနဲ့ ဝံ့ဝံ့ကြွားကြွား ပွင့်ဖူးခွင့်ရတဲ့ ပန်းပွင့်လေးပဲ ဖြစ်စေချင်တယ်၊ လူမသိ သူမသိ နွမ်းညှိုးနေရတဲ့ အဖြစ်ဟာ ဂုဏ်မရှိပါဘူး သမီးရယ်"

ဝင်ဒီက မာမီ့ ရင်ခွင်ထဲ အတင်းတိုးဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေရှာသည်။

❊ ❖ ❊



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

BURMESE CLASSIC .com

"ဟိုမှာ မာမိ လာပြီ"

ပူးက ညွှန်ပြလိုက်၍ ထေဝပတ်တုံးက လက်ထာနာရီကို ကြည့်လိုက်ပါသည်။ မာမိ ဝင်ထိုင်လာလျှင် ...

"ဝင်ဒီ လာပါဦးမလား မသိဘူး မာမီ၊ နောက်တောင်ကျနေပြီနော်၊ ကျွန်မကျွေးတဲ့ အလှည့်ကျမှ လူမစုံတော့ဘူးလား မသိဘူး"

မြသက်စောက စားပွဲမှာ ဝင်ထိုင်လိုက်ကာ ပြောဖို့စကားစ ရှာနေမိသည်။

"ဖုန်းရမ်ထဲ လုံးဝပေါ်မလာဘူး၊ ကျွန်မ သူ့ဆီ သီးသန့် Message ပို့သေးတယ်၊ ဝင်ဒီ ဖတ်ရမှာပါ"

"ပူးလည်း P.M ပို့တယ်၊ မဝင်ဒီ ဘာဖြစ်နေတာလဲလို့၊ ဘာအကြောင်းပြန်ချက်မှ မရဘူး မာမီရဲ့၊ မာမီနဲ့ရော အဆက်အသွယ် ရသေးလား"





"အင်း ... ရတယ်"

ပူးရော ထေဝပတ်တုံးပါ မာမိကို မျှော်လင့်တကြီး ကြည့်ကြသည်။

"ဝင်ဒီ ... ဝင်ဒီ ရန်ကုန်မှာ မရှိတော့ဘူး"

"ဟင်"

"အလုပ်လည်း ထွက်သွားပြီ၊ ဟိုးအဝေး တစ်နေရာကို ပြောင်းသွားပြီ"

"ဟယ် ... ပူးတို့ကိုလည်း အသိမပေးပါလား၊ မဝင်ဒီက ဘယ်လိုလုပ်လိုက်တာလဲကွာ"

ထေဝပတ်တုံး မျက်နှာလေးကတော့ ညှိုးငယ်သွားရှင်း ...

"သူ့အိမ်ထောင်ရေးပြဿနာနဲ့ ပတ်သက်မယ် ထင်တယ် မာမိ"

"ဟုတ်တယ် ထေဝပတ်၊ မာမိကိုတော့ သူသွားမဲ့နေရာကလွဲရင် အားလုံး ပြောပြသွားပါတယ်၊ ရင်ဖွင့်သွားရှာတယ် ပေါ့ကွယ်၊ သမီးတို့ မသိကြရတာပဲ ကောင်းပါတယ်၊ သိရတော့ မာမိမှာ ရင်ထဲမှာ နာကျင်ပြီး ကျန်ခဲ့ရတယ်"

ပူးနဲ့ ထေဝပတ်တုံး မျက်နှာလေးတွေ ညှိုးငယ်ပြီး တိတ်ဆိတ်သွားကြပါသည်။

"ထေဝပတ်တုံး အတွက် စာတစ်စောင် ပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား"

ထောပတ်တုံး ခမျာ အံ့သြသွားကာ မာမီ ကမ်းပေးတဲ့ စာရွက်ခေါက်လေးကို ကမန်းကတန်း ဖြန့်လိုက်ပါသည်။

"မထောပတ် ...

ခွင့်လွှတ်ပါနော်။ ကျွန်မ ရောက်မလာနိုင်တော့ဘူး။

မထောပတ်၊ ပူးနဲ့ မာမီ့ကို ခွဲခွာသွားရတဲ့အတွက် ဝမ်းနည်းမဆုံးပါဘူး။

ကျွန်မ ရင်ထဲမှာထည့်ပြီး အားလုံးကို သယ်ဆောင်သွားပါတယ်။

ချစ်သော ဝင်ဒီ"

ထောပတ်တုံးက စာရွက်ကို ပူးထံ ကမ်းပေးလိုက်ပါသည်။

"သူ့အိမ်ထောင်ရေး ခုလို အဆုံးသတ်သွားရတာ နည်းနည်းမှ စိတ်မကောင်းနိုင်ဘူး မာမီရယ်၊ ဝင်ဒီ သနားပါတယ်"

မြသက်စောက ဘာစကားမှ မပြန်နိုင်။ သူတို့သုံးယောက်ရဲ့ စားပွဲဝိုင်းကလေးက အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပေသည်။

❋ ❖ ❋

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com